


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်ကို အမေမွေးသည်။ ထို့နောက် ကျွန်တော့်ကိုယ်ကျွန်တော် မွေးသည်။ ထိုသို့ ကျွန်တော့်ကိုယ်ကျွန်တော် မွေးနေစဉ် ဉမမယ်စာမဖြောက် အရွယ်မှာပဲ ကမ္ဘာကြီး လုံးဝန်းကြောင်းကို စာသင်ကျောင်းမှတစ်ဆင့် စတင်ကြားသိခဲ့ရသည်။ ကမ္ဘာကြီးလုံးဝန်းပါသည်တဲ့၊ ဒါဆို ကျွန်တော့်ကို မမွေးဖွားခင်ကတည်းက ကမ္ဘာကြီးက လုံးနေတာပေါ့။

ထိုအချိန်မှစတင်၍ ကျွန်တော်လွမ်းတတ်ခဲ့သည်။

ကျွန်တော်မရှိတဲ့ လုံးဝန်းခဲ့တဲ့ ကမ္ဘာကြီးကို စတင်လွမ်းဆွတ်ခဲ့သည်။ ကျွန်တော်ကို မမွေးဖွားခင်က ကမ္ဘာကြီး ဘာတွေဖြစ်ခဲ့သလဲ။ အဲဒါကို ကျွန်တော်သိချင်ခဲ့တယ်။ လွမ်းဆွတ်ခဲ့တယ်။ အမှန်ကတော့ ကမ္ဘာကြီး ဘာမှမဖြစ်ပါ။ ကမ္ဘာကြီးပေါ်မှာ မှီတင်းနေထိုင်ကြသော လူသားများသာ ဖြစ်ချင်တိုင်း ဖြစ်နေကြသည်။ သူတို့ကြောင့်ပေါ့။ ကျွန်တော်ချစ်တဲ့ကမ္ဘာကြီး ကျွန်တော်လွမ်းတဲ့ ကမ္ဘာကြီးမှာ နှစ်ပြိမ်



www.burmeseclassic.com

www.burmeseclassic.com

တိတိ ဒဏ်ရာရဖူးခဲ့သည်လေ။ အဲဒါကို ကမ္ဗာစစ်ဖြစ်တယ်လို့ ပြောကြသည်။ ကမ္ဘာကြီး စစ်မဖြစ်ပါ။ ကမ္ဘာကြီးက စစ်ကို မဖန်တီးပါ။ လူသားတွေ ဖန်တီးလို့ လူသားအချင်းချင်း ဖြစ်ပွားခဲ့တဲ့ စစ်ကို အမည်သညာတပ်တော့မှ ကမ္ဘာကြီးရဲ့နာမကို ထည့်ပြီး ကမ္ဘာစစ်လို့ ခေါ်ဝေါ်တာကိုတော့ ကျွန်တော် လုံးဝ ကန့်ကွက်ပါသည်။

သူငယ်ချင်းတွေနှင့် ကမ္ဘာကြီးအကြောင်း ပြောရင်း ...

"အဲဒီတုန်းက ငါ မရှိလို့ပေါ့ကွာ"

ဟု ပြောပြီး အားမလိုအားမရဖြစ်ကာ မြေကြီးကို ကျွန်တော် ဖနောင့်နှင့် ပေါက်လိုက်မိသေးသည်။ ပြီးမှ ကမ္ဘာကြီးကို ဖနောင့်နဲ့ ပေါက်လိုက်သလို ဖြစ်သွားကြောင်း အသိဝင်ခဲ့၏။ ထိုအချိန်မှစပြီး ကျွန်တော် ဘွတ်ဖိနပ်မစီးတော့ပါ။

အရာရာကို မကျေမချမ်းဖြစ်တိုင်း မြေကြီးကို ဖနောင့်ဖြင့် ပေါက်တတ်ကြသော ကျွန်တော်ကဲ့သို့ ခပ်ညံ့ညံ့ကောင်များကြောင့် ကမ္ဘာကြီးခမျာ မဆီမဆိုင် ထွားခါးနာဖြစ်ခဲ့ရှာပေမည်။ ကျွန်တော် မရှိခဲ့သော ကမ္ဘာကြီးကို လွမ်းဆွတ်ခြင်း၊ ကျွန်တော်ရှိနေရသော ကမ္ဘာကြီးကို သနားခြင်းကြောင့် ကျွန်တော် သူငယ်ချင်းများကို အောက်ပါအတိုင်း အမိန့်ထုတ်လိုက်ပါသည်။

"မင်းတို့ မကျေနပ်ရင် ကမ္ဘာကြီးကို ဖနောင့်နဲ့ မပေါက်နဲ့။ သတ္တိရှိရင် မိုးကိုဒူးနဲ့တိုက်၊ တိမ်တွေကို ဖနောင့်နဲ့ပေါက်။ ဒါပဲ"

"အဲဒီမိုးပေါ်ကိုရောက်အောင် မင်း လိုက်ပို့ပေးမလား" ... ဟု၊ သူငယ်ချင်းများ တညီတညွတ်တည်း မေးမြန်းကြသည်။





"ငါတော့ လိုက်မပို့နိုင်ဘူး။ မင်းတို့ဘာသာ တောင်ပေါ်တက်ပြီး တိုက်ပေါ့။ မင်းတို့အားလုံး တောင်တက်အသင်း ဝင်လိုက်လေ" ... ဟု၊ ကျွန်တော် ခပ်တည်တည်နှင့် ပြောလိုက်ရ၏။

"တောင်ထိပ်ရောက်ရင် မိုးကို ဒူးနဲ့တိုက်လို့ ရပြီလား"

"ဒူးနဲ့တိုက်လို့တော့ မရသေးဘူးပေါ့။ ဒါပေမဲ့ လေးခွနဲ့ ပစ်လို့ရပြီ"

"လေးခွနဲ့ပစ်ရင် မိုးကို ထိပါ့မလား"

"ထိတော့မထိဘူးပေါ့။ ဒါပေမဲ့ မြေကြီးပေါ်ကနေ ပစ်တာထက်စာရင် တောင်ထိပ်ပေါ်က ပစ်တော့ မိုးကောင်းကင်ကြီး နည်းနည်းတော့ လန့်သွားမှာပေါ့"

"လန့်သွားတာ၊ ထိတာမှ မဟုတ်ဘဲ"

"မထိတာနဲ့စာရင် လန့်သွားတာ အမြတ်ပေါ့"

"တော်ပြီ။ မင်း အမိန့်ကို ငါတို့ မနာခံနိုင်ဘူး" ... ဟု၊ သူငယ်ချင်းများအားလုံးက ကျွန်တော့်ကို တညီတညွတ်တည်း ဩဘာပေးကြသည်။

"မနာခံရင်လည်း နေပါကွာ။ မြေကြီးကိုတော့ ဖနောင့်နဲ့ မပေါက်ကြပါနဲ့။ အဲ ... ပေါက်မယ်ဆိုရင်လည်း ခုံဖိနပ်တို့ ဘွတ်ဖိနပ်တို့ မစီးဘဲနဲ့ ပေါက်နော်။ ငါ တောင်းပန်တာပါကွာ"

အမိန့်ထုတ်ခဲ့မိသော ကျွန်တော်မှာ နောက်ဆုံးတော့


www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်တိုးလျှိုးသော အလုပ်ကိုသာ လုပ်လိုက်ရချေသည်။ သူငယ်ချင်းများက ကျွန်တော့်ကို နာမည်အသစ်တစ်ခု တပ်ပေးလိုက်ကြ၏။

"သောက်ရူး"



(၂)

BURMESE CLASSIC .com

ကျွန်တော် မရှိခဲ့သော ကမ္ဘာကြီးကို လွမ်းဆွတ်ခဲ့ရင်းက ကျွန်တော် ရှိနေသေးသော ကမ္ဘာကြီးကို လွမ်းဆွတ်မိခြင်းဖြစ်သည်။ အဲဒီနောက်မှာတော့ ကျွန်တော့်အလွမ်းတွေ မျက်စိလည်ခဲ့ရသည်။ ဘာကို လွမ်းဆွတ်ရမှန်း မသိတော့ချေ။

အေးအေးပြုံးကို ကျွန်တော် လွမ်းသည်။

"မောင် ဘယ်တွေလျှောက်သွားနေတာလဲ"

"ကမ္ဘာကြီးကို လမ်းလျှောက်ပြီးကြည့်နေတာ ကမ္ဘာကြီးက ကားအရမ်းကျပ်တယ်နော်"

"မောင်ကလည်း သိပ်နောက်တာပဲ"

"မနောက်ပါဘူး။ ကိုယ်တကယ်ပြောနေတာ။ မင်းဆီကို ကိုယ် အမြန်လာဖို့ ဘတ်(စ်)ကားစီးမယ် စိတ်ကူးသေးတယ်။

ကားတစ်စီးရပ်လိုက်တိုင်း လူတွေက အလု


www.burmeseclassic.com

www.burmeseclassic.com

အယက် တိုးဝှေ့ပြီး တက်ကြတယ်။ ကိုယ်က လူ
အချင်းချင်း အလုအယက် ဘာမှမလုပ်ချင်ဘူး''

''အဲဒါဆိုလည်း နောက်ဆုံးမှ တက်ပေါ့ မောင်
ရဲ့''

''ကိုယ် နောက်ဆုံးမှ တက်ဖို့ ခြေလှမ်းပြင်ပါ
သေးတယ်၊ စပါယ်ယာက အတွယ်အတာ မရတော့
ဘူးဆိုတာနဲ့ ကိုယ်လမ်းလျှောက်တာ။ Sorry
အေးရယ်၊ ကိုယ် သိပ်နောက်ကျသွားတယ်''

''ရပါတယ် မောင်ရဲ့။ အေးလည်း အခု
ရောက်တာပါ''

''အခုမှ ရောက်တာ၊ ဟုတ်လား''

အဲဒါ ကျွန်တော် မကျေမနပ်ဖြင့် မေးလိုက်ခြင်း ဖြစ်သည်
ဒါပေမဲ့ သူ မသိပါ။

''မောင့်ကိုကြည့်ရတာ ညှိုးသိုးသိုးနဲ့၊ ဘ
ဖြစ်နေတာလဲ''

''ကမ္ဘာကြီးအတွက် စိတ်ညစ်နေတာ''

''မောင်ကလည်း ဘာတွေပြောမှန်းလည်
မသိဘူး''

''လူတွေ ဆင်းရဲနေတယ် အေးရယ်။ အဲ
အတွက် ကိုယ် စိတ်မချမ်းသာဘူး စိတ်ညစ်တယ်

''လူတွေ မဆင်းရဲပါဘူး မောင်ရဲ့။ ဟိုး
ကြည့်ပါလား''





အေးအေးပြုံး ညွှန်ပြရာသို့ ကျွန်တော် ကြည့်မိသည်။ မြို့
လယ်ခေါင်ရှိ ရုပ်ရှင်ရုံတစ်ရုံအောက်တွင် လူတွေ ကြိတ်ကြိတ်တိုးနေ
ကြ၏။

''အဲဒီမှာ ဆင်းရဲသားတွေ အများကြီးပဲ။
မောင် မယုံရင်သွားကြည့်''

''ဘာဇာတ်ကားလဲ'' ... ဟု၊ ကျွန်တော် မေးလိုက်သည်။

''ရင်ခွင်နန်းတော်တဲ့။ မောင့်ကို အဲဒီဇာတ်
ကား လိုက်ပြရဦးမယ်၊ သိပ်ကောင်းတာပဲတဲ့''

''မကြည့်ချင်ဘူး''

''ဘာဖြစ်လို့ မကြည့်ချင်ရတာလဲ''

''လူတွေ အလုအယက် တိုးဝှေ့နေတဲ့နေရာ
မှာ ကိုယ် မနေချင်ဘူး။ ပြီးတော့ ဆင်းရဲသားတွေကို
မုန်းတယ်''

''ဟောတော့၊ ခုနကတော့ လူတွေ ဆင်းရဲလို့
မောင်ပဲ စိတ်မချမ်းသာဘူးဆို''

''အခု ပိုပြီးစိတ်ဆင်းရဲတယ်။ လူတွေက
ဆင်းရဲရင် ဆင်းရဲတဲ့အတိုင်း မနေကြဘူး။ ဘာဖြစ်လို့
ရုပ်ရှင်ရုံမှာ လာပြီး တိုးဝှေ့နေကြတာလဲ''

''မောင်ကလည်း တစ်ယူသန်နေလေ။ ဆင်း
ရဲသားမှာလည်း အပန်းဖြေချိန်ဆိုတာ ရှိသင့်တာပဲ။
သူတို့စိတ်တွေ အပန်းလာဖြေကြတာနေမှာပေါ့''

''အပန်းဖြေမယ့်အချိန်ကို အလုပ်ပိုလုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလား''

ကလေးငယ်တစ်ယောက်ကဲ့သို့ စိတ်ဆိုးနေသော ကျွန်တော့်ကိုကြည့်လျက် အေးအေးပြုံး ဟက်ဟက်ပက်ပက် ရယ်မောသည်။

## ၃

''မောင့်ကိုလက်ထပ်ရင် အေးကို သမီးအဖြစ်ကနေ အမွေဖြတ် စွန့်လွှတ်မယ်တဲ့''

''ဒါ လူတော်တော်များများ လုပ်နေတဲ့ အလုပ်ပဲ။ ပိုက်ဆံနှစ်ထောင်လောက်ရှိရင် သတင်းစာထဲမှာ အမွေပြတ်စွန့်လွှတ်ခြင်းဆိုကာ ထည့်လို့ရတာပဲ''

''မောင်ကလည်း နောက်နေပြန်ပြီ''

''မနောက်ပါဘူး။ အိမ်မှာ ဖျာတစ်ချပ်နဲ့ ခေါင်းအုံးတစ်လုံးပဲ ရှိပေမယ့် ပိုက်ဆံနည်းနည်းပါးပါး စုပြီး၊ သတင်းစာထဲကနေ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို မပါပါအောင် ထည့်လိုက်တော့ လူအထင်ကြီး ခံရတာပေါ့။ ကျိကျိတက် ချမ်းသာနေတယ်လို့ အထင်ခံရတာပေါ့''

''မောင်က ပေါက်ကရ ပြောတဲ့နေရာမှာ သိပ်တော်တာပဲ၊ အဲဒါကြောင့် အေးက ချစ်တာ''





''ဒါပေမဲ့ အခုအချိန်ကစပြီး မင်း ကိုယ့်ကို မချစ်နဲ့တော့''

''ဟင် ဘာဖြစ်လို့လဲ မောင်ရဲ့''

''ကိုယ့်ကို မင်းချစ်ရင် မင်းကို မင်းမိဘတွေက အမွေဖြတ်ကြလိမ့်မယ်''

''ဖြတ်ပေ့စေပေါ့။ အေးက မောင့်ကိုပဲ လက်ထပ်မှာ''

ကျွန်တော် ခေါင်းခါသည်။

''မိဘက သားသမီးအပေါ် ပစ္စည်းဥစ္စာအမွေကို ဖြတ်တာ ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ မေတ္တာအမွေ၊ မိဘရဲ့ မေတ္တာအမွေကို ဖြတ်ပစ်တာကျတော့ နှစ်ဦးနှစ်ဖက် ထိခိုက်တယ်၊ မိဘလည်း အကုသိုလ်ဖြစ်တယ်၊ သားသမီးလည်း စိတ်ဒုက္ခရောက်တယ်၊ အဲဒီတော့ မင်း ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင် မိဘကို အကုသိုလ်ဖြစ်အောင် မလုပ်နဲ့''

''မောင် ဘာတွေပြောနေတာလဲ''

''ကိုယ် မင်းကို အကြံပေးနေတာလေ။ မိဘကို အကုသိုလ်ဖြစ်အောင် မလုပ်မိဖို့ မင်းကို အကြံပြုတာ။

မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲ တစ်သက်တဲ့။ သားသမီး မျက်ရည်တစ်စက်က မိဘကို ဘာမှမဖြစ်နိုင်ဘူးလို့ မင်းသဘောထားလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

မျက်ရည်တွေ ဝေ့ဝဲလာသည်ကို ကျွန်တော် မြင်သည်။

"လူ့ဘဝဆိုတာ ခဏလေး။ သားသမီး အဖြစ်က အမွေပြတ် စွန့်လွှတ်တယ်ဆိုတဲ့ မိဘတွေဟာ သံသရာကို နားမလည်တဲ့ မိဘတွေပဲ။

ဖြစ်ချင်တိုင်းလည်း မဖြစ်ပါ . . . ဆိုတဲ့ လောကတရားကို နှလုံးမသွင်းနိုင်တဲ့ သူတွေပဲ။ မိဘမေတ္တာ ကြီးမားပါတယ်လို့ ဆိုထားပါလျက်နဲ့ အချစ်ကြီးတော့ အမျက်ကြီး၊ အမျက်ကြီးတော့ အကုသိုလ်ဖြစ်။

တဖြည်းဖြည်းနဲ့ မိဘနဲ့ သားသမီးကြားမှာ မဟာတံတိုင်းကြီး ခြားသွားရော။ မသိလို့ မှားယွင်းတတ်တဲ့ သားသမီးကို ဖေးမ,ဖို့ ကျားကန်ဖို့ မစဉ်းစားဘဲ၊ သားသမီးနဲ့အပြိုင် မိုက်မဲကြတယ်လို့ ကိုယ်ယူဆတယ်။

အဲဒီတော့ မင်းအနေနဲ့ မိဘကို စုံကန်ဖို့၊ ဆန့်ကျင်ဖို့ မစဉ်းစားနဲ့။

ကိုယ်ကတော့ ကိုယ့်ကို အထင်ကြီးလာအောင်၊ လက်ခံလာအောင် ကြိုးစားပြမှာ မဟုတ်ဘူး။ ယောက္ခမ အထင်ကြီးလာအောင် ကြိုးစားဖို့ ကိုယ့်မှာ အချိန်မရှိဘူး။ ကိုယ်မသေခင်မှာ ကိုယ်ချစ်တဲ့ ကမ္ဘာကြီး သာယာဖို့အတွက် သဲတစ်ပွင့်လောက် ဖြစ်ခဲ့





ချင်တယ်"

"အဲဒါဆို ရှင် အစက ဘာဖြစ်လို့ ကျွန်မကို ချစ်ခဲ့သလဲ"

"အခုထိလည်း ချစ်နေတုန်းပဲလေ။ သေတဲ့အထိ ချစ်သွားမှာပဲ။ မင်းကို ကိုယ်က ချစ်တဲ့အချစ်၊ မင်းက ကိုယ့်ကိုချစ်တဲ့အချစ်၊ အဲဒီအချစ်က သူ့ဘာသာသူ ရှိနေမှာပါ။

အဲဒီအချစ်ကို ဂုဏ်တွေ၊ ပကာသနတွေ၊ သဘောတူခြင်း၊ မတူခြင်း ပေတံတွေနဲ့ တိုင်းတာလာရင်တော့ အချစ်က ဘေးထွက်နေလိုက်တာ အကောင်းဆုံးပဲ။ အချစ်ရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ဖို့ မင်း ကိုယ့်ကို လမ်းခွဲပါ"

ထိုနေ့က အေးအေးပြုံး ငိုသည်။

ကျွန်တော် မတားဆီးပါ။ မျက်ရည်တွေ ကုန်လွန်သည်အထိ ငိုကြွေးပြီးတဲ့အခါမှာတော့ ကျွန်တော့်မျက်နှာကို လက်ညှိုးဖြင့် တည့်တည့်ထိုးလျက် အမည်နာမတစ်ခုကို သစ်လွင်စွာ ပေးအပ်သွားခဲ့သည်။

"ရှင် အရူး အရူး"

ထို့ကြောင့် ကျွန်တော် အေးအေးပြုံးကို လွမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကမ္ဘာကြီးရဲ့ အပေါ်မှာ။

ငွေစက္ကူအထပ်လိုက်ကိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ပစ်ပေါက်ပြီး ကစားနေကြတယ်။ လမ်းဘေး ရေခဲရေ တစ်ခွက်လေး ကျပ်။

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို လှည့်စားသွားသည်။ ကောင်မလေးတစ်ယောက်က ကောင်လေးတစ်ယောက်အပေါ် သစ္စာမဲ့သွားသည်။ ဟိုကောင်လေးနဲ့ ဟိုကောင်မလေးကျတော့ သိပ်ချစ်ကြ၏။ ဒါပေမဲ့ သူတို့ကိုကျတော့ မိဘက သဘောမတူဘူးတဲ့။ တကယ်ချစ်သူများအတွက် ကမ္ဘာကြီးမှာ နေစရာမရှိ။



## နှံ့ထဲမှာ ကြာ

သွားမယ် သွားမယ်နဲ့
တကယ်တမ်းကျတော့
ခြေထောက်တွေကို
အခုမှ
ရေဆေးနေရတုန်း။
ရေကန်ထဲ
ကြာ ဆင်းခိုးမိတာလေ
ရလိုက်ပြန်တော့
ကြာပန်းက တစ်ပွင့်တည်း။
ရှုံ့ပေနေတဲ့ ခြေထောက်
ရေဆေးလို့မှ မခြောက်ခင်
ကြာပန်းပွင့်ဖတ်တွေက
နွမ်းချင်ချင်နဲ့။



www.burmeseclassic.com

www.burmeseclassic.com

မလိုချင်တော့ဘူး လို့
ပြောချင်ပေမယ့်
ကြာပန်းက ညှိုးနေပြီ
ရွှံ့တွေလည်း
ပေကျံနေပြီ။
တစ်ခါက ပြန်စလို့မှ
မရတော့ဘဲ မျက်ရည်တဝဲဝဲနဲ့
ကြာပန်းကို ဘုရားတင်
အားအင်နည်းပါးတဲ့
ကိုယ့်အတွက်တော့
မနက်ဖြန်တွေကို
ဒူးနဲ့တိုက်ဖို့
ဒူးပေါ်က မျက်ရည်စတွေကို
အသာအသာဖယ်သုတ်နေရပေါ့။
သွားမယ် သွားမယ်နဲ့
ဟောဒီ တစ်စက်ထဲမှာ
ငါ...
ရှာလည်နေပြီ ။

ဝါးကြမ်းခင်းပေါ်မှာ လဲကျနေရင်းက ဝါးထရံအောက်မှာ တဖျပ်ဖျပ် လှုပ်ခတ်နေတဲ့ နံရံလှုပ်ကဗျာတွေကို ကျွန်တော် ဝိုးတဝါး အမြင်ဖြင့် ဖတ်ရှုနေမိသည်။





ယော်က ခင်ကျွမ်း
သည်းဦးပန်းရေ...။
လောကဓံ အကြား ကိုယ့်မှာခံစား
မျက်ရည်များငွေ့ နှုတ်ဆွတ်ခွေကျ
မထူမနိုင်၊
"တမ့်မျှခံစား" ယော်ဝကားလေး
အတွေးထဲရောက် အဝေးသောက်ချင်
ကိုယ် သိချင်တယ်။
လောကဓံ အကြား ရင်တည်းခံစား
အားမာန်များစွာ၊ မင်းမှာတည်ရှိ
ဝိဘိငြိမ်းချမ်း၊ စိမ်းလန်းပါစ
ပျော်ပါစ၊
ဘဝခါးခါး ကိုယ့်အားနှိပ်စက်
အအိပ်ပျက်လည်း...
အိပ်မက်လှလှ ရွှင်ပျပျနဲ့
ဘဝချိုမြိန် လူ့စည်းစိမ်နဲ့
ထိန်ဝါရွှေဆင်း တဝင်းဝင်းနဲ့
မင်းရဲ့ဘဝ ထို ထိုညတွေ
အိပ်လို့ပျော်မှ ပျော်ပါစေ၊
မစိမ်းမလန်း မငြိမ်းချမ်းဘဲ
ကိုယ်လိုနွမ်းနယ် ညလယ်ငိုရိုက်
လောင်မြိုက်ထွာပါ၊ ရှိခဲ့ပါလျှင်...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါပြီး ကိုယ့် တောင်ဆုတွေ
ပြည့်ပါစေသား...
ဘုရား... မင်းကို စောင့်ရှောက်စေ။
တရား... မင်းကို စောင့်ရှောက်စေ။
သံဃာ... မင်းကို စောင့်ရှောက်စေ။

မကြာခင်မှာ သူတို့ လာကြလိမ့်မည်ဟု ကျွန်တော်ထင်သည်၊ သူတို့ဆိုတာက ကျွန်တော့် ဖေဖေလည်း ဖြစ်နိုင်သည်။ မေမေ။

မေမေကတော့ လာမယ်မထင်ဘူး၊ လာချင်လည်း လာမှာပေါ့လေ။ ဝါးကြမ်းခင်းပေါ်မှာ ... မျှော်လင့်စရာ ဘာမှမရှိတော့တဲ့ သားမိုက်တစ်ယောက်ဆီကို ရောက်ရင်လည်း ရောက်လာမှာပေါ့။

ပြီးတော့ ... သူငယ်ချင်းတွေ၊ ကျွန်တော့်အပေါ်မှာ လုံးဝ နားမလည်နိုင်တဲ့ ကောင်တွေ၊ လုံးဝ နားလည်ထားတဲ့ ကောင်တွေ၊ သူတို့တစ်တွေလည်း ကျွန်တော့်ထံသို့ ရောက်လာနိုင်သည်။ ပြီးတော့ ... အေးအေးပြုံး။ သူရော ရောက်လာနိုင်သလား။

ဒါပေမဲ့ ကျွန်တော် မမျှော်လင့်ပါ။ ဘာကိုမျှ မမျှော်လင့်ချင်ပါ။

စိတ်ကျရောဂါဖြင့် သေဆုံးသည်ဟု ကျွန်တော့်ကို မှတ်ချက်ချကြပေလိမ့်မည်။ ရှုံးပြီးသေတာဟု ပက်ပက်စက်စက် ပြောနိုင်ခွင့်လည်း သူတို့မှာရှိ၏။

"သား"





ဒါ ဖေဖေ့ခေါ်သံ ဖြစ်သည်။ ကျွန်တော် ပြန်မထူးနိုင်ပါ။

"ဖေဖေ ကျွန်တော့်ကို ရေတစ်ခွက်လောက် တိုက်ပါ" ...ဟု၊ ကျွန်တော်ပြောသည်။ အသံမထွက်။

"သူငယ်ချင်း"

ဟော ကျွန်တော့်သူငယ်ချင်းတွေ လာကြပြီ။

"ငါ့ကို ရေတစ်ခွက်လောက် တိုက်ကြပါ"

သူတို့ ကျွန်တော့်ကို ပွေ့ထူကြသည်၊ ကျွန်တော် ပျော့ခွေနေသည်။

"ရေ"

ကျွန်တော် ရေသောက်ချင်တယ်၊ ရေတစ်ခွက်လောက် သောက်သွားချင်တယ်၊ ကျွန်တော့်ကို ရေတစ်ခွက်လောက် တိုက်လိုက်ဖို့ သူတို့ သတိမရကြဘူးလား။

"မောင်"

ခေါ်သံ ပါးပါးလေး။

ဒါပေမဲ့ ကျွန်တော့်နားထဲမှာ ကျယ်လောင်စွာ ကြားရသည်။ ကျွန်တော် မည်သူ့ခေါ်သံမျှ မကြားချင်တော့ပါ။ ကျွန်တော် မှာစရာ တစ်ခု ရှိသည်။ ကျွန်တော် မှာခဲ့ချင်သည်။

"ဖေဖေ၊ မေမေ့ကို ပြောလိုက်ပါ။ ကဗျာဆရာတစ်ယောက်ရဲ့အမေအဖြစ် ဂုဏ်ယူပေးပါလို့။ ငါ့သားက ကမ္ဘာကြီးကိုချစ်တဲ့ ကဗျာဆရာလို့ ဂုဏ်ယူဝံ့ကြွားပေးပါ"

ကျွန်တော် မမွေးဖွားခင်က ကမ္ဘာကြီးကို ကျွန်တော် လွမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ကျွန်တော် ရပ်တည်နေခဲ့သော ကမ္ဘာကြီးကို ကျွန်တော် ချစ်ခဲ့သည်။ အခု ကျွန်တော် မရှိတော့ပေမယ့် ကမ္ဘာကြီးကို ကျွန်တော် လွမ်းမိပြီ။ လွမ်းပါရစေ . . . ကမ္ဘာကြီးရေ . . .။ ကျွန်တော် မရှိတော့ရင် ကမ္ဘာကြီး အလွန်ပေါ့ပါးသွားနိုင်သည်။ ကမ္ဘာကြီးရဲ့ ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးတစ်ခုကို ကျွန်တော် ဖြုတ်ချပေးလိုက်တော့မည်။ ထို့ကြောင့် ကျွန်တော် ကျေနပ်သည်။ ကမ္ဘာကြီး ဘယ်လိုကျန်ရစ်ခဲ့မလဲ ဟင်။

"သား"

"သူငယ်ချင်း"

"မောင်"





(၄)

ကဗျာဆရာ၊ မောင် (. . .) ၏ ဈာပနသည် မစည်ကားပါ။ ဒါပေမဲ့ သူ့အခေါင်းထဲမှာတော့ ကဗျာစာရွက်ပေါင်းများစွာ လိုက်ပါသွားကြ၏။ ။

(မေအေနှင့်ဝေဝေ ... သို့)

၁၉၉၅ — [illegible]

(ဆလွှာ ရွှင်း)



www.burmeseclassic.com

www.burmeseclassic.com

စိမ်းလက်စ . . . စိမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ယခုအချိန်အထိ နိုင် . . . ကျွန်တော့်ကို မျက်မုန်းကျိုးနေဆဲဖြစ်သည်။ နိုင်သည် . . . အထက်တန်းကျောင်းသူဘဝမှာကဲ့သို့ပင် ကြွေရုပ်ပီသစွာ လှမြဲလှနေဆဲရှိ၏။ ရန်ကုန်တက္ကသိုလ်တတိယနှစ် ကျောင်းသူကြီး ဖြစ်နေပြီဆိုတော့ . . . ပို၍လှပနေသည်ဟု ကျွန်တော် ထင်မြင်သည်။

ကျွန်တော်သည် အထက်တန်းကတည်းက ယခုအချိန်အထိ နိုင်နှင့် တစ်တန်းတည်း။ ဘဝ၏ ရေစက်ဟုတွေးပြီး ကျွန်တော် ကြည်နူး၏။ ကျွန်တော် ကြည်နူးသလို နိုင်လည်း . . . ထပ်တူကြည်နူးလျှင် ကောင်းလွန်းစွ။



www.burmeseclassic.com

(၂)

လူမှန်းသိတတ်စကတည်းက နောက်ရှုတ်ရှုတ် ပြောင်ချော်ချော် နေထိုင်တတ်ခဲ့သည်မှာ ကျွန်တော့်၏ အမူအကျင့်။ ကျောင်းသားဘဝ တစ်လျှောက်လုံး သည်အတိုင်း နေထိုင်ခဲ့သည်။ တက္ကသိုလ်ရောက်ပြန်တော့လည်း ... သူငယ်နှပ်စား အမူအကျင့်မျိုးမှလွဲ၍ မျက်နှာထားကို သိက္ခာ သမာဓိ ပြည့်ပြည့်ဖြင့် တည်တည်တင်းတင်း မနေထိုင်ဘူးခဲ့။ ဤသည်ပင်လျှင် နိုင့်အမြင်၌ မျက်မုန်းကျိုးစရာ ဖြစ်ခဲ့ရသည်။

"နိုင်"

ဒေါမာန်ပါသော အကြည့်ကို ရရှိလိုက်သည်။

"ငါ့နာမည် နိုင်နေခို။ နိုင်လို့ အဖျားစွတ်ပြီး ခေါ်စရာ မလိုဘူး"

ကျွန်တော် အရုက်ပြေ ပြုံးလိုက်ရသည်။

"ငါက နင့်ကို သူငယ်ချင်းတစ်ယောက် အနေနဲ့ ခေါ်မိတာပါဟာ။ ပါးစပ်အရသာခံတာ





မဟုတ်ပါဘူး"

စူးရဲစွာကြည့်ပြီး အတန်းထဲသို့ ဝင်မည်ပြင်၏။

"နေပါဦး နိုင်။ ငါ ... နင့်ကို မေးစရာရှိလို့"

ခြေလှမ်းတုံ့သွားသဖြင့်၊ ကျေးဇူးတင်မိသည်။

"နင် ... မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ ဟင်"

ခံစားတတ်မည်ဆိုလျှင် လွမ်းလွမ်းဆွေးဆွေး မေးလိုက်သော ကျွန်တော့် စကားသံထဲ၌ တမ်းတခြင်းတွေ ပါဝင်နေသည်ကို နိုင် မြင်သာပေလိမ့်မည်။

"ငါ့ဘာသာ မတက်ချင်လို့ မတက်တာ။ နင်နဲ့ ဘာဆိုင်လဲ"

မိုးကြိုးသွားတမျှ စူးရှကျိန်ရစ်စေခဲ့သည့် ချစ်သူ၏အလကာ ... စကား။

ကျွန်တော့်အပေါ်တွင် ထိုမျှမက စိမ်းကားမာကျောလွန်းလှသည်။ ရက်စက်သည့် ... နိုင်။

ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် တတိယနှစ် စာသင်ရက် ကုန်ဆုံးခါနီးမှ နိုင့်ကို ကျွန်တော် ချစ်ခဲ့မိခြင်းဖြစ်သည်။ ထိုစဉ်က ... ချစ်ရကောင်းမှန်း မသိ။

သူငယ်ချင်းတွေနှင့်အတူ ပြောင်တိပြောင်ချော် ပြုမူခဲ့သမျှကို ပြန်ပြောပြရလျှင် ပြော၍ ကုန်နိုင်ဖွယ်မရှိ၊ နောက်ပြောင်မှုကြောင့် ဆရာ,ဆရာမများ၏ အပြစ်ပေးခြင်းကို ခံရသည်မှာလည်း ခဏ ခဏ။

ဝက်သားတုတ်ထိုးစားပြီး ထိုတုတ်တံလေးကို လွယ်အိတ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထဲ ထည့်လိုက်ရုံနှင့် သတိလစ်သွားသော ကျောင်းသူတစ်ယောက်ကြောင့် ကျောင်းအုပ်ဆရာမကြီး ရုံးခန်းထဲသို့ ရောက်ဖူးသည်။ ထိုကျောင်းသူမှာ နတ်ကတော်၏သမီး။

အိမ်မြှောင်ကို အရှင်ဖမ်းပြီး စက္ကူနှင့်ထုပ်လျက် ကျောင်းသူတစ်ယောက်ကို ပေးဖူးသည်။ ထိုကျောင်းသူလည်း နားနပ်ယူမတတ်ဖြစ်သွားရှာ၏။ ဂမုန်းနာနှင့် ခွေးလှေးယားသီးမှုန့်ကို ရော၍ . . . ဖက်ကျောတက်သော . . . အလိုလိုနေရင်း နာချေသော . . . ကျောင်းသူကျောင်းသားတွေကို ဝေငှဖူးခဲ့သည်။

မည်သူ့ကို မည်သို့ပင် နှောက်နှောက်၊ နိုင်နေချိုကိုတော့ ကျွန်တော် ယနေ့အထိ နှောင်ပြောင်ကျီစယ်ခဲ့ဖူးခြင်း မရှိချေ။ သို့ဖြစ်သည့်တိုင် နိုင် . . . ကျွန်တော့်ကို မျက်မုန်းကျိုးနေခြင်းအတွက်တော့ စဉ်းစားစရာ မလိုပါ။ အလိုလိုနေရင်း မျက်မုန်းကျိုးပိုင်ခွင့် သူ့မှာရှိသည်။

ကျွန်တော်ကလည်း ကျွန်တော်ပေပဲ။ ဟန်တစ်ခွဲသားဖြင့် မနေတိုင်တတ်ခဲ့သည့်အတွက်၊ ယခုမှ နောင်တ,ရချင်ချင်ဖြစ်ရ၏။

"မင်း ဘယ်လောက်ပဲ ချစ်၊ ဘာပြောပြော နိုင်နေချိုရဲ့ ရင်ထဲမှာ လူရှင်တော်က မင်းသမီးကို ရည်းစားစကား ပြောသလောက်တောင် ခံစားရမှာ မဟုတ်ဘူး"

တင်ထွန်း၏ပြောစကား မှန်ကန်လွန်းသောကြောင့် ကျွန်တော့်ရင်ထဲမှာ ဟာတာတာဖြစ်သွားရသည်။

"အခုနောက်ပိုင်း ငါ အနေအထိုင်တွေ ဆင်





ခြင်ခဲ့သားပဲ။ ဟေးလားဟားလား မနေတော့တာ။ နိုင် သတိထားမိရင် ကောင်းမယ်"

"အလိုလိုနေရင်း မျက်မုန်းကျိုးတဲ့သူက မင်းကို ဘယ်လိုလုပ် သတိထားကြည့်ချင်စိတ် ရှိမှာလဲ"

အားပေးစကား မပြောရကောင်းလားဟု တင်ထွန်းကို ကျွန်တော် အပြစ်မဆိုမိ။

"ခင်မာလာတို့ ကြူကြူသင်းတို့ကို အောင်သွယ်နိုင်းရင် ကောင်းမလား"

"သူ့နာမည်က . . . ဝေလင်း။ တတိယနှစ်ကျောင်းသား။ နင်နဲ့ တစ်ခန်းတည်းဆိုပြီး မိတ်ဆက်ပေးရမည့် အခြေအနေမှ မဟုတ်တာ။

အခုအခြေအနေက မင်းရဲ့အကျင့်စရိုက်ကို နိုင်နေချိုက အကုန်အစင် သိထားပြီးသားဆိုတော့ အောင်သွယ်ပေးမယ့်သူ အအော်အငေါက်ခံရမှာ သေချာတယ်"

သက်ပြင်းချရုံမှတစ်ပါး ကျွန်တော့်မှာ အင်အားမရှိချင်တော့။ ကျွန်တော့်ရင်တွင်းကို ကျွန်တော်သာ သိသည်။ နိုင် မြင်သာအောင် တစ်နည်းနည်းနှင့်တော့ ပြောပြမှ ဖြစ်မည်။ ပြောခွင့်မရလျှင် အသည်းနှလုံး၏ မွန်းကြပ်မှုကြောင့်၊ ကျွန်တော် ခွေယိုင်လဲကျသွားနိုင်၏။

အသည်းနှင့်အောင် ချစ်လွန်းသည်။ ထိုဝေဒနာမျိုးကို ခံစားရဖူးလိမ့်မည်ဟု တစ်သက်တာတွင် ဘယ်တုန်းကမှ မတွေးထင်မိခဲ့။



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဖျန်း"

ထိုအသံကြောင့် စကားဖြူအပင်ပေါ်မှ ငှက်ကလေးများ လန့်တက် ပျံပြေးသွားကြသည်။ ကျွန်တော့်ဝဲဘက် ပါးပြင်တစ်ခုလုံး ထုံကျင်သွားရ၏။ နုနယ်သွယ်ပြောင်းသော လက်ဖယောင်းအတွင်းသို့ ပြင်းထန်စွာရောက်ရှိလာသော စွမ်းအားသည် အမုန်းမြစ်များမှ ဒလဟော စီးဆင်းလာခြင်း ဖြစ်ပေမည်။

စကားဖြူပင်ကြီး၏ ပင်စည်အကွယ်ကြောင့် ကျောင်းသားကျောင်းသူ တစ်စုံတစ်ယောက်မျှ သတိမပြုမိသည့်အတွက် တော်ပါသေး၏။ နာကျင်မှုကြောင့် ကျွန်တော် မငိုပါ။ ခံစားရခြင်း အသိကြောင့် အသည်းနှလုံးကတော့ ကြေကြေကွဲကွဲ ငိုပွဲဆင်နေသည်။

"မှတ်ထား ပါးရိုက်ခံရမယ်လို့ ကြိမ်းရင် ပါးစပ်ပြောဖြစ်မှာစိုးလို့ လက်တွေ့ရိုက်ပစ်လိုက်တာ"

ကျွန်တော့်ဦးခေါင်း တစ်ခုလုံး ပုဏ္ဏရိုက်ပင်တွေကြားထဲသို့





ပြုတ်ကျသွားမတတ် ငိုက်ဆင်းသွားရသည်။ ခုံတန်းပေါ်မှ ဖယ်ခွာလျက်၊ ငွေစာရင်းဌာနဘက်သို့ ကျောပေးလိုက်သည်။ ထိုင်နေလျက်ရှိနေသေးသော နိုင့်မျက်နှာကို မြတ်နိုးစွာ ငေးကြည့်ရင်း . . .

"ငါသိပ်ချစ်နေတာကို နင်သိသွားပြီ ဖြစ်တဲ့အတွက် ပါးတစ်ချက်အရိုက်ခံရပေမယ့် ငါ ကျေနပ်ပါတယ် နိုင်"

တက်ခေါက်လျှက် ဆတ်ခနဲမတ်တတ်ရပ်သည်။ ကျွန်တော့်ကို စူးရဲစွာ မော်ကြည့်၏။ စူးရှသော မျက်လုံးကို နူးညံ့သောအကြည့်ဖြင့် လက်ခံပိုက်ထွေးလိုက်သည်။ ချာခနဲ လှည့်ထွက်သွားသော သူ့ခြေလှမ်းများအောက်၌ ကျွန်တော့်ချစ်ခြင်းတွေ ရောက်ရှိသွားသည်။ စကားဖြူရနံ့ သင်းသင်းသန့်သန့်ကို ချစ်သူနှင့်အတူ ရှူရှိုက်ချင်၏။

ဆရာ၊ ဆရာမများကို မကန်တော့ခင်ကတည်းက နိုင့်ကို ကျွန်တော် ငေးကြည့်နေမိသည်။ ကန်တော့ပွဲ ပြီးသွားသည်အထိ ကျွန်တော်ရှိရာသို့ နိုင် တစ်ချက်ကလေးမျှ ငဲ့မကြည့်။

နိုင်၏ငဲ့အကြည့် လှည့်အကြည့်လေး တစ်ခုကိုပင် ကျွန်တော် လိုလိုချင်ချင် ဖြစ်နေရသည်။ တတိယနှစ် စာသင်နှစ်ပင် ကုန်ဆုံးခါနီးလုပြီ။ စာမေးပွဲပြီးလျှင် နိုင်နှင့် ဝေးရဦးမှာပါလားဟု တစ်ကိုယ်တည်း တွေး၍ တစ်ကိုယ်တည်း ဆွေးရ၏။ နိုင်ကတော့ ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေးလေကောင်းလေဟု တွေးတောနေမှာ သေချာသည်။

ကြော်ငြာသင်ပုန်းတွေ၏ ရှေ့နားတွင် နိုင့်စာအုပ်တွေကြားမှ အဝါရောင် လက်ကိုင်ပဝါလေးတစ်ထည် ထွက်ကျသွားသည်ကို ကျွန်တော် မြင်သည်။ စကားပြောခွင့်ရဖို့ နတ်ဒေဝါများက မ,စခြင်း ပဲဟု ကြည်နူးစွာတွေးရင်း လက်ကိုင်ပဝါလေးရှိရာသို့ ကျွန်တော် အပြေးသွားပြီး ကောက်သည်။

လက်ကိုင်ပဝါလေး တစ်ထည်ကိုပင် အငမ်းမရကောက်သော ကျွန်တော့်အား သွားလာနေကြသော ကျောင်းသားကျောင်းသူများအနက် တချို့တလေတော့ တွေ့မြင်ကြလိမ့်မည် ထင်၏။

"နိုင်"

ဗာဒံရိပ်တွေအောက်သို့ အရောက်တွင် နိုင့်ခြေလှမ်းတွေကို ကျွန်တော် မီသည်။

"နိုင်"

ခြေလှမ်းမရပ်။

"နင့်လက်ကိုင်ပဝါလေး ကျခဲ့လို့ ငါလာပေးတာပါ"

မာကျောစိမ်းကားစွာ ငဲ့ကြည့်သည်။ သူ့စာအုပ်တွေကြားထဲသို့ ကြည့်ပြီးမှ ကမ်းပေးသော လက်ကိုင်ပဝါခေါက်လေးကို ဆတ်ခနဲ





လှမ်းယူသည်။ လက်ကိုင်ပဝါအခေါက်ကို ဖြေသည်။ လုံးချေပြီး အနီးရှိ ပုဏ္ဏရိက်ပင်တန်းဆီသို့ လွှင့်ပစ်လိုက်၏။

အံ့ဩရင်နင့်စွာ ကျွန်တော် ကျန်ရစ်ခဲ့ရသည်။ ကြေမွတွန့်လိမ်သွားသော လက်ကိုင်ပဝါလေးကို အတန်ကြာ ငေးကြည့်နေမိ၏။ ကျွန်တော် မရှက်တော့ပါ။ ဘေးဘီကို ငေးမကြည့်တော့ဘဲ လက်ကိုင်ပဝါလေးကို မြတ်နိုးဖွယ်ရှစွာ ကောက်ယူလိုက်သည်။

ချစ်သူ ပစ်ခွင်းလိုက်သော မြားတစ်စင်းကို ယုယစွာ ရင်မှာပိုက်၍ မြတ်နိုးစွာ သိမ်းဆည်းခွင့်ရသည်ဟု ခံယူတွေးမှတ်၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့မေဂျာ၏ ဆရာကန်တော့ပွဲ သတင်းကို သတင်းစာထဲမှာတွေ့သည်။ သတင်းဓာတ်ပုံထဲတွင် လက်အုပ်ချီနေသော ကျောင်းသား ကျောင်းသူများ၏ အစွန်၌ နိုင့်ကို တွေ့သည်။ ထိုသတင်းဓာတ်ပုံကို ဖြတ်ယူပြီး ကျွန်တော် သိမ်းထားမိသည်။

သဘာဝကပေးသော အလင်းတန်းကို မည်သူ့ထံမှ ခွင့်ပန်စရာ မလိုဘဲ ဖမ်းယူသိမ်းဆည်းခွင့် ကြုံသည်ဟု ကြည်နူးခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ငို ငို ရှိုက်နေပေမယ့်
သင်ရိုက်တယ် မထင်မိပါဘူး . . .
တမူကာ ရင်နှစ် အသည်းညှာသို့
ယူဆစွာ "အကျွန်" ချစ်မိပြီ . . .။
ချစ်မိသည်ကို
အပြစ်ရှိတယ် သင်ထင်လျှင်လည်း
နှံနှစ်ကာ မိုက်ဇာတ်သိမ်းတဲ့အထိ
စိမ်းပေါ့အမြဲ . . .။

"ဒီကဗျာစာရွက်က နင့်ကဗျာစာရွက် မဟုတ်လား"

"ဟုတ်တယ်" . . ဟု ကျွန်တော် ဝန်ခံလိုက်လျှင် ကျွန်တော့် ပါးပြင်ပေါ်သို့ လက်ဝါးမိုးတွေ သွန်းဖြိုး၍ ကျလာနိုင်ခြေရှိသည်။ ကျွန်တော့်ပါးအား . . .

ချစ်သူ၏ လက်ဝါးနုနုဖြင့် ကြမ်းတမ်းစွာ ရိုက်နှက်လိမ့်မည်ကို ကျွန်တော် မကြောက်ပါ။ အမုန်းထုထည် ပို၍ကြီးမားသွားမည်ကို ကျွန်တော် စိုးကြောက်သည်။

"ပြောလေ ဒါ . . . နင်ရေးတာမို့လား"

"ငါမှ ကဗျာမရေးတတ်ဘဲ"

အလုံလောက်ဆုံးသော . . . မုသား။

ကျွန်တော့်လက်ထဲမှ ကဗျာစာရွက်ကို ဆတ်ခနဲ ပြန်ယူပြီး စာသင်ခန်းထဲသို့ ဝင်သွားသည်။





"ဖြိုခနဲ" အသံမကြားရသဖြင့် ရင်ပေါ့ရ၏။ ကဗျာစာရွက်လေးသာ အစိတ်အစိတ်အမွှာအမွှာဖြစ်သွားပါက ကျွန်တော့် အသည်းနှလုံးလည်း တစ်စစီ ဖြစ်သွားပေလိမ့်မည်။ နိုင့်လက်အတွင်းသို့ ရောက်ရှိသွားသော ထိုကဗျာစာရွက်လေးထဲတွင် ကျွန်တော့်ဝိညာဉ်ကိုပါ ထည့်ပေးထား၏။

သူ့လွယ်အိတ်ထဲသို့ ခိုးချောင်ခိုးဝှက် ထည့်ပေးခဲ့သော တင်ထွန်းကို အခါခါ အလီလီ ကျေးဇူးတင်၍ မဆုံးတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com

# (၄)

စတုတ္ထနှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) ၌ တက်ရသည်။ ကံ့ကော်တောသည် ကျွန်တော့်အတွက် အလွမ်းတော ... ချစ်သူ လ,မင်းကို မြင်တွေ့နေပါလျက် ပိုင်ဆိုင်ကြင်နာခွင့်မရသော ဘဝ လောက် လွမ်းမောဖွယ်ကောင်းသည့် အဖြစ်မျိုး မရှိတော့ဟု ထင်မိ သည်။

ချစ်ခြင်းတရားက သင်အံပေးသဖြင့် ကျွန်တော် အနေ အထိုင်, အပြုအမူတွေ ကြွန်ကြေ့ရလာသည်။ လွမ်းလွမ်းဆွေးဆွေး နေတတ်ခဲ့ပြီဟု ကိုယ့်ကိုယ်ကိုယ် သိ၏။

ကံ့ကော်တော၏ ဝန်းကျင်တစ်လျှောက် စိမ်းဖန့်ဖန့် သစ်ပင် ပန်းမန်တို့အား ကျွန်တော် မကြည့်ချင်။ မကြည့်ဝံ့။ အစိမ်းရောင် ဝန်းကျင်ကို မြင်တိုင်း ချစ်သူ၏ အမုန်းရိပ်တွေဟု ခံစားရသည်။ သစ်ပင်ချုံနွယ်တွေအားလုံး အစိမ်းရောင်မှလွဲ၍ တခြားနူးညံ့သော အရောင်များအဖြစ် အသွင်ပြောင်းသွားလျှင် နေသာလိမ့်မည်ထင်၏။





"လက်ထပ်ပြီးတာနဲ့ သူ့အမျိုးသားက နိုင်ငံ ခြားသွားမှာ။ အဲဒါကြောင့် လက်ထပ်ပွဲကို စာမေးပွဲ ပြီးတာနဲ့ ကမန်းကတန်း လုပ်ရတာတဲ့"

နိုင့်သူငယ်ချင်း ခင်မာလာ၏ စကားကြောင့် ကံ့ကော်တော တွင် ဥဩတစ်ကောင် တိုးလာပြီဟု တွေးမိသည်။

"ငါ တစ်ခုမေးချင်တယ် ခင်မာလာ"

"ဘာလဲ"

"နိုင့်မှာ ချစ်သူရည်းစားရှိတယ်လို့ ငါ မကြား မိဘူး"

"အခု သူနဲ့လက်ထပ်မှာ သူ့ချစ်သူ ဟုတ်ရဲ့ လား"

"ချစ်သူတော့ မဟုတ်ဘူး။ သူ့အိမ်က စီစဉ် တာ။ သူက ခေါင်းညိတ်လိုက်ရုံပဲလေ။ စိတ်ပါလက် ပါတော့ ဟုတ်ဟန်မတူဘူး"

"သြော်"

အသည်းနှလုံး၏ တုန်ခါသံ။

"ငါ့ကို နိုင်က တွေ့ချင်တယ်ဆိုတာ ဘာကိစ္စ များလဲ။ နင် မသိဘူးလား"

ခင်မာလာ ခေါင်းခါသည်။

"မင်္ဂလာဆောင်က တစ်ပတ်လောက်ပဲ လို တာဆိုတော့ နင့်ကို ဖိတ်စာပေးမလို့ နေမှာပေါ့"

လှုကြုံပါး၍ ရနိုင်သောကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တိုင်ကိုယ်ကျ ရက်စက်ကလူပြုဖို့ ချိန်းဆိုသည်ဟု ကျွန်တော် မျှော်တွေးသည်။ ရင်နင့်ဒဏ်ကို ရင်ဖွင့်၍ ခံယူရုံမှတစ်ပါး အခြားသောအင်အား တစ်စိုးတစ်စိမျှ ကျွန်တော့်မှာ မရှိတော့။

"ရော့ . . . မနှစ်တုန်းက ငါ့ဆီကို ရောက်နေ
တဲ့ နင့်ကဗျာစာရွက်"

ကျွန်တော် ခေါင်းကို တွင်တွင်ခါသည်။

"ဒါ . . . ၊ ဒါ . . . ငါ့ကဗျာစာရွက် မဟုတ်
ဘူး"

မဲ့ပြုံးတစ်ခုကို နီးကပ်စွာ မြင်ရသည်။

"ငါ့ကို တင်ထွန်းပြောပြပြီးပြီ။ ဒါ နင်ပေးခိုင်း
တဲ့ စာရွက်တဲ့၊ ရော့ . . . နင်ပြန်ယူ"

ခေါင်းကို ငုံ့ပစ်လိုက်သည်။

"ဘာဖြစ်လို့ အခုအချိန်အထိ နင့်မှာ ဒီကဗျာစာရွက် ရှိနေ သေးတာလဲ" . . . ဟု၊ ကျွန်တော် မမေးဖြစ်။

"နင်ကိုယ်တိုင် စုတ်ဖြဲပစ်လိုက်ပါတော့ နိုင်
ငါ ပြန်မယူချင်ဘူး"

တုန်ယင်နေသော စကားသံကို ထိန်းချုပ်၍ပြောရသည်။ သူ့ကို ကျွန်တော် မော်မကြည့်သော်လည်း၊ သူကြည့်နေသည်ကို



ကျွန်တော် သိ၏။

"ဗြဲ"

မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

"ဗြဲ"

နားနှစ်ဖက်ကို လက်ဝါးတွေဖြင့် ဖိအုပ်လိုက်သည်။

"ဗြဲ"

အသည်းနှလုံးသည် တစ်စစီ တစ်ဖဲ့စီ၊ မြေပြင်တွင် ပြိုကျ သွား၏။ မျက်လုံးပြန်အဖွင့်၊ လှမ်းထွက်သွားစ ချစ်သူ့ခြေလှမ်းကို တွေ့ရ၏။ ရင်မှ ဝေးရာသို့ လှမ်းထွက်သွားသော ခြေလှမ်း။

"နိုင်"

ခြေလှမ်းတန့်သည်။

ကျွန်တော် . . . လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူ၏။ စာအုပ်ကြားထဲတွင် ညှပ်ထားသော အဝါရောင်လက်ကိုင်ပဝါခေါက်လေးကို ညင်သာစွာ ကိုင်တွယ်သည်။ သတင်းစာထဲမှ ဖြတ်ယူထားသော ဓာတ်ပုံလေးကို နိုင် မမြင်ခင် စာအုပ်ကို ပြန်ပိတ်သည်။ တုန်ယင်နေသော လက်ချောင်းများဖြင့် အဝါရောင်လက်ကိုင်ပဝါလေးကို နိုင့်ထံသို့ ကမ်းပေးလိုက်၏။

"နင့်လက်ကိုင်ပဝါလေးကို နင်ပြန်ယူထားပါ
ဟာ။ လွှင့်ပစ်တာတို့ ချေပစ်တာတို့ မလုပ်ပါနဲ့။ ဒါ
. . . ငါ နောက်ဆုံးတောင်းတဲ့ အခွင့်အရေးပါ"

ဆတ်ခနဲ လှမ်းယူလိမ့်မည် ထင်သော်လည်း ညင်သာစွာ လှမ်းယူသည်။ ခေါက်ရိုးမပျက်အောင် ကိုင်တွယ်လျက် လွယ်အိတ်


www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ သူထည့်သည်။ နလုံးသားကို ယူဆောင်သွားသည်ဟု ထင်ချ
၏။ ကျွန်တော် ကျောခိုင်းပစ်လိုက်သည်။

"ဝေလင်း"

ငုံ့အကြည့် ကျွန်တော် ဘယ်တုန်းကမှ မမြင်တွေ့ခဲ့ဖူးသော
မျက်ဝန်းတစ်စုံကို တွေ့သည်။ အစိမ်းရောင်တွေ လျှော့ပါးနေသော
. . . ချစ်သူ့မျက်ဝန်း။

"ငါ့မင်္ဂလာဆောင်ကို နင်မလာပါနဲ့"

မာကျောတုန်ယင်သည့် . . . စကားသံ။

တမ်းတစွာကြည့်လျက် . . .

"သူငယ်ချင်းတွေ အကုန်လုံးကို နင်ဖိတ်
ပေးထားသားပဲ။ ငါလည်း နင့်သူငယ်ချင်းပဲ . . . နိ
ရယ်"

စကားတုံ့ပြန်သံ မကြားရ။ လှမ်းထွက်သွားသူ၏ခြေလှမ်း
ငုံ့မကြည့်မိတော့။ ခြေသံကိုလည်း နားမစွင့်။



(၅)

"နိုင်နေချိုက မင်္ဂလာဆောင်ကို နင်မလာတဲ့
အတွက် ကျေးဇူးတင်ပါတယ်တဲ့။ ရော့ နင့်ကို သူပေး
ခိုင်းလိုက်တာ"

အဝါရောင်လက်ကိုင်ပဝါလေးကို တအံ့တသြ မြင်ရသည်။

"ငါမလိုချင်ဘူး ခင်မာလာ။ ဒါ သူ့ကို ငါပြန်
ပေးပြီးသား"

"မယူလို့မဖြစ်ဘူး ဝေလင်း။ သူ သေသေချာ
ချာ ပေးခိုင်းလိုက်တာ။ မင်္ဂလာပွဲတုန်းက အဲဒီလက်
ကိုင်ပဝါကို သူတစ်ချိန်လုံး ကိုင်ထားတယ်။ အခမ်း
အနားပြီးတော့မှ ငါ့ကို လာပေးတာ"

တစ်စစီဖြစ်သွားသော ကဗျာစာရွက်လေးကို သတိရသည်။

"ရော့ . . . ယူပါဟာ။ သူ့ကို ပြန်ပေးဖို့
မလွယ်ဘူး။ သူ့အမျိုးသားနဲ့ ဟိုကိုလိုက်သွားပြီ။
အောင်စာရင်းထွက်ပြီးမှ ပြန်လာမှာ"

လက်ကိုင်ပဝါလေးကို လှမ်းယူလိုက်သော ကျွန်တော့်
လက်ချောင်းများတွင် မည်သည့်ခံစားမှုမျှ မရှိချင်တော့ချေ။ ထုံကျင်
နေသည်ဟု သိ၏။


www.burmeseclassic.com

ခင်မာလာ ပြန်သွားသောအခါကျမှ လက်ကိုင်ပဝါလေးကို တယုတယ ကိုင်တွယ်ရင်း အင်းလျားကန်ဘက်သို့ တကူးတကသွားသည်။ အင်းလျားရေထဲတွင် အဝါရောင်လက်ကိုင်ပဝါလေးတစ်ထည် သတင်းစာစက္ကူလေး တစ်ရွက်နှစ်မြုပ်သွားသည်ကို မည်သူမျှ မသိလိုက်ကြ။

အကယ်၍များ အင်းလျားရေတွေ ခန်းခြောက်သွားခဲ့လျှင်၊ အင်းလျားကန်ပေါင်အတွင်း၌၊ အသည်းနှလုံးတစ်ခု ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် အထင်အရှား ရှိနေသည်ကို တွေ့မြင်ရပေလိမ့်မည်။ ရင်တွင်းမှ ညည်းငိုသံ ကြားရ၏။

ကျွန်တော် မဟာသိပ္ပံ ဆက်မတက်သည့်ကိစ္စကို တင်ထွန်း အပြစ်ဖို့သည်။ ခိုင်နေချိုနှင့် မျက်နှာချင်း မဆိုင်ချင်သည်ကို ကျွန်တော် အကြောင်းမပြ။ ပညာရေးကို စိတ်မပါတော့သယောင်ပြုပြီး၊ အခြားအကြောင်းများပြ၍ မှသားဆိုရ၏။ မလုံခြုံသော မုသားဟု တင်ထွန်း သိပေလိမ့်မည်။

"မင်းသာ မဟာသိပ္ပံ ဆက်တက်ရင်၊ ခိုင်နေချိုနဲ့ တကယ့်သူငယ်ချင်းတွေ ဖြစ်သွားကြမှာပါ"

နှုတ်ခမ်းတွန့်ရုံ ပြုံးမိသည်။

"ငါကတော့ ဘယ်အချိန် ဘယ်ကာလပဲ





ရောက်ရောက်၊ ဟိုတုန်းကလိုပဲ စိမ်းစိမ်းကားကား ရှိနေပါစေ ဆုတောင်းတယ်။

သူ့ရင်ထဲကို ငါမြင်လိုက်ချိန်မှာ၊ သူက တခြားသူရင်ထဲ ရောက်နေပြီလေ"

ရင်နင့်ခြင်း ကင်းအောင် . . . အသက်ကို တဝရှူပစ်လိုက်သည်။ ဖျတ်ခနဲဝင်လာသော ခိုင့်ပုံရိပ်ကို ကြိုးစား၍ ဖျောက်သည်။ မုန်းနေသော . . . ခိုင်။ စိမ်းနေသော . . . ခိုင်။ မာကျောလွန်းသော ဟိုတုန်းက ခိုင်မျက်နှာထားကိုသာ တမင်ဖန်တီး၍ မြင်ပစ်လိုက်၏။

သူစိမ်းလက်မှ
စိမ်းလက်ဝနှင့်
စိမ်းလှုက်သာ
စိမ်းလိုက်ပါတော့ . . . ခိုင်။

သဲစပ်စပ်တွင် ရေးလိုက်မိသော ထိုစာကြောင်းများကိုပင် အလျင်အမြန် ဖွဖွရွရွ ဖျက်ပစ်လိုက်ရ၏။

၁၉၉၅ – ဇန်နဝါရီလ
(သရဖူမဂ္ဂဇင်း)

www.burmeseclassic.com

# ဆမီဘ ပင်္ကေဝ

www.burmeseclassic.com

www.burmeseclassic.com

(၁)

မိန်းမကျမ်းကျေသူဟု သူငယ်ချင်းတွေက ကျွန်တော့်ကို အသိအမှတ် ပြုထားကြသည်။ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် ထိုကဲ့သို့ ယူဆယုံကြည်ထား၏။

ကျွန်တော့်အသက် နှစ်ဆယ့်ငါးနှစ်၊ ကျွန်တော် ထားရှိသော ရည်းစားဦးရေမှာ . . . ကျွန်တော့်အသက်မက။ (ချစ်သူဟု မသတ်မှတ်ပိုသဖြင့်၊ ရည်းစားဟု သုံးနှုန်းခြင်းဖြစ်သည်။ ချစ်သူနှင့် ရည်းစားသည် ဝေါဟာရရော၊ အဓိပ္ပာယ်ပါ၊ အနှစ်သာရချင်း ကွာခြားသည်ဟု ကျွန်တော် ယူဆ၏)။

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဟူသော စကားရပ်ကို လူတိုင်း၏ နှုတ်ဖျားနားဝတွင် တရင်းတနှီး ရှိခဲ့ကြသည်။ ရည်းစားဟူသည်မှာ တစ်ထောင်အထိ ထားရှိရသည်ဟု ကျွန်တော် နားလည်ထားသည်။ ချစ်သူဟူသည်ကား ထိုမျှအထိ များများစားစား မရှိသင့်၊ မရှိအပ်၊ လူတော်တော်များများက ချစ်သူဟူသော ဝေါဟာရ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရည်းစားဟူသော ဝေါဟာရတို့ကို ရောထွေးသုံးစွဲနေကြလေသည်။ ဤသည်ကို ကျွန်တော် ဘဝင်မကျ။ ရည်းစားကို အပျော်ထားနိုင်သည်။ ချစ်သူကို အပျော်မချစ်အပ်။ ချစ်သူနှင့် ရည်းစားကို ရောနှော ထင်မှတ်ထားကြလျှင် ကျွန်တော်တို့ လူသားအားလုံး၏ မြတ်နိုးရ ချစ်ခြင်းတရားသည် လွန်စွာ သိက္ခာကျသွားပေလိမ့်မည်။

လူတစ်ယောက်၏ဘဝတွင် ရည်းစားတွေ အများကြီးထား နိုင်၏။ သို့သော် ချစ်သူတွေ အများကြီး မထားသင့်။ ချစ်သူဟူသည် ကား၊ တစ်ဘဝတွင် တစ်ယောက်တည်း ရှိသင့်သည်။ ကံကြမ္မာ ကြောင့် ဝေးကွာသွားရသည်ဆိုဦး။ နောက်ထပ် အလွန်ဆုံး တစ် ယောက်သာ ထပ်ချစ်သင့်သည်။ အချစ်ဦး ချစ်သူ။ အချစ်ဆုံးချစ်သူ။ ဤပမာဏမျှသာ ထားရှိသင့်သည်။ ခဏခဏ ချစ်၍ရသော နှလုံး သားအချို့တွင် မှန်ကန်မွန်မြတ်သော အချစ်တွေ တည်ရှိလိမ့်မည် မဟုတ်ပါ။ လွတ်လပ်စွာ စုံတွဲသွားလာခွင့်ကို ရည်းစားဟူသောသူတွေ ထံမှ ပေါ်များစွာ ရရှိနိုင်ပါသည်။ ချစ်သူဟူသည်ကား တူယှဉ်သွားလာ ခွင့်၊ ယှက်နွယ်ပျော်ပါးခွင့်တို့ထက် သာလွန်မြင့်မြတ်သော အရပ်ဌာန တွင် လှပ,တင့်တယ်စွာ နိုင်မာသန့်စင်စွာ ကြင်နာမြတ်နိုးစရာအဖြစ် တည်ရှိနေတတ်၏။

ရည်းစားဟူသည်ကား ကျွန်တော်နှင့်တကွ အားလုံးသော မိန်းမ၊ အားလုံးသော ယောကျ်ားများအတွက် မှိုပွင့်များထက်ပင် ပိုမိုပေါ်များစွာ ရှိနေပါသည်။ ရှားပါးပစ္စည်းမှာ ချစ်သူပင်ဖြစ်၏။



(၂)

မိန်းမကျမ်းကျေသူဟု သူငယ်ချင်းတွေက ကျွန်တော့်ကို အသိအမှတ် ပြုထားကြသည်။ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် ထိုကဲ့သို့ ယူဆယုံကြည်ထား၏။

မိန်းမလှတစ်ယောက်ကို စိတ်ဝင်စားမိပါသည်ဟု ဆိုပါစို့။ (ချစ်မိသည်ဟု မဆိုလိုပါ)။ ထိုမိန်းကလေးနှင့် ရည်းစားဖြစ်ရန် ကျွန်တော်အဖို့ သိပ်မခဲယဉ်းလှပါချေ။ ၎င်း၏ အနေအထိုင်၊ အပြော အဆို၊ အမူအရာ၊ သူ စိတ်ဝင်စားသော ကိစ္စ၊ ဝါသနာပါသော လုပ်ငန်း၊ ကြိုက်နှစ်သက်သော အရာ၊ မာန်ကြီး,မကြီး၊ ဝန်းကျင်နှင့် ဆက်ဆံရေးတွေကို အလျင်အမြန် စုံစမ်းလိုက်ရုံဖြင့်၊ ရည်းစားဖြစ်ဖို့ တစ်ဝက်တိတိ ကျိန်းသေသွားပေမည်။

ကျွန်တော်ကသာ မြင်ဖူးပြီး ကျွန်တော့်ကို မသိသော မိန်း ကလေးကို ကျွန်တော် ဘယ်တော့မှ စကားလိုက်မပြောဖူးခဲ့ချေ။ တချို့ရှိသည်။ ကိုယ်ကသာ မြင်တွေ့စွဲလမ်းပြီး ရက်ပေါင်းများစွာ


www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ပိုးနေရာမှ ထိုမိန်းကလေးနှင့် တစ်နေရာရာမှာ ကြုံတွေ့သော အခါ ကမူးရှူးထိုး စကားလိုက်ပြောတတ်ကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် အင်မတန် ညံ့ဖျင်းသူများ လုပ်သော အပြုအမူဟု ကျွန်တော် သတ်မှတ်ချင်သည်။

မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမြီးလျှင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုမိန်းကလေးနှင့် ပတ်သက်သမျှ အကြောင်းရပ်တွေကို အတတ်နိုင်ဆုံး ပြည့်စုံစွာ စုံစမ်းရပေမည်။ ထိုသို့ စုံစမ်းသည်ကို သူ့မသိပါစေနှင့်။

မာနကြီးသော မိန်းကလေး၏ ရှေ့မှောက်တွင် မာနကြီးသော ပုံစံဖြင့်နေ၍ မသိမသာ အကဲခတ်နေသင့်သည်။ ကျွန်တော့်ကို မသိသောမိန်းကလေးကို ကျွန်တော်က ထိုမိန်းကလေး သတိထားမိအောင် တစ်ခုခု ပြုမူတတ်သည်။ ဥပမာ သူ့ရှေ့မှာ (သူ့ကို မကြည့်ဘဲ) ခလုတ်တိုက်မိတာမျိုး။ တစ်ယောက်ယောက်ကို အကူအညီပေးလိုက်တာမျိုး။ ဒါပေမဲ့ ထိုမိန်းကလေး၏ အိမ်ရှေ့တွင် ဂစ်တာတီးပြီး သီချင်းဆိုပြသော အပြုအမူကို ကျွန်တော် အထူးရှောင်ကြဉ်ပါသည်။

သတိပြုမိပြီဆိုလျှင် ပို၍ သတိပြုမိအောင် နေထိုင်ဝတ်စားရသည်။ အလှပြင်လွန်းသော မိန်းကလေး၏ ရှေ့မှောက်တွင် ကိုယ့်ကိုယ်ကိုယ် နောက်ဆုံးပေါ် အဝတ်အစားတွေ ဝတ်ပြနေစရာ မလိုပါ။ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်နေထိုင်ရုံဖြင့် လုံလောက်ပေပြီ။ ပါတိတွေပေး၊ နိုက်ကလပ်တွေတက်၊ ဘိုးရှူး၊ ရှူးနေတဲ့ မိန်းကလေးဆိုလျှင်တော့ ကိုယ့်ကိုယ်ကိုယ် အစွမ်းကုန်ခြယ်သရတော့သည်။ အခြေအနေချင်း၊ အဆင့်အတန်းချင်း၊ စိတ်သဘောထားချင်း တူညီနေမှ စိတ်





င်စားတတ်သော မိန်းကလေးမျိုး ရှိသကဲ့သို့ မိမိနှင့် လုံးဝဆန့်ကျင်နေသူကိုမှ စိတ်ဝင်စားချင်သည့် မိန်းကလေးမျိုးလည်း ရှိတတ်သည်။ အကဲခတ် ခန့်မှန်းတွက်ဆခြင်းမှ တစ်ပါး အခြားသော ပညာရပ်တွေ ကျွန်တော့်အတွက် သိပ်မလိုအပ်။

ဖော်ရွှတန်ရှ် မိန်းကလေးမျိုး၏ ရှေ့တွင် ကျွန်တော်သည် ရုပ်ချပ်ရှင်မင်းသား တစ်ယောက်၏ ဟန်ပန်အတိုင်း နေထိုင်ပြစပြဲဖြစ်၏။ ထိုရုပ်ပမင်းသား၏ အိုင်တင် အမူအရာ လေယူလေသိမ်းကို ကျွန်တော် တမင် လေ့ကျင့်ယူသည်။ (ဟဲဟဲ . . . ကျွန်တော့်ရုပ်ကလည်း အဲ့ဒီမင်းသားနဲ့ ခပ်ဆင်ဆင်ပါပဲ)။ ကျွန်တော် ရည်းစားများ၏ ရှေ့မှောက်သို့ရောက်တိုင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင်နေသူဟု သဘောထားလိုက်သည်။ အကြည့်လေးတစ်ကြည့်၊ အပြုံးလေးတစ်ခုက အစ၊ ကျွန်တော် ဂရုတစိုက် ပြုမူသည်။ စီးကရက်သောက်ခြင်း၊ မျက်မှန်ပင့်တင်ခြင်း၊ တစ်ခုခုကို လက်လှမ်းယူခြင်းသည်ပင်လျှင် (နံဘေးတွင်ရှိသော ရည်းစား၏) အဆင့်အတန်းကိုကြည့်၍ ကျွန်တော် လှုပ်ရှားသည်။ သွားလာယှဉ်တွဲရုံအပြင်၊ ကျွန်တော့်ရည်းစားတွေကို၊ ညစ်ညမ်းမှုအတွင်းသို့ ဘယ်တုန်းကမှ ခေါ်မသွားခဲ့။ "ချစ်တယ်" ဟူသော စကားလုံးကို ဖောင်းပွစွာ သုံးစွဲမိစဉ်တိုင်း၌ စကြဝဠာအတွင်းရှိ ချစ်ခြင်းတရား၏ အစောင့်အရှောက်များကို ကျွန်တော် ဦးငုံ့တောင်းပန်နေခဲ့ဖြစ်သည်။

ကျွန်တော် ရည်းစားများစွာ ထားနေခဲ့ရှိပါသည်၊ ကျွန်တော့်မှာ ချစ်သူမရှိသေးသည်ကို တွေးမိစဉ်အခါတိုင်း၊ ကြေကွဲခံစားရခြင်းသည် . . . ကောင်း။ ကျွန်တော်သည် ရည်းစားများကိုသာ လှည့်စားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ပြီး ချစ်ခြင်းတရားကိုတော့ ဘယ်တုန်းကမှ မလှည့်စားခဲ့
ကျွန်တော် အထင်ကြီးသော၊ လေးစားသော၊ မြတ်နိုးသော မိန်း
လေးတစ်ယောက်လောက်ကို တွေ့မြင်ကြုံဆုံချိန်သည် ကျွန်တေ
အချစ်ကို စတွေ့ရှိန်ဖြစ်၏။ အခုလောလောဆယ်မှာတော့ ကျွန်တေ
အချစ်ဦးဖြစ်မည့်သူကို ရှာဖွေနေဆဲဖြစ်သည်။ ကျွန်တော့်ရည်း
များ အားလုံးထဲတွင် ကျွန်တော့်ချစ်သူ မပါဝင်သည်မှာ (လုံး
ကျိန်းသေသည်။

ရည်းစားတစ်ယောက် ရဖို့ အိုက်တင်တွေ၊ အနေအထ
တွေ၊ စကားလှလှလေးတွေကို လူတိုင်း လွတ်လပ်စွာ သုံးစွဲခွ
သည်။ မှသားချိုချိုလေးတွေကို အဟန့်အတားမရှိ ဖွဲ့နွဲ့ခွင့်ရှိသည
သို့သော် ချစ်သူကို ရှာဖွေရာတွင်မူ နဂိုအတိုင်း (Original) အတို
ဘာကိုမှ မကွယ်ဝှက်ဘဲ တင်ပြရှာဖွေသင့်သည်။ (ပဝတီကို ကုသမ
လိုက်ပိုးပန်းစဉ်က ကုသမင်းသည် မျက်နှာကို ပေါင်းတင်ထားခြ
ခွဲစိတ်ပြုပြင်ထားခြင်း မရှိကြောင်း လူတိုင်း မှတ်သားဖူးပေလိမ့်မည
ဟိုတုန်းက အဲဒါတွေမှ မပေါ်သေးဘဲဟု မတွေးစေချင်ပါ။

ဒုက္ခကို လက်ဆောင်ပေးပါလျက် မြတ်နိုးစွာ တွေးပိုက်ယ
တတ်သူသည် ချစ်သူစစ်စစ် ကောင်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ကျွန်တေ
မှာ ချစ်သူတစ်ယောက်မျှ မရှိသည်ကား လုံးဝကျိန်းသေသည်။ ရ
စားတွေကို မချစ်ပါရစေနှင့်။



(၃)

မိန်းမကျမ်းကျေသူဟု သူငယ်ချင်းတွေက ကျွန်တော့်ကို
သိအမှတ် ပြုထားကြသည်။ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ်
ကဲ့သို့ ယူဆယုံကြည်ထား၏။ ကျွန်တော့်မှာ ရည်းစားတွေ ဘယ်
လာက်များများ။ ကျွန်တော့် သူငယ်ချင်း အောင်သန်းနှင့် တိုးအောင်
တွင် ရည်းစားတစ်ယောက်မျှ မရှိကြချေ။ ရည်းစားမရှိသူချင်းအတူ
တူ တိုးအောင်က နုံနုံအအ။

မကြာမီ ရက်ပိုင်းအတွင်းက တိုးအောင်တွင် ရည်းစားတစ်
ယောက် ရှိနေကြောင်း အောင်သန်းမှတစ်ဆင့် ကျွန်တော် အံ့သြစွာ
ကြားသိရသည်။ တိုးအောင်၏ရည်းစားနာမည်မှာ ရွှေရည်မြင့်ဟု



www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းပြော၏။

"မင်းလို သရုပ်ခွဲပြရရင်တော့ ရည်းစား မဟုတ်ဘူး။ ချစ်သူ။ ရွှေရည်ကို ရည်းစားလို့ သဘော မထားနိုင်ဘူး။ ချစ်သူလို့ သတ်မှတ်ပြီး ချစ်တာ တစ်နေ့ကျရင် အတူနေကြမယ်လေ"

တိုးအောင်၏စကားကို ကျွန်တော် မည်သို့မျှ မတုံ့ပြန်ဖြစ်ခဲ့ ရွှေရည်မြင့် ဆိုသူမှာ မျက်နှာများတတ်သော မိန်းကလေးတစ်ဦးဖြစ် ကြောင်း၊ ကျွန်တော် သိထားသည်။ တိုးအောင်ကို အသိပေးဖို့ ကျွန်တော် စဉ်းစားသော်လည်း နေမြင့်ချိန် အရှုးရင့်ချိန် ဖြစ်သဖြင့် ကျွန်တော် ဘာမှမပြောချင်သေး။ တစ်ခုခု ခံစားသွားရလျှင် ... ဒုက္ခ

"ဟုတ်တယ်မို့လား ... ဇော်မျိုး"

"ဘာကိုလဲ" ... ဟု၊ ကျွန်တော် မေးလိုက်သည်။

"ရွှေရည်လို မွန်ရည်လှပတဲ့ မိန်းကလေးတစ် ယောက်ကို ငါ လက်ထပ်သင့်တယ်မို့လားလို့ မင်းကို မေးတာ"

အောင်သန်းကို ကျွန်တော် အကြည့်၊ အောင်သန်းက မျက်နှာလွှဲသည်။ ကျွန်တော်က ...

"မင်းကို လက်ထပ်ဖို့ ပြောလို့လား။ ရွှေရည် မြင့်က"

"ပြောတော့ မပြောသေးဘူးပေါ့ကွာ။ ဒါပေမဲ့ ငါက အဲဒီလို ရည်ရွယ်ထားတာ"

သက်ပြင်းကို မသိမသာ မှုတ်ထုတ်မိသည်။





"ငါ ရည်းစားထားသလို မင်းလည်း ရွှေရည် မြင့်ကို အပျော်ရည်းစားအဖြစ် ထားပါလား။ အလေး အနက် မထားနဲ့လေ"

"ဘာဖြစ်လို့လဲ" ... ဟု၊ မမေးဘဲ ...

"အာ ...၊ မလုပ်ပါနဲ့၊ သူက ငါ့ကို တကယ် ချစ်တာကွ။ စကားပြောရင်တောင် အသံလေးက မပွင့်တပွင့်။ ရှက်ပြုံးလေး ပြုံးလိုက်ရင် ဘယ်လိုချစ် ဖို့ကောင်းမှန်း မသိဘူး။ ဟင်းဟင်း"

"ငါတို့နဲ့ မိတ်ဆက်ပေးတော့လေ"

အောင်သန်း၏ စကားကို အသိအမှတ်မပြု ဟန်ဆောင်၍ ကျွန်တော် နားစွင့်သည်။

"အင်း ကောင်းသားပဲ"

"အခုကတည်းက ပြောထားမယ်နော်။ ရွှေ ရည်က ရှက်တတ်တယ်။ မင်းတို့ သိပ်မကြည့်ကြနဲ့"

အောင်သန်းက တဟားဟား ရယ်သည်။ ကျွန်တော် မဲ့ခနဲ ပြုံး၏။

မြွေဟူသည်ကား အချင်းချင်း၏ခြေရာကို မြင်တွေ့သည်ဟု ကြားဖူးသည်။ ကျွန်တော်နှင့် ရွှေရည်မြင့်သည်၊ မြွေချင်းတူလျှင် တောင်မှ၊ ကျွန်တော့်ခြေရာကို သူရှာဖွေတတ်လိမ့်မည် မဟုတ်။ သူ့ခြေရာလောက်ကတော့ အခုကတည်းက ကျွန်တော် ကြိုမြင်နေ ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးအောင် မိတ်ဆက်ပေးခြင်းကြောင့် ရွှေရည်မြင့်က အောင်သန်းနှင့် ကျွန်တော့်ကို သိဟောင်းကျွမ်းဟောင်းကဲ့သို့ တရင်းတနှီး ဆက်ဆံသည်။ ရွှေရည်မြင့်၏ ပြောပုံ၊ ဆိုပုံ၊ နေထိုင်ပုံသည် မြင်သူတိုင်းအဖို့ ဘဝင်ရွှဲပြီစရာ၊ ရဲတင်းလွန်းသော အမူအရာမရှိသည့် တကယ့် ကျေးမြေမလေးတစ်ဦး။ တိုးအောင် မြတ်နိုးလွန်းနေသည်ကိုပင် အပြစ်မဆိုချင်မိလောက်အောင် ဖြစ်ရ၏။

"ဇော်မျိုး"

အောင်သန်းက ကျွန်တော့်အမည်ကိုခေါ်ပြီး စကားသံ ရုတ်ခြည်း ထွက်မလာဘဲ၊ သက်ပြင်းချလေ၏။

"မင်း ငါ့ကို တစ်ခုခုပြောချင်နေတယ်မို့လား"

ကျွန်တော့်အမေးကြောင့် အောင်သန်း အံ့သြသွားဟန်တူ၏။ အံ့သြဟန်ဖြင့် ခေါင်းညိတ်သည်။

"ရွှေရည်မြင့် ကိစ္စ။ ဟုတ်တယ်မို့လား။ ဗွီဒီယိုမင်းသားတစ်ယောက်နဲ့ တွဲနေတဲ့ အကြောင်းလေ။ အဲဒါ ပြောမလို့ မဟုတ်လား"

အောင်သန်း၏ မျက်နှာသည် ပိုမို၍ တအံ့တသြ။

"မင်း တော်တယ်ကွာ၊ ဇော်မျိုး"

"ငါတော်တာ မဟုတ်ပါဘူး၊ ရွှေရည်မြင့် ညံ့တာ"

"အဲဒီဗွီဒီယိုမင်းသားက ငါ့အသိတစ်ယောက်ရဲ့ သူငယ်ချင်း"

ပြောရင်း ဂျာကင်အင်္ကျီအိတ်အတွင်းသို့ ကျွန်တော် လက်နှိုက်သည်။ ပြည်ပဖြစ် စီးကရက်တွေး တစ်တွေးပါလာ၏၊ ပြီးမှ စာရွက်ခေါက်တစ်ခေါက် ပါလာသည်။

"ဒီစာက ရွှေရည်မြင့် လက်ရေးနဲ့ ရေးထားတဲ့စာ။ ခဏငှားပြီး မိတ္တူကူးထားတာ။ ဟိုကောင် ညွှန့်တိုးအောင်ကို ပြမလို့။ လိုအပ်ရင်"

"ငါလည်း အဲဒါ ပြောမလို့ပဲ။ တိုးအောင်ကို ငါတို့ အသိပေးရင်ကောင်းမယ်"

"ဖြည်းဖြည်းပေါ့"

"မဖြည်းနဲ့ ဇော်မျိုး။ ဒီကောင်က ယူဖို့ ပြုဖို့အထိ ရည်ရွယ်ထားတာ။ တော်ကြာ အမြစ်တွယ်မှ နုတ်ရခက်နေမယ်"

"အဲဒါဆိုလည်း မင်းသဘောပဲ။ ငါတော့ ဒီကောင့်ကို မပြောချင်ဘူး။ ယုံမှာမှ မဟုတ်ဘဲ။ ဒီစာကို မိတ္တူကူးထားတယ်ဆိုတာက







www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် အသည်းအသန် အထင်ကြီးလွန်းပြီး နှင်
လား ငါလား ငြင်းရင် ပြဖို့သက်သေ"

ပြောမည်သာ ပြောရသည်။

တိုးအောင် ယုံကြည်မည်မဟုတ်မှန်း ကျွန်တော် ကြိုတွေး ကြိုသိ၏။

ကျွန်တော် ထင်ထားသည့်အတိုင်း တိုးအောင်က ကျွန်တော် တို့နှစ်ယောက်၏ စေတနာသတိစကားကို အယုံအကြည်မရှိ။ လက် သင့်မခံ။ ငြင်းဆန် ပယ်ဖျက်လေသည်။

ကျွန်တော်ပြသော စာအထောက်အထားသည်လည်း တကယ့်အချည်းနှီး။

နောက် သုံးလေးရက် ကြာသောအခါ ရွှေရည်မြင့် ကိုယ်တို ရေးသော အောက်ပါစာရွက်ကို ကျွန်တော့်အား တိုးအောင် ပြ၏။

ကိုတိုးအောင်

ကျွန်မကို နားလည်ပေးပါနော်။ ကျွန်မသိတာ ကိုတိုးအောင့်ရဲ့ သူငယ်ချင်းတွေကို ယုံမယ်ဆိုရင်လည်း ယုံလိုက်တော့။ ကျွန်မ အချစ် ဝမ်းနည်းပါတယ်။ ကျွန်မ ချစ်သလို ချစ်တယ်ဆိုရင် မနာလိုတဲ့ ကြား စကားတွေကို လျစ်လျူရှုနိုင်အောင် ကြိုးစားပါနော် . . . ကိုတိုးအောင်။

"မင်း မိန်းကလေးတွေအကြောင်း ဘယ် လောက်သိသလဲ ... ဟု၊ စာကို ပြန်ပေးရင်း ကျွန်တော်မေးသည်။ တိုးအောင်က,

"မင်းလောက်တော့ မသိဘူးပေါ့။

ဒါပေမဲ့ ... ရွှေရည်ကိုတော့ ငါ ယုံကြည် တယ်"

"ငါနဲ့ အောင်သန်းက မင်းအတွက် စေတနာ စိတ်နဲ့ ပြောတဲ့ကိစ္စ။

အခုတော့ ... ကြားစကားပြောတဲ့ မနာလို သူရဲ့စကားလို ဖြစ်ခဲ့ရပြီ"

"မင်းအတွက် စိုးရိမ်လို့ အသိပေးတာပါ" ... ဟု၊ အောင်သန်းက ဝင်ပြောသည်။

"ကျေးဇူးတင်ပါရဲ့ကွာ။ စာတစ်စောင် သတင်းတစ်ခုလောက်နဲ့တော့ ငါမယုံချင်ဘူး။ မျက် မြင်ဒိဋ္ဌ ဆိုရင်တောင်၊ ငါ တစ်ဝက်လောက်ပဲ ယုံမိ မှာ။ အဲဒီလောက်အထိ, ငါ ရွှေရည်ကို စိတ်ချတယ်"

ကျွန်တော် သည်းမခံချင်တော့ချေ။ ထို့ကြောင့် ...

"ရွှေရည်မြင့်နဲ့ ငါတို့နှစ်ယောက် ဘယ်သူ့ကို အဆက်အသွယ် ဖြတ်မလဲလို့ မင်းကို မေးရင်ကော"

တိုးအောင်က ကျွန်တော့်ကို စိန်းစိန်းကြည့်လျက် ...,

"မင်းတို့ကိုပဲ ဖြတ်မယ်"

မတုံ့ရဲ့စွာ ပြောသော်လည်း မာကျောနေသည်ဟု ကျွန်တော် သိသည်။ ကျွန်တော် တက်မခေါက်ဖြစ်။ မဲ့ပြုံးတစ်ခု ပြုံးလိုက်မိ သည်မှန်း၊ ကိုယ့်ကိုယ်ကိုယ် သိသည်။ (ထိုနေ့ ညနေပိုင်းတွင်







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရွှေရည်မြင့်ထံသို့ အကြောင်းပြချက်တစ်ခုကို တမင်တိုက်ဆိုင်အောင် ပြုလုပ်ပြီး စကားပြောခွင့်ရအောင် ကြိုးစားသည်။

တိုးအောင်ကို သူငယ်ချင်းစာရင်းမှ မပယ်ဖျက်ခဲ့ကြသော်လည်း၊ သူ့ထံသို့ ကျွန်တော်ရော အောင်သန်းပါ သွားလာခြင်း (လုံး၀) မရှိတော့။ လမ်းမှာ ဆုံလျှင်ပင် မမြင်ချင်ယောင် ဆောင်ပစ်လိုက်သည်ချည်း။ ကျွန်တော့်နာကျင်မှုသည် ဒေါသ,တကြီး။

"ဒီကောင့်ကို ရွှေရည်မြင့်က ပြန်ကြိုက်တာ ငါတို့နှစ်ယောက်က မနာလိုဖြစ်ပြီး ချောက်ချတဲ့ပုံစံ ဒီကောင် ယူဆထားတာ ငါသိတယ်"

"ခွင့်လွှတ်လိုက်ပါ" ...ဟု၊ အောင်သန်းက ပြောသည်။ ကျွန်တော်က ...,

"ဘယ်တော့မှ ခွင့်မလွှတ်ဘူး အောင်သန်း။ ငါ့စေတနာကို စော်ကားတယ်။ သူငယ်ချင်းနဲ့ ရည်းစား ဘယ်သူ့ဖြတ်မလဲဆိုတော့ သူငယ်ချင်း ဖြတ်မယ်တဲ့။ တော်တော် မှန်တဲ့ကောင်"



(၄)

သုံးလခန့်ကြာသော နေ့တစ်နေ့၏ ညနေစောင်းတွင် တိုးအောင် ကျွန်တော့်အိမ်သို့ ရောက်လာသည်။ အလျှင်ရောက်နှင့်နေသော အောင်သန်းက စည်းခံစကားပြောဏ်။ ကျွန်တော်က မသိကျိုးကျွံ။

"ဇော်မျိုး"

သနားစဖွယ် လေသံဖြင့် တိုးအောင် ကျွန်တော့်ကိုခေါ်သည်၊ ကျွန်တော် ရပ်နေရာပြတင်းပေါက်သို့ ရောက်လာ၏။ ကျွန်တော် ငဲ့မကြည့်သေး။

"ရွှေရည် ငါ့ကို ဖြတ်လိုက်ပြီကွာ"

မဲ့ခနဲ ပြုံးမိသည်ကို တိုးအောင် မြင်လိမ့်မည်ထင်၏။ အောင်သန်းက,ပါ ကျွန်တော့်အနား လာရပ်သည်။

"မင်း သိပ်ချစ်ပါတယ်၊ သိပ်ယုံကြည်ပါတယ် ဆိုတဲ့ ရွှေရည်မြင့်က မိန်းမလည်တစ်ယောက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်း ယုံပြီလား''

တိုးအောင် ခေါင်းယမ်းသဖြင့် အံ့ဩမိပြန်၏။

''ငါ့မှာ အပြစ်တစ်ခုရှိလို့ ဖြတ်တာနေမှာပါ ကွာ။ သူလော်မာတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး''

ကျွန်တော် တက်ခေါက်သံကြောင့် တိုးအောင် စကားတန့်သွား၏။

''မင်းပြန်တော့ တိုးအောင်။ မင်းကောင်မလေးက ဘယ်လောက်အထိ ဖောက်ပြန်သလဲဆိုတာကို ငါ မနက်ဖြန် မင်းဆီကိုလာပြီး သက်သေပြမယ်။ အခု လောလောဆယ်၊ မင်းပြန်တော့''

ကျွန်တော် အိမ်ခန်းထဲသို့ ဝင်လိုက်တော့သည်။

တိုးအောင် မည်သည့်အချိန်တွင် ပြန်သွားသည်မသိ။

(ဇော်)

တိုးအောင်ကို မြင်လိုက်ပြီ။

ဇော် . . . ၊ ရွှေရည်ကို တကယ်ချစ်တာပါနော်။

ဟုတ်ရဲ့လား ဟင်၊

ဇော့်လို ချစ်သူရှိတဲ့ ဘဝကိုပိုင်ဆိုင်လာပါစေ၊ သူက ရွှေရည်ကို

နိုးလိုက်တိုင်း ပြောတော့၊ ရွှေရည် ဝမ်းသာမိတာ အမှန်ပါ။





ရွှေရည်ကို တကယ်ချစ်တာပဲလို့လည်း ရွှေရည် ယုံလိုက်ပြီ။

မနက်ဖြန် ဇော် စောစောလာနော်။

ရွှေရည် စောင့်မျှော်နေမယ်။

ရင်ခုန်စွာ

ချစ်တဲ့

ရွှေရည်

အောင်သန်း၏ မျက်နှာသည် တကယ်တအံ့တဩ။

ရွှေရည်၏ခတ်ပုံတွေ စာဟောင်းတွေနှင့်အတူ ဒီမနက်ကမှ ရောက်လာသောစာကို ငေးမောင့်ကြည့်ရင်း . . .

''တိုးအောင်ကို ဒါတွေ ဘာဖြစ်လို့ မပြလိုက်တာလဲ။ စောစောက . . .''

''ပြလည်း ယုံမှာမှ မဟုတ်ဘဲ။

ရွှေရည်မြင့် မျက်နှာများတယ်ဆိုတာ ဒီကောင် ယုံအောင်လို့ ငါကိုယ်တိုင် ရွှေရည်မြင့်ကို ချဉ်းကပ်လိုက်တယ်။ အခု ဒီကောင့်ကို ဖြတ်လိုက်ပြီ။

ဒါတောင် ဒီကောင်က မယုံသေးဘူး။ အဲဒီတော့ ဒီကောင် အမယ်လေး ယုံပါပြီဗျလို့ အော်ရလောက်အောင် ငါလုပ်မယ်''

''ဘာလုပ်မလဲ ဇော်မျိုး''

''ငါ ရွှေရည်မြင့်ကို သွားခိုးမယ်။ ပြီးရင် မင်္ဂလာဆောင်မယ်။ အဲဒီ မင်္ဂလာပွဲကို တိုးအောင်လာရင် ငါကျေနပ်ပြီ''



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ရွှေရည်မြင့်ကို တကယ်ချစ်လို့လား"

"ဘယ်လိုလုပ် ချစ်မလဲ။ ဒါပေမဲ့ ငါ့စွဲချက်မှန်ကန်ကြောင်းကို ဒီနည်းနဲ့ပဲ သက်သေပြရမယ်။

ကြည့်နေ။

တိုးအောင် မျက်လုံးပြူးသွားစေရမယ်"

"မင်းရဲ့ ရည်းစားတွေတော့ ရင်ကွဲတော့မှာပဲ"

"ကွဲလည်း မတတ်နိုင်ဘူး။ အရေးကြီးတာက တိုးအောင် သိပ်ပြီး ယုံကြည်နေတဲ့ ရွှေရည်မြင့်ဟာ မျက်နှာများတဲ့ မိန်းမလည်းဆိုတာ ပြရရင်ပြီးရော"

"ဘဝနဲ့ကို ရင်းပြီး သက်သေပြတော့မှာပါ လား" . . . ဟု အောင်သန်း မျက်လုံးဝိုင်းလျက် ပြောသည်။ ကျွန်တော် မဲ့ခနဲ ပြုံးလိုက်၏။

ချိန်းဆိုထားရာသို့ အောင်သန်း လိုက်လာသည်။ အိမ်မှ ထွက်ထွက်ချင်း အကြံရသဖြင့် တိုးအောင်၏အိမ်ကိုဝင်သည်။

"ငါ မိန်းမရိုးမလို့၊ ဒီည။ အဲဒါ မင်းအိမ်ကို နိုးလာခဲ့မယ်။ မအိပ်နဲ့ဦး။ စောင့်နေ" . . . ဟု မှာကြားခဲ့သည်။ ည ရှစ်နာရီတိတိတွင်





ကျွန်တော်တို့ ရပ်နေရာသို့ ကိုယ်ပိုင်ကားတစ်စီး ထိုးရပ်၏။ အမျိုးသမီးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ မိန်းမလှတစ်ယောက် ဖြစ်သည်။ သို့သော် ရွှေရည်မြင့် မဟုတ်။

"ကိုဇော်မျိုးဆိုတာ"

"ကျွန်တော် . . . ဇော်မျိုးပါ"

"စာပေးခိုင်းလိုက်လို့၊ ရွှေရည်မြင့်က"

အိတ်ဖွင့်စာတစ်စောင် လှမ်းပေးသည်။ ပေးပြီးပြီးချင်း ကားကို မောင်းထွက်သွား၏။ ကျွန်တော် စာကို ကမန်းကတန်း ဖွင့်ဖတ်သည်။

ကိုဇော်မျိုး

ကျွန်မ ဒီစာတောင်းပန်မှုနဲ့ရေးတာဘူး။ ဒီစာတောင်းပန်မှုလို့ထင်ရင် ကျွန်မ ပျော်လမ်းရှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကြတော့မှာပေါ့။ ရှင် ကိုယ်ချင်းစာကြည့်လေ။ ရှင်လည်း ရည်းစားတွေထားလို့ မရတော့သလို ကျွန်မလည်း ကလွဲချော်လို့ ရတော့မှာ မဟုတ်ဘူး။ ဒီစာတောင်းပန်မှုတယ်ဆိုတာ [illegible] လူတွေရဲ့ [illegible] [illegible] [illegible] ဒီစာကို ကျွန်မ ရေးလိုက်တာ။

ကျေးဇူးတင်ပါရှင်

ရွှေရည်မြင့်

ကျွန်တော် ဘာဖြစ်သွားမှန်း ကိုယ့်ကိုယ်ကိုယ် မသိ။ အောင်သန်းမျက်နှာကိုလည်း ကျွန်တော် မကြည့်ဝံ့တော့။

"ပြန်ကြစို့"

အောင်သန်းပြောသည်။ တိုးအောင်၏အိမ်သို့ရောက်သော်


www.burmeseclassic.com

www.burmeseclassic.com

တိုးအောင်က . . . ,

"ဘယ်သူမှလည်း မပါ,ပါလား ဇော်မျိုးရာ။ မင်းက နောက်စရာမရှိ ကြဲဖန်နောက်တယ်။ မင်းလို ကောင်မျိုးသာ မိန်းမ,ခိုးရင် ငါ့လိုကောင်မျိုးကို ရွေးရည်ယူတာ ကြာလှပြီ"

လက်သီးကို ကျစ်ကျစ်ဆုပ်နေမိသည်။ အဖြစ်အပျက်တွေ အကုန်လုံး ပြောပြလိုက်ချင်သည်။ ဓာတ်ပုံအထောက်အထား ပေးစာ ချိန်းစာ အထောက်အထားတွေ ပြည့်စုံသည့်တိုင် တိုးအောင် ယုံကြည်လက်ခံရန် ခက်,ခက်လွန်းနေသေးသည်။

အရေးကြီးသည့် အဓိကသက်သေ (ရွှေရည်မြင့်) ကို ခေါ်ဆောင်နိုင်ခြင်း မရှိတော့။

ဘာပဲဖြစ်ဖြစ် တိုးအောင်ကတော့ ရွှေရည်မြင့်ကို တန်ဖိုးထား ယုံကြည်နေဆဲ ရှိပေလိမ့်မည်။ အောင်သန်းကိုလည်း ကျွန်တော် နှုတ်ပိတ်ရပေဦးမည်။

မိန်းမကျမ်းကျေသူဟု သူငယ်ချင်းတွေက ကျွန်တော့်ကို အသိအမှတ်ပြုထားကြသည်။

ကျွန်တော် . . .

ကိုယ့်ကိုယ်ကိုယ် အသိအမှတ် မပြုဝံ့သေး . . .။

❀ ❀ ❀

၁၉၉၄ — ဇန်နဝါရီလ
(သ[illegible] မဂ္ဂဇင်း)

# ရှက်ကြောတော

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဘဝတစ်လျှောက်ကို ပြန်လည်တွေးတောမိသည့်အခါ ကာလတိုင်း၌ ရင်နင့်စရာတွေကြောင့် မျက်ရည်ဝဲခဲ့ရသည်မှာ အစဉ်အမြဲ။

သူ့ဘဝ၏ ကာလရှည် အစ,အဆုံးကို ယု ကိုယ်တိုင်လည်း သိရှိထားခဲ့သည်။ ရှန်းကာန်နေသော ဘဝတူ မိသားစုနှစ်စု၏ အရေးပါဆုံးသောနှစ်ဦးမှာ သူနှင့် ယုတို့ ဖြစ်သည်။

ငယ်စဉ်အခါ အမေနှင့်အဖေ မရှိတော့ခင်ကတည်းက မမထားနှင့်အတူ အငယ်ဆုံးနှစ်ယောက်၏ ဘဝကို ကျောင်းတက်ရင်းက ဖေးမ တာဝန်ယူခဲ့သည်။

အမေက လောကထဲတွင် အမှန်တကယ် မရှိတော့။ အဖေကမူ လောကအလယ်တွင် ရှိသေးသော်လည်း သူ့ဘဝ မမထားနှင့် အငယ်နှစ်ယောက် ဘဝတွင် အဖေ မရှိတော့ချေ။ အဖေ့ကြောင့် အမေ သေရသည်။ မျက်မြင် ဒိဋ္ဌ ခံစားကြေကွဲခဲ့ရသဖြင့် ဘဝဆုံး



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် နာကျင်မှုတွေ မကုန်ဆုံးချင်ခဲ့။

မမထား အပျိုဖော်ဝင်ခါစ သူက အရွယ်မရောက်တရောက် အငယ် နှစ်ယောက်က ဉမမယ် စာမပြောက်ခင်မှာ အမေ ဆုံးပါးခဲ့ သည်။ အမေ့ကို အဖေသတ်တာဟု သူတို့မောင်နှမတွေ ယခုတိုင် စွဲမှတ်ခဲ့ကြသည်။ မမထားကိုယ်တိုင်က အဖေ့အပေါ် နာကျင်ခဲ့သော် လည်း အငယ်တွေကို ဆုံးမသည်။

"မိဘကို မပြစ်မှားရဘူး" ... ဟု အမြဲတမ်း ပြောသည်။



(၂)

အမေ့မိဘတွေက ကားဝပ်ရှော့လုပ်ငန်းကို တွင်တွင်ကျယ် ကျယ် လုပ်ကိုင်ခဲ့ကြသူတွေ ဖြစ်သည်။ အဖေက အမေ့မိဘတွေ၏ ကားပြင်အလုပ်သမား။

အဖေနှင့်အမေ့ကို အဘိုးအဘွားတို့က သဘောမတူခဲ့ကြ ချေ။ တစ်ကောင်ကြွက် အဖေ့ကို ကြင်နာသနားသည့်သူ အမေမှ ကစ်ပါး အခြားသူ မရှိခဲ့။ အဘိုးနှင့်အဘွား အိုမင်းမစွမ်းဖြစ်လာသော အခါတွင် လုပ်ငန်းအဝဝလည်း အဖေ့လက် အဖေ့ခြေ။

ဒီနောက်တွင် အဖေ့ခြေလှမ်းတွေ သိသိသာသာ ပျက်ယွင်း ခဲ့သည်။ အိမ်နီးချင်းအိမ်ထောင်သည် အမျိုးသမီးတစ်ဦးနှင့် ငြိစွန်းခဲ့ ကြသည်။ အမေသိသော်လည်း အမေကျိတ်ခံစား၏။ အဖေ့ယောက္ခမ တွေကမူ ပြောဖို့တားဖို့ မဆိုထားနှင့် မတ်မတ်ပင်မထိုင်နိုင်သော ကျန်းမာရေးအခြေအနေ။ ငြူစူရှုံ့ကျွေးသော အဖေ့ထမင်းကို မျက်ရည် ပေါက်တွေဖြင့် စားသောက်ခဲ့ကြရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှင့်အဘွား ဆုံးပါးပြီးသောအခါ ...

"သော့ပေး။ ဒီသေတ္တာထဲမှာ တစ်ခုခု ရှိ
မယ်"

အဖေက အမေ့ထံတွင် သော့တောင်းနေသည်ကို တွေ့
သည်။ မမထားနှင့် သူက တိုင်အကွယ်မှနေ၍ ချောင်းကြည့်နေကြ
၏။ အငယ်နှစ်ယောက်မှာ ဘာကိုမှမသိကြ။

"ကိုအောင်သန်း။ ရှင် အဓိပ္ပာယ်မရှိတာတွေ
မလုပ်ပါနဲ့။ ဒါ ရှင့်ပစ္စည်းမဟုတ်ဘူး။ ကျွန်မ မိဘ
ပစ္စည်းတွေ။ ကျွန်မ သားသမီးတွေရဲ့ရှေ့ရေးအတွက်
သိမ်းထားရမယ်။ ကျွန်မလည်း မတို့ထိဘူး။ ရှင်
လည်း ပတ်သက်စရာ မလိုဘူး"

"မအေးသန်း နင် စကားရှည်လှချည်လား။
ပေးမလား, မပေးဘူးလား"

"မပေးဘူး"

အမေ့လက် မြှောက်တက်သွားသည်ကို တွေ့သည်။ စိတ်
ထောင်း၍ ကိုယ်ကြေနေသော အမေ့ကိုယ်ခန္ဓာမှာ နဂိုကထက်
တစ်ဝက်မျှပင် မရှိတော့ချေ။

ကြမ်းပြင်ပေါ်တွင် လဲကျသွားသော အမေ့ကို တွေ့သည်။
ဆယ့်နှစ်,နှစ်သာသာ အရွယ်ရှိသေးသော သူ့မျက်လုံးအစုံတွင် ဒေါသ
အငိုးတွေ လျှံတက်၏။

"မောင်လေး"

မမထားက သူ့လက်ကို အားကုန် ဆွဲညှစ်ထားသည်။





အသားတွေ တဆတ်ဆတ်တုန်လျက် မမထားကို သူ ငဲ့ကြည့်သည်။
မမထား၏မျက်ဝန်းတွင် မျက်ရည်တွေကို တွေ့၏။ အံကြိတ်ထားမိ
သော်လည်း မျက်ရည်စက်တွေကို တားဆီးမရ။

"မငိုပါနဲ့ မောင်လေးရယ်၊ စိတ်ကို လျှော့
လိုက်ပါတော့"

မမထား ဆွဲညှစ်ထားသောလက်ကို ရုန်းလျက်၊

ကြမ်းပြင်ပေါ်သို့ စောင့်ထိုးလိုက်မိ၏။ အမေ့ပါးစပ်တွင်
သွေးစက်တွေကို တွေ့သည်။

ရှိသမျှ အတွင်းပစ္စည်းတွေကို ယူပြီး အဖေ အိမ်ပေါ်မှ
ဆင်းသွားသည်။ နောက်အိမ်ထောင်ကို ပေါ်ပေါ်တင်တင် ပြုလိုက်
ပြီမှန်း နားလည်ကြ၏။

"အောင်သန်းတစ်ယောက် ဆေးမီသွားတာနဲ့ တူတယ်၊
ကလေးငါးယောက် အမေနဲ့မှ လိုက်ပြေးရတယ်လို့" ... ဟူသော၊
ပတ်ဝန်းကျင်၏ ထင်မြင်ချက်တွေကိုပင် အမေ တာရှည် ကြားမသွား
ခဲ့ရ၊ အဖေ၏ ဖိစီးမှုဒဏ်အဝဝကြောင့် ရက်ပိုင်းအတွင်း အမေ
ဆုံးပါးခဲ့သည်။

အဖေ မရှိခြင်းသည် မြင်းမိုရ်တောင်ကို မထိပါ။ အမေ
မရှိခြင်းသာလျှင် မြင်းမိုရ်တောင် ပြိုပျက်ရသည်သို့ ခံစားကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ဈာပနကို လှပစွာပင် မြေမချခဲ့ရ။ မျက်စိသူငယ် နားသူငယ်ဘဝ၏ အစကာလဟု ကိုယ့်ကိုယ်ကိုယ် သိခဲ့သည်။ ပူဆွေးသောက ရောက်ချင်သော်လည်း အချိန်မလပ်။

ကုန်းကောက်စရာပင် မရှိတော့သော ဘဝကို ပြန်လည်တွေးကြည့်တိုင်း ရင်နင့်ရသည်။ နီးစပ်သူတွေ၏ အကူအညီဖြင့် အမေ့ဈာပနသည် အထီးကျန် အကျည်းတန်စွာ မီးခိုးငွေ့ဖြစ်ခဲ့ရသည်။ အဖေ့ကို နာကျင်၏။

"ရော့"

မမထားက ငွေထုပ်ကို အဖေ့လက်ထဲသို့ ထည့်သည်။ အဖေ့မျက်ဝန်းတွင် ကြေကွဲရိပ်ကို သူတွေ့၏။ နီးစပ်သူတစ်ဦးမှတစ်ဆင့် အဖေက အိမ်ကို ငွေထုပ်ပို့နိုင်းလိုက်သည်။ သားသမီးတွေကို တွေ့ချင်သဖြင့်လည်း လမ်းထိပ်တွင် စောင့်နေကြောင်း စကားပါး၏။ လမ်းထိပ်သို့ တစ်ဟုန်ထိုး လျှောက်ခဲ့ကြပြီးနောက် . . .

"အမေသေတာ အဖေသိပြီးရောပေါ့"

မျက်နှာထားကိုတင်းလျက် မေးသော မမထား၏စကားသံကို ကြား၏။ ငိုသံမကင်း။ သူက ကလေးပီပီ အဖေ့ကို ဘုကြည့်ကြည့်သည်။

"ဘာ မအောင်သန်း သေပြီ ဟုတ်လား သမီး"





အံ့ဩစွာ မေးသော်လည်း ဝမ်းနည်းသံမပါဟု သူထင်၏။

"ဝမ်းမနည်းပါနဲ့ အဖေရယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ ပြီးတော့ သမီးတို့မောင်နှမတွေကိုလည်း အဖေ ဘယ်လိုအထောက်အပံ့မျိုးမှ လာမပေးပါနဲ့၊ သမီးတစ်ယောက်တည်း အငယ်တွေကို ကျွေးမွေးနိုင်ပါတယ်၊ အဖေ့ပိုက်ဆံတွေ အဖေ ပြန်ယူသွားပါ"

ပြောပြီး မမထားက သူ့လက်ကိုဆွဲကာ လှည့်ထွက်လာခဲ့ကြသည်။ အဖေ့လက်ထဲမှ ပိုက်ဆံထုပ် ပြုတ်ကျသံကို ကြား၏။

"သမီး"

မမထား၏မျက်ရည်တွေကို သူ မော့ကြည့်သည်။

"သား"

ခေါ်သံကိုကြားလျက် ကျောခိုင်းရသော ဝေဒနာကို သောကဟု မခံစားချင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

မမထားက ဆီးထုပ် ထုပ်သည်။ သူက အဖေ့တပည့် တစ်
ယောက်နှင့် ကားပြင်အလုပ်ကို ကူလုပ်သည်။ မမထားက ကျောင်း
မတက်တော့ဘဲ သူနှင့် အငယ်နှစ်ယောက်ကို ကျောင်းဆက်တက်
နိုင်းသည်။

ကျောင်းတက်ရင်း ကားပြင်သည့်အလုပ်ကို မကျွမ်းမကျင်
နှင့် လုပ်ကိုင်ခဲ့ရ၏။ သူ ဆယ်တန်းအောင်သောနှစ်က မမထားကို
အနားယူနိုင်းသည်။ စာပေးစာယူတက်ရင်း ကားလုပ်ငန်းကို ဦးစီး
လုပ်ကိုင်သည်။

ကျောင်းနေဖော် ယုယုခိုင်က သူ့ကို အမြဲတမ်း ဖေးမကူညီ
သည်။ ငယ်သံယောဇဉ် အခြေတည်လျက် ယုနှင့်သူ ချစ်သူတွေ
ဖြစ်ခဲ့ကြသည်။

ယုဘဝ၊ သူ့ဘဝနှင့် နှစ်ဘဝစလုံးသည် အတူညီကြဆုံး
မိသားစု၏ တာဝန်ကို ယုက မိန်းမပျိုလေးဖြစ်လျက် ကြမ်းတမ်းစွာ
ထမ်းဆောင်နေရရှာသည်။





ဆယ်တန်းအောင်သည့် နှစ်ကတည်းက ရုံးအလုပ်ကို ဝင်
လုပ်သည်။ စာပေးစာယူတက်ရင်း ဘွဲ့ယူခဲ့ကြသည်မှာ သူနှင့်တစ်နှစ်
တည်း။ တစ်ယောက်နှင့်တစ်ယောက် မိသားစုနှစ်စု၏ အခြေအနေကို
သိမြင်နေကြရသဖြင့် လက်ထပ်ဖို့အရေးကို ကိုယ်နှုတ်နှစ်ပါးစလုံးက
အမှုအရာနှင့်ပင် မဖော်ပြမိခဲ့ကြ။ နှစ်ယောက်ဘဝကို ထူထောင်လိုက်
နိုင်သည် နောက်ကျောမှ မိသားစုနှစ်စု၏ အားကိုးအားထားပြုမှုကို
သိမ်းလျှရလျက် တစ်ကိုယ်ကောင်းဆန်လွန်းသော ကိစ္စဟု လက်ရှိ
အဝတွင် နားလည်ထားကြရသည်။

"အိမ်က ဆယ်တန်းနှစ်ယောက် ကျိန်းသေအောင်ကြလိမ့်
မယ် ထင်တယ်" ...ဟု၊ ယု ပြောသည့်နေ့က သူ့ညီနှင့် သူ့ညီမတို့
ကြားထားသော အင်္ဂလိပ်အဘိဓာန်စာအုပ်အကြောင်းကို သတိရမိ
သည်။

ယု၏ လက်ရှိရာထူး၊ လစာ၊ သူ့လက်ရှိ စီးပွားရေးအခြေ
အနေတွေမှာ နဂိုကလောက် မဆိုးရွား။ တည်ငြိမ်ခါစ အခြေအနေ။
သို့သော် တာဝန်ဝတ္တရားတွေ မကင်းလွတ်သေးသဖြင့် နေမြဲအတိုင်း
သာ ရှိခဲ့ကြရသည်။

"မေမေက ပြောတယ်၊ မောင့်ကို"
"ဘာပြောတာလဲ"
"မောင်ကျော်နိုက နာမည်ကသာ လမ်းသရဲ



www.burmeseclassic.com

www.burmeseclassic.com



နာမည်။ လိမ္မာရေးခြားရှိတဲ့ နေရာ၊ ကြိုးစားတဲ့ နေရာမှာ နှစ်ယောက်မရှိဘူးလားတဲ့"

ယု စကားကြောင့် သူ ယဲ့ယဲ့ ပြုံးသည်။

"ဘဝက သင်ပေးလို့ လိမ္မာလိုက်ရတာပါ ယုရယ်"

"မောင်တို့အဖေနဲ့ တွေ့သေးလား"

မျက်စိထဲသို့ ဝင်နေသော ဖုန်မှုန့်ကို ပွတ်ထုတ်ရင်း ...

"တွေ့တယ်ဆိုပါတော့။ သွားတဲ့အခါ တွေ့တယ်။ မသွားတဲ့အခါ မတွေ့ဘူးလေ။ မမထားက အိမ်မှာလာနေဖို့ ခေါ်တယ်။ အဖေကိုယ်တိုင်က မိုက်မှားထားသူပီပီ မျက်နှာပူနေတယ် ထင်ပါရဲ့၊ သူ့အိမ်လေးမှာပဲ နေတယ်။ တစ်ယောက်တည်း"

အဖေ့နောက်အိမ်ထောင်က အဖေ့စည်းစိမ်တွေ မကြွင်းကျန်တော့သောအခါ မူလနေရာသို့ ပြန်သွားလေသည်။ အသက်ကြီးရင့်လာသည်နှင့်အမျှ ပြုမိသမျှ မိုက်မှားသည်ဟု မြင်လာသောအခါ သားသမီးတွေကို တောင်းပန်ရှာသည်။

နာကျင်ခဲ့ကြသော်လည်း မိဘ၏ ဝန်ချတောင်းပန်ခြင်းကို ကိုယ်တိုင်ခံယူသောအခါ ရင်နင့်ဝမ်းနည်းခဲ့ရသည်။ ခွင့်လွှတ်ပါကြောင်း ပြောချိန်တွင် မမထားက ရှိုက်ငင်မှာ ငိုကြွေး၏။ အဖလည်း မျက်ရည်ကျ၏။ အငယ်နှစ်ယောက်ကလည်း ထိုအတူပင် ဖြစ်သည်။ သူ့မျက်ဝန်းတွင်မူ အမေ့ကို မြင်ယောင်၏။



(၄)

"ဟုတ်ရဲ့လား ယုရယ်" ဟု မေးလိုက်သော စကားသံကုန်ရင် သွားမှန်းသိသည်။ ယုက ခေါင်းညိတ်ပြသဖြင့် ထပ်မမေးဖြစ်။

"မေမေက မောင့်ကို မျက်နှာပူတယ်။ ယုက တစ်ဆင့်အသိပေးနိုင်းတာတောင် သက်ပြင်းတချချ"

လေပူတွေကို မှုတ်ထုတ်မိသည်။

"ဒါဆို မောင်တို့ ဘယ်လိုလုပ်ကြမလဲ ယု"

ယုက အဝေးသို့ ငေးမောလျက် ...

"ယုလည်း မောင့်ကို မေးမလို့။ မေမေက ပြောသေးတယ်။ မောင်ကျော်နိုင်ကို လက်ထပ်ရင် သမီးတစ်ယောက်တည်းရဲ့ဘဝ လုံခြုံစိတ်ချရမယ်ဆိုတာ သိပါတယ်တဲ့။ အခု စေ့စပ်တဲ့လူက ယုတို့ တစ်မိသားစုလုံးအတွက် လုံခြုံမှုပေးနိုင်မှာမို့လို့တဲ့"

ယုဥ်လျက် ထိုင်နေကြရာမှ ချစ်သူလက်ကိုဆွဲပြီး တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးထွက်သွားချင်စိတ်ဖြစ်သည်။ နှောင်ကြိုးတွေကို ရုန်းဖယ်မရ။

"ယုကတော့ မောင့်ဆုံးဖြတ်ချက်နဲ့ အသက်ရှင်နေမှာပါ"

ရင်သို့ စူးနစ်စေသော စကား။

"လက်ထပ်ရက်ကို သတ်မှတ်ပြီးကြရောပေါ့နော်"

"မောင့်ဆုံးဖြတ်ချက်ကို ယုက လိုက်နာသလို ယုဆုံးဖြတ်ချက်ကို အားလုံးက မျှော်လင့်နေကြတုန်းပါ"

"မောင် ဘယ်လိုပြောရမလဲ ယုရယ်"

ရင်ခွင်ထဲသို့ ယုက နိုဝင်လျက် သူ့ကိုမော့ကြည့်သည်။ မျက်ဝန်းချင်းဆုံသောအခါ ဒြပ်မဲ့ ဝိုကြေးခြင်းတွေကို တွေ့၏။

အိမ်ရှေ့ဘက်မှ မော်တော်ကားဘော်ဒီကို ထုသံနှက်သံတွေ သံချေးချွတ်သံတွေ သဲ့သဲ့ကြားသည်။

မမထားက ပြုံးလျှက် ...

"ယုသဘော မပါဘူးမို့လား။ နိုးပြေးကြပေါ့။ ဘာခက်တာမှတ်လို့"

သူ သက်ပြင်းချသည်။





"နိုးပြေးကြ။ လက်ထပ်ကြတာ ဟုတ်ပါပြီ။ ယုကို ကျွန်တော် ယူလိုက်ရင် ယုမိသားစုကို ဘယ်သူ လုပ်ကျွေးမှာလဲ။ အနည်းအကျဉ်း ထောက်ပံ့ဖို့က လွဲပြီး ကျွန်တော် တာဝန်ယူနိုင်မှာမဟုတ်ဘူး မမထား။ ကျွန်တော့်မှာ အငယ်နှစ်ယောက်တာဝန် ရှိသေးတယ်။ ယုမှာလည်း အငယ်သုံးယောက် တာဝန်ကျန်သေးတယ်"

မမထား နှုတ်ဆွံ့သွားသည်မှန်း သိသည်။

ကျွန်တော်ခေါ်ရင်တော့ ယုက ကျိန်းသေလိုက်မှာပဲ။ ဒါပေမဲ့ ကျွန်တော် ဘယ်လိုလုပ် တစ်ကိုယ်ကောင်းဆန်ရက်ပါ့မလဲ။ ပြီးတော့ ကျွန်တော်ကိုယ်တိုင် မစွမ်းနိုင်တဲ့ကိစ္စကို ယုနဲ့ စေ့စပ်တဲ့လူက စွမ်းဆောင်နိုင်မယ်မို့လား။ ယု မိသားစုရဲ့ မျှော်လင့်အားထားမှုကို ကျွန်တော် မဖျက်ဆီးချင်ဘူး မမထား။ ယုကို ဆွဲထုတ်လိုက်တာနဲ့ တည်ငြိမ်စပြုနေတဲ့ မိသားစုနှစ်စုကို ဂယက်ထသွားမှာ အမှန်ပဲ"

"ဒါဆို မောင်လေးက"

"ကျွန်တော် ယုကို နားလည်အောင် ပြောရမှာပေါ့။ ယုက ကျွန်တော့်ကို ထွက်ပေါက်ပေးထားပေမယ့် ဒီထွက်ပေါက်ကို ကျွန်တော် အသုံးမပြုရက်ဘူး မမထား"

ရင်တွင်း နင့်သည်။ ပြောမိ တွေးမိသမျှ ကြေကွဲစရာဟု စား၏။

လက်ထပ်ခြင်းသည် လက်ဖဝါးနှစ်ခုတည်း၏ ယှဉ်တွဲမှု



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ကြောင်း နားလည်ခဲ့ရပေပြီ။

ယုလည်း နားလည်လိမ့်မည်ဟု ယုံကြည်သည်။



(၅)

ရွက်ကြွေတွေကို ဖုံးနှင်းသော်လည်း ဝန်းကျင်တွင် မြေနှစ်စုံ၏ နှင်းလျှောက်သံ ဆူညံလွန်းသည် ထင်၏။

အင်ပင်ကြီးတစ်ပင်၏အောက်တည့်တည့်တွင် နှစ်ယောက်အတူထိုင်သည်။ နွေလေပြည်အသွေ့၌ ကေသာဆံပင်တွေ သူ့ဘက်သို့ ရွေ့၏။ ချစ်သူ၏ ဘေးတိုက်မျက်နှာနှင့် ကေသာကို ယှဉ်လျက် အလှဘွဲ့တွေ ဖွဲ့ခဲ့ဖူးသည်။ လက်ရှိကာလ၌ ရင်တွင်၊ အလွမ်းဖွဲ့။

"လက်ထပ်ရက်ကို သတ်မှတ်ချင်ကြပြီတဲ့၊

ယု ဘာလုပ်ရမလဲ မောင်"

အသက်အောင့်ထားသူဟု ကိုယ့်ကိုယ်ကိုယ် သိသည်။ အသက်ရှူရ၊ ထုတ်ရသည်ကိုပင် ခေတ္တရပ်နားထားချင်၏။ အသိဉာဏ်၏ လုပ်ဆောင်ဆုံးဖြတ်ချက်မှန်သမျှ နှစ်ယောက်တည်း အကြောင်းကိုသာ ဦးတည်ထားချင်သည်။ ဆုံးဖြတ်ချက် မရေရာ


www.burmeseclassic.com

www.burmeseclassic.com



သေးဟု ကိုယ့်ကိုယ်ကိုယ် ထင်ချင်သော်လည်း ရလဒ်သည် ပြောင်းလဲခြင်းရှိတော့မည်ဟု မမျှော်မိတော့။

"ပြောလေ မောင်၊ ယု ဘာလုပ်ရမလဲ"

ငဲ့ကြည့်သော ချစ်သူမျက်နှာကို စေ့စေ့ကြည့်လျက် …

"မောင့်ကို ဆုံးဖြတ်ချက် ပေးနိုင်သူလို မမြင်ပါနဲ့လား ယုရယ်" …ဟု၊ သူပြောသည်။

ယုက …,

"မောင့်ဆုံးဖြတ်ချက်သာ ယုရဲ့ဘဝပါ" …ဟု၊ တုန်ယင်စွာ ပြော၏။

သက်ပြင်းချသံကို ချစ်သူ ကြားမှာစိုးသည်။

"မောင့်ဆုံးဖြတ်ချက် အမှားအမှန်ကို ယု ခွင့်လွှတ်နိုင်ပါ့မလားဟင်"

"ခွင့်လွှတ်ဖို့ တောင်းပန်ရမှာက ယုပါ မောင်ရယ်"

လွမ်းသင့် ရင်နင့်စေသော စကား။

စကားကို အသံအဖြစ် ကူးပြောင်းဖို့ လွန်စွာ အားထုတ်ရလေသည်။ စို့နင့်နေသော နှလုံးအသည်းကြောင့် ရင်တွင် တမြေ့မြေ့။

"ယု"

အလှမျက်နှာကို တ,သစွာ ကြည့်လျက် …,

"ယုအမေရဲ့ အစီအမံကို နာခံလိုက်ပါ ယုရယ်"

နေရာအနှံ့ရှိ ရွက်ခြောက်တွေအကြားတွင် စိမ်းဖန့်ဖန့်ရွက်





ကြွေတချို့ကို တွေ့သည်။ မျက်ဝန်းကို ပုတ်ခတ်နေသော ချစ်သူကို ကြည့်မြင်လျက် ရင်တွင်မအေးချမ်း။

"ယုရဲ့မိသားစုကိုငဲ့ပြီး ပြောလိုက်တဲ့စကား မှန်း ယု သိပါတယ် မောင်ရယ်"

ထွေးပွေ့ထားမိသော်လည်း သွေ့ခြောက်သောရင်တွင် မျက်ရည်တွေ စိမ့်ဝင်၏။ ချစ်သူမျက်ရည်သည် နွေတမျှ နွေမကာစွာ ပူလောင်လွန်းလှသည်။

ထွေးပွေ့ရင်းက ဖေးမ ယုဉ်တွဲလိုက်သည်။

"ပြန်ကြစို့" …ဟု၊ မပြောဘဲ ညီတူစွာ တွဲရပ်လိုက်မိကြ၏။

ဤသည်ကိုကြည့်လျက် နှစ်ကိုယ်သီတွေ ရင်တွင်ကိုယ်စီ ရှိကြောင်း မှန်းဆနိုင်လေသည်။

❦

ဖွဖွနင်းသော်လည်း ရွက်ခြောက်တွေ၏ ကျိုးကြေသံတွေကို ကြားရသည်။ နေပြောက်မကျသော ရွက်ကြွေတောထဲတွင် လျှောက်လှမ်းနေကြရသော်လည်း နေ့ပေါင်းများစွာမက ပူပြင်းသည်ဟု ခံစားကြရ၏။

ရွက်ကြွေတွေ၏ အဆုံးသို့ ရောက်သောအခါ …

"မောင် လိုက်ပို့ရမလား ယု"



www.burmeseclassic.com

www.burmeseclassic.com

လေးပင်စွာ ခေါင်းခါသည်။

"သူတစ်ပါးလက်ထဲကို ပေးအပ်ရမယ့် ခ
အစပဲ မောင်ရယ်။ ဘာဖြစ်လို့ လိုက်ပို့ရမှာလဲ"

"လိုက်ပို့သလို ဖြစ်ခဲ့ရပြီပဲ ယုရယ်"

ယုက ညင်သာစွာ ပြုံးသည်။ ကြေကွဲပြုံးဟု သိ၏။

"မောင်လိုက်ပို့တာမျိုး မဖြစ်စေချင်ဘူ
မောင်၊ ယုကို မောင် လမ်းညွှန်လိုက်တယ်လို့ ယူ
မယ်"

မျက်ရည်ပေါက်တွေ စီးကျသည်။ မဟန့်တားရက်။ ပထ
ဆုံး ကြုံတွေ့ဖူးသော ချစ်သူ၏ ငိုရှိုက်ခြင်းကို ရင်နင့်ရင်းဖြင့် အကြ
လွှဲရသည်။ ဝေဒနာကို ဖော်ထုတ်လျက် မျက်ရည်အဖြစ် အသွင်ပြော
ခြင်းဟု ယူဆသဖြင့် ...

"မငိုပါနဲ့ ယုရယ်" ...ဟု နှုတ်မဟမိ။ ကိုယ့်ကိုယ်ကိုယ
မျက်ဝန်းအား ပုတ် ခတ်နေရပေ၏။

"ယု သွားတော့မယ်" ...ဟု ပြောပြီး၊ လည်ပြန်ကြ
လျက် ...,

"မင်္ဂလာဆောင်ကို ဘယ်သူဖိတ်ဖိတ် မော
မလာရဘူးနော် မောင်"

သူ ခေါင်းညိတ်သည်။

သူ့ကို ယုက စိုက်ကြည့်သည်။ အကြည့်မျက်ဝန်းထဲတွ
သံယောဇဉ်တွေ၊ ချစ်ခြင်းတရားတွေ၊ မြတ်နိုးခြင်းတွေနှင့်အတူ ကြေ
ကွဲခြင်းတွေကို တွေ့သည်။





လေးပင်စွာ ခေါင်းလှည့်သည်။ ညင်သာစွာ ကျောခိုင်းသည်။
ယုစွာ ဖွဖွလှမ်းသည်။ တရွေ့ရွေ့ဝေးသွားသည်ဟု သိလျက် ခြေလှမ်း
တွေ တုံ့နေဆဲ ရှိ၏။

"မချစ်မနှစ်သက်သူနဲ့ အတူမနေပါနဲ့ ယုရယ်။ မောင့်ဘဝ
ထဲကို ရဲရဲဝင်ခဲ့စမ်းပါ။ မောင်ကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်ရ
ဘူး" ...ဟု၊ မပြောလိုက်မိသော ကိုယ့်ကိုယ့်ကိုယ် မှန်သည်၊ မှား
သည်ဟု မသတ်မှတ်ရသေး။

"ယောက်ျားဖြစ်ပြီး သတ္တိနည်းလှချည်လား မောင်" ...ဟု၊
မပြစ်မဖွဲ့လေသော ယုကို ရင်တွင်းမှ တောင်းပန်နေမိသည်။

နှလုံးသည်းခြေ၌ရှိသော စကားအမှန်တွေ ဆန္ဒအမှန်တွေ
ကို မျိုသိပ်လျက် လိုက်လျောညီထွေစွာ ပြောဆိုဖွင့်ဟရခြင်းအား
မှားဟု ဆိုရမလား။ နှစ်ယောက်တာအတွက် လက်ရှိအခြေအနေ
တွင် အသင့်လျော်ဆုံးသော ဆုံးဖြတ်ချက် ဖြစ်သဖြင့် မှသားဟု
ယူဆချင်ပေ။

ကြေကွဲစွာ ပြောမိသောစကားအရာ၌သာ မှသားမကင်း ရှိ
ရမည်။ ရင်၌တည်သော ချစ်ခြင်းတရားသည် မှသားကင်းမဲ့ကြောင်း
စ်ကိုယ်သိ သိ၏။

နွေဦးသံ ကြားသည်။ နွေသစ်ရွက်တွေ ကြွေသည်။ ရွက်
ကြွေအများစုမှာ ရွက်ခြောက်တွေ ဖြစ်သော်လည်း တချို့စိမ်းလန်းစ
တွင် ကြွေကြရ၏။

ရွက်ကြွေတွေကိုကြည့်လျက် ရင်နင့်စရာဟု သိမြင်ခံစားရ
သည်။ ယု ထွက်ခွာသွားသောအရပ်တွင် ယုကို မတွေ့ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာ၌ ပွပြင်းလွန်းသော နွေရင်ပြင်ကို တွေ့၏။ ရွံ
ကြေကွဲကျက်သံကို ရင်တွင်းမှ ကြားလိုက်ရလေသည်။

၁၉၉၁ – ဇူ
(သဇြေလေး ရွ



# နောက်ဆုံးစာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကျွန်တော် စာဖတ်ပျင်းသည်။

မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေလည်း မဖတ်ဖူးခဲ့၊ ဘာသာရေးဆိုင်ရာ စာအုပ်တွေကိုလည်း လုံးဝ မဖတ်ဖူးခဲ့ချေ၊ သိသင့် သိထိုက်သည့် အကြောင်းအရာကို စာဖတ်များသော သူငယ်ချင်းတွေကြောင့်သာ သိရလေသည်။

သတင်းစာ ဖတ်လျှင်လည်း နောက်ဆုံးစာမျက်နှာကိုသာ သတိတစ်မူ ဖတ်ခြင်းသာဖြစ်သည်။ ထိုနောက်ဆုံး စာမျက်နှာသည် ကျွန်တော်နှင့် တိုက်ရိုက်နီးပါးမျှ ပတ်သက်နေသည်ဟု ဆိုရပေမည်။

သတင်းစာတစ်စောင်၏ နောက်ဆုံးစာမျက်နှာတွင် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



၌ နာရေးကြော်ငြာ၊ အခြားတစ်ဖက်၌ အမွေပြတ်စွန့်လွှတ်ခြင်းတွေ၊ စာနယ်ဇင်းကြော်ငြာတွေ၊ ကုန်ပစ္စည်းကြော်ငြာတွေ၊ လက်ထပ်မင်္ဂလာ၊ စေ့စပ်ကြောင်းလမ်းခြင်းတွေ စသည်ဖြင့် ပါဝင်သည်ကို အသိပင်ဖြစ်သည်။

လက်ထပ်ပြီးစီးခြင်းတွေ၊ စေ့စပ်ကြောင်းလမ်းခြင်းတွေကိုသာ ကျွန်တော် ဂရုပြုဖတ်သည်။ ကျွန်တော်နှင့် ဝေးကွာသွားသော မိန်းကလေးတချို့၏ အမည်နာမတွေကို ရှာဖွေကြည့်ခြင်း သက်သက်သာဖြစ်၏။

နိုင်ဖင်နွယ်၏ လက်ထပ်ပြီးစီးခြင်း၊ လှလှထွန်း၏ လက်ထပ်ပြီးစီးခြင်း၊ နှင်းအေးငြိမ်း၏ စေ့စပ်ကြောင်းလမ်းခြင်း၊ မြင့်မြင့်ဦး၏ လက်ထပ်ပြီးစီးခြင်း ... တွေကို ဖတ်ခဲ့ပြီးပေပြီ။

ထိုသို့ ဖတ်ရခြင်းအတွက် ရင်တွင် မည်သို့မျှ မခံစားရ။ ပတ်သက်ဆက်နွယ်ဖူးသူ တစ်ဦးတစ်ယောက်၏ အမည်နာမကို မြင်တွေ့သည့်အခါတိုင်း အချစ်ဇာတ်လမ်းတစ်ပုဒ် တရားဝင် ဇာတ်သိမ်းသွားသည်ဟုသာ ကျွန်တော် သတ်မှတ်လေ့ရှိသည်။

ကျွန်တော် ...

ချစ်သူတွေ များစွာထားခဲ့ခြင်းကို ရင်ခုန်ပျော်မြူးသည်။



(၂)

"နီလာ လက်ထပ်သွားတဲ့သတင်း မနေ့က မင်းဖတ်ပြီးပြီမို့လား။ ကျော်မျိုးအောင်"

"အင်း"

"မင်းနဲ့ ပြတ်ပြီးတာမှ သုံးလကျော်ကျော်။ မင်းရဲ့ချစ်သူတွေထဲမှာ နီလာက အလှဆုံး။ မင်း ဘယ်လိုခံစားရသလဲ"

သန်းအောင်စံ၏ အမေးစကားကြောင့် ကျွန်တော် ပြုံးမိသည်။ ရင်တွင်တည်သော အပြုံး။

"ငါ ခံစားရတဲ့အတိုင်း ပြောပြပြီးရင် မင်းတို့ ငါ့ကို ဆဲမှာပဲ"

ဆောက်လက်စ စီးကရက်ပြာကို ခြွေလိုက်သည်။ ပြည်သော လေတွင် လွင့်သွားသော ပြာမှုန့်လေးတွေ လှ၏။

"မဆဲဘူးကွာ၊ ပြောမှာသာ ပြော" ... ဟု၊ သန်းအောင်စံ



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးသည်။ ရယ်ချင်စိတ်ကို ပြုံး၍ မျိုသိပ်ထားရ၏။

"မနေ့က မင်းနဲ့ငါ လမ်းလျှောက်ရင်းစားဖို့ ဘူးသီးကြော် ဝယ်တယ်မို့လား"

သန်းအောင်စံ ခေါင်းညိတ်သည်။

"အကြော်ဆိုင်က ဘူးသီးခံကြော်တွေကို စုတ်ပြဲနေတဲ့ စာရွက်နဲ့ ထုပ်ပေးလိုက်တယ်လေ။ ဘူးသီးကြော်တွေ စားလို့ ကုန်သွားတော့၊ အဲဒီစက္ကူစုတ်ကို လွှင့်ပစ်မယ်လုပ်ပြီးမှ ငါဖြန့်ကြည့်မိတယ်။

ဖြန့်ကြည့်လိုက်တော့ မိန်းကလေးပုံတစ်ပုံ။ နှာတံလေးရယ်၊ နှုတ်ခမ်းလေးရယ်၊ လည်တိုင်လေးရယ်ပဲ တွေ့တယ်။ မျက်လုံးတွေ၊ မျက်ခုံးတွေ မတွေ့ရဘူး။ စုတ်ပြဲနေပြီကိုး။ အဲဒီတော့ ငါက ...

အလှတရားကို တစ်ဝက်တစ်ပျက်ပဲ ခံစားလိုက်ရတယ်ကွာလို့ မင်းကို ပြောတယ်လေ။ အခုလည်း အဲဒီလိုပဲပေါ့"

သန်းအောင်စံက အသံတိတ် ဆဲလေသည်။ ကျွန်တော် တဟားဟား ရယ်၏။ ရင်ထဲက ကျွန်တော့်နှလုံးအသည်းသည်လည်း ရယ်မောနေလေသည်။



(၃)

မမမွန်ကို ကျွန်တော် အရမ်းချစ်သည်။

ရယ်စရာစကားဟု လွန်ခဲ့သော တစ်နှစ်ခန့်က သန်းအောင်စံ စွပ်စွဲခဲ့သည်။ ထိုကာလကို သာယာစွာ လွန်မြောက်ခဲ့၏။

ကျောင်းပြီးသည်နှင့် မမမွန်က လုပ်ငန်းခွင်ဝင်သည်။ ရန်ကုန်တစ်ဖက်ကမ်းရှိ သန်လျင် (...) စက်ရုံတွင် အမှုထမ်းသည်။ ကျွန်တော်က မိဘ၏လုပ်ငန်းကိုသာ ကူညီလုပ်ကိုင်နေဆဲ ရှိသည်။

မမမွန်နှင့် ချစ်ခဲ့ကြသည့် သံယောဇဉ်ကာလမှာ သုံးနှစ်နီးပါး ရှိလှပြီ။ မနက်စောစောတိုင်း မမမွန်ကို သီတာဆိပ်သို့ လိုက်ပို့သည်။ ရုံးဆင်း ညနေတိုင်း သီတာဆိပ်မှ ကျွန်တော် ကြိုစောင့်နေရမြဲ။

ဖေဖေဝယ်ပေးထားသော နောက်ဆုံးပေါ် ကားဖြူဖြူလေးထဲတွင် မမမွန်နှင့် ယှဉ်တွဲလျက် စီးဖူးချင်သည်။ သို့သော် မမမွန် မနှစ်မြို့။

ဘတ်စ်ကားနှင့်သာ ကြိုပို့ခွင့် ရ၏။



www.burmeseclassic.com

www.burmeseclassic.com

မမမွန်နှင့် ချစ်မိသည်နေမှစ၍ မမမွန်နောက်ကွယ်တွင် အမှန်တကယ် ချစ်သည့်အကြောင်း ကိုယ့်ကိုယ်ကိုယ် ကတိပြုမိသည်။ သတင်းစာ၏ နောက်ဆုံးစာမျက်နှာတွေကိုလည်း လှန်လှော၍ မကြည့်ဖြစ်တော့။

"အတိတ်ဟာ လက်ရှိကာလအတွက် အဆိပ်ဖြစ်မှာကို မမမွန် မလိုလားဘူး အမောင်။ ဘယ်သူတွေကို ဘယ်လောက်ပဲ ချစ်ခဲ့ ချစ်ခဲ့၊ လက်ရှိကာလနဲ့ နောင်တစ်ချိန်အထိ မမမွန်ဟာ အမောင်ရဲ့အချစ်ဆုံးလို့ ကိုယ့်ကိုယ်ကိုယ် ယူဆထားတယ်"

မွန်မြတ်လွန်းသော စကား။

ချိန်းဆိုရာသို့ နောက်ကျမှ ရောက်လာခြင်းအပြစ်၊ ကနဦးက ရည်းစားထားဖူးခဲ့သော အပြစ်တွေကို အခါတစ်ပါးတုန်းက ချစ်ခဲ့ဖူးသော ချစ်သူတွေများအပေါ် စွဲချက်တင် အမုန်းပွားခဲ့ဖူးသည်။ အပြစ်ရှာမတွေ့လျှင် တွေ့အောင်ရှာသည်။ နောက်ဆုံး ယောကျ်ားလေးမိတ်ဆွေနှင့် စကားစမြည်ပြောခြင်းပင်လျှင် အပြစ်။

မမမွန်အပေါ်တွင်မူ တအံ့မျှပင် အပြစ်ရှာ မကြည့်မိခဲ့။ အကယ်၍ ရှာမိခဲ့လျှင်လည်း တစုံတစ်၊ တစ်မကြာမျှ တွေ့ရှိလိမ့်မည် မဟုတ်။





ပြစ်မှိုးမဲ့မထင်။ ကျွန်တော် အချစ်ဆုံး မမမွန်။

ကိုယ့်ငါးချဉ် ကိုယ်မချဉ်နဲ့လေဟု မမမွန် ပြောသည်။

"တကယ်ပြောတာပါ မမမွန်။ မမမွန်က ညိုချော၊ တစိမ့်စိမ့်ကြည့်လေ ပိုပိုပြီး လှလေ"

နှုတ်ခမ်းပါးလေး အပေါ်တွင် တင်ရှိသာသာ ပြုံးပြီး ...

"အမောင်ရဲ့ မျက်စိထဲမှာ အမြဲတမ်း အဲဒီလို လှနေပါစေလို့၊ မမမွန် ဆုတောင်းပေးရဦးမှာပေါ့"

"ဆုတောင်းစရာ မလိုအောင် ပြီးပြည့်နေမှာပါ မမမွန်"

"ပြည့်သထက် ပြည့်တော့ ပိုကောင်းတာပေါ့ အမောင်ရယ်"

တွယ်တာလွန်းသည်ထက် သာလွန်အပ်စရာ စကား။

"မမမွန်"

"ပြောလေ ... အမောင်"

"ဘယ်တော့ လက်ထပ်မှာလဲဟင်"

"မိဘကို လုပ်မကျွေးရှင်တော့ဘူးလား"

"ဖေဖေတို့ မေမေတို့က လုပ်ကျွေးစရာ မလိုအောင် ပြည့်စုံပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြည့်စုံသည်ထက် ပြည့်စုံတော့ ပိုကောင်း... တာပေါ့"

"မမမွန်ကလည်း အမောင်က ... အလေ... တယ်လူ ပြောနေတဲ့ဥစ္စာ"

နှုတ်ခမ်းကို တမင်စူပြီး ပြောမိသည်ကို စကားအဆုံးကျ... ရွံ့ရှက်မိသည်။

"မမမွန်ကလည်း အလေးအနက် ပြော... တာပါ၊ အမောင်က တစ်ဦးတည်းသော၊ သာ... ယောကျ်ားလေး။

မိဘဆိုတာ ဘယ်လောက်ပဲ ပြည့်စုံပြည့်... သားသမီးက မေတ္တာစေတနာနဲ့ ပြုစုရင်၊ ပေးကမ်း... ရင် မယူရက်ကြပေမယ့် မြတ်မြတ်နိုးနိုးနဲ့ လိုချ... တတ်စမြဲပဲ။

အခုဆိုရင် အမောင်က မိဘအလုပ်အကိုင်က... ကူညီလုပ်ကိုင်ပေးလို့ မိဘက မုန့်ဖိုးပေးတဲ့အဆင်... ရှိသေးတယ်။ ဒီလိုပြောလို့ အမောင့်ကို မမမွန် နှိမ်... တယ်လို့ မထင်နဲ့နော်"

"မထင်ပါဘူး မမမွန်"

"အမောင်ကိုယ်တိုင် ဦးစီးလုပ်ကိုင်လို့ရတဲ့... လုပ်အားခနဲ့ မိဘကို အလုပ်အကျွေးပြုစေချင်တာ... မမရဲ့ဆန္ဒ။ မမမှာ မိဘကို လုပ်ကျွေးချင်လျက်... မိဘမရှိလို့ ဦးလေးနဲ့ ဒေါ်လေးဖြစ်သူကို မိဘကိုယ်...





စား လုပ်ကျွေးတယ်။ ပိုတဲ့ဝင်ငွေကိုတော့ အမောင်နဲ့ လက်ထပ်ဖို့အတွက်"

စကားမဆက်။

ခေါင်းငုံ့လျက် ပြုံးသည်။ ရှက်သွေးဝေ့သော အပြုံး။ အပြုံးမျက်နှာသည် ရှည်လျားနက်မှောင်သော ကေသာနောက်ခံနှင့် ရှုတိုင်းတင့်၏။

သန့်လျင်ဘက်မှ ကူးလာသော သီတာသင်္ဘောတစ်စင်းကို လှမ်းမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

"သန်းအောင်စံ၊ ငါ ရှင်းပြရင် မမမွန် လက်
ခွင့်လွှတ် နိုင်ကောင်းပါရဲ့ နော်"

"မမြသက်မွန်က သဝန်မကြောင်တတ်ရ
တောင် သဝန်တော့ တိုတတ်မှာပဲ၊ မိန်းသားလေ

မနေ့က စနေနေ့။ ဗိုလ်ချုပ်ဈေးတွင် မမမွန်နှင့် သူ့အဖေ
ဈေးဝယ်ထွက်သည်။ ကျွန်တော့်နံဘေးတွင် သီတာ့ကို တွေ့သော
ကြောင့် မမမွန်၏အဒေါ် မျက်နှာညိုသွားသည်။

"ဈေးလာဝယ်တာလား" ... ဟု၊ မမမွန်မေးသည်
လျော့ပါးသော အပြုံးမျက်နှာထား။

"သွားဦးမယ်" ... ဟု၊ မမမွန် နှုတ်ဆက်လေ၏။

"သူက ဘယ်သူလဲဟင်" ... ဟု၊ သီတာမေးသည်။

"အဲဒါ ကိုမျိုးရဲ့ ချစ်သူ မမမွန်ပေါ့" ... ဟု၊ ပြောမဝံ့
မေမေက ...,





"သီတာနဲ့ ဗိုလ်ချုပ်ဈေးကို အဖော်လိုက်သွား ပေးလိုက်
သား" ... ဟု၊ ပြောစဉ်က ခေါင်းညိတ်လိုက်လျှာမိသည်၊ အမှားဟု
လွန်သောအခါမှ သိ၏။

"မင်းနဲ့ မမြသက်မွန်နဲ့အကြောင်း မင်းအမေနဲ့
အဖေကို ဘာဖြစ်လို့ ဖွင့်မပြောထားတာလဲ"

"ပြောဖို့ ရှက်နေတာကတစ်ကြောင်း၊ ပြီး
တော့ ... မေမေက ငါနဲ့သီတာကို သဘောတူထား
တယ်လို့ ပြောထားပြီးတဲ့ နောက်ပိုင်းကျမှ မမမွန်
အကြောင်းကို ပြောရမှာ ပိုပြီး မဝံ့မရဲဖြစ်နေခဲ့တယ်"

သန်းအောင်စံ သက်ပြင်းချသည်။

"ခြံခုန်တတ်တဲ့နွား၊ ခြံခုန်တတ်စမြဲဆိုတဲ့
စကား၊ မင်း မမြသက်မွန်နဲ့ ချစ်ပြီးတဲ့နောက်ပိုင်းမှာ
ငါ မယုံခဲ့ဘူး ကျော်မျိုးအောင်"

"ငါ မခုန်ပါဘူး သန်းအောင်စံ"

"မပြေးသော် ကန်ရာရှိနေပြီပဲ"

ရင်မောရသည်။ မခံစားခဲ့ဖူးသော သောကတွေ ခန္ဓာကိုယ်
အတွင်းသို့ မည်သည့်တံခါးပေါက်မှ ဝင်ရောက်လာသည်မသိ။

"ကိုမျိုးက ချစ်သူတွေအများကြီး ထားခဲ့ဖူး
တယ်ဆို၊ ကိုမျိုးမေမေက ပြောတယ်၊ ဘယ်လောက်
ပဲ များခဲ့ များခဲ့၊ သီတာက ခွင့်လွှတ်တတ်ပါတယ်"

မမမွန်ကို သတိရသည်။

"ကိုမျိုးက အရာရာမှာ ပြည့်စုံတော့ ဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

လည်နေမှာပေါ့လေ။ ဘယ်လောက်ပဲ ပိုင်းနေပါစေ၊ ကိုမျိုးရဲ့ အနီးကပ်ဆုံးသူက သီတာပဲနော် ကိုမျိုး။ သီတာနဲ့ လက်ထပ်ပြီးရင် ပွဲရုံလုပ်ငန်းတွေကို ကိုမျိုးပဲ ဦးစီးလုပ်ကိုင်ရမှာတဲ့။ ကိုမျိုး ဖေဖေက ပြောတယ်''

မမမွန် နားလည်အောင် မည်သို့ရှင်းပြရမည်မသိ။ နှလုံးခုန်သံနှင့်အမျှ မမမွန်ကို တမ်းတနေမိသည်။

''ကိုမျိုး . . . ၊ ကိုမျိုး''

''ဟင်''

''သီတာ စကားပြောနေတာတောင် ပြန်မပြောဘူး။ ဘာတွေတွေးနေလဲ။ ဘယ်သူ့အကြောင်းတွေ တွေးနေလဲဟင်''

သက်ပြင်းမောကို အပြင်သို့မရောက်အောင် ချုပ်ထိန်းရသည့်ဆင်းရဲခြင်းက ခံရခက်လှ၏။

''တောင်းပန်မလို့လား၊ ဖြေရှင်းမလို့လား အမောင်။ မမမွန် အပြစ်မယူတတ်ပါဘူး။ သဝန်တိုချင်ပေမယ့် သဝန်တိုတယ်လို့ အထင်မခံချင်ဘူးလေ''

''မမမွန်ရယ်''





အပြစ်မပေးသောကြောင့်၊ အပြစ်ရှိသူ၏နေရာတွင် နေရန်ကျခဲ့သည်။

''အမောင့်ကို မမမွန် ဘယ်လောက်ချစ်တယ်ဆိုတာ အမောင် သိမှာပါ။ ယိုးစွတ်တဲ့ စကားတွေ အမောင့်ကို မမမွန် ဘယ်တော့မှ မပြောပါဘူး။ အမောင့်ကို နားအလည်ဆုံးက မမမွန်ပါ။

အမောင့်ရဲ့ဒိုင်ယာရီထဲမှာ မမမွန်ရေးပေးခဲ့တဲ့ ဘက် (ဆဲ) တာရဲ့ အဆိုအမိန့်တစ်ခုကို အမောင်မှတ်မိသေးတယ်မို့လား''

''မှတ်မိပါတယ် မမမွန်''

''အဲဒီအဆိုအမိန့်လေးထဲမှာ မမမွန်ရဲ့ အချစ်တွေရှိတယ် အမောင်။ အဲဒီအဆိုအမိန့် တစ်ခုတည်းနဲ့ မမမွန်ရဲ့ မေတ္တာထုထည် ပြည့်စုံပေါ်လွင်ပြီလို့ မမမွန် ယူဆတယ်''

မမမွန် တည်ငြိမ်အေးဆေးစွာ ပြောသည်။ ကျွန်တော့်ရင်တွင် မတည်ငြိမ်။ မမမွန်ကို ကျွန်တော် အရမ်းသိပ်ချစ်၏။


www.burmeseclassic.com

www.burmeseclassic.com

(၇)

"သားရယ် လွန်ပြီးသားစကား ပေးထာ

သား ကတိကို ဘာနဲ့ ချေဖျက်လို့ရမှာလဲ။ သာ

လည်း ချစ်သူတွေ ထားခဲ့ဖူးသားပဲ။ သူတို့ကို မ

မေ့နိုင်ခဲ့သလို၊ မြသက်မွန်ဆိုတဲ့ ကလေးမကိုလည်

သား မုန်းမေ့နိုင်မှာပါ။ မိဘစကားကို နားထော

လိုက်နာတတ်တဲ့ သားအဖြစ် မေမေတို့ ဂုဏ်ယူ

တယ် သားရယ်"

ကြေကွဲရင်နင့်စရာသည် အဆုံးစွန်သို့ တိုင်ခဲ့၏။ ပြတ်သာ

ရမည့်အခြေအနေကို မနေ့ကပြုလုပ်သော စေ့စပ်ကြောင်းလမ်းခြင်း

ပြင်းထန်စွာ ဟန့်တားခဲ့သည်။ စေ့စပ်ပွဲသို့ရောက်လာသော သ

အောင်စံ၏အကြည့်ကို ကျွန်တော် ရင်မဆိုင်ဝံ့ခဲ့။

တစ်ဖက်ခြံကို တစ်ဝက်တိတိ ခန်ကျော်ပြီးပြီပဲဟု သ

အောင်စံ ပြောသည်။ ဖြေရှင်းမည့်စကားတွေ ထိရောက်လိမ့်မည်





မယူဆသဖြင့် နှုတ်ပိတ် ရေငုံနေခဲ့ရ၏။

မမမွန်ကို ကျွန်တော် ချစ်သည်။

"မလိုက်နိုင်ဘူး အမောင်၊ ဘယ်နည်းနဲ့မှ မင်းနောက်ကို မမမွန် မလိုက်နိုင်ဘူး။

မိဘစကားကို နားထောင်လိုက်တဲ့ သားလိမ္မာတစ်ယောက်အဖြစ် အမောင့်ကို မမမွန် ဂုဏ်ယူတယ်။ ဒီစကားက မမမွန် ရင်ထဲက အမှန်တကယ် ရှင်းရှင်းသန့်သန့် ပြောတဲ့စကားပဲ။ မိဘ၊ အသိုင်းအဝိုင်းတစ်ခုလုံး အရှက်ရမယ့် အလုပ်ကို မလုပ်ချင်စမ်းပါနဲ့ အမောင်ရယ်"

ဝေ့လာသော မမမွန်၏မျက်ရည်ကို ပထမဆုံးအကြိမ်အဖြစ် ကျွန်တော် မြင်တွေ့ဖူးလိုက်သည်။

"ကျွန်တော် မမမွန်ကိုပဲ ချစ်တယ်။ မမမွန်ကိုပဲ ခိုးပြေးမယ်၊ ဖြစ်ချင်ရာ ဖြစ်ပေ့စေ"

"အမောင်၊ အဓိပ္ပာယ်မဲ့တဲ့စကားတွေ မပြောနဲ့တော့။ မင်းကို မမမွန် မုန်းမိလိမ့်မယ်။ ဒီနေ့ကစပြီး မမမွန်ဆီကို မင်းမလာနဲ့တော့။ လာရင်လည်း တွေ့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"စေ့စပ်ခြင်းကို ဖျက်သိမ်းလိုက်တယ်ဆိုတာ ယောကျ်ားလေးတစ်ယောက်အနေနဲ့ မဖြစ်စလောက် ပေမယ့် မိန်းကလေးတစ်ယောက်အတွက် တစ်ဘဝ လုံးကို ထိခိုက်တယ်ဆိုတာ အမောင် အသိ။ မသိချင် ယောင်ဆောင်ပြီး မဗိုက်ချင်စမ်းပါနဲ့ကွယ်၊ အမောင် သီတာ့ကိုပဲ လက်ထပ်ရမယ်"

"မမွန်"

"ဘာမှမပြောနဲ့တော့ အမောင်၊ မမွန် ပြော တာကို ဆက်ပြီးနားထောင်ဦး။ မမွန်ကို အမောင် သိပ်ချစ်လျက်နဲ့ လက်ထပ်ခွင့်မရဘူးလို့ပဲ မမ နား လည်ထားမယ်၊ တစ်ခုတော့ မှာထားချင်တယ် အမောင်။

မင်းနဲ့မမနဲ့ ရင်းနှီးခင်မင်ခါစက ...

"ကျွန်တော့်ရည်းစားဟောင်းတွေရဲ့ စေ့စပ် လက်ထပ်တဲ့သတင်းတွေကို သတင်းစာရဲ့ နောက် ဆုံးစာမျက်နှာမှာ ကျွန်တော် အမြဲတမ်း ရှာဖတ်တယ် လို့ ... မင်းပြောဖူးတယ်။

အမောင်ရယ်။ မမွန်ရဲ့ စေ့စပ်လက်ထပ်တဲ့ သတင်းကိုတော့ ဘယ်စာမျက်နှာမှာမှ မရှာပါနဲ့လို့ မမွန် ပြောပါရစေ။ ဘယ်တော့မှ တွေ့မှာလည်း မဟုတ်ဘူး။ ကြားမှာလည်း မဟုတ်ဘူး။ မမွန်





ဘဝမှာ ..."

အဆုံးမသတ်သည့်စကားကို မျက်ရည်ဖြင့် အဆုံးသတ် သည်။ နုနယ်သော လက်ချောင်းသွယ်သွယ်တွေကို ကိုင်ဆုပ်ထားမိ ၏။ ဖြေလျော့ရမည့် အင်အားတွေ နည်းလွန်းနေပြီဟု ကိုယ့်ကိုယ်ကိုယ် သိသည်။

အံတင်းတင်းကြိတ်ထားမိသည်။

မမွန်၏ မျက်ရည်နွေးတွေ ကျွန်တော့်ဘယ်ဘက်လက်ခုံ ပေါ်သို့ နစ်ဝင်စီးခို၏။

ဆို့နစ်နေသည်မှတစ်ပါး မည်သည့်စကားမျှ ကျွန်တော် ပြောမထွက်တော့။

ကျွန်တော်နှင့် ဝေးကွာရာ (အမည်မသိ) အရပ်ဒေသသို့ မမွန် ထွက်ခွာသွားပြီဖြစ်ကြောင်း ကျွန်တော်သိသည်။

ကျွန်တော်နှင့်သီတာတို့၏ လက်ထပ်သတင်းကို မမွန် တွေ့ မြင်ကြားသိလိမ့်မည် ထင်သည်။ စာနာစိတ်ကြောင့် ခံစားရ၏။

တားခဲ့သည့်ကြားက သတင်းစာတွေ၏ နောက်ဆုံး စာမျက် နှာတွင် မမွန်၏ အမည်နာမ,ကို ရှာဖွေနေမိခဲ့၏။ နေ့စဉ်နှင့်အမျှ။ နာမည်တူကိုပင် မတွေ့ရချေ။

ခံစားရသမျှ ဝေဒနာအသချေ့ကို ဖွင့်အံဖောက်ထုတ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြဉ်းပေးမည့် အခြေအနေကို မည်သည့်ရပ်ဝန်းတွင်မှ ရှာဖွေ မတွေ့။



(၆)

သီတာနှင့်ကျွန်တော် အကြင်လင်မယားဖြစ်ခဲ့ကြသည်။ ဆယ်စုနှစ်တစ်စုသို့ လွန်မြောက်ခဲ့ပြီ ဖြစ်၏။

ကာလရွေ့လျားလာပြီ ဖြစ်သဖြင့် သတင်းစာကို နေရာမလပ် ဖတ်တတ်လာသည်။ ကမ္ဘာ့အရေး၊ နိုင်ငံ့အရေး၊ သာရေး၊ နာရေး။

လွန်ခဲ့သော တစ်ပတ်ခန့်က လူပျိုကြီး သန်းအောင်စံနှင့် တင်တင်မူတို့၏ လက်ထပ်သတင်းကို တွေ့ရသည်။ ကျွန်တော် ခရီးလွန်နေသဖြင့် ထိုမင်္ဂလာအခမ်းအနားသို့ ကျွန်တော်၏ဇနီး သီတာ တစ်ဦးတည်း သွားခဲ့၏။

မမမွန်ကို သတိရမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်ကျော်က ဒိုင်ယာရီစာအုပ်ကို ပြန်လှန်၍ ကြည့်၏။

ယောက်ျားသည် နည်းနည်းချစ်၏။ မကြာခဏ ချစ်၏။
မိန်းမများမှာမူ များများချစ်၏။ ချစ်သဲလှ၏။

(ဘက် (ဆဲ) တာ)

အမှတ်တရ

မမွှန်

မမွှန်၏ လက်ရေးအပိုင်းလေးကို တွေ့၏။

"အဲဒီ အဆိုအမိန့်လေးထဲမှာ မမွှန်ရဲ့ အချစ်တွေရှိတယ် မောင်၊ အဲဒီအဆိုအမိန့် တစ်ခုတည်းနဲ့ မမွှန်ရဲ့ မေတ္တာထုထည် ပြည့်စုံပေါ်လွင်ပြီလို့ မမွှန် ယူဆတယ်"

မမွှန်၏ စကားသံကို ကြားယောင်သည်။

ဝါကျင့်ကျင့် ဒိုင်ယာရီ မျက်နှာပြင်ပေါ်သို့ မျက်ရည်တစ်စက် စီးကျသည်။

"ဖေဖေ ဘာဖြစ်လို့ ငိုနေတာလဲ"

ခုနစ်နှစ်အရွယ် သမီးငယ် သီတာမွှန်၏ အမေးစကားကြောင့် မျက်ဝန်းကို ပုတ်ခတ်လိုက်ရသည်။

"မငိုပါဘူး သမီးရယ်၊ စာအုပ်အဟောင်းတွေ ကြားထဲက အမှုန်လေးတစ်မှုန် မျက်စိထဲကို ဝင်လာလို့ပါ"





ထိုစဉ် အိမ်ရှေ့ခန်းမှ သားငယ် မျိုးဇော်သက်၏ ငိုသံ။ နှီးသည် သီတာ၏ ချော့သံတွေကို ကြားသည်။

ကျွန်တော့်နောက်ဆုံး ဒိုင်ယာရီစာအုပ်အဟောင်းလေးအား စားပွဲခုံ၏ အံဆွဲထဲသို့ ညင်သာစွာ ထည့်လိုက်သည်။ သမီးငယ်က ပြုံးလျက် ကြည့်သည်။

ညင်းသဲ့သော သားချော့တေးသံ တစ်ခုက အခန်းတွင်းသို့ စီးမျောလာ၏။ ။

၁၉၉၂ – ဧဖော်ဝါရီလ
(သရဖြူအေး မဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com

# နှင်းမရှိတဲ့ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မမကို စတင်တွေ့မြင်သည့်နေ့က နှင်းများ ဝေနေသည်။

အလုံ ဘုရားရှိခိုးကျောင်းဝင်းတော်နံ့ဘေးတွင် ဘောလုံးကွင်း ရှိသည်။ ထိုဘောလုံးကွင်းတွင် မနက်တိုင်း ကျွန်တော် ဘောလုံး ကစားသည်။ ကျွန်တော်က အပျော်တမ်း ဘောလုံး (ဂိုး) သမား။

ထိုဘောလုံးကွင်းတွင် နိုင်ငံ့လက်ရွေးစင် ဘောလုံးသမား တချို့၊ ပထမတန်း၊ ဒုတိယတန်းမှ ဘောလုံးသမားတချို့ လာရောက် လေ့ကျင့် ကစားလေ့ရှိ၏။ ထိုသမ္မာရင့် ဘောလုံးပညာရှင်များအကြား တွင် ကျွန်တော် အပျော်တမ်း ဂိုးဖမ်းသမား။

အပျော်တမ်းဘောလုံးသမားဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ် ထားရခြင်းမှာ အကြောင်းပြချက်တစ်ခု ရှိပါသည်။

ကျွန်တော့်ဖေဖေက ဌာနဆိုင်ရာတစ်ခုမှ ဘောလုံးသမား ဟောင်းတစ်ဦး ဖြစ်၏။ ဘောလုံးကစားရင်း ဖေဖေ့ခြေခုံရိုး ကျိုးခဲ့ရ ရာသည်။ ထို့ကြောင့် ဘောလုံးကစားခြင်းကို ဖေဖေ ရပ်တန့်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကစားခြင်းကို ကိုယ်တိုင် ရပ်တန့်ခဲ့သော်လည်း ဖေဖေ
နီးစပ်ရာ ဘောလုံးသမားတချို့ကို သင်ပြပေးလေ့ရှိခဲ့သည်။

ဖေဖေ့၏သွေး ကျွန်တော့်တွင် ကိန်းအောင်းခဲ့သည် ထင်

ဘောလုံးကို ကျွန်တော်ချစ်တတ်ခဲ့သည်။ ဖေဖေနှင့်အတူ ဘောလုံးပွဲပေါင်းများစွာ ကျွန်တော်ကြည့်ဖြစ်ခဲ့သည်။ ဘောလုံးပွဲ ကြည့်စဉ်ပေါ်၌ ဖေဖေသည် ကျွန်တော့်၏ နည်းပြ။

"ဟာကွာ။ ဂိုးရမယ့်အလုံး မဂိုးဘူး"

"အဲဒါ ... ဘာကြောင့်လဲ။ သား ... သတိ ပြုမိလား"

"လူ မပေးလို့လား ဖေဖေ"

"လူပေးစရာ မလိုတော့ဘူးလေ။ သူကိုယ် တိုင် သွင်းရတော့မှာပဲ ...။ ဂိုးတိုင်တည့်တည့်က ကန်ရတဲ့အလုံး။ ဂိုးပေါက်ဘက်ကို ခါးမန္တဲ့ဘဲ တော့ တောင့်ကြီးကန်လိုက်တော့ ဂိုးတိုင်အပြင်ဘက်ကို လျှံထွက်သွားတာပေါ့။

ဘောလုံးသမားကောင်းဆိုတာ တောင့်တော့ တင်းတင်း ကစားနိုင်ဖို့လိုသလို နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း ကစားတတ်ဖို့လည်း လို တယ်"

ဖေဖေက ရှေ့တန်းကစားသမားတစ်ဦး ဖြစ်သည်။ ဒါပေမဲ့ ... ကျွန်တော်ကတော့ ဖေဖေ့လို ဂိုးသွင်းတာကို ဝါသနာမထုံခဲ့ သူတစ်ပါးခြေထောက်နဲ့ အားကုန်ကန်ထည့်လိုက်သည့် ဘောလုံးကို





က်နှစ်ဘက်ဖြင့် မိုက်မိုက်ကန်းကန်း ဖမ်းဆီးဟန့်တားရသည့် သမားအလုပ်ကို ပို၍ဝါသနာထုံခဲ့သည်။ လိုက်လိုက်လဲလဲ စိတ်ဝင်စား ခဲ့သည်။

"ရှေ့တန်းဖြစ်ဖြစ်။ အလယ်တန်းဖြစ်ဖြစ် ကစားပါကွာ။ ဂိုးဖမ်းတာ အရသာမရှိပါဘူး" ဟု ဖေဖေ မဟန့်တားခဲ့။ သူ့ကဲ့သို့ ဘောလုံးကိုချစ်သော သားဖြစ်သူ (ကျွန်တော့်) ကိုကြည့်ပြီး ဖေဖေ ကြည်နူးနေမှာ သေချာပါသည်။

"ဂိုးသမားဆိုတာ Jump ကောင်းရမယ်။ Angle ပိတ်တတ်ရမယ်။ မျက်စိရော။ လူရော လျင်မြန်ဖျတ်လတ်ရမယ်။ ဆုံးဖြတ်ချက် ခိုင်မာရမယ်။ စိတ်တည်ငြိမ်ရမယ်။

ရှေ့တက်ဖို့ ဆုံးဖြတ်ပြီးရင် ရှေ့ကိုသာဆက် တက်။ တက်ရမလိုလို။ ဆင်းရမလိုလို ဖြစ်နေမိလို့ ကတော့ အဲဒီစက္ကန့်ပိုင်းအတွင်းမှာပဲ ဂိုးသွင်းခံလိုက် ရလိမ့်မယ်"

စသဖြင့်သော ဖေဖေ့သွန်သင်ချက်များကို ကျွန်တော် အမလေးထား လိုက်နာခဲ့သည်။

နှစ်ဆယ့်လေးပေကျယ်သော ဂိုးပေါက်ကို ဂိုးသွင်းမည့်သူ၏ အမြင်၌ ကျဉ်းမြောင်းသွားစေသည့် Angle ပိတ်ခြင်း အတတ်ပညာကို တရွက်ပေါ်တွင် မျဉ်းကြောင်းများတား၍ ဖေဖေ သင်ပြဖူးသည်။

ဘောလုံးကွင်းရှိ ဂိုးတိုင်ရှေ့တွင် တုတ်ချောင်းတစ်ချောင်းဖြင့် ည်းတားပြီး ကျွန်တော့်ကို အတက်အဆင်းလုပ်ခိုင်းသည်။ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် တက်ပြ၊ ဆုတ်ပြသည်။

ဘောလုံး ဘယ်နေရာကိုရောက်လာလျှင် ဘယ်နေရာမှ နေရာယူ။ ဘယ်နေရာကို ပေးနိုင်သလဲ ကြိုတင်ကြည့်ထား။ ဘယ်သ ကို ဘယ်လိုကပ်ထားဖို့ မိမိအသင်းနောက်ခံလူကို ဘယ်လိုညွှန်ကြား ... စသည်ဖြင့် ကျောင်းပညာသင်ကြားသကဲ့သို့ ဖေဖေ သင်ကြာ ပေးဖူး၏။ အလယ်တန်းကျောင်းသားဘဝတွင် ဘောလုံးကွင်းအတွင် ရှိ ရွယ်တူကစားဖော်များအကြား၌ နည်းစနစ်မှန်ကန်ကျွမ်းကျင်စွာ ဂိုးဖမ်းတတ်သူတစ်ဦးအဖြစ် ကျွန်တော့်ကို လူသိများခဲ့သည်။

ထိုအရွယ်၌ပင် ဖေဖေ့သူငယ်ချင်းများ Training ဆင်းသော ဘောလုံးကွင်းတစ်ခုမှာ ကျွန်တော် ဝင်ကစားသည်။ ဖေဖေ့သူ ငယ်ချင်း ဘောလုံးသမားတစ်ယောက် ပြင်းထန်စွာ ကန်လိုက်သော ဘောလုံးကို ကျွန်တော် လက်အနေအထား မှားယွင်းစွာ ဖမ်းယူ လိုက်မိသဖြင့် ကျွန်တော့်လက်ဝဲဘက် လက်ညှိုးတစ်ချောင်း အဆစ် လွဲခဲ့ပြီး လက်ကောက်ဝတ်တစ်ခုလုံး ရောင်ကိုင်းခဲ့ရသည်။

ထိုအဖြစ်အပျက်ကြောင့် ကျွန်တော်ချစ်သော ဘောလုံးကစား ခြင်း (ကျွန်တော် ရည်မှန်းထားသော ဘောလုံးပြိုင်ပွဲများ) နှင့် နီးလျက် နှင့် ဝေးခဲ့ရသည်။

ကျွန်တော့်လက်ညှိုးနှင့် လက်ကောက်ဝတ်ကို တစ်လကျော် လောက်အထိ ဆေးကုသခဲ့ရသည်။

"ဖအေက ခြေထောက် ကျိုးပြီးပြီ။ သားက လက်နှစ်ဖက် ကျိုးရမယ့်အဖြစ်ဆိုးမျိုးနဲ့ မကြုံပါရစေနဲ့တော့။ ဘောလုံးကန်တယ် ဆိုတာ လူမိုက်တွေရဲ့ အလုပ်" ...ဟု ပြောပြီး မေမေက ကျွန်တော်





ကို ဘောလုံးမကစားဖို့ ပြင်းထန်စွာ ဟန့်တားခဲ့သည်။ ဖေဖေနှင့်မေမေ ကားများခဲ့ကြရသည်။ ကျွန်တော် လပေါင်းများစွာ ဘောလုံးနှင့် ဝေးကွာခဲ့ရသေး၏။

အထက်တန်းကျောင်းသားဘဝတွင် ဘောလုံးကွင်းအတွင်း သို့ မေမေ မသိအောင် ကျွန်တော် ခိုးကြောင်ခိုးဝှက်သွားခဲ့သည်။ က်ပိုင်းမျှသာ ကြာ၏။ မေမေ သိသွားသည်။ ကျွန်တော့်ကို ဝါးခြမ်း ပြားဖြင့် ရိုက်ပြီး မေမေ ငိုသည်။

"ဒီတစ်သက် ဘောလုံးသမား မလုပ်တော့ဘူး" ...ဟု ထိုနေ့က ကျွန်တော် မေမေ့ကို ကတိပေးခဲ့၏။ ထိုနေ့က ကျွန်တော် မျက်ရည်ကျသည်။

သည့်နောက်မှာတော့ ...

ကျန်းမာရေးအတွက် အပျော်သက်သက်သာ ကစားခွင့်ပြု ရန် မေမေ့ထံတွင် ကျွန်တော် တောင်းဆိုခဲ့သည်။ နားပူနားဆာ လုပ်ခဲ့သည်။

"ဘယ်ပြိုင်ပွဲမှ မဝင်ဘူး။ ဘယ်လူရွေးပွဲမှ ဝင်မရွေးဘူး။ မေမေ စိတ်မချရင် ဘောလုံးကွင်းဘေးမှာ လာထိုင်စောင့်ပေး" ...ဟု ကျွန်တော် ပြောသည်။ ထိုအခါ မေမေက ...,

"မထိမိ မခိုက်မိစေနဲ့။ တစ်နေ့ကို တစ်နာရီပဲ ကစားရမယ်" ...ဟူသော သတ်မှတ်ချက်ဖြင့် စိတ်မပါစွာ ခွင့်ပြုခဲ့သည်။ ထိုနေ့က ကျွန်တော် မျက်ရည်ဝဲသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘောကန့်ဖိနပ်ပေါင်းများစွာ၏ ဖိနပ်များအကြားမှ ဘော...
ကို ကျွမ်းထိုးပြီး ဖမ်းရသည့်အခါ လက်လှမ်းမမီတော့သော ဘော...
ကို ဒိုက် (ဗ) ထိုး၍ ဖမ်းသည့်အခါ တစ်ဖက်အသင်း၏ တိုက်စစ်မှူး...
နှင့် တစ်ယောက်ချင်းတွေ့လျှင် ထိုသူ၏ ခြေနှစ်ဖက်အတွင်းသို့ တ...
ကိုယ်လုံး (အားကုန်) ခြေစုံပစ်ဝင်လိုက်သည့်အခါများတွင် ကျွန်တေ...
လက်၊ ကျွန်တော့်ခြေ၊ ကျွန်တော့်ခန္ဓာကိုယ်တို့တွင် ထိခိုက်ဒဏ်ရာမျ...
ရရှိခဲ့လေ၏။

ထိုသို့ ပွန်းပဲ့ထိခိုက်မိခဲ့လျှင် မေမေ မသိအောင် ကျွန်တေ...
နေရသည်။ ပေမေ့ကို ကီးတိုးအသိပေးပြီး တိတ်တိတ်လေး ဆေးလိမ်း...
ခဲ့ရ၏။

ဘောလုံးကွင်းအတွင်းသို့ များသောအားဖြင့် မနက်ပိုင်းတွ...
ကျွန်တော် သွားရောက်ကစားသည်။ မနက်ပိုင်း မကစားဖြစ်သေ...
နေ့မှာ ညနေပိုင်းတွင် ကျွန်တော် ကစားသည်။

"ဂိုးသမား သိပ်ကောင်းတယ်ကွာ။ ဘယ်ကျ...
မှာ ကစားသလဲ"

ထိုကဲ့သို့ တစ်စုံတစ်ယောက်က မေးမြန်းလာသောအ...
မျိုးတွင် ကျွန်တော် ... လွန်စွာဝမ်းနည်းမိခဲ့ရသည်။

"ကျွန်တော်က အပျော်လာကစားတာ...





ကျန်းမာရေးအတွက်ပေါ့"

"ဟား ... အပျော်မကစားပါနဲ့။ သေသေ
ချာချာ ကစားပါ။ ဂိုးသမားကောင်းတစ်ယောက် ဖြစ်
လာနိုင်တယ်နော်။ '...'အသင်းမှာ ကစားမလား။
ကိုယ်ပြောပေးမယ်"

ဘောလုံးကွင်းနံဘေးမှ လာရောက်ကြည့်ရှုလေ့ရှိကြသူများ
ထဲမှ ဝါသနာကြီးသူတစ်ဦးက ထိုသို့ အားပေးဖူးသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ဘော
လုံးသမားလုပ်ဖို့ ရည်ရွယ်ချက် မရှိလို့ပါ"

ထိုအကြောင်းကို ဖေဖေ့ကိုသာ ပြောပြမိခဲ့လျှင် ဖေဖေ
နှင့်မေမေ စကားများကြပေလိမ့်မည်။ ဖေဖေ့ကို ကျွန်တော် ပြောမပြ
ဖြစ်ခဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com

(၂)

'မမြမြနှင်း' ဟုခေါ်သော ...
မမကို စတင်တွေ့မြင်သည့်မနက်က
ဘောလုံးကွင်းပြင်၌လည်းကောင်း ...၊
ကျွန်တော်ရပ်နေရာ ဂိုးတိုင်၏အနောက်ဘက်ရှိ လှူသွားလမ်း
ကလေးပေါ်၌ လည်းကောင်း ...၊
နှင်းတွေ ဝေနေသည်။

ဘောလုံးကွင်း၏ တစ်ဖက်တစ်ချက်၌ အရှေ့ဘက်တွင် ရထားလမ်း။ ရထားလမ်းအကျော်တွင် ရပ်ကွက်တစ်ခု။

အနောက်ဘက် (ဘောလုံးကွင်းနှင့်အပြိုင်) တွင် ဘုရားရှိခိုးကျောင်း။ မြောက်ဘက်တွင် လှူသွားလမ်း။ လှူသွားလမ်းနှင့်ကပ်လျက်





င် အထက်တန်းကျောင်းရှိ၏။ တောင်ဘက်တွင်လည်း လှူသွား မ်း။ လမ်းနှင့်ကပ်လျက်၌ မူလတန်းကျောင်းရှိ၏။

ကျွန်တော် တောင်ဘက်ဂိုးတွင် နေရာယူထားသည်။

ကစားကွင်း၏ဘယ်တောင်ပံမှ တစ်ဖက်အသင်း၏ အလယ် န်းကစားသမား အမြောက်ကန်တင်လိုက်သော ဘောလုံးသည် နှ်တော့်အသင်း၏ နောက်တန်းလူကို ကျော်လွန်ပြီး ဂိုးဧရိယာ ဘက်ထောင့် ခပ်လှမ်းလှမ်းသို့အကျတွင် တစ်ဘက်အသင်း၏ က်စစ်မှူးက ကျွန်တော့်ဂိုးတိုင်ရှိရာသို့ မနားတမ်း ပြင်းထန်စွာ သွင်းလိုက်လေသည်။

ကန်ချက်ပြင်းထန်မည့်ကို့လည်းကောင်း။ ကျွန်တော့် က်ယာဘက်နှင့် မမှီမကမ်း ဖြစ်နေမည်ကိုလည်းကောင်း၊ လျှပ် ပြက်အတွင်း ကျွန်တော် သိလိုက်သဖြင့် ဘောလုံးကို အမိဖမ်းဖို့ ျုးပမ်းတော့ဘဲ။ ပုတ်ထုတ်ပစ်လိုက်ရသည်။

လက်ယာဘက်သို့ လက်နှစ်ဖက်စလုံး လိုက်ပါပုတ်ထုတ် ဖြစ်သော်လည်း ဘောလုံးက ညာဘက်လက်ဖနောင့်ဖြင့်သာ ထိပြီး တိုင်၏အပြင်ဘက် လှူသွားလမ်းရှိရာသို့ အရှိန်ပြင်းစွာ ရောက်ရှိ းလေသည်။

"ခွမ်း"

"အမယ်လေး"

ထမင်းဘူးတစ်ဘူး လွင့်ကျသွားသည်ကို ကျွန်တော် မြင် က်သည်။ ထိုနေရာသို့ ဘောလုံးသမား လေးငါးယောက် ပြေးသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်လူကြီးဦးရွှေက ဝီစီကို ပါးစပ်မှမခွာသေးဘဲ ထိုနေရာသို့ ပြေးသွားပြန်သည်။ ကျွန်တော်လည်း အလျင်အမြန်ပြေး၏။ လမ်းပေါ်သို့လွင့်ကျနေသော လက်သုတ်ပဝါဖြင့် ထုပ်ထားသည့် ထမင်းဘူးကို ကျွန်တော် ပြေးကောက်လိုက်သည်။ ပြီးတော့မှ ...

ဆံပင်ရှည်ရှည်၊ ကိုယ်ဟန်သွယ်သွယ်နှင့် ရုံးဌာနတစ်ခု၏ ဝတ်စုံကို ဝတ်ဆင်ထားသော လွန်စွာချောမောလှပသည့် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရ၏။

နှင်းများဝေနေပါလျက် ကျွန်တော့်ရင်ထဲ နွေးသွားသည်။ ချွေးများစို့နေပါလျက် ကျွန်တော့်စိတ်ထဲ အေးသွားသည်။

"ကလေးမ ... လက်ထိသွားသေးလား"

ဒိုင်လူကြီးဦးရွှေက မေးမြန်းသည်။ ကျောင်း၏နံဘေး ချုံများအတွင်းသို့ရောက်ရှိသွားသော ဘောလုံးကို ကစားသမားတစ်ယောက်က သွားကောက်နေ၏။

"လူမထိပါဘူး။ ထမင်းဘူး လွင့်သွားတာ"

သာယာလွန်းသည့်အသံ။ နာပျော်ဖွယ်ရာ အလင်္ကာတေး

"မမ ... ဒီမှာ ရော့၊ ထမင်းဘူး"

လှမ်းယူမည်အပြု ဦးရွှေက ...

"ကျော်ခန့်ဇော် ... သဲတွေသုတ်ပေးလိုက်ဦးလေ"

"ဟုတ်ကဲ့"

ကျွန်တော့်အင်္ကျီအနားစဖြင့် ထမင်းဘူးကို ကျွန်တော် သန့်စင်ပေးသည်။ သဲပွင့်လေးတွေကို လက်ဖြင့် ခါထုတ်ပေးသည်





ပြီးမှ ... လှမ်းပေးလိုက်၏။ ထမင်းဘူးကို ယူဆောင်လိုက်သော ဖြောင့်သွယ် လက်ချောင်းလေးများကို ဝင်းပစွာ မြင်ခွင့်ရလိုက်သေးသည်။

"ညီမ ... တောင်းပန်တယ်နော်။ မနက်စောစောဆိုတော့ လူအသွားအလာ မရှိသေးဘူးပဲ ထင်နေတာ၊ သတိမထားမိလိုက်ဘူး"

ဂိုးသွင်းခဲ့သော ကိုဌေးက တောင်းပန်စကား ဆို၏။

"ရပါတယ်"

ပန်းပေါ်မှ စလင်းဘက်ကြိုးကို ပင့်တင်ရင်း ပြော၏။

"အဲဒါ ... ဒီကိုးသမား ကျော်ခန့်ဇော်ကြောင့် ဖြစ်တာ။ သူသာ လွှတ်ပေးလိုက်ရင် ညီမကို ထိမှာ မဟုတ်ဘူး"

နောက်တန်းကစားသော ကိုထွန်းထွန်းဦးက ရယ်စရာပြောသည်။ ကျွန်တော် ရယ်သည်။ မိုနာလီဇာ ရှုံးနိမ့်သွားစေသည့် ပါးလုပ်သော အပြုံးတစ်ပွင့်ကို ပန်းဆီရောင်နှုတ်ခမ်းထက်၌ သွယ်လျစွာ ကျွန်တော် မြင်သည်။

"ဟင်းအရည်တွေ ဖိတ်သွားသေးလား မသိဘူး"

ခြေလှမ်းအရွေ့ကာစတွင် ကျွန်တော်မေးသည်။

"အရည် မပါဘူး"

အကြည့်မရွေ့။ မျက်တောင့်မကာပ်။ မျက်ဝန်းမလှုပ်ဘဲ ပြောသွားပါလျက် ကျွန်တော် အကြည့်ရွေ့သွားရသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း ထောင့်ကပ်ငဲ့ကြည့်မိသည်။ ကျွန်တော့်ရင်ထဲ လှုပ်ခတ်သွား၏။

"ကဲ ... ကဲ၊ ကွန်နာကန်မယ်"

ထိုမနက်က ကန်တင်လိုက်သော ထောင့်ကန်ဘောလုံးသည် မည်သူ့ဦးခေါင်းနှင့်မျှ မထိ၊ မည်သူ့ခြေထောက်နှင့်မျှမထိဘဲ ကျွန်တော့်လက်အတွင်းမှ လွတ်ကျသွားပြီး၊ ဂိုးပေါက်အတွင်းသို့ ခုန်ဆွခုန်ဆွဖြင့် ဝင်ရောက်သွားခဲ့ရလေသည်။

နှင်းမှုန်များကြား၌ အရိပ်လှလှလေးတစ်ခုကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ မနေ့က အရိပ်လှလှလေးပေါ့။

ဂိုးတိုင်၏အနောက်ဘက်မှ ညှင်သာသွက်လက်သော ခြေလှမ်းများဖြင့် လှမ်းလျှောက်ကျော်လွန်သွားသည့် အရိပ်လှလှလေး၏ နောက်ကျောရှိ သွယ်ဆင်းနက်မှောင်နေသော ဆံပင်ရှည်များကို ကျွန်တော် ငေးကြည့်ကျန်ရစ်သည်။ လှလိုက်တာ။

"ကျော်ခန့်ဇော်"

အော်သံကြား၍ လှည့်အကြည့် ...။

ကျွန်တော့်ပခုံးအထက်မှ ဘောလုံးတစ်လုံး ဖြတ်ဝင်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

"ဂိုး"





"မှိုး"

ကျွန်တော့်ဂိုးတိုင်အတွင်းသို့ မည်သူ့ ဂိုးသွင်းလိုက်သည်ကိုပင် ကျွန်တော် မသိလိုက်ရချေ။

"ဟေ့ကောင် မင်း ဘာငေးနေတာလဲ" ... ဟု၊ မေးသော ကိုထွန်းထွန်းဦးကို ကျွန်တော် ပါးစပ်အပြဲသားဖြင့် ရယ်ပြလိုက်ရသည်။

"မင်းထွက်ဖမ်းမယ်ထင်ပြီး ငါဆက်မလိုက်တော့တာကွ" ... ဟု၊ ကိုထွန်းထွန်းက ပြောသည်။

"ဆောရီး၊ ကျွန်တော် အငေးလွန်သွားတယ်" ... ဟု၊ လက်ကာပြလျက် ကျွန်တော် ပြောလိုက်သည်။ ကိုထွန်းထွန်းဦး ကျွန်တော့်ကို အသံတိတ်ဆဲ၏။



www.burmeseclassic.com

www.burmeseclassic.com

(၃)

BURMESE CLASSIC .com

နောက်နေ့တွေမှာတော့ ရထားသံလမ်းရှိရာဘက်မှ မမ၏ အရိပ်လှလှလေးကို မြင်သည်နှင့် ကစားကွင်းပြင်ပသို့ ကျွန်တော် ထွက်ခွင့်တောင်းသည်။ ကျွန်တော့်သူငယ်ချင်း သန်းအုန်းကို ကျွန်တော့် ကိုယ်စား ဝင်ရောက်ကစားစေသည်။

ချွေးစိုနေသော အင်္ကျီပေါ်မှ သဲမှုန့်တွေကို ကမန်းကတန်း ခါသည်။ ပြီးနောက် အပေါ်ရုံ အားကစားအင်္ကျီကို ထပ်ဝတ်လိုက်သည်။ ဘောလုံးကန်ဖိနပ်ကို ချွတ်ပြီး ကင်းဘတ်ဖိနပ် ပြောင်းစီးသည်။ ထိုအချိန်များတွင် မမသည် ကျွန်တော့်မြင်ကွင်း၏ခပ်လှမ်းလှမ်းသို့ ရောက်နေလောက်ပြီ ဖြစ်၏။ ဖိနပ်ထည့်ထားရာ ကျောပိုးအိတ်ငယ်ကို စလွယ်သိုင်းပြီး ဘောလုံးကွင်းကို ထားရစ်ခဲ့၏။ မမ နောက်သို့ ခြေလှမ်းသွက်စွာ လိုက်သွားမိသည်။

ဘောလုံးကွင်း၏ပြင်ပ ကားလမ်းမသို့ ရောက်သောအခါ ကျွန်တော့်ခန္ဓာကိုယ်မှ ချွေးနံ့နံ့မည်ကိုလည်းကောင်း၊ သဲတွေဖုန်တွေ





ပကျံနေသည်ကိုလည်းကောင်း၊ အားကစားဘောင်းဘီတိုကို ဝတ်ပ်ထားမိသည်ကိုလည်းကောင်း၊ ထည့်သွင်းမစဉ်းစားတော့ဘဲ မမ က်သည့် ဘတ်စ်ကားပေါ်သို့ ကျွန်တော် တက်သည်။ မမ၏မလှမ်း ကမ်းတွင် ကျွန်တော်နေသည်။ မမ့ အမှုထမ်းရာ ရုံးဌာနရှေ့အထိ ျွန်တော် လိုက်ခဲ့မိသည်။

ထိုနေ့မှစ၍ ကျွန်တော်သည် မမ၏ အရှေ့၊ အနောက်၊ တာင်၊ မြောက် ဝဲယာ မနီးမဝေးတွင် မမ၏ အရိပ်တစ်ရိပ်ဖြစ်ခဲ့ ည်။ ထိုနေ့မှစ၍ ဘောလုံးကွင်းအတွင်းသို့ အရောက်လာပြီး သန်း ုန်းကိုးဖမ်းရာ၊ ဂိုးတိုင်နံဘေးတွင် ကျွန်တော် ထိုင်နေသည်။ ခြေ ထောက်နာလို့ ခါးနာလို့ အကြောတင်လို့ စသော အကြောင်းပြချက် ျားဖြင့် ကွင်းစပ်တွင် ကျွန်တော် နေသည်။ မမလာလျှင် ကွင်းထဲမှ ျွန်တော် ပျောက်သွားသည်။ ကျွန်တော့်အဖြစ်မှန်ကို သန်းအုန်းမှ ပွဲ၍ မည်သူမျှ မသိကြ။ မရိပ်မိကြပေ။

မမ ရုံးပိတ်သော စနေနေ့မနက် တစ်ရက်တည်းတွင်သာ နက်ပိုင်း ဘောလုံးကစားသည်။ တနင်္ဂနွေနေ့ကတော့ မမရုံးပိတ် သော်လည်း ဘုရားကျောင်းအတွင်း ဘုရားဝတ်ပြုရက်ဖြစ်သဖြင့် ဘောလုံးကစားခြင်း မပြုကြချေ။ ထို့ကြောင့် မမ၏ရုံးတက်ရက်များ၌ နက်ပိုင်းသည် မမကို မြင်တွေ့ရရုံတစ်ခုတည်းအတွက် ဖြစ်ခဲ့ရ၏။ ညနေပိုင်းကျမှ ဘောလုံးကို စိတ်ဖြောင့်စွာ ကစားဖြစ်သည်။ ဒါတောင် တစ်ခါတစ်ရံ မမရုံးဆင်းချိန်နှင့် ဘောလုံးကစားချိန်တို့ ကြုံဆုံတတ် သေး၏။



www.burmeseclassic.com

# (၄)

မမ ရုံးဆင်းချိန်တွင် မမ၏ရုံးရှေ့ တစ်နေရာသို့ ကျွန်တေ
ရောက်ရှိနေတတ်သည်။ ထမင်းဘူးလေးကိုကိုင်ကာ စလင်းဘက်အိ
လေးကို လွယ်လျက် ကာယိန္ဒြေပြည့်ဝစွာ ရုံးဆင်းလာသော မမ
မြင်သည်နှင့် ကျွန်တော်သည် မမ၏တရားမဝင် ကိုယ်ရံတော်အဖြ
ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ပြီး အရိပ်တစ်ခုလို လိုက်ပါခဲ့၏။

မမ စီးနေကျ ဘတ်စ်ကားမှတ်တိုင်သို့ မရောက်သေး။ မြ
လယ်ခေါင်တွင် လူသွားလူလာ ရှုပ်ထွေးလွန်းနေပါလျက် မမ တ
ယောက်တည်းကိုသာ ကျွန်တော် မြင်နေသည်။ ဘတ်စ်ကား မှတ်တို
သို့ မရောက်သေးပါဘဲလျက် ပလက်ဖောင်းတစ်ခု၏အစွန်တစ်နေ
တွင် မမ ခြေစုံရပ်လိုက်သည်။ ဒါကို သတိမပြုမိဟန်ဆောင်က
မမ နောက်နေရာကို ဖြတ်ကျော်လျှောက်လှမ်းလိုက်သည်။

"ဟော့"

ကျွန်တော့်ကို ခေါ်သည်ဟု ကျွန်တော် သိလိုက်၏။





"လာဦး"

မမရှေ့တည့်တည့်သို့ ကျွန်တော်ရောက်သည်။ လက်ပိုက်ထားရမလား။ လက်နောက်ပစ်ထားရမလား။ လက်ရှေ့ထုတ်ထားရမလား ကျွန်တော်မသိ။ လက်ကိုပင် ဘယ်လိုထားရမည် မသိမှတော့ စိတ်ဆိုတာ ဗိုလ်ချုပ်ဆိုးရှာမည်။

ကျွန်တော့်စိတ်တွေ လှုပ်ရှားသွား၏။ ညာဘက်လက်ဖြင့် နားတစ်ဖက်ကို ကိုင်နေမိသည်။ ကျွန်တော့် ညာဘက်နားရွက် တစ်ခုလုံး လွန်စွာအေးစိမ့်သွားသည်။ ကျွန်တော့်လက်ဖျားတွေ အေးနေသည်။

"တို့နောက်က မင်း ... ဘာလိုက်လုပ်နေ
တာလဲ"

"ဗျာ"

"ရုံးက လုပ်ဖော်ကိုင်ဖက်တွေက ရုံးတက်,
ရုံးဆင်း မင်းကို တွေ့မြင်နေကြတယ်။

တို့ ကြွေ့ကြွေးသိကြွာကို ထိခိုက်နေပြီဆိုတာ မင်း
... မစဉ်းစားမိဘူးလား။ ပြောလေ။ မင်း ဘာကြောင့်
တကောက်ကောက်လိုက်နေတာလဲ"

"ချစ်လို့ပါ" ... ဟု ဖြေကြားရဲချင်သည်။
ဒါပေမဲ့ ... ကျွန်တော် အသံမထွက်။

"ဖြေလေ"

"မမကို စကားပြောချင်လို့ပါ"

ကျွန်တော့်ကို မမ ... သေချာကြည့်သည်။ ကျွန်တော်

www.burmeseclassic.com

အသေအချာ မကြည့်ရဲ၊ နာရီကိုကြည့်ပြီး မမက ...

"စကားပြောချင်တာ တစ်ခုတည်းပဲလား"

"ဟုတ်ကဲ့"

"ဒါဆိုလာ"

ခြေလှမ်းရွေ့သည်။ ကျွန်တော် လိုက်ပါခဲ့မိသည်။ ကြည့်စမ်း ကျွန်တော် မမနံဘေးကို ရောက်နေရပြီ။



BURMESE CLASSIC .com

(၅)

အအေးဆိုင်တစ်ဆိုင်တွင် ထိုင်သည်။ ကျွန်တော့်ကို အချိုရည်တစ်ဘူး မှာတိုက်သည်။

"ပြော ... မင်း ဘာပြောချင်တာလဲ"

မမ၏မျက်ဝန်းတွေကို မဝံ့မရဲ ကျွန်တော်ကြည့်သည်။

"ကျွန်တော် မမနာမည်ကို သိချင်လို့"

"မြမြနှင်း"

"ကျေးဇူးတင်ပါတယ် မမ၊ ကျွန်တော့်နာမည်က ..."

"ကျော်ခန့်ဇော်" ... ဟု မမပြောသည်။ ကျွန်တော် အံ့သြသည်။

"ထမင်းဘူးလွှင့်သွားတဲ့နေ့က မင်းနာမည်ကို ကြားဖူးလိုက်တယ်"

"မမကို ကျွန်တော် အဲဒီနေ့ကမှ စတွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

''သြော် . . . ဒါဆို သိပ်မကြာသေးဘူးပေါ့။ ပြောစမ်းပါဦး။ တို့နောက်က ဘာကြောင့် တကောက်ကောက် လိုက်နေရတာလဲ''

ကျွန်တော် ခေါင်းခါသည်။

''ထက်ကြပ်မကွာ လိုက်၊ မနီးမဝေး လိုက်၊ တို့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေက မင်းကို တွေ့တယ်။ တို့ကို မေးတယ်။ ဘယ်သူလဲတဲ့။ တို့မှာ လက်ထပ်ရမယ့်သူ ရှိတယ်။ ပတ်ဝန်းကျင်ရဲ့ အထင်လွဲမှားတာကိုပဲ ဖြစ်ဖြစ်၊ ကာယကံရှင်ရဲ့ မေးမြန်းစုံစမ်းခံရတာကိုပဲဖြစ်ဖြစ် တို့ ရင်မဆိုင်ချင်ဘူး။ အဲဒါကြောင့် မင်းကို ပွင့်ပွင့်လင်းလင်း ခေါ်ပြောတာ''

ကျွန်တော် ငိုချင်သည်။

မမက အချိုရည်ဘူးကို ဖောက်သည်။ ကျွန်တော့်ရှေ့ရှိ ဖန်ခွက်အတွင်းသို့ ထည့်ပေးသည်။

''ရော့ သောက်၊ မင်းက ကျောင်းမတက်ဘူးလား''

''ကျွန်တော် ဆယ်တန်းအောင်ပြီးပြီ''

''သြော် လူတော်လေးပဲ၊ နောက်ပြီး မင်းက ဂိုးဖမ်း သိပ်တော်ပုံရတယ်။ သွားရင်းလာရင်း မင်း . . . ဂိုးဖမ်းတာကို တစ်ခါ,နှစ်ခါ မြင်ဖူးတယ်။ မင်းက





ဘယ်အသင်းမှာ ကစားတာလဲ''

''ကျွန်တော် အပျော်ကစားတာ''

''လက်ရွေးစင်ဂိုးသမားဖြစ်အောင် မကြိုးစားဘူးလား''

''မေမေက ဘောလုံးသမား မလုပ်ရဘူးတဲ့။ အဲဒါကြောင့် ကျွန်တော် အပျော်ပဲ ကန်တာ''

''သြော် . . . သားလိမ္မာလေးပဲ။ အမေ့စကားကို နားထောင်တဲ့အတွက် တို့ သာဓု ခေါ်ပါတယ်''

ကျွန်တော် ခေါင်းငုံ့ထားမိသည်။

''မင်း စိတ်မကောင်းဖြစ်သွားတာလား''

''ဟုတ်ကဲ့''

မမပြုံးသည်။ သွားလှလှလေးများ၏ ပုလဲရောင် ငွေရည်ကို ဝင်းပစွာ မြင်ခွင့်ရလိုက်၏။

''စိတ်မကောင်း မဖြစ်ပါနဲ့။ တို့က မင်းကို အကူအညီ တောင်းတာပါ။ မင်းက တကောက်ကောက်လိုက်နေတော့ တို့ ခြေလှမ်းမပျက်ပေမယ့် သားအမြင်တွေ အထင်မှားနိုင်တယ်လေ။ ရန်နဲ့ငေါ ငေါ ပြောဆိုနှင်ထုတ်တာမျိုးလည်း တို့မလုပ်ချင်ဘူး။ မင်းက လူရည်သန့်လေးပဲ။ အခုလို အေးအေးဆေးဆေး ခေါ်ပြောတော့ မင်း နားဝင်တာပေါ့။ မင်းသာ တကောက်ကောက် လိုက်နေဦးမယ်ဆိုရင် ဘောလုံးကွင်းထဲက တို့ မြတ်လျှောက်တော့မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တခြားလမ်းကပဲ သွားရတော့မှာ''

''အဲဒီလို မသွားပါနဲ့။ ကျွန်တော် ဆင်ခြ

ပါ့မယ်''

မိမိအသင်းဘက်သို့ အနိုင်ဂိုးအသွင်းခံလိုက်ရသော ဂိုးသမ

တစ်ဦး၏ ခံစားမှုထက် ပိုမိုသာလွန်စွာ ကျွန်တော် ခံစားရသည်

ဝမ်းနည်းမိသည်။

''အဲဒါဆို ကျေးဇူးပဲ။ မင်း ဘာပြောစ

ရှိသေးလဲ၊ ဘာပြောချင်သေးလဲ''

''ပြောစရာတော့ မရှိတော့ဘူး။ ဒါပေမဲ့ တပ

လောက်တော့ မေးပါရစေ''

''မေး''

''မမက ဘယ်သူနဲ့ လက်ထပ်မှာလဲ''

''ကိုနေထွန်းအောင်''

''ဘယ်တော့ လက်ထပ်မှာလဲဟင်''

''အခု အောက်တိုဘာဆိုတော့ နိုဝင်ဘာ

ဒီဇင်ဘာ၊ ဖန်နဝါရီလထဲမှာ လက်ထပ်မှာ''

လက်ချောင်းများကိုချိုးကာ ရေတွက်ပြီး မမ ပြောသည်

''အဲဒီလက်ထပ်ပွဲကို ကျွန်တော် လာ

မလား''

ပြုံးလျက် ခေါင်းခါသည်။

''နောက်တစ်ခု ထပ်မေးမယ်နော်၊ မမ လ

ထပ်ရမယ့် အဲဒီလူက မမ ချစ်သူလားဟင်''





စကားတတ်သော ကလေးငယ်တစ်ယောက်ကို ကြည့်သည့်

မျက်လုံးမျိုးဖြင့်ကြည့်ကာ မမ ရယ်မောသည်။

''ကျွန်တော် သိချင်လို့ မေးတာပါ''

အရယ်ရပ်လျက် မမက ...

''မင်းက သွယ်ဝိုက်မေးခွန်း မေးတတ်သား

ပဲ၊ တို့ကလည်း သွယ်ဝိုက်ပြီး ဖြေမယ်နော်၊ သေသေ

ချာချာ နားထောင်''

မမ၏ နှုတ်ခမ်းလေးကို တစ်ချက်ကြည့်မိသည်။

''မဖြေခင်မှာ မင်းကို တန်ပြန်မေးခွန်းတစ်ခု

ပြန်မေးမယ်။ မင်း လက်ရွေးစင်ဘောလုံးသမား

ဖြစ်အောင် ဘာဖြစ်လို့ မလုပ်တာလဲ''

ဘာကြောင့် မေးမြန်းသည်ကို ကျွန်တော် မသိသေး။

''ဖေဖေက ဘောလုံးသမားဟောင်း။ ခြေ

ထောက်ကျိုးထားဖူးတယ်။ ဖေဖေ့လို ဖြစ်မှာစိုးလို့

မေမေက ကျွန်တော့်ကို ဘောလုံးသမား မလုပ်နိုင်း

ဘူး။ မေမေ့စကားကို နားထောင်တဲ့အနေနဲ့ ကျွန်

တော့်ရည်မှန်းချက်ကို ဖျက်ပစ်လိုက်တာ''

''အမေ့စကားကို ဘာကြောင့် နားထောင်လိုက်ရတာလဲ''

...ဟု၊ မမ မေးသည်။

''မေမေ စိတ်ချမ်းသာစေချင်လို့ပေါ့''

''မင်းရဲ့ အဖြေစကားထဲမှာ မင်းသိချင်တဲ့

တို့ရဲ့အဖြေ ပါသွားပြီလေ''



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ချက်ချင်း ကျွန်တော် မတွေးဆတတ်။ တွေးသိလိုက်ရသည့် တစ်ခဏအတွင်းမှာတော့ မမနှင့်ကျွန်တော် မျက်လုံးချင်း ဆုံခဲ့ကြသည်။

"တို့ရဲ့ မေမေက တို့ငယ်ငယ်တုန်းက ဆုံးမ တယ်။ ရည်းစားမထားရဘူးတဲ့။ တို့ နားထောင်ခဲ့တယ်။ အခု အရွယ်ရောက်လာတော့လည်း ထပ်ပြီးဆုံးမတယ်။ မေမေ စီစဉ်ပေးသူနဲ့ပဲ လက်ထပ်ရမယ်တဲ့။ အဲဒါကိုလည်း တို့ လိုက်နာခဲ့တယ်။ အဲဒါဘာကြောင့်လဲ သိလား"

ကျွန်တော် ခေါင်းယမ်းသည်။

"အမေ့ကို တန်ဖိုးထားလို့ပေါ့။ ဘုရားရှင်ရဲ့ မဟာကရုဏာ၊ မဟာမေတ္တာပြီးရင် အမေရဲ့ကရုဏာနဲ့ အမေရဲ့မေတ္တာဟာ အကြီးမားဆုံးတဲ့။

မိဘရဲ့စကားကို နားထောင်လိုက်တဲ့ သားသမီးဟာ ဘယ်တော့မှ မမှားဘူးလို့ တို့ ခံယူထားတယ်။ မင်းကလည်း သားလိမ္မာလေးပေါ့။ တို့ကလည်း သမီးလိမ္မာလေးပေါ့။ မဟုတ်ဖူးလား။ ကဲ ...မင်းမေးတာ တို့ ဖြေပြီးပြီ ပြန်ကြရအောင်"

ကျွန်တော် မသောက်ဖြစ်သော အချိုရည်ဖိုးကို မမ ပေးသည်။ ကျွန်တော့်ကို ရှင်းခွင့်မပြု။ "မိဘပိုက်ဆံကို မလိုအပ်ဘဲ မဖြုန်းရဘူး" ...၊ ဟု မမ ပြောသည်။

ဘတ်(စ်)ကားမှတ်တိုင်အထိ မမနှင့် တွဲလျှောက်ဖြစ်ခဲ့သည်။





မှတ်တိုင်တွင် ကားရပ်သောအခါ ကားပေါ်သို့တက်ရင်း မမ ငဲ့ကြည့်သွားသည်။ ကားပေါ်သို့ လိုက်ပါတက်ရောက်ခြင်းမရှိဘဲ ငေးကြည့်ကျန်ရစ်ခဲ့ရသည့် ကျွန်တော့်ကို မမ တွေ့မြင်ပေလိမ့်မည်။

သူ မတားပါဘဲလျက်၊ ကိုယ့်အားနာမှုနှင့် ကိုယ် ကျန်ရစ်ခဲ့ရသည့် ကျွန်တော့်ရင်ထဲ၌ (ရှုံးနိမ့်နေပါလျက် ပြန်လည်ချေပခွင့်မရခင် ပွဲသိမ်းရောသံကို ကြားလိုက်ရသူ တစ်ဦးကဲ့သို့) စူးနင့်လစ်ဟာသွားရ၏။

မမ ဖြတ်သန်းသွားလာရာ ဂိုးတိုင်ဘက်တွင် ကျွန်တော်မကာစားတော့။ နှင်းငွေ့ထူပြောစဥ် မနက် (၆) နာရီဝန်းကျင်လောက်၌ မမဖြတ်သန်းသွားသည်ကို မြင်ရလေ့ရှိသည်။ မြင်လျှင်မြင်ချင်း ကျွန်တော် မျက်နှာလွှဲသည်။ သတိရလျှင်ရချင်း ကျွန်တော် မေ့ပစ်သည်။

တစ်ခါတစ်ရံ မေ့ပစ်နိုင်စေဖို့ တကူးတက ကြိုးပမ်းအားထုတ်နေခြင်းသည်ပင်လျှင် မေ့မရခြင်း ဖြစ်နေတတ်သည် ...ဟု မေ့ဖို့ကြိုးစားမှ ပို၍သိလာရသည်။

တစ်ခါတစ်ရံတွင် မြင်တွေ့မိပါလျက် မျက်နှာလွှဲကာ မေ့ပစ်နိုင်ခဲ့သည်။ တစ်ခါတစ်ရံ မမ ဖြတ်သွားသလား၊ ဖြတ်မသွားသေးဘူးလားကိုပင် သတိမထားဖြစ်ခဲ့သည်များ ရှိခဲ့သည်။ တစ်ခါတစ်ရံ ဖြတ်သန်းသွားသည်ကို မတွေ့မမြင်ရပါဘဲ ဝေနေသောနှင်းတို့ကို တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး 'မြမြနှင်း' ဟူသော အမည်စကားသံကို ကြားယောင်သည်။ ထိုအခါ နှင်းတွေဝေနေပါလျက် နှင်းမရှိသော ဆောင်းတစ်ခုမှာ ကိုယ့်ကိုယ်ကိုယ် ထင်မြင်ခံစားမိသေး၏။

သတိရစဉ် မမ . . . ကို မတွေ့မြင်သောအခါ မမ၏ကိုယ်စား နှင်းမှုန်များကို ငေးကြည့်ဖြစ်သည်။ ထိုအခါ ဘောလုံးကစားနေသည် ဖြစ်ပါလျက် ဘောလုံးကို ခြေထောက်ဖြင့် ကန်တင်ရင်း လက်ဖြင့် ပစ်ပေါက်ရင်း ပုတ်ထုတ်ကာကွယ်ရင်းမှ တစ်စုံတစ်ဦး၏ ရောက် အလာကို နှင်းတောထဲမှာ ပြေးလွှားစောင့်မျှော်နေသူတစ်ယောက်ဟု တွေးထင်ခံစားမိခဲ့သည်။

သည်ဆောင်းတွင်းမှာ
နှင်းစက်ရှာကျ၊ သဘာဝပေါ့။
ကာလ ကြာပြီ
နာရီ နှေးညှ
မမြင်တွေ့ရတဲ့
ကြင်မွေ့မျှတ်နှာ၊ သူမလာတော့
မြူပြာလွှဲနှင်း အေးခြင်းဆဝိ
ဝေခြင်းသီတာ၊ လွမ်းမြဲလွမ်းနေ
ဆောင်းမှာ နွေးသံ၊ အပူဖြစ်လို့
ယူပစ်ဖယ်ဖျောက် ချစ်သူရောက်မှ
လွှမ်းပျောက်စေရာ ပေါ်နှင်း။

မေ့သည်။ ပို၍သတိရသည်။ သတိမရအောင် နေသည်။





ပို၍ လွမ်းဖြစ်သည်။ မလွမ်းသင့်ပြီကို သိသော်လည်း ထိုသံသရာများ လိုက်စားနေသည့် ရင်တွင်းဒဏ်ကို ကျွန်တော် အမည်မဖော်တတ်။ ခံစားမှုမှ နားလည်နိုင်ပေလိမ့်မည်။ ကြုံတွေ့မှုမှ တနာနိုင်ပေလိမ့် မည်။

မမကို သတိရမိသော မနက်ခင်းတိုင်း၌ နှင်းတွေ မဝေစေ ချင်ပါ။ တိုက်ဆိုင်မှုပဲ ထင်ပါရဲ့။ မမကို သတိရမိသည့်အခါကျမှ နှင်းတွေက ပို၍အုံ့ကြွနေကြ၏။ နှင်းရှိမှ ဆောင်းပီမည်။ မမ့ရှိမှ နှင်းတွေ ပိုလှမည်။ ကျွန်တော့်ဘဝ နှင်းခ,မှ ပို၍အေးမြနိုင်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

(၆)

"မင်း ... ကတိမတည်ဘူး"

"ကျွန်တော် ဘာလုပ်လို့လဲ မမ"

"မင်း ဘာဖြစ်လို့ ဒီမှာလာထိုင်နေတာလဲ"

မမနှင့်ကျွန်တော် ထိုင်ဖူးခဲ့သော အအေးဆိုင်အတွင်း မမ ဝင်လာသည်။ အသံအုပ်အုပ်ဖြင့် ပြောဆိုသည်။ ပြောပြီးမှ နံဘေးခုံ အလွတ်မှာ ထိုင်၏။

"ကျွန်တော် မမကို လာနှောင့်ယှက်တာမှ မဟုတ်တာ။ ပြီးတော့ မမနောက်က တကောက်ကောက် လိုက်နေတာမှ မဟုတ်ဘဲ"

"မင်း ဒီမှာ ထိုင်ထိုင်နေတာ ရုံးက သူငယ် သိ၏။ ချင်းတွေ တွေ့တယ်။ တို့ကို လာလာမေးနေတယ်၊ အဲ့ဒါကြောင့်"

"သူတို့က ဘာကြောင့် ကျွန်တော့်ကို မှတ်မိ နေကြတာလဲ"





"မင်းက အားကစားအကျီတွေပဲ ဝတ်လေ့ ရှိတာကိုးကွ"

"အဲဒါဆို နောက်နေ့တွေကျရင် ကျွန်တော် ရှပ်အကျီ ပြောင်းဝတ်ခဲ့မယ်"

"မနောက်နဲ့ကွာ။ မမ မင်းကို တကယ်လာ တောင်းပန်တာပါ။ မင်းကို ဒီပတ်ဝန်းကျင်မှာ ရှိမနေ စေချင်ဘူး"

"ဟာ ...၊ ကျွန်တော့်ကို အနိုင်မကျင့်ပါနဲ့ မမ။ ကျွန်တော် ဘယ်လောက်ထိ စိတ်ကို ထိန်းသိမ်း ခဲ့ရတယ်၊ ဆင်ခြင်နေရတယ်ဆိုတာ မမ သိဖို့ကောင်း တယ်။

ကျွန်တော် မိကောင်းဖခင်သားသမီးပါ။ ကျွန်တော် ဘယ်လောက်ထိ ခံစားရ ခံစားရ မမ စကားကို နားထောင်ခဲ့တယ်။ မမ အခြေအနေကို ကျွန်တော် သိပြီးသားပဲ။ ဘာမှ ဆက်မလုပ်နိုင်တော့ တဲ့သူကို ဘာဖြစ်လို့ ထပ်ပြီး ပိတ်ပင်ချင်ရတာလဲ"

ပြောပြီးကာမှ မျက်ရည်ဝဲလာသည်ဟု ကိုယ့်ကိုယ်ကိုယ်

"မင်းမသိတဲ့အခြေအနေတွေ မမမှာ ရင်ဆိုင် နေရတယ်။ မင်းကို မပြောပြချင်ဘူး။ မင်းနဲ့မမက သိပ်ရင်းနှီးတာလည်း မဟုတ်ဘူး

ဒါပေမဲ့ ရုံးက သူငယ်ချင်းတွေက အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကြောင့် ရင်းနှီးခဲ့တယ်လို့ ထင်နေကြတယ်။ အဲဒီလို အထင်ခံရတာကိုက ပြဿနာတစ်ခု ဖြစ်နိုင်တယ်။ အဲဒါကြောင့် မင်းကို အလောတကြီး လာပြောမိတာပါကွာ။ မမကို စိတ်မဆိုးပါနဲ့"

မျက်ရည်ငွေ့ကြောင့် အရောင်လဲ့သွားသော သူစိမ်းမိန်းကလေးတစ်ဦး၏ မျက်ဝန်းစုံကို နီးကပ်စွာ မြင်တွေ့ရခြင်းသည် ဒါ ပထမဆုံးအကြိမ် ဖြစ်၏။

"ကျွန်တော် ဘာလုပ်ပေးရမလဲ။ ဘာကို ဆင်ခြင်ပေးရဦးမလဲ မမ"

စကားမတုံ့ပြန်ဘဲ ကျွန်တော့်မျက်နှာကို ကြာမြင့်စွာ ငေးကြည့်နေသေးသည်။ ပြီးမှ ...,

"ဘာမှ မလုပ်ပါနဲ့တော့ကွာ။ မင်းနေချင်သလို နေပါတော့။ မမ,ပြဿနာကို မမဘာသာ ဖြေရှင်းနိုင်မှာပါ"

ခေါင်းငုံ့ထားလျက် ပြောသည်။ ထိုင်ရာမှ ထသည်။

"သွားမယ်"

ငဲ့မကြည့်ဘဲ နှုတ်ဆက်စကား ဆိုသွား၏။ မမထွက်ခွာသွားရာ ဆိုင်အပြင်ဘက်သို့ ကျွန်တော်လည်း လှမ်းမကြည့်ဖြစ်ချေ။ ခေါင်းငိုက်စိုက်ဖြင့် ကျန်ရစ်ခဲ့ရ၏။ ဩော် ... အခုလေးတွင်၊ မမ ငါ့အနားက ထိုင်သွားတာပါလားဟူသော ယင်းအတွေးအကြောင့် လမ်းမပေါ်သို့ လှမ်းမျှော်ကြည့်လိုက်စဉ် သွားလာလျှောက်လှမ်းနေသူများအကြား မမကို မတွေ့ရတော့။





ဆောင်း၏ ညနေခင်း ဖြစ်ပါလျက် လမ်းမပေါ်တွင် နေရောင်လက်ကျန် ရှိနေသေးသည်။ နေ့လယ်နေ့ခင်း ပါးလုပ်ပြင်းရှခဲ့သော နေ၏အရှိန် ကျန်နေသေးသည်။ မျက်နှာမူထားရာ လမ်းမသည် လွန်ခဲ့သော မိနစ်ပိုင်းက မမ လျှောက်လှမ်းခဲ့သော လမ်း။ ယခု ကျွန်တော် မျှော်ကြည့်နေမိစဉ်၌ ထိုလမ်းသည် မမ မရှိတော့သောလမ်း။ မမ (သို့မဟုတ်) မြူမြနှင်း မလျှောက်တော့သည့် လမ်း။ နှင်းမရှိတော့သည့် လမ်း။ နှင်းမရှိတဲ့ လမ်း။

နှင်းမရှိတဲ့ လမ်း
အသင်းမရှိတဲ့ ကြမ်းလိုပဲ
ပရမ်းပတာနဲ့
လွမ်းစရာ ကောင်းလိုက်တာ။
ဆောင်းမိုက် မည်းမှောင်
နှင်းကိုယ်တိုင် ကိုယ်ယောင်ပျောက်မှတော့
(ဘယ်လောက်ပဲ လွမ်းပါစေ)
ပျောက်ရှနဲ့တဲ့ ခြေရာအတွက်
နောက်ဘဝမှပဲ ဝေဒနာဆက်တော့မယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ လွမ်းရစ်ပိုင်ခွင့် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

(၇)

"ကျော်ခန့်ဖော်၊ ညွှန်သည်"

ဘောလုံးကွင်း အလယ်လောက်မှ နိုင်လူကြီး ဦးရွှေ၏အော် ပြောသံကို ကြားရသည်။ ဦးရွှေ ညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့် လိုက်မိသည်။

ယခင်အခါ ကာလများက ကျွန်တော် နေရာယူထား လေ့ရှိခဲ့သော၊ ဂိုးတိုင်အနီး လူသွားလမ်းလေးပေါ်တွင် မတ်တတ်ရပ် နေသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်ရ၏။

ရက်ပေါင်းများစွာ သတိမရအောင်၊ မလွမ်းတတ်အောင် မမြင်မတွေ့ဖြစ်အောင် အာရုံအသီးသီးကိုပိတ်ကာ ဖယ်ဖျောက်ထား ခဲ့သည့်တိုင် ဝေးကွာစွာ မြင်တွေ့လိုက်ရခြင်းဖြစ်ပါလျက် မတ်တတ် ရပ်နေသူ အမျိုးသမီးမှာ . . . မမြမြနှင်းဟု ကျွန်တော် သိလိုက် သည်။

နောက်တန်းကစားသူတစ်ဦးက ကျွန်တော့်နေရာတွင် ဝင်





ရောက်လာမှ ကစားကွင်းဘေးစည်းအပြင်သို့ ကျွန်တော် ထွက်လိုက် သည်။

သည်ဘောလုံးကွင်းထဲကို ကျွန်တော့်ညီသည်အဖြစ် ဘာ အကြောင်းကြောင့်များ မမ ရောက်လာရပါသလဲ။

မမ ရှေ့တည့်တည့်သို့ ကျွန်တော် ရောက်သောအခါ ပါးလုပ် စွာ မမ ပြုံးပြသည်။ ကြည်လင်စွာ ကျွန်တော် ပြန်ပြုံးပြသည်။ ဤ အချိန်ထိ ဆောင်းရာသီမကုန်ဆုံးသေး။ မမ၏ အနောက်ဘက်တွင် နှင်းတွေ ဝေနေလျက် ရှိနေသေးသည်။ နှင်းထုနောက်ခံဖြင့် မမ ပြုံးပြသောကြောင့် ရင်မှာပို၍ အေးမြသွားစေ၏။ ဝေနေသော နှင်းတို့ သည် ဒီဇင်ဘာနှင်းဟု သိလိုက်သောအခါကျမှ ရင်ထဲမှ လှုပ်ခနဲ ဖြစ်သွားရသည်။

"မမ နေကောင်းလား"

ခေါင်းညိတ်သည်။

"ကျွန်တော် ဘာကူညီပေးရမလဲ"

ကျွန်တော့်ကိုမကြည့်။ နှင်းတွေကို ကြည့်နေသည်။

"ဒီလမ်းအတိုင်းမသွားဘဲ ဘောလုံးကွင်းဘေး

ကနေ ဘုရားရှိခိုးကျောင်းကိုဖြတ်ပြီး ကားလမ်း

ရောက်တဲ့အထိ လမ်းလျှောက်ကြမယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်းနဲ့ မင်းကို မမ ပြောပြစရာ
တွေ ရှိတယ်။ ပြောပြပြီးရင် မင်းဆီက မမ အကူအညီ
တစ်ခု တောင်းရလိမ့်မယ်''

ဝတ်ဆင်ထားသော အားကစားဘောင်းဘီရှည်ကို သပ်ရပ်စွာ ဆွဲဆန့်သည်။ ဖိနပ်လုံလုံလှယ်ပြီးနောက် ကျောပိုးအိတ်ငယ်ကို ကျွန်တော် စလွယ်သိုင်းလွယ်ပြီး ...

''ဘာကိုပဲဖြစ်ဖြစ် ကျွန်တော် ကူညီပါ့မယ်
မမ''

ဒိုင်လူကြီး ဦးရွှေထံသို့ ကျွန်တော် ပြန်ခွင့်တောင်းသည်။ ကစားဖော်များကို နှုတ်ဆက်သည်။ ထမင်းဘူး မှန်မယ်၊ မြန်မြန်သွားဟု သန်းအုန်း လှမ်းနောက်သည်။ မမ မျက်နှာလေး မှိုင်းမှုန်နေရှာ၏။



(၈)

''မမက အမေတစ်ခု သမီးတစ်ခုဘဝနဲ့ လောကဓံကို ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ရတာ။ ခေတ်ပညာတတ်တစ်ယောက်ဖြစ်ဖို့ အခုလို ရာထူးကြီးကြီးကို ငယ်ငယ်ရွယ်ရွယ်နဲ့ ထမ်းဆောင်နိုင်ဖို့ အများကြီး ကြိုးစားခဲ့ရတယ်။ အဲဒီတစ်လျှောက်လုံးမှာ မမ ကြိုးစားသမျှတွေဟာ မေမေ စိတ်ချမ်းသာဖို့အတွက်ပဲ။ မေမေက မမကို ပညာတတ်ကြီး ဖြစ်စေချင်တယ်။ အရာရှိမ,ကြီး ဖြစ်စေချင်တယ် ... တဲ့။ မေမေ့စကားကို မမ အမြဲတမ်း နားထောင်ခဲ့တယ်။ မိဘစကားဟာ ဘယ်တော့မှ မမှားဘူးလို့ မမ ယူဆတယ်။

အိမ်ထောင်ရေးကိစ္စအထိ မေမေ့စကားကို နားထောင်တယ်ပေါ့ကွာ။ ကိုနေထွန်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



မေမေ့သူငယ်ချင်းရဲ့သား။ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်ပဲ။ သူညမိုက မမတို့အိမ်မှာ။ မမနဲ့ ရာထူးတူတယ်။ အစ်ကိုနဲ့ လက်ထပ်ရမယ့် မိန်းကလေးတစ်ယောက်ရဲ့ အနေအထိုင်ကို မျက်လုံးဒေါက်ဒေါက် ကြည့်နေတတ်တဲ့ တာဝန်ကို ဘယ်သူမှ မပေးဘဲ ယူထားသူပေါ့။

သူငယ်ချင်းတွေက မင်းကိုတွေ့တယ်။ မင်း လိုက်နေတာ မြင်တယ်။ မင်း ထိုင်နေတာ သိတယ်လို့ မမ ပြောခဲ့တာဟာ အဲဒီကိုနေထွန်းအောင်ရဲ့ ညီမဖြစ်သူကို ရည်ညွှန်းပြီး ပြောခဲ့တာပဲ ကျော်ခန့်ဖော်''

''အခု မမ ဘာပြဿနာကို ရင်ဆိုင်နေရလို့ လဲ''

ဟု ...၊ ကျွန်တော် မေးလိုက်သည်။

''မမနဲ့ မင်းကို စွပ်စွဲတယ်။ မင်း လိုက်နေခဲ့တာရော၊ မင်းနဲ့စကား ပြောမိတာတွေရော အဲဒါတွေကို ကောက်သင်းကောက်ပြီး အစ်ကိုဖြစ်သူကို တင်ပြတော့တာပေါ့ကွာ''

''အဲဒီ အစ်ကိုက ယုံတာပဲလား''

မမ ခေါင်းညိတ်သည်။

''ဘာဖြစ်လို့ အလွယ်တကူ ယုံရတာလဲ၊ မမကရော ရှင်းမပြဘူးလား''





''ရှင်းပြတာပေါ့။ မင်္ဂလာပွဲက နီးနေပြီလေ။ ဘာပြဿနာမှ မတက်ချင်လို့ တိုးတိုးတိတ်တိတ် ရှင်းပြတယ်။ ဒါပေမဲ့ လက်မခံချင်ကြဘူး။

မင်္ဂလာပွဲပျက်ရင် မေမေ စိတ်ဆင်းရဲမှာ အမှန်ပဲ။ မမက မေမေ စိတ်ဆင်းရဲမှာကိုပဲ စိုးရိမ်တာ''

''မင်္ဂလာပွဲက ဘယ်နေ့လဲ''

''ဖေ့နဝါရီလ ဆယ့်တစ်ရက်နေ့''

''အခု မမပြောတဲ့ကိစ္စကြောင့် မင်္ဂလာပွဲ ထိခိုက်နိုင်လား''

''ပွဲပျက်တဲ့အထိတော့ မဖြစ်နိုင်ဘူးပေါ့ကွာ။ ဒါပေမဲ့ အဖုအထစ် ဖြစ်တာပေါ့''

''ကျွန်တော် ဘာလုပ်ပေးရမလဲ''

''မင်းကို အားနာတယ်ကွာ။ မင်းရဲ့ ဆင်ခြင်နိုင်မှုကိုလည်း မမ သိတယ်''

''အားနာဖို့ မလိုဘူးလေ'' ...ဟု၊ ကျွန်တော်ပြောသည်။

''မင်းကိုယ်တိုင်ကို ခေါ်လာပြီး အဖြစ်မှန်ကို ပြောခိုင်းပြမယ်လို့ ကိုနေထွန်းအောင်ကို မမ ပြောမိခဲ့တယ် ကျော်ခန့်ဖော်''

စကားသံလေး တုန်ယင်သွားသည်။ ကျွန်တော် မမကို ငြိုးငြင်ငဲ့ကြည့်ပြီး ...

''ဒါများ မမရယ်။ ပြဿနာ အကြီးအကျယ်မှ မဟုတ်တာ။ ကျွန်တော် လိုက်ပြောပေးမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အကြည့်များ ကြုံဆုံစဉ်ခဏ၌ ရင်တွင်းမှာ နွေးထွေးသွား စေသည်။ သစ်ရိပ်များ ထူထပ်ရာသို့အရောက်တွင် ကားလမ်းရှိရာ ဘက်မှ ကားဟွန်းသံများ၊ ကားမောင်းသံများကို ကြားလိုက်ရ၏။

"တစ်ခုတော့ စိတ်ထဲမှာ မရှင်းဘူး မမရယ်၊ ရက်ပိုင်း,လပိုင်းအတွင်းမှာ ခဏလေးတွေ့၊ ခဏ လေး စကားပြောဖြစ်ခဲ့တဲ့ ကျွန်တော့်လိုကောင်နဲ့ မမကို သမုတ်တာ တမင် ပြဿနာရှာတာများလား ဟင်"

မမ၏မျက်လုံးများ ပြုံးနေသည်။

"တမင် ပြဿနာရှာတာမျိုးတော့ မဟုတ် ဘူး။ သူတို့ ထင်နိုင်လောက်တဲ့ အကြောင်းပြချက် တစ်ခု ရှိနေတယ်လေ။ မမ ပြောပြဖို့ ကျန်ခဲ့တယ်၊ အဲဒါ ဘာလဲဆိုတော့ မင်းက ဘောလုံးသမားတစ် ယောက် ဖြစ်နေလို့ပဲ"

"ကျွန်တော် နားမရှင်းဘူး မမ"

"ဒီလိုကွ မမက ဘောလုံးဝါသနာ သိပ်ကြီး တာ။ ဘောလုံးသမားတွေကို သိပ်လေးစားတာ၊ ဘောလုံးပြိုင်ပွဲတွေကို ကွင်းထဲမှာ မိန်းကလေးတစ် မယ့် တစ်ယောက်တည်း သွားမကြည့်ရဲပေမယ့် ရုပ် မြင်သံကြားက ဘောလုံးပွဲလာမယ့်နေ့ဆို ရုံးအလုပ် တွေ မြန်မြန်လုပ်တော့တာပဲ။

မနက်မနက် မင်းတို့ဘောလုံးကွင်းကိုဖြတ်ပြီး ရုံးသွားရတာ ဘောလုံးပွဲကြည့်ပြီး ရုံးသွားရသလိုပဲ"

"မမ ရပ်ကြည့်တာ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

"သိသိသာသာကြီးတော့ ဘယ်ကြည့်မလဲ ကွာ။ ရထားလမ်းဘက်က တက်လိုက်တာနဲ့ ဘော လုံးကွင်းထဲကို မြင်နေတာပဲ။ အဲဒီနေရာကနေ အနည်းဆုံး လေးငါးမိနစ်တော့ မမ ရပ်ကြည့်ဖြစ် တယ်။

မမ,ကြည့်တဲ့အခါတိုင်း မင်းကို အမြဲတမ်း တွေ့တယ်။ အထူးသဖြင့် မင်းက ဒိုင်ဗင်ထိုးဖမ်းတာ တို့၊ သူများခြေထောက်ကြားထဲကနေ ကျွမ်းပစ်ပြီး ဘောလုံးကောက်လိုက်တာတို့မှာ သိပ်ကြည့်ကောင်း တယ်။ တော်ရုံ အတွေ့အကြုံမျိုးနဲ့ အဲဒါမျိုးတွေ ဖမ်းဖို့မတတ်နိုင်ဘူး။

"ဖေဖေ သင်ပေးထားတာ" ... ဟု ကျွန်တော် ပြောသည်။

"ဩော် ... ဒါကြောင့်ကိုး" ... ဟု မမ ပြုံးလျက် ပြောသည်။ ပြီးနောက် ...

ထမင်းဘူး လွှင့်ကျသွားတဲ့နေ့က မင်းတို့ ကစားတာကိုကြည့်ရင်း လျှောက်လာတာ။ ဂိုးရှေ့ကို ချပေးလိုက်တဲ့သူရော ချပေးတဲ့ဘောလုံးကို ပြေး ကန်တဲ့လူရော ကွက်တိပဲ။

ဂိုးပြီလို့ထင်ပြီး ဂိုးတိုင်ဘက် ဝေ့ကြည့်မိန့်







www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ မင်းက ဘောလုံးကို ပုတ်ထုတ်ပြီး သွားပြီ။ မမ ထမင်းဘူးလည်း လွင့်ထွက်သွားရော လေ''

ပြောရင်း မမ ရယ်မောသည်။ ကျွန်တော်ပါ ရောရယ်မိသည်။

''ဘယ်ဘက်က ဘောလုံးဆွဲလာတဲ့သူ ဂိုးသွင်းမယ်လို့ ယူဆပြီး မင်းက ဘယ်ဘက်ကို Angle ပိတ်ထားတယ်လေ။ ဟိုက ညာဘက်ကိုလည်း တင်ပေးလိုက်ရော မင်းနေရာရွှေ့ဖို့ သိပ်မမီတော့ဘူး။ မမီမကမ်း ဘောလုံးပြောင်းပြောင်းကြီးကို ဒိုင်ဗင်ထိုးပြီး ပုတ်ထုတ်လိုက်တဲ့ ပုံစံကို မမမျက်လုံးထဲက အခုထိ မထွက်ဘူး''

''ကဲပါ မမရယ်။ ချီးကျူးခန်း ဖွင့်နေတာနဲ့ပဲ ကျွန်တော် သိချင်တာတွေ မသိရသေးဘူး''

''အဲဒါကို အခုပြောပြနေတယ်လေ။ ဘောလုံးအားကစားကို ချစ်တယ်၊ ဘောလုံးပွဲကို ကြိုက်တယ်၊ ဘောလုံးသမားတွေကို လေးစားတယ် ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဘောလုံးကန်တဲ့ ကောင်လေးနဲ့တွဲပြီတွေ့။ မလှမ်းမကမ်းတွေ့တော့ မမ ဘောလုံးသမားတွေကို အထင်ကြီးလေးစားတယ် ဆိုတာ သိထားတဲ့သူတွေက ဘယ်လိုထင်ကြမလဲ။ မင်းပဲ ခန့်မှန်းပေးပါဦး''

''ဟုတ် ကဲ့။ ကျွန်တော် နားရှင်းပါပြီ''





ကားလမ်းမကို လှမ်းမြင်နေရသည်။

''အခု ကျွန်တော်က မမနဲ့ လိုက်ခဲ့ရမှာလား''

မမ ခေါင်းညိတ်သည်။

''ကိုနေထွန်းအောင်က ရုံးမှာ စောင့်နေမှာ'' ...ဟု ပြောသည်။ ခေါ်ဆောင်ရာ တစ်လျှောက်လုံးတွင် စကားတွေ ဖောင်ဖွဲ့ဖြစ်သေး၏။ ဝေးတော့မည်ကို မသိဟန်ပြုကာ နှုတ်ဆက်စကားဆိုနေသူဟု ကိုယ့်ကိုယ်ကိုယ် မြင်သည်။

BURMESE CLASSIC .com

ကျွန်တော်ကိုယ်တိုင် ကိုနေထွန်းအောင်ကို ဖြစ်ကြောင်း ကုန်စင် မကွယ်မဝှက်၊ မရှက်မကြောက်ဘဲ ပြောပြသောအခါ ကိုနေထွန်းအောင် ယုံကြည်လက်ခံသည်။ အထင်လွဲခြင်း၊ သဝန်တိုခြင်း မဟုတ်ကြောင်း၊ သတင်းစကားကြောင့် စိုးရိမ်ခြင်း သက်သက်သာ ဖြစ်ကြောင်း ကိုနေထွန်းအောင် ပြော၏။

မမ၏ရုံးဌာနရှေ့မှ ကိုနေထွန်းအောင်၏ကား ထွက်ခွာသွားသည်အထိ မမနှင့်ကျွန်တော် ရှိနေခဲ့သေးသည်။

''မင်္ဂလာဆောင် မဖိတ်တာကို တစ်မျိုးမထင်နဲ့နော်။ မင်းကို လာစေချင်ဘူး။ မင်းလည်း လာ ချင်မှာမဟုတ်ပါဘူး'' ...ဟု မမ မပြုံးချင် ပြုံးချင်ဖြင့် ပြော၏။ ကျွန်တော် ခေါင်းညိတ်ရုံသာ နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမက မေမေ့စကားကို နားထောင်ပြီး မကြာ
ခင်မှာ မင်္ဂလာဆောင်တော့မယ်။ မင်းကလည်း မင်း
မေမေစကားကို နားထောင်ပြီး အမေကို စိတ်ချမ်း
သာအောင် ထား"

"ဟုတ်ကဲ့"

"ပလောင်စကားပုံတစ်ခု ရှိတယ်။ မေမေ့
ထုံးစံ မပယ်နဲ့။ မေမေ့ဝလေ့ မမေ့နဲ့တဲ့။ မှတ်ထား
နော်။ မိဘကို စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်
နဲ့"

ကျွန်တော် ခေါင်းညိတ်ပြီး ...,

"မမရဲ့ဆုံးမစကားအတွက် ကျွန်တော် ကျေး
ဇူးတင်ပါတယ်"

လေ့ကားထစ်တစ်ထစ်ကို မမ တက်လိုက်သည်။ ကျွန်တော်
နှင့် မျက်နှာချင်းဆိုင် ဖြစ်သွား၏။

"မင်းကိုလည်း မမ ကျေးဇူးတင်ပါတယ်
အခုလို လိုက်ပြီး ဖြေရှင်းပေးလို့ပေါ့။ မင်းသာ ဖြေ
ရှင်းမပေးရင် မမတော့ သက်သေမရှိဖြစ်ပြီ၊ တကယ်
ကျေးဇူးတင်တယ်၊ ပြီးတော့ အရမ်းကျေးဇူးတင်စရာ
တစ်ခု ကျန်သေးတယ်"

"ဘာကိုလဲ မမ"

မျက်လုံးချင်းဆုံတွေ့နေကြပါလျက် ကျွန်တော့်အကြည့်ကို
အားနည်းသည်။





"မင်းက သိပ်လိမ္မာတာပဲ။ မင်းသာ မမကို
ချစ်တယ်လို့ ဖွင့်ပြောခဲ့ ဆိုခဲ့ရင် ဒီအချိန်ဟာ မမ
သိပ်စိတ်ဆင်းရဲရမယ့်အချိန်ပဲ။ နှုတ်ကို စောင့်စည်း
ခဲ့တဲ့အတွက် မမ မင်းကို သိပ်ပြီး ကျေးဇူးတင်ပါတယ်
ကျော်ခန့်ဖော်ရယ်။ အရမ်းကို ကျေးဇူးတင်ပါတယ်"

ပေါက်ခနဲကျသွားသော မျက်ရည်စက်တစ်စက်ကို မမြင်တွေ့
ရလေအောင် ကျွန်တော် ခေါင်းငုံ့လိုက်သော်လည်း သံမံတလင်းပေါ်
သို့ ကျရောက်သွားသည့် ရေစက်တစ်စက်ကို မြင်လိုက်ရ၏။ မမ
မျက်နှာကို ကျွန်တော် မော့မကြည့်တော့။

"ကျွန်တော် ပြန်တော့မယ်"

ခြေလှမ်းသွက်များဖြင့် လှမ်းထွက်ခဲ့သည်။ ကျောခိုင်းခဲ့သည့်
နေရပ်တွင် နှင်းတွေ ဝေ,မဝေ ကျွန်တော်မသိ။ ကျွန်တော့်မျက်ဝန်း
တော့ နှင်းတွေ ဝေနေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဖန်နဝါရီလ ဆယ့်တစ်ရက်နေ့သည် တနင်္ဂနွေနေ့၊ နှင်းတွေ ဝေနေသည်။ ဘုရားရှိခိုးကျောင်းအတွင်းမှ ဓမ္မတေးသံများကို ကြား နေရ၏။ တနင်္ဂနွေနေ့ဖြစ်သဖြင့် ဘောလုံးကွင်းထဲတွင် ဘောလုံး ကစားသူတွေ မရှိကြ။

ဂိုးတိုင်ကိုမှီလျက် မမြမြနှင်း လာနေကျ လမ်းဘက်သို့ မေ ကြည့်နေမိသေးသည်။ ဒီနေ့ မင်္ဂလာဆောင်ကြတော့မှာပဲ ဟူသော အတွေးသိကြောင့် မျှော်ကြည့်မိရာနေရာမှ မျက်နှာလွှဲလိုက်၏။ ဘုရား ကျောင်းရှိရာဘက်သို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်။ ဘဝတစ်ခုကို အချစ်မရှိဘဲ တည်ဆောက်နိုင်သကဲ့သို့ ဆောင်းတစ်ခုကိုလည်း နှင်း မရှိဘဲ တည်ဆောက်ကြည့်ချင်သည်။ နှင်းမရှိတော့သည့်အခါ ဆောင်း ဥတုသည် နှင်းဝေခြင်း, မဝေခြင်းအတွက် ပူပန်စရာ မလိုတော့။





မေမေ့စကားကို နားထောင်လိုက်နာခဲ့သော ကျွန်တော်၊ ဘောလုံးကစားရာ ဘောလုံးကွင်းသို့ . . .

အမေ့စကားကို နားထောင်လိုက်နာခဲ့သည့် မမြမြနှင်းသည် သူ၏ခင်ပွန်းဖြစ်သူနှင့် စနေနေ့မနက်တိုင်း ကိုယ်ပိုင်ကားတစ်စီးဖြင့် ဘာရောက်ကြည့်ရှုလေ့ရှိ၏။ ကျွန်တော့်ကို တွေ့သောအခါ ပြုံးပြ နှုတ်ဆက်ကြသည်။

ထိုစနေမနက်တိုင်းတွင် ကျွန်တော် ဂိုးပေါက်အတွင်းသို့ သွင်းကိုးနည်းပါးစေခဲ့သည်။ အာရုံကို ဘောလုံးကစားခြင်းတစ်ခုတည်း မှာသာ ထားရှိသည်။ ဘောလုံးကွင်းအတွင်း နှင်းဝေခြင်း, မဝေခြင်း ကိုလည်းကောင်း၊ ဘယ်သူဘယ်ဝါတွေ လာမည်, သွားမည်, ကြည့်ရှု နေမည်ကိုလည်းကောင်း စိတ်အတွင်းမှ ဖယ်ဖျောက်နိုင်စွမ်းကြီးခဲ့၏။

မမြမြနှင်းကို စတင်တွေ့မြင်သည့် မနက်က နှင်းတွေ ဝေနေ သည်။

၁၉၉၀ — ဧပြီလ

([illegible])



www.burmeseclassic.com

www.burmeseclassic.com

# အသည်းနှလုံး၏လိုအင်ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ငိုဖို့ ခက်နေသလား နွယ်မိုးခင်"

"ဟုတ်တယ် ဆရာ၊ မိုး ... စိတ်တွေ တင်း နေတယ်"

နွယ်မိုးခင် စကားကြောင့် သူ ... ခေါင်းတစ်ချက် ညိတ် ပြီး ...

"ကဲ ... မီးတွေ ခထားအောက်ထားလိုက်ပါ၊ ကင်မရာတွေ ဒီအတိုင်း ချိန်ထားမယ်နော်"

နွယ်မိုးခင်၏ အလှပြင်သူက နဖူးဆံစပ်နှင့် နှာသီးဖျားပေါ်ရှိ ချွေးစလေးတွေကို တို့ဖတ်ဖြင့် ဖွဖွတို့ပေးသည်။ အလှပြုပြင်ခြင်း ကိစ္စ ပြီးစီးသောအခါ သူက ...

"တင်းနေတဲ့စိတ်ကို လျှော့ချလိုက်တော့ နွယ် မိုးခင်၊ စိတ်ကို ငြိမ်အောင်ထား၊ ငြိမ်ပြီဆိုတာနဲ့ အဲဒီ စိတ်ကို နှာသီးဖျားမှာထား၊ မျက်လုံးမှိတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်မိုးခင် မျက်လုံးမှိတ်သည်။ သူပြောသမျှတွေကို ခေါင်းညိတ်လိုက်နာသည်။

"ဝင်လေထွက်လေကို အာရုံပြု၊ ခဏကြာရင် စိတ်တွေ ကြည်လင်လာလိမ့်မယ်၊ ပေါ့ပါးလာလိမ့်မယ်"

ရိုက်ကွင်းတစ်ခုလုံး ငြိမ်သက်သွားသည်။ နွယ်မိုးခင်သည် . . . မျက်လုံးတွေကို ပိတ်ထား၏။ ယောဂီတစ်ဦးကဲ့သို့ ခါးကို ဆန့်လျက်၊ လက်ဖဝါးနှစ်ခုကို မှောက်ရှုလျှာ ထပ်တင်လျက် ကြည်လင်ငြိမ်သက်သွားလေသည်။

❀

"စိတ်ကို ထိန်းလို့ရလား နွယ်မိုးခင်"

"ရပါတယ် ဆရာ"

နွယ်မိုးခင်က မျက်လုံးပိတ်ထားလျက် ဖြေသည်။

"အဲဒီစိတ်ထဲကို နွယ်မိုးခင်ရဲ့ . . . အမေသေသွားပြီးဆိုတဲ့ ခံစားမှုတွေ သွင်းလိုက်။ ပြီးရင် . . . သမီးအဖေ ဘယ်သူလဲ . . . ဆိုတဲ့ အမေးကို ဖြေမသွားဘဲ အသက်ထွက်သွားတဲ့အတွက် ငါ့အဖေ ဘယ်သူဘယ်ဝါဆိုတာ သိခွင့်မရှိတော့ပါလား . . . ဆိုတဲ့ ဝေဒနာတစ်ခုကို ထပ်သွင်းလိုက်။ အဲဒီ ဝေဒနာ





နှစ်ခု စိတ်ထဲကို ရောက်လာပြီ စိတ်ထဲမှာ ခံစားနေရပြီဆိုရင်၊ မျက်လုံးတွေကို ဖွင့်လိုက်တော့ . . ."

"ရောက်နေပြီ . . . ဆရာ"

နွယ်မိုးခင် မျက်လုံးပွင့်လာသည်။ မျက်ရည်ဝေ့ဝေ့ဝဲဝဲတွေကို မြင်ရ၏။ နွယ်မိုးခင် အနီးမှ နောက်ဆုတ်ခွာလျက် သူ . . . လက်တစ်ဖက် မြှောက်သည်။

နွယ်မိုးခင်၏မျက်နှာပေါ်သို့ မီးရောင်တွေ ကျရောက်လာ၏။

"ငိုလိုက်တော့ နွယ်မိုးခင်၊ ကျွန်တော် နွယ်မိုးခင်ကို ချုပ်နှောင်မထားဘူး။ ငိုနေရင်းက,နေ . . . နွယ်မိုးခင် လုပ်ချင်တာ လုပ်ပစ်လိုက်။ စိတ်ထဲမှာရှိတဲ့အတိုင်း လုပ်ပစ်လိုက်၊ လုပ်ချင်တာတွေ လုပ်ပြီးတာနဲ့ ဘယ်ဘက်ထောင့်က ကင်မရာကို လှမ်းကြည့်လိုက်။ အဲဒီကို ကြည့်မယ်မျက်လုံးတွေက အနာဂတ်နှစ်ခု ပျက်စီးသွားသူတစ်ဦးရဲ့ မျက်လုံးတွေ ဖြစ်နေရမယ်။ ကဲ . . . ငိုလိုက်တော့ နွယ်မိုးခင်"

" . . . စင်းနိ သာတီး၊ တိပ် သရီး၊ ကဒ် . . . တူး'

နွယ်မိုးခင် မျက်ရည်တွေ ကျလာသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။ တုန်ယင်နေသော နှုတ်ခမ်းမှ လိုဏ်သံကဲ့သို့သော ခေါ်သံတစ်ခု ထွက်ပေါ်လာ၏။

❀



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

"နွယ်မိုးခင်ဟာ မင်းကြောင့် ပိုပြီး အောင်မြင်ကျော်ကြားလာတာ . . . လို့ အားလုံးက ဝေဖန်ကြတယ်။ အဲဒါကို မင်း လက်ခံသလား မြစ်"

ကားမောင်းရင်း မေးသော မျိုးထွန်းကို ငဲ့မကြည့်ဘဲ၊ သူက . . . ,

"တစ်ဝက်ပဲ လက်ခံတယ်"

"ဘာဖြစ်လို့"

"တစ်ဝက်က သူ့ရဲ့ကြိုးစားမှု၊ သူ့ရဲ့ပါရမီ ဓာတ်ခံကြောင့်ပဲ"

သူနှင့်မျိုးထွန်းက ငယ်သူငယ်ချင်း။ သူ . . . ဒါရိုက်တာ မလုပ်ကတည်းက ယခုကဲ့သို့ အောင်မြင်ကျော်ကြားနေချိန်အထိ မျိုးထွန်း၊ သူ့နံဘေးမှာ ရှိခဲ့သည်။ သူကလည်း . . . တိုင်ပင်စရာ ဆွေးနွေးစရာ ကိစ္စတိုင်းကို မျိုးထွန်းမှလွဲ၍ မည်သူနှင့်မှ မတိုင်ပင်





ဆွေးနွေးခဲ့။

"တချို့ သရုပ်ဆောင်တွေက ပြောကြတယ်။ မင်းနဲ့ရိုက်ရတာ အချိန်ပိုကုန်တယ် . . . တဲ့။ ဒါပေမဲ့ သေသပ်တယ် . . . တဲ့၊ မင်းက . . . ဘာဖြစ်လို့ စိတ်ကို အဓိကထား သင်ရတာလဲ မြစ်"

နှုတ်ခမ်းဖွန့်ရုံသာ သူ . . . ပြုံးသည်။

"ပြီးစလွယ် လုပ်လိုက်ရင် ပြီးစလွယ်ပဲ ဖြစ်တတ်တယ် မျိုးထွန်း။ ငို . . . ဆိုလို့သာ ငိုလိုက်ကြတယ်၊ စိတ်ထဲက မပါရင် ပြီးစလွယ်ကျတဲ့မျက်ရည်၊ ဆူလွယ် နပ်လွယ် မျက်ရည်ပဲ ဖြစ်လိမ့်မယ်၊ သရုပ်ဆောင် တော်တော်များများက ရုပ်ကိုပဲ သရုပ်ဆောင်နေကြတာ။ ငါက . . . စိတ်ထဲက ခံစားမှုကို ရုပ်ခန္ဓာနဲ့ သရုပ်ဖော်ခိုင်းတာ။ တူသယောင်ယောင်နဲ့ ကွဲပြားတယ် မျိုးထွန်း"

မျိုးထွန်းက . . . ကားကို အရှိန်အနည်းငယ် လျှော့မောင်း၏။

"မင်း . . . အသက်ကြီးလာတဲ့အခါ၊ မင်း . . . သိထား၊ မြင်ထားတာတွေကို နောင်လာ နောက်သားတွေအတွက် လက်ဆင့်ကမ်းဖို့ အစီအစဉ်ရှိသလား"

"ရှိတယ်၊ ဒါပေမဲ့ . . . သင်တန်းကျောင်းကြီး ဖွင့်ပြီး လက်ဆင့်ကမ်းမှာမဟုတ်ဘူး။ စာအုပ်အဖြစ်နဲ့ ရေးချင် ရေးခဲ့မယ်၊ တိပ်ခွေအဖြစ်နဲ့ ထားချင်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့မယ်၊ ဒါမှမဟုတ် . . . အလုပ်နဲ့ သက်သေ
ခဲ့မယ်''

''သင်တန်းသဘောမျိုး ဖွင့်ရင် မထိရော
ဘူးလား''

သူ ခေါင်းခါသည်။

''ငါ . . . အခု အသက်နှစ်ဆယ့်ကိုးနှစ်။
အရွယ်မှာ ကြီးကျယ်အောင်မြင်သွားတဲ့လူတွေ ရှိ
လို၊ သေသွားတဲ့ လူတွေလည်း ရှိခဲ့တယ်။ ဒီအရွ
မှာတောင် ငါတွေ့ထားတဲ့ ငါ . . . ဖြတ်သန်းခဲ့တဲ့အ
တွေကို အသက်ဆယ့်လေး၊ ငါး၊ ခြောက်နှစ်အရွ
တွေ နားလည်အောင် ပြောဖို့ အခက်အခဲ ရှိ
တယ်။ လူငယ်လေးတွေ နားဝင်အောင် မနည်းပြေ
ရမှာ။

အသက်ငါးဆယ်လောက်မှာ . . . လူငယ်
ကိုရော၊ ငါတွေ့ထားတဲ့ အမှန်တရား၊ ငါတွေ့ထာ
အနှစ်တရား၊ ငါ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံ
ကို ပါးစပ်က ထိုင်ပြောနေရုံနဲ့တော့ လက်ဆင့်က
ရာ ရောက်မှာမဟုတ်ဘူး၊ လူငယ်တွေကို ခေါ
အောင် လုပ်လိုက်တာနဲ့ တူသွားလိမ့်မယ်''

''အဲဒီတော့ . . . မင်းက ဘယ်လို လုပ်ချင်
''လူငယ်တွေကို နည်းနည်းချင်း ပြောပြ
တစ်ခုချင်း လုပ်ပြမယ်၊ အသက်ကြီးလာမှ လု





တာထက်စာရင် အခုကတည်းက တစ်ဆင့်ချင်း
ပြောပြ၊ လုပ်ပြသွားတာက တစ်ခွန်းချင်း နားဝင်
အောင် ပြောပြသလိုမျိုး၊ ပိုပြီး . . . အကျိုးရှိတာပေါ့၊
အသက်ကြီးမှ လုပ်မယ် . . . လို့ ရည်ရွယ်ထားမိတယ်
ထား၊ အသက်မကြီးခင် သေသွားရင် ဘယ်လိုလုပ်
မလဲ''

သူ့စကားကြောင့် မျိုးထွန်း တဟားဟား ရယ်လေ၏။

''လူငယ်ဆိုတာ တစ်ဆင့်ချင်းပြောရင်၊ နား
ဝင်တယ်။ အဲဒီတော့ တစ်ဆင့်ချင်း ပြောရမယ်။
ကောင်းကင်ကြီးကို မော့ကြည့်လိုက်စမ်း၊ မင်းတို့
ကြည့်လိုက်တဲ့အချိန်မှာ စောစောက ကောင်းကင်ကြီး
မဟုတ်တော့ဘူး၊ ပြောင်းလဲသွားပြီ၊ ပျက်စီးသွားပြီ
. . . လို့ ပြောလိုက်ရင်၊ လူငယ်တိုင်း နားလည်မှာ
မဟုတ်ဘူး၊ အချစ်ဆိုတာ ပြောင်းလဲတတ်တယ်၊
အလွမ်းဆိုတာ ပြောင်းလဲတတ်တယ်။ အချစ်အနှစ္စ၊
အလွမ်းအနိစ္စ . . . အရာရာ အနိစ္စပါ . . . ကွာလို့
ပြောလိုက်ရုံနဲ့ လူငယ်တွေ နားလည်နိုင်တယ်။ အဲဒီ
လို တစ်ဆင့်ချင်း နားဝင်အောင် လောဘမကြီးဘဲ
ပြောတတ်မယ်ဆိုရင် နိဗ္ဗာန်ဆိုတဲ့အကြောင်းထိ ပြော
ပြလို့ရတယ် သူငယ်ချင်း။

အဲဒီလို မဟုတ်ဘဲ ကိုယ်တွေ့ထားသမျှ နှစ်
ပေါင်းလေးငါးဆယ်စာ အတွေ့အကြုံကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အလောတကြီး မဆင်မခြင် ဝုန်းခနဲ၊ ဒိုင်းခနဲ ပြောပြ
လိုက်တာမျိုးကတော့၊ မီး ... ဆိုတာ ပူတယ်လို့
ပြောပြရာ မရောက်ဘဲ မီးဖို ... မီးဖို ... လို့
ထ,အော်သလိုမျိုး ဖြစ်လိမ့်မယ်"

"ဒါဆို ... နွယ်မိုးခင်ကို မင်းက, နည်းနည်း
ချင်း၊ တစ်ဆင့်ချင်း ပြောပြနေတာပေါ့ ဟုတ်လား"

သူ ခေါင်းညိတ်သည်။ မျိုးထွန်းက မချိုမချဉ် မျက်နှာထား
ဖြင့် ...,

"ဘယ်အဆင့်အထိ ရည်ရွယ်ထားသလဲ"

"သူ ... နာခံနိုင်စွမ်းတဲ့ အဆင့်အထိပေါ့"

"မင်း 'ပြောသမျှ' နွယ်မိုးခင် နာခံမှာပါကွာ" ... ဟု
မျိုးထွန်းက ရယ်လျက် ပြောသည်။ မျက်နှာထားတည် မျိုးထွန်းကို
သူ ... ငဲ့ကြည့်လိုက်၏။ မျိုးထွန်း ရယ်နေဆဲရှိသည်။



(၃)

သူနှင့် နွယ်မိုးခင်တို့ ငြိစွန်းနေကြကြောင်း ကောလာဟလ၊
သတင်းစကားများကို နေရာအနှံ့ ကြားရကြောင်း မျိုးထွန်း ပြောသည်။
မဟုတ်လှုပ်စွာ သူ နားထောင်၏။ မျိုးထွန်းက ...

"နွယ်မိုးခင်ကို အနေအထိုင် ဆင်ခြင်နိုင်းရင်
ကောင်းမယ်"

"သူ ... လိုတာထက် မပိုခဲ့ဘူးထင်တယ်
မျိုးထွန်း"

"မဟုတ်ဘူးလေကွာ၊ သူ့အိမ်က ကားနဲ့
မပြန်ဘဲ မင်းဘေးနားမှာ စွေ့ခနဲ ဝင်ထိုင်ပြီး မင်းကို
လိုက်ပို့နိုင်းတာမျိုးပေါ့"

"မောင်နှမတွေ ပြုကျင့်နေတဲ့ အလေ့အထ
ပါကွာ၊ ပြီးတော့ ... သူက ငါ့နှမအရွယ်၊ အစ်ကို
တစ်ယောက်လို သဘောထားနဲ့ ပွင့်လင်းနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားလိုက်ရင် ကောင်းပါ့မလား''

မျိုးထွန်းက သူ့ကို အံ့ဩစွာ ကြည့်သည်။

''မြတ်စံ၊ မင်းရဲ့ဂုဏ်သိက္ခာအတွက် မင်းကို မင်း မကာကွယ်တော့ဘူးလား''

သူ ခေါင်းခါ၏။

''ငါက . . . ဆရာ . . . လို့ အခေါ်ခံထားရတဲ့ လူတစ်ယောက်ကွ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ထက် တပည့်ဖြစ်သူကို အကာအကွယ်ပေးဖို့ နွယ်မိုးခင်ဘေးမှာ ငါ ရှိနေသင့်တယ်''

မျိုးထွန်း သက်ပြင်းချ၏။ လေပြင်းတစ်ခု ရှပ်တိုက်သွားရသော အပင်ငယ်တစ်ပင်ကို ကြည့်သကဲ့သို့ မျိုးထွန်းကို၊ သူ . . . ကြည့်လိုက်သည်။

အဖေ, အမေ၊ အစ်ကို, အစ်မ၊ သူငယ်ချင်း အပေါင်းအသင်း၊ အသိုင်းအဝိုင်း ဝန်းကျင်တစ်ခုလုံးက သူနှင့် နွယ်မိုးခင် အခြေအနေကို မေးမြန်းစုံစမ်းကြသည်။ နွယ်မိုးခင်နှင့် အမှန်တကယ် ချစ်ကြိုက်နေသည်ဆိုလျှင် သဘောတူ ကြည်ဖြူပါကြောင်း၊ မိသားတစ်စုလုံးက သူ့ကို ပြုံးရွှင်စွာ ပြောသည်။ ရေငုံနှုတ်ပိတ်လျက်သာ သူ နေ၏။





''ကောလဟာလတွေကတော့ ပလူပျံနေတာပဲ မောင်မြတ်စံရေ'' . . . ဟု၊ အစချီလျက် နွယ်မိုးခင်၏ မိခင်က သူ့ကို ရယ်ရယ်မောမော ပြောသည်။ နွယ်မိုးခင်က သူ့ရှေ့တွင် အချိုရည်ချပေးသည်။ သူ့နံဘေးတွင် ထိုင်သည်။

''မိုးလေ . . . အဲဒီသတင်းတွေနဲ့ ပတ်သက်ပြီး ဆရာ့ကို သိပ်အားနာတာပဲ''

နွယ်မိုးခင်ကို သူ ငဲ့ကြည့်ကာ . . .,

''ကျွန်တော့်ကို အားနာရင် အဲဒါတွေကို ရင်ဆိုင်နိုင်အောင် ကြိုးစား၊ ဖြေရှင်းဖို့ မကြိုးစားနဲ့။ ရင်မဆိုင်ရဲဘူး ဆိုရင်တော့ အစကတည်းက ဒီအထဲကို ဝင်မလာသင့်ဘူး''

''ဟုတ်ကဲ့ ဆရာ။ မိုး . . . ရင်ဆိုင်နိုင်ပါတယ်''

''မုန်တိုင်းထဲကိုရောက်နေတဲ့လှေဟာ မုန်တိုင်းကို ဖျက်ဆီးပစ်ဖို့ မလိုဘူး။ ရင်ဆိုင်လှော်ခတ်နေဖို့ပဲ လိုတယ်။ မုန်တိုင်း ငြိမ်သွားတဲ့အချိန်ကျမှ ရေပြင်ညီပေါ်မှာ လှော်ခတ်နေတဲ့ လှေဟာ ဘယ်လိုလှေလဲ ဆိုတာ . . . ဖြေရှင်းပြစရာမလိုဘဲ အလိုလို သိသွားကြလိမ့်မယ်''

အချိုရည်ကို သူ တစ်ကျိုက်မော့သောက်သည်။ ပြီးမှ . . .

''နွယ်မိုးခင်''

နွယ်မိုးခင်က သူ့ကို ရွှန်းလဲ့လေးနက်စွာ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တိုင်းဆိုတာ ဘယ်လောက်ပြင်းပြင်း၊ ဘယ်လောက်ကြာကြာ တစ်ချိန်ချိန်မှာ ငြိမ်သက်သွားရစမြဲပဲ"

နွယ်မိုးခင် ခေါင်းညိတ်၏။

"ကျေးဇူးသိပ်တင်ပါတယ် ... ဆရာ"

မုန်တိုင်း တိုက်ခတ်ခဲ့သောကာလသည် ခြောက်လကျော်မျှ ကြာညောင်းခဲ့၏။ ထိုကာလများအတွင်း သူနှင့်နွယ်မိုးခင်သည် ကားရိုက်မပျက်၊ အသွားအလာမပျက်၊ အရယ်အမောပျက်၊ ဟန်အမူအရာ ဆံတစ်မျှင်စာမျှ မပျက်ယွင်းခဲ့သော သူတို့နှစ်ယောက်ကို ကြည့်မြင်လျက် စကားတင်းဆိုသူများသာ ဟန်အမူအရာတွေ ပျက်ခဲ့ရသည်။ သူတို့နှစ်ယောက်ကို ငေးကြည့်နေရသဖြင့် အနည်းဆုံးတော့ အချိန်နာရီတွေ ထိခိုက်နစ်နာသွားကြရရှာသည်။



(၄)

နွယ်မိုးခင်၏ မင်္ဂလာလက်ထပ်ပွဲကို အင်းလျားကန်ဟိုတယ်တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ အနုပညာလောကသားများ အားလုံးနီးပါး တက်ရောက်ကြသည်။ နွယ်မိုးခင်၏ ဘဝကြင်ဖော်မှာ အနုပညာလောကထဲမှ မဟုတ်ချေ။

ထိုမင်္ဂလာလက်ထပ်ပွဲသို့ မျိုးထွန်းနှင့်အတူ ... တက်ရောက်ခဲ့သည်။ "လက်ဖွဲ့ခြင်း သည်းခံပါ" ...ဟု မင်္ဂလာဖိတ်စာတွင် ရေးထိုးထားပါလျက် နွယ်မိုးခင်ကို သူက လက်ဖွဲ့ပစ္စည်းတစ်ခု ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို .. လက်ဖွဲ့ပစ္စည်းကတော့ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော စိပ်ပုတီးလေးတစ်ကုံးသာ ဖြစ်၏။

သတို့သား၏ အသိုင်းအဝိုင်း၊ သတို့သမီး၏ အသိုင်းအဝိုင်း အပါအဝင် မင်္ဂလာအခမ်းအနား အတွင်းရှိ တက်ရောက်လာကြသူများ အားလုံး၏ရှေ့တွင် ထို ... ကျောက်စိမ်း စိပ်ပုတီးလေးကို နွယ်မိုးခင်၏ လည်တိုင်မှာ သူကိုယ်တိုင် ချိတ်ဆွဲပေးခဲ့သည်။ လက်ခုပ်သံများ



www.burmeseclassic.com

www.burmeseclassic.com

အကြားမှ "ကျေးဇူးတင်ပါတယ် ဆရာ" ... ဟု၊ သူ့ကို နှယ်မိုးခ
ပြောသည်။ "အလှဆွဲဖို့ ပေးတာ မဟုတ်ဘူးနော်" ဟု၊ သူပြုံးလျက်
ပြောသည်။ နှယ်မိုးခင် ခေါင်းညိတ်၏။

မင်္ဂလာပွဲမှအပြန်တွင် သူ့လက်ထဲမှာ နှယ်မိုးခင် ပေးလိုက်
သော ဒိုင်ယာရီစာအုပ်တစ်အုပ် ပါလာလေသည်။ "အင်လျားကန်
ပေါင်ဘက်ကို ငါ သွားချင်တယ် မျိုးထွန်း" ... ဟု၊ သူ ပြော၏
မျိုးထွန်းက ကားစက်နှိုးရင်း သူ့လက်ထဲမှ ဒိုင်ယာရီစာအုပ်ကို တစ်
ချက်ကြည့်သည်။

...... ...

မို ... ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာ့ကို နှုတ်ဆက်ခဲ့တဲ့အတွက် မို့မှာ အပြစ်ကြီးတယ်လို့ ယူဆရင် ဆရာ့ကို မို တောင်းပန်ပါတယ်။ မိုကို ခွင့်လွှတ်ပါ ဆရာ။ မိတ်ဆက်ပြီး ရင်နှီးခဲ့တာ မဟုတ်ဘူး ဆိုတာကိုတော့ ဆရာ ယုံကြည်ပါ။

ဆရာရဲ့ ချိုသိမ်မွေ့နွေးအား သင်ကြားပို့ချမှုအတွေကိုတော့ မို တစ်သက်လုံး လေးစားနေမှာပါ။ ဆရာဟာ တကယ့် ဆရာ တစ်ယောက်၊ တကယ့်အနုပညာရှင်တစ်ယောက်လို့ မို သိလိုက်တဲ့ အချိန်မှာ မို နောက်ကျ ရခဲ့ပါတယ် ဆရာ။

ကောလာဟလတွေကို မို ရင်ဆိုင်နေရချိန်တုန်းက မို့အနားက တစ်ပါးမှမရှာဘဲ ရင်ဆိုင်နိုင်စွမ်းရှိအောင် တပ္ပ သွန်သင်ပေးနေချိန်ကစပြီး ဆရာဟာ မို့ရဲ့ တကယ့်ဆရာ၊ တကယ့်





အစ်ကိုတစ်ယောက်ပါလား ... လို့ မို သိခဲ့ရတာပါ။

အချိန်နှောင်းပြီဗျာ ... မို့ရဲ့ အသည်းနှလုံးကို မိုသာ သိမ်းထားပါတယ်။ သိမ်းလို့ ရခဲ့ပါတယ် ဆရာ။ ဆရာ မို့ရဲ့ လက်ထပ်ပွဲဟာ ဆရာတစ်ယောက်ရဲ့ [illegible] တပည့်တစ်ယောက်က

သူ ... နားလည်ပေးလိမ့်မယ် အကောင်းမြင်ပေးနိုင်ပါစေ၊ မြှော်လင့်ခဲ့ ... လို့ ဆရာ အသိအမှတ်ပြုပေးပါ။

ဒီနေ့ကစပြီး ဆောင် ... အနာဂတ်မှာ ဆရာဟာ မို့ရဲ့ ဆရာ အစ်ကို အစ်ကိုအစ် အနုပညာရှင်အစ်ကိုလို့ မို သတ်မှတ်ပြီးပါပြီ။ ဆုံးသာရဲ့ အလိုဆန္ဒနောက်ကိုတော့ ယောက်ျားလိုက်ကြသည့်အတိုင်း နားလည် ခွင့်လွှတ်ပေးပါ ... ဆရာ။

ဆရာ့ရဲ့

တပည့် (အစ်မ)

နှယ်မိုးခင်

မျိုးထွန်းက၊ ဒိုင်ယာရီ၏ နောက်ဆုံးစာမျက်နှာကို တစ်လှည့်
သူ့ကို တစ်လှည့် မျက်လုံးဝိုင်းလျက် ကြည့်သည်။

"ဒါ ... ဒါဆို မင်းကို နှယ်မိုးခင်က ချစ်နေ
တာပေါ့နော်။ ချစ်ခဲ့တာပေါ့"

သူ ခေါင်းညိတ်သည်။ မျိုးထွန်းက ဒိုင်ယာရီစာအုပ်လေး
ကို ပိတ်လျက် ...,

"သနားပါတယ်ကွာ"

အင်းလျားကန်ထဲသို့ သူ ခဲလုံးတစ်လုံး ပစ်ချလိုက်၏။
ယက်တစ်ခု ထ,သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

"မင်းကရော နွယ်မိုးခင်ကို နည်းနည်းလေးမှ စိတ်မယိုင်ခဲ့ဘူးလား။ မချစ်ခဲ့မိဘူးလား"

အင်းလျားကန်၏ရေပြင်တခုံးကို ငေးကြည့်ရင်း သူက ...,

"မြင်ကတည်းက ရင်ထဲမှာ စွဲခဲ့တယ် မဏိ စန္ဒာ ... ဆိုတဲ့ ကဗျာလေးတစ်ပုဒ်လိုပေါ့။ ငါက သူ့ကို မြင်မြင်ချင်း ချစ်ခဲ့မိတာပါ"

အာမေဋိတ်သံ တစ်စွန်းတစ်စမျှ မထွက်နိုင်လောက်အောင် ပင် မျိုးထွန်း အံ့ဩသွားရ၏။

"မဂ္ဂဇင်းမျက်နှာဖုံးရုပ်အဖြစ် သူ့ပုံတွေကို စ တွေ့ကတည်းက ဆိုပါတော့၊ ဒါပေမဲ့ သရုပ်ဆောင် မင်းသမီးအဖြစ် သူ့မိဘက ငါ့ဆီမှာ လာကမ်းလှမ်း တဲ့ အချိန်ကစပြီး ချစ်တယ်ဆိုတဲ့ အသည်းနှလုံးရဲ့ ဆန္ဒကို ငါ ... ရုပ်ပစ်လိုက်တယ်၊ အခုအချိန်အထိ နောင် အနာဂတ်တွေ အထိပေါ့ကွာ"

တည်ငြိမ်စွာ သူ ပြောသည်။ သို့သော် မျက်လုံးတွေက အဝေး ... သို့ လွမ်းငေးနေ၏။

"ပရိသတ် အထင်အမြင်သေးသွားမှာစိုးလို့ ဆင်ခြင်လိုက်တာလား"

သူ ခေါင်းခါသည်။

"ပရိသတ် အထင်အမြင် သေးသွားမှာစိုးလို့ ဆင်ခြင်တယ်ဆိုတာက ကိုယ့်ကိုယ်ကိုယ် ကာကွယ် တာမျိုး။ အခု ငါ ဆင်ခြင်လိုက်တာ၊ မျိုသိပ်လိုက်





တာဟာ ငါ့အနုပညာလောကတစ်ခုလုံးကို ငါ ကာကွယ်လိုက်တာပဲ။

အနုပညာသမားတွေဟာ အမျိုးမျိုးသော သမုတ်တဲ့ဒဏ်ကို ခံခဲ့ကြရတယ်၊ သမုတ်တဲ့အတိုင်း လည်း ဖြစ်သွားကြတဲ့သူတွေ ရှိတယ်။ အဲဒီအထဲမှာ အသည်းနှလုံးတွေ၊ ဘဝတွေ၊ ဆန္ဒတွေကို ရင်းပြီး အနုပညာလောကကြီးကို သေသည်အထိ စောင့် ရှောက်သွားတဲ့ သူ၊ ကာကွယ်သွားတဲ့သူတွေလည်း ရှိခဲ့လိမ့်မယ်။

အဲဒီရှိခဲ့တဲ့ အနုပညာသမားတွေထဲမှာ ငါလည်း သဲတစ်ပွင့်အဖြစ် ပါဝင်လိုက်တာပါ။ အနု ပညာကို စောင့်ရှောက်တဲ့ အနုပညာသမားဟာ လူ့ လောကကို စောင့်ရှောက်တာနဲ့ အတူတူပါပဲ"

"မင်း သိပ်ခံစားရမှာပေါ့နော်"

"ခံစားရတာပေါ့ သူငယ်ချင်းရာ၊ အသည်း နှလုံးဆိုတာ ခဲလုံးမှ မဟုတ်ဘဲ"

"မင်္ဂလာခန်းမထဲမှာ မင်း မျက်နှာက ဘာမှ မခံစားရတဲ့အတိုင်းပဲနော်"

"ဟန်ဆောင်ထားတဲ့သူက မလုံခြုံဘူးကွ၊ သူ့ မှာ ဖြေဆည်စရာ မရှိဘူး။ ဟန်ဆောင်ထားတာ တစ်ခုပဲ ရှိတယ်၊ မျိုသိပ်ထားတဲ့သူက လုံခြုံတယ်၊ သူ့မှာ ဖြေဆည်စရာရှိတယ်၊ ငါက မျိုသိပ်ထားတာ


www.burmeseclassic.com

ဆိုတော့ ဖြေဆည်စရာ ရှာရတာပေါ့ကွာ။

နှယ်မိုးခင်ကို ဆုံးရှုံးသွားပြီ ... လို့ ငါ မတွေ[illegible] ဘူး။ ငါ့ညီမ၊ ငါ့တပည့်၊ ငါလုပ်ဖော်ကိုင်ဖက်အဖြ[illegible] ရှိနေဦးမှာပဲ ... လို့ ငါ တွေးလိုက်တာပေါ့။ အဲ[illegible] ... ငါ့ရဲ့ ဖြေဆည်နိုင်ခြင်းပဲ''

သူ ထိုင်ရာမှ ထ,သည်။ မျိုးထွန်း၏လက်ထဲမှ ဒိုင်ယာ[illegible] စာအုပ်လေးကို လှမ်းယူ၏။

''ဆရာတစ်ယောက်က တပည့်တစ်ယောက်[illegible] အပေါ်မှာ စောင့်ထိန်းရမယ့် ကိုယ်ကျင့်တရား၊ အ[illegible] ပညာသည် အချင်းချင်း စောင့်စည်းရမယ့် လူ့ကျင့်[illegible] ဝတ်။

အဲဒါတွေကို မြန်မာပြည်မှာ ရှိနေတဲ့ လူငယ်[illegible] အနုပညာသမားတစ်ယောက်က အသည်းနှလုံး[illegible] လိုအင်ဆန္ဒကို ပစ်ပယ်ပြီး စောင့်စည်းခဲ့တယ် ဆိုတ[illegible] ကို ...

အနုပညာ ပုံစံတစ်ခုနဲ့ တစ်နေရာရာမှာ တင်[illegible] ပြလိုက်ရင် လူငယ်တွေရဲ့ ရင်ထဲကို တစ်ခုခုရောက်[illegible] သွားမှာ အမှန်ပဲ။ စောင့်ထိန်းရမယ့် ကိုယ်ကျင့်တရား[illegible] စောင့်စည်းရမယ့် လူ့ကျင့်ဝတ်ဆိုတာ အသက်ယ[illegible] ပေမယ့်လည်း လိုက်နာသင့်ပါလား ... လို့ လူငယ်[illegible] တွေရဲ့ ရင်ထဲက လက်ခံသွားရင် အဲဒီ ... လူငယ်[illegible] တွေရဲ့ စိတ်ကို သင်တန်းပေးလိုက်တာပဲပေါ့။





ဒါပေမဲ့ ... အဲဒီ လူငယ်တွေကို ဒါရိုက်တာ မြတ်စံရဲ့ မျိုးဆက်သစ် ... လို့ ငါ တံဆိပ်ကပ်မှာ မဟုတ်ဘူး။ အဲဒီလူငယ်ဆိုတာတွေ အားလုံးဟာ မြန်မာပြည်ရဲ့ မျိုးဆက်သစ်တွေပဲ။

အဲဒီ မျိုးဆက်သစ်တွေကိုပြောပြဖို့ အဆင့် တစ်ဆင့် စကားတစ်ခွန်းအတွက် ငါ အသည်းကွဲခွင့် ရတာ သာဓုခေါ်ပါ သူငယ်ချင်းရာ''

မျိုးထွန်း၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်ကာ သူ ပြော ကြားလိုက်သည်။ မျိုးထွန်းက ခေါင်းညိတ်ပြီး ငဲ့အကြည့်မှာတော့ ... သူ ...

မျက်လုံးမှိတ်ပြီး ကောင်းကင်ပေါ်သို့ ခေါင်းမော့လိုက်လေ ၏။ မျက်ဝန်းထောင့်မှ မျက်ရည်တစ်စက် ပါးလုပ်စွာ စီးကျသွားသည် ကို နီးကပ်စွာ မြင်လိုက်ရသည်။ အင်းလျားရေပြင်ဘက်သို့ မျိုးထွန်း မျက်နှာလွှဲလိုက်သည်။

မိုးစက်မှုန်များကြောင့် ...

လှိုင်းကြက်ခွပ်တွေကို ရေပြင်တပြင်နှင့် အနှံ့တွေ့၏။ သူငယ် ချင်းဖြစ်သူ၏ မျက်နှာကို ငဲ့မကြည့်ရက်တော့ချေ။

✿ ✿ ✿

၁၉၉၀ – ဇူလိုင်

(အချိုး၉ မွေစင်း)

www.burmeseclassic.com

# သောကသက်တမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

သူ့မျက်ဝန်းတွင် မျက်ရည်တွေ ဖိတ်လျှံနေသည်။

မျက်စောင်းတစ်ချွန်ရှိ ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ပြာကို မြင်နေရသည်။ ပိတ်ကာလျက်ရှိသော မျက်ရည်ဆိုးတွေကြောင့် မိုးကောင်းကင်ကို၊ ပီပြင်စွာ မြင်တွေ့ခွင့်မရ ဝိုးတဝါးသာ မြင်ရ၏။

မျက်ဝန်းအပြည့် မျက်ရည်တွေ ပိတ်ဆို့နေသည်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည်၊ သိလျက် . . . မျက်တောင်ကို မပုတ်ခတ်မိချေ။ မျက်တောင်ခတ်လိုက်လျှင် မျက်ရည်တွေကို ဖျစ်ညှစ်လိုက်သကဲ့သို့ ရှိလိမ့်မည်။ နောက်ဆုံးမျက်ရည်တွေ ပါးပြင်ပေါ်သို့ စီးကျမည်ကို အလွန်အမင်း စိုးကြောက်၏။

အပူမျက်ရည်၏ တိုက်စားအထင်ကြောင့် ပါးပြင်မှာ . . . ဖျဉ်းယုံလျက်ရှိသည်။ မကြည်လင်သော . . . ပင်လယ်ငံ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပါးပြင်သည် ပြုံပွဲခဲ့ရသည့် ကမ်းပါးပမာ။ တိုက်စားသည့် အလှအလဲ။

✻

ဒဏ်ရာသည် နာကျင်လွန်း၏။

အံကြိတ်ထားမိသည်။ သွားဖြင့် ဖိကိုက်ထားရသော အောက်နှုတ်ခမ်းသည် သွေးခြင်းခြင်းနီ၏။ အရေပြားပေါ်မှ ဒဏ်ရာ သည် တဆစ်ဆစ်သော နာကျင်၏။ ရင်တွင်းဒဏ်ရာသည်ကား ... တနင့်နင့်။

ပြတင်းပေါက်မှ လေစိမ်းတိုက်သည်။

လေစိမ်းနှင့်အတူ ပိတောက်ရနံ့တွေ ဝင်၏။ ပိတောက် သည် တဒင်္ဂသာ ဖြစ်ချေသည်။ လေစိမ်းသည် ချစ်သော ပိတော ရနံ့ကို ဝေးရာသို့ ခေါ်ဆောင်သွားလေ၏။ ဖမ်းဆုပ်၍ မရမှန်း လျက် ထိုရနံ့ကို လက်ကမ်းချင်မိသည်။ ခြေလက်တွေ လှုပ်ရှား မရ။ ချစ်သူဦးခေါင်းတွင် ပိတောက်တွေ ပန်ဆင်ဆင့်မှု၏။

နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်နေသည် ... ကိုယ့်ကိုယ်ကိုယ် သိသည်။ ထိုနှုတ်ခမ်းကို ဝမ်းနည်းစိတ်ကြေ နာကျင်နေမှန်းသိပါလျက် ပို၍ကိုက်ထားမိသည်။ ရင်ဘတ်ပေါ် ဖိတင်ထားသော ဂွမ်းစောင်အစိမ်းကို ဖယ်ထုတ်စေချင်သည်။

"သား။ ဘာပြောချင်လို့လဲ၊ ပြောလေ။ သ





ပြောချင်တာ ပြော"

ပြောခွင့်ပေးပါလျက် အပြောခက်သည်။

အားလုံးက သူ့ကို ငုံ့ကြည့်နေကြသည်။ အမေ့အမေစကား ကို မသိမသာ ကြားသည်။ နှုတ်ပါးစပ်က ပြော၍မရ။ အမူအရာဖြင့် ပင် လှုပ်ရှား၍ မရ။ မသိ မကြားသလိုသာ နေရ၏။

မျက်နှာစိမ်း နှစ်ယောက်ကို ခပ်စိန်းစိန်း ကြည့်လိုက်မိသည်။ ကြားခံမျက်ရည် အနောက်အကျိတွေကြောင့် အမြင်သည် မှုံးတဝါး။ ထိုအမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့သည် စိတ်ထိခိုက်နေကြဟန် တူ၏။ ကြေကွဲဖတ်လမ်းကို ကံရေးအာမခံမှာ ဖန်တီးခဲ့ကြသူတွေ ... ဟု ရွပ်ချွဲချင်သည်။ ထွက်ခွာသွားကြဖို့ အော်ဟစ်ပြောချင်၏။ အားမဲ့ စွာ နာကျင်ရလေသည်။

အံကြိတ်ထားမိဆဲတွင် ချစ်သူမျက်နှာကို မြင်ယောင်သည်။ ချစ်သူသည် သူသွားရမည့်ခရီးကို သွားနှင့်ခဲ့ပေပြီ။ လွန်ခဲ့သော ည တစ်ညကတည်းက သွားနှင့်ခြင်း ဖြစ်၏။

ထိုခရီးကို မသွားချင်သော်လည်း ချစ်သူ ကြိုစောင့်နေပြီကို သိသဖြင့် သွားဖို့အချိန်ကို စောင့်ဆိုင်းနေရသည်။ ကိုယ်တိုင် ထွက် ခွာချင်သော်လည်း ထွက်ခွာခွင့် မရ။ အခုသွားမယ် ... ဟု ပြောခွင့် မရ။ စိရင်ချက်ကို စောင့်မျှော်နေရသည်။ "သွားမယ်" ... ဟု ပြော ချင်သော်လည်း မရောက်သေး။

အမေနှင့် အမေက ... "မသွားနဲ့" ဟု စိတ်အတွင်းမှ တားနေကြမည် ထင်သည်။ တားဆီး၍မရ။ မရနိုင်။ ခေါ်ဆောင်သူ သည် အညှိမ်မဲ့ချေ၏။ သွားရလိမ့်မည်ကို သိလျက်, မသွားစေချင်

www.burmeseclassic.com

သည့် မိဘတွေ၏ ဝေဒနာသောကကို စာနာသိဖြင့် သိရသည်။ "မသွားလို့မှ မရဘဲ။ ကိုယ်တိုင်ကလည်း သွားချင်နေတာ" ဟု စိတ်အတွင်းမှ အော်ပြောသည်။ အမေနှင့်အဖေ၏မျက်နှာအမူအရာသည် သူ့ပြောစကားတွေကို စိုးစိမျှ ကြားဟန်မရှိ။

တရားဝင် နှုတ်ဆက်ချင်သည်။ အကြည့်တွေဖြင့် နှုတ်ဆက်ရသည်ကို အားမရ။ တရားဝင် ဖျောင်းဖျချင်သည်။ တုန်ယင်နေသော နှုတ်ခမ်းနှစ်လွှာက ဖျောင်းဖျစကားတွေ . . . မအံထွက်။ နှလုံးသွေး ပျက်မျှ ခံစားရ၏။

ရင်ဝေဒနာက ပြင်းလွန်းသည်။

ပြင်းလွန်းသော ဝေဒနာကို ခံစားနာယူရင်း . . . ဟားတိုက်၍ ရယ်မောလိုက်ချင်၏။ အရောင်ပြောင်းသွားသော မျက်ရည်ဝဲတွေနှင့် တွန့်သွားသည့် နှုတ်ခမ်းထောင့်ကို အမေ တွေ့သွားဟန် တူသည်။

"ဘာပြုံးတာလဲ သား"

"ခနဲ့ပြုံးပါ အမေရယ်။ နာကျင်ပြုံးပေါ့။ ပြီးတော့ . . . နှုတ်ဆက်ပြုံး" . . . ဟု၊ တစ်ကိုယ်တည်း ပြောသည်။

ချစ်သူ၏မိခင်သည် အမေ့ဘေးတွင် ရပ်နေ၏။ သူ့ကို ကရုဏာသက်စွာ ကြည့်သည်။ "မကြည့်နဲ့" . . . ဟု ပြောချင်၏။

အကြည့်မဆုံလိုသဖြင့် မျက်စိကို စုံမှိတ်လိုက်ချင်သည်။





မျက်ရည်တွေ စီးကျမည်ကို စိုးသဖြင့် မမှိတ်ဖြစ်။ မျက်တောင်တစ်ချက် ခပ်လိုက်ခြင်းသည် နှုတ်ဆက် တံခါးပိတ်ခြင်း . . . ဟု ကိုယ့်ကိုယ်ကိုယ် သိ၏။

"မောင် . . . . . . . . ."

ချစ်သူ့ခေါ်သံကို ကြားသည်။


www.burmeseclassic.com

www.burmeseclassic.com

(၂)

ထိုညက . . .

လမင်းသည် . . . မှဲ့တစ်ဝက် လင်း၏။ သစ်ကိုင်းတချို့သည် ရိုးတံအပြိုင်းပြိုင်း၊ မနှစ်က ပေးထားဘူးသော ပိတောက်ပန်းခြောက် တစ်ခက်ကို ချစ်သူ့ကေသာနွဲ့တွင် အမှတ်တရ တွေ့၏။ ညှ,ဆယ်နာ ရီ သံချောင်းခေါက်သံကို အဝေးတွင် ကြားသည်။

“ပြေးမှဖြစ်မယ် မောင်” . . . ဟု ချစ်သူပြောသည်။ “မပြေးဘူး။ ရင်ဆိုင်မယ်ဟု သူပြောသည်။

“မပြေးလို့ မဖြစ်ဘူး မောင်။ အခုလောက်ဆို လိုက်လာနေလောက်ပြီ။ တို့က, နှစ်ယောက်တည်း။ သူတို့က . . .”

ချစ်သူသည် စိုးရိမ်တကြီး ပြောနေ၏။ ချစ်သူ့မျက်နှာကို ငေးကြည့်မိသည်။ ည၏ လ,မင်းသည် မိုးကောင်းကင်တွင် မချမ်းမြေ့စွာ တင်၏။ ဘဝ၏ လ,မင်းသည် အနီးအပါးတွင် ထိန့်ထိန့်သာ





နေသည်။ ချစ်သူ့လက်ကို ဖွဖွဆုပ်၏။

ခြေသံတွေကို ကြားသည်။

ကားမီးရောင်ကို တွေ့သည်။

“မောင် . . . . . .”

တုန်ယင်သော ချစ်သူ့ခေါ်သံသည် သို့နင့်နေ၏။ တစ်ယောက်လက်ကို တစ်ယောက် ဆွဲကိုင်ကြသည်။ ခြေလှမ်းများ၏ နင်ရာသည် ဦးတည်ရာ မဲ့နေ၏။ လွတ်မြောက်ခြင်း . . . သို့ ရည်ရွယ်ပြေးထွက်ခဲ့ကြကြောင်း နှစ်ကိုယ်သိ, သိသည်။ အမှန်တကယ်လည်း လွတ်မြောက်ကြမည် . . . ဟု ထင်ခဲ့၏။

ကားမီး၏ အလင်းတန်းသည် တစ်ဟုန်ထိုးလိုက်၏။

ချစ်သူသည် ပြေးလွှားရင်း လမ်းမ,ပေါ်တွင် ပြင်းထန်စွာ လဲကျ၏။ ကား၏ မီးအလင်းတန်းသည် ချစ်သူကို မြင်ဟန်မတူရေ။ သို့တည်းမဟုတ် . . . အရှိန်သတ်၍ မရမှန်း သိသာ၏။ ကားသည် ချစ်သူ၏ခန္ဓာကိုယ်ပေါ်သို့ ဦးတည်လိမ့်ဆင်းသွားသည်။ ချစ်သူ့ခန္ဓာကိုယ်ပေါ်သို့ သူ . . . အုပ်မိုးလိုက်၏။

“ဒုန်း”

“အား”

“ဒုန်း”



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှောင်းသွားသည်ကို တဒင်္ဂအတွင်း သိသည်။ သူ့ခန္ဓာကိုယ် လွင့်စဉ်သွားသည်ကိုလည်း မြေသို့မကျမီ သိသည်။ ချစ်သူခမြာ ငြည်းတွားသံပင် မပြုနိုင်ရှာဘဲ တမလွန်သို့ ရုတ်ခြည်း ရောက်ရှိသွား၏။

သူ့ တစ်ကိုယ်လုံးသည်လည်း သွေးတွေဖြင့် ရွှဲစိုသွား၏။ ထိုညက … လမင်း မှဲ့တစ်ဝက် လင်းသည်၊ လမ်းမပေါ်တွင် သွေးစ … သွေးန … သွေးစက် သွေးပွက်တွေ …

မျက်ရည်သည် မျက်ဝန်း၏ထောင့်အစွန်းသို့ တစ်စစ တိုး၏၊ စီးမကျအောင် တမင်ထိန်းသည်။

ကောင်းကင်ပြာကို အပြာဟု မမြင်ရ။ အစိမ်းရောင်လိုလို၊ အပြာရောင်လိုလို၊ တစ်ခါတစ်ရံ မည်းမှောင်ကာ မြင်ရ၏။

ခန္ဓာတစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။ ဒူးဆစ်တွင် ပြည်တွေ တည်နေသည်။ အုန်းသီးလုံးခန့်အထိ ရောင်ကိုင်းနေမည်မှန်း ကိုယ့်ကိုယ်ကိုယ် သိ၏။ အခေါင်းပေါက်ကြီး တစ်ခုအတွင်း ငွမ်းစ, တွေ ထည့်ထားသည်ကို သိသည်။ ထိုသို့သော် ဒဏ်ရာတွေ ခန္ဓာတွင် အနံ့။ သွေးညှီနံ့သည် မပျယ်သေး။ ‘တက်’ ခေါက်ချင်သော်လည်း လျှာသည် လှုပ်ရှား၍ မရ၊ ‘တောက်’ ခနဲ မမြည်။

ဝေဒနာကို ကိုယ်စား ပြောပေးမည့် ကိုယ်ပွားတွေ ရှိချင်သည်။ သွန်ထုတ်နိုင်စွမ်းများ နောက်ဆုံးအဖြစ် ပေးသနားရန် တံခိုးရှင် တစ်ဦးဦးထံသို့ ခန္ဓာကိုယ်ကို အပ်နှံတောင်းခံချင်သည်။ အ,ကသိုလ် ကြောင့်ဟု ဆိုရမည်လား မသိ။ နောက်ဆုံး အခွင့်အရေးကိုပင်လျှင် တောင်းတ,ခွင့် မရှိ။ တောင်းတ,၍ မရ။





နှုတ်ဆက်ခွင့် မရလိုက်သော …၊ နှုတ်ဆက်ခြင်း မရှိဘဲ ွက်ခွာသွားရသည့် ချစ်သူ၏ ခြေရာတွေကို အတွေးဖြင့် ဖွေရှာမိ သည်။ ရောက်ရှိနေမည့် နေရာကို သိပါလျက် တိကျစွာ မမှန်းဆတတ် ။ ချစ်သူ့မျက်နှာကို မြင်ယောင်တိုင်း မကျေနပ်ချက်တွေကို အား ကုန် ဖွင့်ပြောလိုက်ချင်သည်။ ဝန်းခံမျက်လုံးတွေကို အပြစ်ဖို့စွာ သူ ကြည့်၏။ နာကြည်းစွာ ကြည့်နေမိသည်ကို မအံ့ဩစကောင်း။

“သား …

အန်တီ့ကို ခွင့်လွှတ်ပါကွယ်”

ခေါင်းယမ်းချင်သည်။ လည်တိုင်သည် နိုင်မတ်လျက်ရှိ၏။ ဖွင့်သော ဝေဒနာတွေက မျက်ရည်များကို လျှံတက်စေလေသည်။ မော့မော့ အနေအထားကြောင့် မျက်ရည်တွေ … မျက်လုံးစွန်းသို့ ွယ်သည်။ တချို့ ပါးပြင်ကို တိုက်စား၏။

မြင်ယောင်သော ချစ်သူ့မျက်နှာကို ဖယ်ထုတ်သည်။ တမ ွန်တွင် တွေ့ရလိမ့်မည်ဟု မျှော်လင့်သဖြင့် တကူးတက မမြင်ယောင် င့်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။ အမေနှင့်အဖေကို နှုတ်ဆက် ကြည့်ဖြင့် သူ … ကြည့်၏။

မဟာကရုဏာရှင်၏ အပြုံးတော်ကို မြင်ယောင်ဖန်တီးကြည့် ၏။ မျက်လုံးဖွင့်ထားသဖြင့် သိသိသာသာ မမြင်သာသေး။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

ပိတ်လိုက်ခြင်းသည်လည်း လက်ရှိဘဝ၏ နိဂုံး ... ဟု ကိုယ့်ကိုယ်ကိုယ် သိ၏။ သိလျက်နှင့် မျက်လုံးကို ပိတ်လိုက်သည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ကင်းမဲ့သွားကြ၏။ လျှံထွက်သွားသော အပူရည်တွေ တလိတ်လိတ်။

မျက်လုံး ပိတ်လိုက်စဉ်တွင် စကြဝဠာတစ်ခွင်လုံးကို လွှမ်းခြုံနိုင်စွမ်းသော မဟာကရုဏာရှင်၏ အပြုံးတော်ကို ဖူးတွေ့ရသည်။ မုန်းသူကို မုန်းသောစိတ်တွေ၊ ပြေပျောက်လိုက်၏။ စိတ်ကို လျှော့ချလိုက်သဖြင့် ထင်သလောက် မခက်ခဲ။

"သား"

အမေ့ခေါ်ငိုသံကို ကြားရသေးသည်။ သူသည် ... နှုတ်ခမ်းတစ်ချက် တွန့်သွား၏။

ချစ်သူနှင့် ဆုံတွေ့ရမည့် ခရီးလမ်းကို သူ ... စတင်သည်။ အမှန်တကယ် ဆုံတွေ့မည်, မဆုံတွေ့မည်ကို မသိ။ ယူဆ,ချက်သည် နိဒ်မတ်စွာ လိုက်ပါသွား၏။ မည်သူ့ကိုမျှ နှုတ်ဆက်စကား ပြောမသွားရ။

...သခင်...

ပြောချင်သလား။

ရင်အမော အသာဖြေလို့

နာတာရှည် တို့ နှမ်ဦးအတွက်

ငိုဘူးလျှင် သုတ်စပါး ပျော်မှာမို့...

"ဂုထားနော်" ဆိုတေးတွေနဲ့

ညမျှားစွာ အသာအိပ်ပြီး





နှုတ်ဆိတ်ကာထား။

...သခင်...

ငိုချင်သလား။

ရင်မှိုအောင် ကြေကြေမွမွလေတော့...

နေ့နေ့တွေ အသာမေ့ပြီး

ပျော်မွေ့ခဲ့တာ။

...သခင်...

လွမ်းချင်သလား။

ရှင်လန်းသယောင် အသာပြုံ

လွမ်းမှုကို ရင်မှာသိမ်းကာ

ထိန်းထားပါလား။

...သခင်...

ပြုံးချင်သလား။

ပြုံးနေလျှင် ပျော်ရွှင်တယ် ထင်လေမယ့်...

အသော်မှန် တို့နှမ်ဦးကြားမှာ

သူများစွာ ကာရံခဲ့တဲ့လို့

ပျော်တတ်ဟန် တာဝင်သိမ်းကာ

စိမ်းလှည့်ပါလား။

...သခင်...

မြို့ငြင်မှာလား။

တို့ ယခင် အချင်ဘဝကတည်းက

မြင်တွေ့ကြုံ နေ့ရက်ဟောင်းပါပဲ



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချမ်းမြေ့ရာမြို့)

တောင်ဆုတွေ ခြွေမပြည့်ခင်တော့ . . .
ပတ်ဝန်းကျင် မငြိုငြင်လေနဲ့
ပိုးညှန့်စင် ရင်ကိုကော့ကာ
ရှင်ချို့ချို့ ဟန်တကြော့နဲ့
သေါင်းမော့လို့ထား။

ချစ်သူကို ရွတ်ဆိုပြလေ့ရှိသော 'တို့နှစ်ဦး' . . . ဆိုသည့် ကဗျာတစ်ပုဒ်ကိုတော့ သူ့စိတ်အတွင်းမှ ဆုံးခန်းတိုင်သည်အထိ ရွတ်ဆိုသွားနိုင်ခဲ့၏။ ထို့နောက် . . . သူ . . . ငြိမ်သက်သွား၏။

❀ ❀ ❀

၁၀—၇—၁၉၉၇
၁၉၉၇ — စက်တင်ဘာလ
(ကလျာ မဂ္ဂဇင်း)



# ချစ်ခြင်း၏သက်တမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကိုမြင့်လွင်က မောင်ဒီအပေါ် လင့်ဝတ္တရား ပျက်ကွက်ခဲ့သလား။ ဒါမှမဟုတ် ဖောက်လွှဲဖောက်ပြန် လုပ်ခဲ့သလား။ အော်တာ ငေါက်တာ၊ ဆူတာ ဆဲတာ၊ ရိုက်တာ နက်တာ ရှိခဲ့သလား" . . . ဟု ဖုပ်ကွက်လူကြီးက မေးမြန်းသောအခါ ဖာလီက, မျက်နှာငုံ့လျက် "မရှိပါဘူး" . . . ဟု ဖြေကြားသည်။

"ဘာပြစ်ချက်၊ ဘာနာကျင်ချက်မှ မရှိဘဲ
မပေါင်းသင်းချင်တော့တာ၊ တစ်ခုတည်းပေါ့"

ဖာလို ခေါင်းအညိတ်တွင် မြင့်လွင်၏ရင်တွင်း၌ နင့်နာစွာခံစားရလိမ့်မည် . . . ဟု ကျွန်တော် တွေးသိစာနာသည်။ မြင့်လွင်၏မျက်နှာသည် အစွန့်ပစ်ခံရသော ပစ္စည်းဟောင်းတစ်ခုကဲ့သို့ ခြောက်သွေ့ညှိုးနွမ်းနေရှာ၏။ သူငယ်ချင်းဖြစ်သူကို ကြည့်ရင်း ကျွန်တော်ရင်ဆို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးထဲမှအထွက်တွင် မြင့်လွင်၏ ပခုံးပေါ်သို့ လက်တင်ကာ ကျွန်တော်က,

"မင်းမိန်းမ၊ မင်းရင်ခွင်ထဲကို ပြန်ရောက်လာ မှာပါကွာ"

တုံ့ပြန်စကား မဆိုဘဲ၊ သက်ပြင်းမောကိုသာ ဟူးခနဲ မှုတ် ထုတ်၏။

ကားတံခါးကို ဖွင့်ပြီး ကားမောင်းသူနေရာတွင် ကျွန်တော် ထိုင်သည်။ မြင့်လွင်က ကျွန်တော့်နံဘေးတွင် လေးပင်စွာ ထိုင်နေ၏ ကျွန်တော် ကားစက်နှိုးစ,တွင် ဇာလီတို့၏ ကားလှလှလေး ညင်သာ စွာ ထွက်ခွာသွားသည်ကို မြင်ရ၏။

(၂)

ငှငှငိုင်ငိုင်ဖြစ်နေသော သူငယ်ချင်းမျက်နှာကို ကျွန်တော် ကြည့်ရက်၊ တရားဥပဒေကိုသာ အားကိုးပြုနေရသော အခြေအနေ ၏ နှုတ်၏ ဆောင်မ,ခြင်းမှ တစ်ပါး ကျွန်တော် မည်သို့မျှ မစွမ်းဆောင် နိုင်ခဲ့၊ မြင့်လွင်၏ အပါးမှနေ၍ ...

"မင်းဆီကို ဇာလီ ပြန်ရောက်လာမှာပါကွာ" ...ဟု၊ တဖွဖွ ပြောနေခြင်းသည်သာ ကျွန်တော့်၏ စွမ်းဆောင်ချက်။

တက္ကသိုလ်ဒုတိယနှစ်တွင် မြင့်လွင်နှင့်ဇာလီတို့နှစ်ယောက် ချစ်သူတွေ ဖြစ်ကြသည်။ "ဘယ်သောအခါမှ ပြိုကွဲလိမ့်မည် မဟုတ် သော ချစ်သူနှစ်ဦး" ...ဟု၊ သူငယ်ချင်းများက သတ်မှတ်မျှော်မှန်း





www.burmeseclassic.com

www.burmeseclassic.com



ထားကြ၏။

ဇာလီအား တခြားသူနှင့် စီမံတော့မည့် အရိပ်အခြည်ကို တွေ့မြင်မိသောအခါကျမှ မြင့်လွင်၏နောက်သို့ ဇာလီ လိုက်ပါခဲ့ခြင်း ဖြစ်သည်။ ထိုစဉ် တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲ ဖြေဆိုပြီးကာစ၊ ချစ်သူ့သက်တမ်း နုနယ်ကာစ။

"နင့်အိမ်က နင့်ကို အမွေပြတ် စွန့်လွှတ်လိုက်ပြီဆို"

အပြုံးမပျက်စွာ ခေါင်းညိတ်သော ဇာလီ့မျက်နှာကို နီးကပ်စွာ ငေးကြည့်ရင်း အံ့သြရ၏။

မြင့်လွင်သည် တစ်ကိုယ်ရည် တကာရ၊ မြန်မာပြည် အထက်ပိုင်းဒေသ တစ်ခုမှနေ၍ ဆယ်တန်းကျောင်းသားဘဝဖြင့် ရန်ကုန်သို့ ရောက်လာရသူဖြစ်သည်။ ဆယ်တန်း မအောင်ခင်အထိ နေထိုင်စားသောက်ရာ ဌာနသည် ဆွေရိပ်မကင်းသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း။

ဆယ်တန်းအောင်သောအခါ လခ,စား အလုပ်တစ်ခုကို ဝင်ရောက်လုပ်ကိုင်သည်။ ပထမနှစ်တွင် ဘော်ဒါဆောင်နေသည်၊ နောက်တစ်နှစ်တွင် အိမ်ငှားနေ၏။ သူ . . . ငှားနေသော အိမ်သည် သူငယ်ချင်းတွေ ဝင်ထွက်စားသောက် နားနိုင်ရာ အဆောက်အအုံလေး ဖြစ်၏။ ယခုအခါ ထိုအဆောက်အအုံလေးသည် ငြိမ်ဆိတ်လျက် ကြေကွဲဖွယ် ခြောက်သွေ့နေချေသည်။

ထမင်းစားပွဲ ယိုင်နဲ့နဲ့လေးကို ငေးကြည့်ရင်း ဇာလီ့အသံကို





ကျွန်တော် ကြားယောင်သည်။ မြင့်လွင်လည်း သတိတရ ရှိနေလိမ့်မည် ထင်၏။

"အမွေဖြတ်လိုက်လို့ ဘာမှမဖြစ်ပါဘူး။ မိဘက ခပ်စိမ်းစိမ်းလုပ်လိုက်တာတော့ စိတ်မကောင်းဘူး။ မောင်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာပါဆိုလို့ ဘာမှကို ယူမလာဘူး။ သတိရပါလျက်, ကျန်ရစ်ခဲ့တဲ့ အထုပ်တစ်ထုပ်တော့ အဝတ်ဘီရိုထဲမှာ ရှိနေခဲ့တယ်။ အယူရခက်လို့ ထားခဲ့ရတာ"

"ဘာ ကျန်ခဲ့လို့လဲ" . . . ဟု၊ ကျွန်တော် မေးသည်။

"မောင်ပေးထားတဲ့ ရည်းစားစာတွေလေ၊ ကျွတ်ကျွတ်အိတ်နဲ့ တစ်ထုပ်ကြီးပဲ။ မရမက ပြန်ယူရမယ်"

တဟားဟားနှင့် ရယ်မောခဲ့ကြသော ရယ်သံတွေကို ယခုပင်လျှင် ကြားလိုက်သည်ဟု ထင်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

"ခင်ဇော်"

"ဘာလဲ မြင့်လွင်"

"မင်း အိမ်ပြန်ချင်ပြန်လေ။ မင်း အဖေအမေ စိတ်ပူနေမယ်"

ကျွန်တော် ခေါင်းယမ်းသည်။

"ဒီအိမ်ပေါ်ကို ဇာလီ ပြန်လာတဲ့နေ့ကျမှ ငါ အိမ်ပြန်မယ်"

"ငါ ... မင်းကို အားနာတယ် ခင်ဇော်။ မင်း ကျွေးတဲ့ ဆိုင်ထမင်း၊ ဆိုင်ဟင်းကို စားရတာ များနေပြီ။ ငါ ချက်ကျွေးပါ့မယ်ဆိုတာလည်း လက်မခံဘူး"

"ငါ ပြောပြီးပြီပဲ မြင့်လွင်။ ဇာလီ ပြန်ရောက်တဲ့ နေ့ကျမှ နဂိုအတိုင်း ပြန်နေ။ အခု လောလော ဆယ်တော့, ထမင်းဆာရင် စားသောက်ဆိုင်ပေါ်





တက်။ မင်းသွားစရာရှိတာ ငါလိုက်ပို့၊ ငါ သွားစရာ ရှိတာ မင်းလိုက်ပို့။ ဇာလီ့ကို သတိရရင် ... ဖုန်းဆက်။ ရပ်ကွက်လူကြီးမင်းတွေ ချိန်းတဲ့နေ့ ရုံးကို သွား။ ဒါပဲ မဟုတ်လား"

"ဟုတ်ပါတယ်ကွာ" ... ဟု လေသံမောဖြင့် ပြောသည်။

ဇာလီ ပြန်လာလိမ့်မည်ဟု ကျွန်တော့်ကဲ့သို့ သူလည်း မျှော်လင့်နေမည် ထင်၏။ သူ့မျှော်လင့်ခြင်းက အားလုံးထက် အဆများစွာ ပိုပေမည်။

မြင့်လွင်က စကားပြောခွက်ကို လက်ဝါးဖြင့် အုပ်လျက် ကျွန်တော့်ကို ...

"ကွာရှင်းပေးဖို့ပဲ ပြောနေတယ်"

ကြေကွဲစွာ ပြောရှာသည်။ မြင့်လွင် လက်ထဲမှ တယ်လီဖုန်းကို လှမ်းယူပြီး နားတွင် ကပ်လိုက်၏။ အနောက်တိုင်း ဂီတသံ သဲ့သဲ့ကို ရှတ,စွာ ကြားရသည်။

"ဟဲလို"

"ခင်ဇော်လား ... ပြော"

"ပြောမှာ မဟုတ်ဘူး ဇာလီ။ မေးမှာ"

"မေးလေ"

"နင်, မြင့်လွင်ကို မချစ်တော့ဘူးလား။ မသနားတော့ဘူးလား"

"ငါ မပြေချင်ဘူး ခင်ဇော်။ လောလောဆယ် ငါ ဖြစ်ချင်တာက, သူနဲ့ ပြတ်စဲဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"နှင် ရက်စက်တယ် ဇာလီ"

"ငါ ရက်စက်တာ မဟုတ်ဘူး။ ငါ ... ကံခေခဲ့တာ။ ဆုံးဖြတ်ချက် မှားခဲ့တာ"

"အဲဒါဆို နှင်၊ ဘာဖြစ်လို့ ခြောက်လ,တိတိ ပေါင်းသင်းခဲ့သလဲ"

ကျွန်တော့်အသံ မာဆတ်သွားသည်။

"ခြောက်လ,တိတိ ပေါင်းသင်းခဲ့တာ မဟုတ်ပါဘူး။ ခြောက်လ,တိတိ ဆင်းရဲခဲ့တာ။ ဒုက္ခရောက်ခဲ့တာ"

"မြင့်လွင်ကိုယူရင် ဆင်းရဲလိမ့်မယ်ဆိုတာ နှင် မသိဘူးလား ဇာလီ"

"ဆင်းရဲမယ်ဆိုတာ သိတာပေါ့။ ဒါပေမဲ့ ဆင်းရဲတယ်ဆိုတာ ဘယ်လိုနေမှန်း ငါမသိတာ။ အခုတော့ သိပြီလေ။ ဆန်အကြောင်း စဉ်းစားရ၊ ဆီအကြောင်း စဉ်းစားရ၊ ဝင်ငွေအကြောင်း စဉ်းစားရ၊ ထွက်ငွေအကြောင်း စဉ်းစားရနဲ့၊ ကြာရင် ငါရူးလိမ့်မယ်။ အဲ့ဒါကြောင့် ငါ ... အိမ်ပြန်ပြေးတာ"

"ဒုက္ခနဲ့ ရင်မဆိုင်ရဲဘူး ဆိုပါတော့။ ဟုတ်လား"

"ဟုတ်တယ်ပဲ ပြောရမလား မသိဘူး။ ဒုက္ခတို့၊ ဆင်းရဲတာတို့၊ မပြေလည်ဘူးဆိုတာတို့ကို ဟိုတုန်းက ကြားသာ ကြားဖူးတာ။ အခု ... သေသေချာချာ တွေ့ဖူးတော့ ကြောက်သွားပြီ"

"ဘာပဲဖြစ်ဖြစ်၊ လောလောဆယ် နှင်ဟာ မြင့်လွင်ရဲ့ ဇနီးမယားပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ သူနဲ့ မပေါင်းချင်တော့ဘူး"

"နှင့်မိဘက နှင့်ကို သိမ်းသွင်းထားကြတာ များလား ဇာလီ"

"မဟုတ်ဘူး၊ ငါကိုယ်တိုင်က ကြောက်နေတာ၊ ကိုမြင့်လွင်ကို တောင်းပန်ပေးပါဟာ။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပါ ... လို့"

မှင်တက်စွာ ငြိမ်နေမိတော့သည်။ နံဘေးရှိ မြင့်လွင်ကို မည်သည့်စကားမျှ မလှစ်ဟချင်တော့။

လက်ထပ်ပြီး ခြောက်လ, ခန့်တွင် ဇာလီ ပျောက်သွားကြောင်း မြင့်လွင်လာပြောစဉ်က ယခုကဲ့သို့ အခြေအနေမျိုးအထိ ဖြစ်ပျက်ပြောင်းလဲ ပြီးကွဲလိမ့်မည်ဟု မထင်၊ မတွေးမိခဲ့။ မိဘ,အိမ်သို့ ပြန်ရောက်နေကြောင်း လေး,ငါးရက်အတွင်း သိသည်။ ဖုန်းအဆက်အသွယ်၊ လူချင်းအဆက်အသွယ်ပြု၍ မရသဖြင့် သတင်းစာထဲမှနေ၍ 'လက်ခံထားသူအား တရားစွဲဆိုမည်' ဖြစ်ကြောင်း ကြေငြာရန်





www.burmeseclassic.com

www.burmeseclassic.com

မြင့်လွင်ကို ကျွန်တော် အကြံပြုသည်။ မြင့်လွင် ကြေညာသည်။

ထို့နောက် ဥပဒေပညာရှင်များ၏အကူအညီဖြင့် ဇာလီနေထိုင်ရာ အရပ်၏ရပ်ကွက်ရုံးတွင် ရင်ဆိုင်ဖြေရှင်းကြရသည်။ နှစ်ဦးသဘောတူ လက်ထပ်စာချုပ်။ မင်္ဂလာဆွမ်းကျွေးစဉ်က ဖိတ်စာ၊ သူငယ်ချင်းများ, နီးစပ်သူများ၏ သက်သေခံ ထွက်ဆိုချက် အားလုံးချင့်ချိန်လိုက်သောအခါ၊ မြင့်လွင် အနိုင်ရမည်။ ဇာလီ အိမ်ပြန်လာရလိမ့်မည်ဟု တွက်ဆ, မျှော်လင့်ကြ၏။



(၄)

ရပ်ကွက် အကြီးအကဲများက ကွာရှင်းခွင့်ပေးရန် မနိုင်လုံကြောင်း . . . ဇာလီ့ မိသားစုကို ပြောသည်။ ဥပဒေအကြောင်းအရမဟုတ်ဘဲ လူမှုရေးအရ မြင့်လွင်ထံသို့ ဇာလီ လိုက်ပါစေပြီး နှစ်ဦးနှစ်ယောက် ပြန်လည်ညှိနှိုင်း စေလိုကြောင်း သဟာဇာတမျှစွာ ဖြေရှင်းပေးသည်။

ရုံးထဲမှ အထွက်တွင် ဇာလီက မြင့်လွင်နှင့်အတူ လိုက်နေမည် . . . ဟု ပြော၏။ ကျွန်တော် ပျော်သည်။ မြင့်လွင် ပျော်မည်။ အားလုံး ကြည်နူးကြရသည်။

"ကဲ . . . မြင့်လွင်။ ဇာလီ ပြန်လာပြီ။


www.burmeseclassic.com

www.burmeseclassic.com


ငါ့အိမ် ငါ ပြန်တော့မယ်၊ တစ်နေ့တစ်ခါကျ ...ကြ၏။
လောက်ပဲ လာလည်တော့မယ်။ ညအိပ် ညနေ
မလည်တော့ဘူး။ ဟုတ်ပြီလား”

ကျွန်တော့်စကားကြောင့် မြင့်လွင် ရယ်သည်။ ဇာလီက
လည်း ကြိုးစားပြုံးရယ်၏။

“မင်းကို ...ငါ ကျေးဇူးအရမ်းတင်တယ်
ခင်ဖော်”

ကျွန်တော် ခေါင်းယမ်းလျက် ...,

“ဇာလီ့ကိုပဲ ကျေးဇူးတင်လိုက်ပါ”

ပြောပြီး ...ကျွန်တော် ခြေလှမ်းရွှေ့သည်။ ပြိုကွဲလုလု
တိမ်စိုင်တိမ်ခဲတွေကို ဖမ်းဆုပ်နိုင်ခဲ့ပြီ ...ဟု တွေးရင်း သက်ပြင်း
ချဖြစ်၏။ ရင်သည် ...မောလက်စ မကုန်သေး။

အိမ်သို့ ရောက်လျှင်ရောက်ချင်း ဖေဖေနှင့်မေမေ့ကို မြင့်
လွင်တို့ ဇနီးမောင်နှံ ပြေလည်သွားပြီးဖြစ်ကြောင်း ...မြင့်လွင်၏
ယောက္ခမများက သမီးဖြစ်သူကို လက်ဝတ်လက်စားတွေပါ ဆင်ယင်
ပေးလိုက်ကြောင်း ...၊ သဘောမကျ မကြည်ဖြူသော်လည်း ဆိုင်
သာဆိုင်ပြီး မပိုင်တော့ကြောင်းတွေ၊ မမောမပန်း ဝမ်းပမ်းတသာ
ကျွန်တော် ပြောပြသည်။ မိဘနှစ်ပါးစလုံးက ကျွန်တော့်ကဲ့သို့ ကြည်နူး



သူငယ်ချင်းအားလုံးကို ကျွန်တော် ဖုန်းဆက်သည်။ မြင့်လွင်
...အိမ်ကို ယနေ့အဖို့ မည်သူမျှ အလည်အပတ် မသွားရန်၊ ကျွန်တော်
...သည်။ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင် ညှိနှိုင်းပျော်ရွှင်စေလိုသည်။
...တစ်စုံတစ်ဦးက ဘုမသိ,ဘမသိ, သွားရောက်နှောင့်ယှက်မိမည်ကို
ကျွန်တော် မလိုလား။


www.burmeseclassic.com

www.burmeseclassic.com

(၅)

မနက် ရှစ်နာရီခွဲပြီးသည့်တိုင် အိမ်တံခါးက မဖွင့်သေ
တံခါးကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်သည်။ ခြေသံကို ချက်ချ
ကြားရ၏။ တံခါး အဖွင့်တွင် မြင့်လွင်ကို မြင်သည်။

"အိပ်ရာက မနိုးကြသေးဘူး အောက်မေ့

ပြောရင်း, ဖျာပေါ်တွင် ကျွန်တော် ထိုင်သည်။ ဖျာပေ
ခေါင်းအုံးတွင် မြင့်လွင် ခေါင်းချသည်။ နဖူးပေါ် လက်တင်သည

"ဟောကောင်။ အိပ်ရေးမဝ သေးဘူးလာ
ငပျင်း"

ခေါင်းအုံးကိုဆွဲရင်း ... ကျွန်တော် ပြောသည်။ မြင့်လွ
ငုတ်တုတ် ထထိုင်၏။

"မင်း ဘာဖြစ်နေတာလဲ မြင့်လွင်။ ဇ
ကော ... မနိုးသေးဘူးလား"

ဘာမှပြန်မပြောဘဲ အိမ်အပြင်သို့သာ ငေးမောနေ၏။ အိမ်





ပ မိုးကောင်းကင်၌ တိမ်ရောင်စုံတစ်အုပ် မသိမသာ ရွေ့လျားစီး
ျာနေသည်။

"ဘာဖြစ်နေတာလဲ မြင့်လွင်။ ဇာလီ ကော။
ဈေးသွားနေတာလား"

ကျွန်တော့်မေးခွန်းကို မဖြေဘဲ။ ကျွန်တော့်မျက်နှာကို ငေး
ကြည့်သည်။ မျက်ရည်တွေ ဘာကြောင့် ဝဲလာသည်ကို ကျွန်တော်
သိသေး။

"ဘာဖြစ်တာလဲ မြင့်လွင်။ မင်း ... ဘာဖြစ်
လို့"

မေးကြောတွေ တင်းကာ ...

"ဇာလီ ဒီမှာ မရှိတော့ဘူး"

"ဘာ"

ကျွန်တော် မြင့်လွင် အနီးသို့ တိုးကပ်သည်။

"ဒုတိယအကြိမ် ထွက်ပြေး သွားပြန်ပြီပေါ့။
ဟုတ်လား မြင့်လွင်"

"ထွက်ပြေးသွားတာ မဟုတ်ဘူး။ ငါ,ကိုယ်
တိုင် လိုက်ပို့လိုက်တာ"

"မင်းကိုယ်တိုင် လိုက်ပို့တယ်။ ဟုတ်လား"

မြင့်လွင် ခေါင်းညိတ်သည်။ မျက်ဝန်းကို ပုတ်ခတ်နေရှာ၏။

"ရုံးပြင်ကနားကနေ တိုက်တိုက်ခံခံ ရင်ဆိုင်
ဖြေရှင်းခဲ့ပြီးမှ ဘာဖြစ်လို့ အလွယ်တကူ ပြန်ပို့လိုက်
ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြန်ရောက်လာပြီးမှကွာ။

လင်မယားချင်းပဲ။ ဖျောင်းဖျ, နားဝင်အောင်ပြော။ ရက်ပိုင်းအတွင်း ပြေလည်နိုင်ပါလျက်နဲ့"

"ငါ ... သူ့ကို သနားတယ်"

ခေါင်းငုံ့ထားလျက် ပြောသည်။

"ဥပဒေအရ မရှန်းသာလို့ ငါ့ဆီမှာလိုက်နေပြီး အသနားခံတာ။ သူ့စိတ်နှလုံးက သူ့မိသားစုဆီမှာ ကျန်ရစ်ခဲ့မှန်း ငါ ... သိတယ်။

ငါ ... သူ့ကို ဥပဒေအားကိုးနဲ့ နှောင့်ယှက်သလို မဖြစ်ချင်ဘူး။ သူ့ခန္ဓာကိုယ် ငါ့ဆီရောက်နေပေမယ့် သူ့နှလုံးသား ပါမလာဘူး ခင်ဗျာ"

"မင်း ... သူ့ကို ချစ်တယ်ဆို"

"ချစ်တယ်။ အသည်းနင့်အောင် ချစ်တယ်။ ခွဲခွာဖို့ဆိုတာ ဘယ်တုန်းကမှ မတွေးဘူးတဲ့ကိစ္စ။ ဒါပေမဲ့ကွာ ငါချစ်သလို သူမှ မချစ်တော့တာ၊ စာချုပ်စာတမ်းအရ လင်မယားတော်စပ်နေသေးပေမယ့် သူ့စိတ်, သူ့ဆန္ဒ ငါ့ဆီမှာ မရှိတော့ဘူး"

"သူ့စိတ်ဆန္ဒ မင်းဆီမှာ မရှိတော့ဘူးလို့ သူကိုယ်တိုင်က မင်းကို မညှာမတာ ပြောခဲ့လို့လား မြင့်လွင်"

ခေါင်းခါသည်။ ပြီးမှ အိမ်၏ပြင်ပ အဝေးသို့ငေးလျက်။

"မနေ့ညက၊ သူ ... ငါ့ကို နမ်းတယ်





ခင်ဗျာ"

"နမ်းပြီး ငါ့ကို စကားပြောတယ်"

"နမ်းတယ်။ စကားပြောတယ်။ အဲဒါ ဘာဖြစ်လဲ။ ထူးဆန်းသလား"

"နမ်းတာ စကားပြောတာ မထူးဆန်းပါဘူး၊ ဒါပေမဲ့ ပြောတဲ့စကားလုံးက ..."

စကားသံ တိမ်ဝင်သွားသည်။

"ပြောတဲ့စကားလုံးက ငါ့ကို ရက်စက်တယ်"

"ဘာပြောလို့လဲ" ...ဟု ကျွန်တော် အလောတကြီး မေးသည်။

"ဒီတစ်ညလုံး မောင်နဲ့ဖာလီ အတူနေကြမယ် ...တဲ့။ မောင့်ကို ဖာလီ ယုယုယယ နေချင်တယ်တဲ့၊ မနက်ကျရင်, ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးနော် ...တဲ့"

ကျွန်တော် အံ့သွားချင်း ဖိကိုက်လိုက်မိသည်ကို မြင့်လွင် မသိ။

"ငါ ... ညတွင်းချင်း ချက်ချင်းပဲ သူ့အိမ်ကို လိုက်ပို့လိုက်တယ်ကွာ။ သူ့မိဘတွေ ရှေ့မှာပဲ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့တယ်။ ဖာလီ အရမ်းပျော်သွားတယ် သူငယ်ချင်း"

"ညတစ်ညလုံးကိုတောင် အသုံးပြုပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးနိုင်းပုံထောက်ရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



မှာ တခြားအစီအစဉ်များ ရှိနေသလားပဲ"

"ရှိတယ် ... ခင်ဗျာ။ ဒီရက်ပိုင်းအတွင်းမှာ သူတို့အသိုင်းအဝိုင်းထဲက ဂုဏ်ခြံပ်တူတဲ့ လူတစ်ယောက်နဲ့ လက်ထပ်လိမ့်မယ်"

"မင်း ... အဲဒါကို ကြည်ဖြူခဲ့တယ်ပေါ့။ ဟုတ်လား မြင့်လွင်"

"ကြည်ဖြူခဲ့တာ မဟုတ်ဘူး။ စွန့်လွှတ်ပစ်လိုက်တာ။ စာချုပ်စာတမ်းအရ၊ ဥပဒေအရ သူ့ကို ပိုင်ဆိုင်ထားရပေမယ့် ချစ်ခြင်းမေတ္တာအရ သူနဲ့ငါ သူစိမ်းတွေ ဖြစ်သွားကြပြီလေ။

အနှစ်ကို ပိုင်ဆိုင်ဖို့ မဖြစ်နိုင်မှာတော့, အခွံကိုလည်း စွန့်လွှတ်ပစ်လိုက်တာ အကောင်းဆုံးပဲပေါ့"

"အံ့ဩစရာပဲကွာ။ ချစ်လွယ်၊ မုန်းလွယ်၊ မေ့ပျောက်လွယ်လိုက်ကြတာ" ဟု ကျွန်တော် ငြီးတွားမိသည်။

မြင့်လွင်က ဒူးနှစ်ချောင်းကို ကွေးပြီး လက်ဖြင့်ပိုက်သည်။ မျက်နှာကို ဒူးနှလုံးပေါ်သို့ အပ်၏။ ဝန်းကျင်သာ ဆိတ်ငြိမ်နေမည်ဆိုလျှင် ကြမ်းပြင်ပေါ်သို့ ပေါက်ခနဲကျသွားသော မျက်ရည်စက်၏ အသံကို ကျယ်လောင်စွာ ကြားရပေလိမ့်မည်။ မငိုပါနဲ့ ...ဟု ကျွန်တော် မတားမိ။

"ငါ့ရဲ့ဘဝအခြေအနေကပဲ ပြိုကွဲနိုင်လောက်အောင် ယိမ်းယိုင်ခဲ့တာလား။ သူကပဲ တမင်ဖြိုခွဲခဲ့





တာလား။ မပြောတတ်တော့ဘူး။

ဒါပေမဲ့ ... သေချာတာကတော့ နှစ်ယောက်ဘဝရဲ့အနာဂတ်တွေ၊ သံယောဇဉ်တွေ၊ ရည်ရွယ်ချက်တွေအားလုံး ပြိုကွဲသွားပြီကွာ"

အစ,တုန်းက ချစ်သူတွေ မဟုတ်ကြဘူးလား ... ဟု တစ်စုံတစ်ယောက်ကို အော်ဟစ်မေးမြန်းလိုက်ချင်၏။

"ချစ်သူ" ...ဟူသော ဝေါဟာရသည် အရာခပ်သိမ်း ပိုင်ဆိုင်နိုင်ဖို့အတွက် အကြွင်းမဲ့စွာ ဖန်တီးနိုင်စွမ်းသော ခိုင်မြဲခြင်းအမှတ်သညာမဟုတ် ... ဟု မနေ့က,အထိ ကျွန်တော် မသိသေး။

ကိုယ်, စိတ်, နှလုံး၊ ဘဝရင်ခွင်တစ်ခုလုံးကို အထိတ်အလန့်မဲ့စွာ၊ အနှောင့်အယှက် ကင်းစွာ၊ စိုးမိုးပိုင်ဆိုင်ခွင့် ရသူများအတွက် ချစ်သူဟူသော ဝေါဟာရထက် ပိုမိုနက်ရှိုင်းသည့် အမည်သညာတစ်ခုခုကို ရှာဖွေညွှန်ပြတတ်ချင်သည်။

ထိုအမည်သညာအတွင်း ပြိုကွဲခြင်းတွေ မရှိစေရ၊ ထိုအမည်သညာအတွင်း ချစ်ခြင်း၏ သက်တမ်းများ ပိုမို၍ ရင့်သန်မြင့်မားစေချင်၏။

www.burmeseclassic.com

www.burmeseclassic.com

# အကြောင်းနှာယ်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကိုကြီးစိုး၏ ရုပ်ကလာပ်ကို ကိုကြီးစိုး၏ မိဘများက မီးသင်္ဂြိုဟ်မည်ဟု ပြောသည်။ ဒါကို . . . ကျွန်တော်တို့ တစ်အုပ်စုလုံးက လက်မခံ။ ကိုကြီးစိုးလို လူတစ်ယောက်ကို ဂူသွင်း၍သာ သင်္ဂြိုဟ်သင့်ကြောင်း ကျွန်တော်တို့ ဆန္ဒပြုသည်။ ငွေကြေးအခက်အခဲ ရှိနေနိုင်သည်ကို သတိပြုမိသဖြင့် ဂူသွင်းဖို့ကိစ္စ၊ ကုန်ကျစရိတ်၊ ဈာပနကိစ္စအဝဝကို ကျွန်တော်တို့အုပ်စု တာဝန်ယူလိုက်ကြသည်။

ခင်မိုးဆွေက အုတ်ဂူသွင်းခြင်းအတွက် ကုန်ကျစရိတ်ကို တာဝန်ယူသည်။ ဝါဝါနှင့်ဒွေးနိုင်တို့လင်မယားက ဈာပနအခမ်းအနား၊ မော်တော်ယာဉ်ခ၊ ယပ်တောင်ခ စသည်ဖြင့် တာဝန်ယူသည်။ ကျွန်တော်နှင့် ကျန်အဖွဲ့သားများက ရက်လည်ဆွမ်းကျွေးခြင်းကိစ္စကို တာဝန်ယူကြသည်။

အသက် (၂၉) နှစ်သာ ရှိသေးသော ကိုကြီးစိုးကို ကျွန်တော်တို့ မသေစေချင်သေး။ သေမည်ဟု မထင်ခဲ့သေးချေ။ ကိုကြီးစိုးသည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံးထက် လေးငါးနှစ်ခန့် အသက်ကြီးသည်။ ဒီ အရွယ် ဒီအသက်ဖြင့် ကွယ်လွန်ခဲ့ခြင်းအတွက် ရုတ်တရက်ဟူသော ဝေါဟာရကို ကျွန်တော်တို့ ထိတ်လန့်ခဲ့သည်။ နာကျင်ခဲ့သည်။

ကျော်စိုးထွန်း . . . ဟုခေါ်သော ကျွန်တော်တို့၏ ကိုကြီးစိုးသည် ခေါင်းဆောင်မဟုတ်။ ရပ်ကွက်လူကြီးမဟုတ်။ ခေတ်ပညာတတ်မဟုတ်။ သို့သော် . . . ခေတ်ပညာတတ်တစ်ယောက်ကဲ့သို့ တွေးခေါ်ဆင်ခြင်နိုင်သည်။ ခေါင်းဆောင်တစ်ဦးကဲ့သို့ ညှာတာစိတ်ကြီးသည်။ ကျွန်တော်တို့ အားလုံးအပေါ်တွင် လူကြီးသူမ တစ်ဦးကဲ့သို့ သွန်သင်ဆုံးမလေ့ရှိသည်။

ကိုကြီးစိုးနှင့် ကျွန်တော်တို့ ခင်မင်ကျွမ်းဝင်ခဲ့ကြသည်မှာ ငါးနှစ်ခန့်သာရှိသေးသည်။ တိုတောင်းသည်ဟု ပြော၍ရသော ကာလ။ ထိုကာလအတွင်း ကျွန်တော်တို့အပေါ်ထားသော ကိုကြီးစိုး၏သံယောဇဉ်၊ ကိုကြီးစိုးအပေါ်ထားသော ကျွန်တော်တို့၏သံယောဇဉ်သည် အနှိုင်းအဆမဲ့စွာ ကြီးမားခဲ့ပါသည်။

အမြဲတမ်း ပြုံးရွှင်နေတတ်သော . . . လူချစ်လူခင်များသော ကိုကြီးစိုးကို ဟိုယခင်က, ကျွန်တော်တို့တစ်တွေ ပြုံးပြရုံ နှုတ်ဆက်ရုံသာ ရှိခဲ့သည်။ ကိုကြီးစိုးသည် ဂီတလောကနှင့် အဆက်အဆံရှိကြောင်း၊ ဂစ်တာအနည်းငယ် တီးတတ်ကြောင်း၊ သီချင်းအနည်းငယ် ရေးဖွဲ့တတ်ကြောင်းကို သတင်းစကားအရသာ သိကြားခဲ့ရ၏။

ကျွန်တော်တို့အုပ်စု လမ်းဘေးအုတ်ခုံတွင် ဂစ်တာတီး သီချင်းဆိုလေ့ရှိသော ညများစွာအနက် တစ်ခါတစ်ရံတွင် ကိုကြီးစိုးက အနားတွင် လာရောက်နားထောင်သည်။ အံ့ဩစရာ အကောင်းဆုံး





ညတစ်ညကတော့ ကိုကြီးစိုး သီချင်းဆိုသောည ဖြစ်သည်။ ကိုကြီးစိုး၏အသံ ဟန်အမူအရာ လေယူလေသိမ်း . . . စသည်တို့သည် တစ်မူထူးခြားနေသည်ဟု အားလုံးက သိလိုက်၏။

"ကောင်းလိုက်တာ ကိုကြီးစိုးရာ။ နာမည်ကြီး အဆိုတော်တစ်ယောက် စင်ပေါ်မှာ ဆိုသွားသလားထင်ရတယ်။ ကျွန်တော်တို့က ကိုကြီးစိုး မဆိုရဲဘူးထင်နေတာ။ တစ်ပုဒ်လောက်ဆိုပြီးရင် ရပ်လိုက်ရမယ်လို့ ထင်နေတာ"

"ဟုတ်တယ်၊ မဆိုရဲဘူး"

"ဟင်။ မဆိုရဲဘူးသာ ပြောတယ်။ သီချင်းတစ်ပုဒ်လုံး အဆင်ချောနေတာပဲ။ ဟိုမှာ . . . ကိုကြီးစိုး ဆက်ဆိုမယ်ထင်ပြီး နားထောင်နေတဲ့ သူတွေ၊ တွေ့လား ကိုကြီးစိုး"

အိမ်ဝရန်တာများမှ နားထောင်နေကြသော လူရိပ်တွေဘက်ကို ညွှန်ပြလိုက်၏။ ကိုကြီးစိုး ခေါင်းညိတ်သည်။

"ငါ . . . တကယ် မဆိုရဲဘူးကွ၊ ဒါပေမဲ့ . . ., ငါ စိတ်နဲ့ ဆိုလိုက်တာ"

ကျွန်တော် နားမရှင်း။

"မင်းတို့ တစ်အုပ်စုလုံးက ဂစ်တာပညာကို တော်တော်လေး ကျွမ်းကျင်နေကြပြီလို့ ငါထင်တယ်။ သီချင်းပေါင်းစုံကို ဆိုနိုင်,တီးနိုင်ကြတယ်။ အနုပညာနဲ့ နီးစပ်တဲ့သူတွေလို့ ငါ . . . ယူဆပါတယ်။

www.burmeseclassic.com


အနုပညာအလုပ်ဆိုတာ ဘယ်အနုပညာအလုပ်ပဲဖြစ်ဖြစ် လေ့လာမှုရယ်၊ လေ့ကျင့်မှုရယ်၊ ပြီးတော့ . . . စိတ်ခံစားမှုရယ် ရှိနေမှ ဖန်တီးလို့ရတယ်။ စိတ်နဲ့ဆိုလိုက်တယ်လို့ ပြောတာ စိတ်ထဲမှာ တကယ်ခံစားပစ်လိုက်တာကို ပြောတာ။

ပူတာကို ပူတဲ့အတိုင်း။ အေးတာကို အေးတဲ့အတိုင်း။ လွမ်းတာကို လွမ်းတဲ့အတိုင်း။ ရင်ထဲကို ထည့်ပစ်လိုက်တာ။ အဲဒီအခါမှ ရုက်တာတွေ၊ ကြောက်တာတွေ မရှိတော့ဘူး။ ငါပြောတာ ရှင်းလား"

"ရှင်းပါတယ် ကိုကြီးစိုး"

"သီချင်းတစ်ပုဒ်ဆိုဖို့၊ သီချင်းရေးဖို့၊ အနုပညာတစ်ခုခုကို ဖန်တီးဖို့အတွက် စိတ်ခံစားမှုသွင်းနိုင်အောင် တစ်ခုခုကို အမှီပြုတဲ့သူတွေဟာ စိတ်အကြောင်းကို နားမလည်သေးလို့ပဲ"

"ဟာ . . .၊ ကောင်းတာပေါ့။ အဲ့ဒါ . . . ဘယ်လို လုပ်ရသလဲ ကိုကြီးစိုး"

ဂစ်တာဝိုင်းသည် စကားဝိုင်းဖြစ်သွားသည်။ ဂစ်တာကြိုးညှိသံမျှပင် မကြားရတော့ချေ။ ကိုကြီးစိုးထံသို့ အားလုံးက အာရုံစိုက်ကြ၏။

"ရှုပ်နေတဲ့ စိတ်တွေကို ရှင်းအောင် လုပ်ရတယ်။ စိတ်ဆိုတာ ဘယ်မှာရှိသလဲလို့ လိုက်ရှာရင် သိတဲ့နေရာမှာ ရှိတယ်။ ရှိတဲ့နေရာမှာ ရှုပ်နေရင် ရှင်း။

ဘယ်လောက်အထိ ရှင်းရမလဲဆိုရင် စိတ်ကို ဟင်းလင်းပြင်ကြီးဖြစ်အောင် ရှင်းထုတ်ရမယ်။ ဟင်းလင်းပြင်ဆိုတာ ဘာမှမရှိတာ။ ဘာမှမရှိတဲ့ . . . စိတ်။

အဲ့ဒီစိတ်ထဲမှာ ဘာမှမရှိတော့ဘူးဆိုရင်၊ ဘာမှ မရှိတော့လောက်အောင် ရှင်းနေပြီဆိုရင် အဲဒီ ရှင်းနေတဲ့ စိတ်ထဲကို မင်းတို့ ထည့်ချင်တာ ထည့်တော့။ အလွမ်းကို ခံစားချင်တဲ့သူက အလွမ်းစိတ်ထည့်။ ငိုချင်တဲ့သူက, ငိုချင်တဲ့စိတ်ထည့်။ ကြိုက်တာ ထည့်လို့ရသွားပြီ"

ပွင့်ပွင့်လင်းလင်း ဝန်ခံရမည်ဆိုလျှင် ထိုညက, ကိုကြီးစိုး ပြောခဲ့သမျှတွေကို ကျွန်တော်တို့ အကုန်အစင် နားမလည်ခဲ့ပါ။ ဒါပေမဲ့ . . . ထိုညက, စပြီး ကိုကြီးစိုးကို ကျွန်တော်တို့၏ ဆရာ၊ ကျွန်တော်တို့၏ အစ်ကိုကြီး၊ ကျွန်တော်တို့၏ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ်၊ တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ညနေစောင်းတိုင်း ကိုကြီးစိုး၏အိမ်သို့ ကျွန်တော်တို့ သွားလည်ကြသည်။ ဂစ်တာတွေ ယူမသွားကြ။ ကိုကြီးစိုး၏ ဂစ်တာအငယ်စား တစ်လက်ကိုသာ ဟိုတို့ သည်တို့ လုပ်သည်။ ကိုကြီးစိုးသည် မည်သည့်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းသည်ဟု ကျွန်တော်တို့ မသိရ၊ သီချင်းတွေ ရေးနေသည်ကိုလည်း တွေ့သည်။

ခင်မင်ကျွမ်းဝင်ခဲ့သည့် တစ်လျှောက်လုံး ကိုကြီးစိုးရေးဖွဲ့သည့် သီချင်းစာရွက်၊ ကိုကြီးစိုး၏ လက်ရေးလက်သားကို မည်သူမျှ မကိုင်တွယ်ဘူးခဲ့ချေ။ ကျွန်တော်တို့ အိမ်ပေါ်သို့ရောက်လျှင် သီချင်းရေးနေသည်နှင့် ကြုံပါက ရေးလက်စ, စာရွက်တွေကို အခန်းတွင်းသို့ ယူသွားလေ့ရှိ၏။

ကိုကြီးစိုး၏အိမ်သည် ထည်ထည်ဝါဝါ မဟုတ်သော်လည်း လှန်ရွှာအေးချမ်းမွှယ်၊ နေချင့်စဖွယ်ရှိသည်။ မိတနှစ်ပါးကို တရိုတသေထားသည်။ အစ်ကိုတစ်ယောက် ရှိသည်ဟု သိရသည်။ တစ်ရပ်





ကျေးတွင် နေထိုင်သည်ဟု ထင်၏။ အထူးခြားဆုံးကတော့ ကိုကြီး၏ အိမ်ရှိ ဘုရားခန်းပဲ ဖြစ်သည်။

ဗုဒ္ဓဆင်းတုတော်ကြီးသည် ဉာဏ်တော်လေးငါးပေခန့် ရှိပေသည်။ မီးရောင်စုံ၊ ပန်းမျိုးစုံဖြင့် ပူဇော်ထားလေ့ရှိ၏။ ဆွမ်းကပ်သည့် ပန်းကန်သည် ထည်ထည်ဝါဝါ။ သောက်တော်ရေခွက်များသည် သန့်သန့်ပြန့်ပြန့်။

အိမ်မှာ . . . ကိုကြီးစိုး မရှိသောအခါ၊ ကိုကြီးစိုးသွားမည့်နေရာ နှစ်နေရာတည်းသာ ဖြစ်ကြောင်း . . . ကျွန်တော်တို့ တွေ့လာသည်။ ဘုရား (သို့မဟုတ်) မြို့ထဲသွားတယ် . . . ဟူသော အဖြေစကားကို ကိုကြီးစိုး၏မိခင်ထံမှ ကြားရစမြဲဖြစ်၏။

လမ်းဘေးတွင် နေ့စဉ် ဂစ်တာမတီးဖြစ်တော့ချေ။ လမ်းဘေးဆုံမှာ တီးချင်စိတ် ပြင်းပြသည့်အခါတွင်လည်း ကိုကြီးစိုးထံတွင် ခွင့်တောင်းပြီးမှ တီးဖြစ်ကြသည်။

"လမ်းဘေးမှာ ဂစ်တာတီးတာ တစ်ခါတစ်ရံပဲ ကောင်းတယ်။ မင်းတို့က စင်ပေါ်တက်ရမယ့် ကောင်တွေ။ အိမ်ထဲမှာပဲ လေ့ကျင့်။ လ,သာတဲ့ညတို့၊ လ,မသာတဲ့ညတို့ အဲဒီလိုညမျိုးကျမှ လမ်းမ,မှာ တီးပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

စကားပြောလျှင် အမြဲတမ်း ပြုံးလျက်ပြောတတ်သည်။

"ကျွန်တော်တို့ စင်ပေါ်တက်ရမယ်လို့ ကိုကြီးစိုး ဘယ်လိုလုပ် ပြောနိုင်လဲ။ ကိုကြီးစိုးမှာ အဆက်အသွယ် ရှိလို့လား"

ကိုကြီးစိုး ခေါင်းခါသည်။

"မင်းတို့အားလုံး စင်မြင့်တွေမှာ မဆိုချင် မတီးချင်ဘူးလား"

"တီးချင်တယ်" . . . ဟု၊ သံပြိုင် ပြောကြသည်။

"တီးချင်တဲ့စိတ်။ စင်မြင့်ပေါ်မှာ ဖျော်ဖြေတော့မယ်ဆိုတဲ့ စိတ်ကို မွေးထားလိုက်။ အချိန်တန်ရင် ဖြစ်လိမ့်မယ်"

ကိုကြီးစိုး ဘာကိုဆိုလိုသည် . . . ဟု၊ ကျွန်တော်တို့ တွေးဆတတ်ခဲ့ကြသည်။ ခင်မိုးဆွေ၊ ဝါဝါ၊ ထက်ကြူး၊ ဌေးနိုင်၊ မိုးလှိုင်၊ အောင်တိုး၊ အောင်မျိုး၊ သက်နိုင်ဇော်၊ ထွန်းတင့်နှင့် ကျွန်တော်တို့ အားလုံးကို တရားထိုင်ခိုင်းသည်။ တစ်ခါတစ်ရံ အသက်သတ်လွတ် စားခိုင်း၏။ ကိုကြီးစိုးကတော့ . . . ငယ်စဉ်ကတည်းက သေသည်အထိ အသက်သတ်လွတ် စားသွားခဲ့ရှာသည်။

"ဗုဒ္ဓမြတ်စွာဘုရားကတော့ . . . အသက်သတ်လွတ်စားပါ . . . လို့ မပညတ်သွားခဲ့ဘူး။ မစားနဲ့လို့လည်း တားမသွားဘူး။ ဘာကြောင့် မပညတ်တယ်၊ ဘာကြောင့် မတားတယ် ဆိုတာတော့ မင်းတို့ ဘာသာ ဉာဏ်မီသလောက်ပဲ တွေးကြည့်ကြပေါ့။





ဘုရားက မပညတ်သွားလို့ အသက်သတ်လွတ် မစားတာပါဆိုရင် ဘုရားက ပညတ်သွားတဲ့ အရာတိုင်းကိုရော . . . အားလုံး လိုက်နာခဲ့ကြသလား။ ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြပေါ့။

စာနာစိတ်ထားပါ . . . တဲ့။ စကားလေးက တိုတိုရှင်းရှင်းလေး။ စာနာစိတ်ထားတဲ့လူတိုင်းဟာ လူအချင်းချင်း ဒုက္ခမပေးသလို၊ ဘယ်သတ္တဝါကိုမှလည်း ဒုက္ခမပေးဘူး။ စာနာစိတ်ထားတဲ့ လူတိုင်းမှာ သတ္တဝါတွေအပေါ် ညှာတာစိတ် ထားလာကြလိမ့်မယ်။

ညှာတာစိတ်တွေ များလာတာနဲ့အမျှ ရှိရှိသမျှ သတ္တဝါအပေါင်း၊ လူတွေသတ်လို့ မသေကြတော့ဘူးပေါ့။ ဒီလောက်ပဲ သိထားကြပါကွာ။ ဆက်ပြောရင် မင်းတို့ နားရှုပ်ကုန်လိမ့်မယ်"

ကိုကြီးစိုးပြောသကဲ့သို့ တစ်သက်တာလုံး အသက်သတ်လွတ် မစားနိုင်သော်လည်း ကျွန်တော်တို့အားလုံး ဝါတွင်းလိုအခါမျိုး၊ နေ့ကြီးရက်မြတ်လိုအခါမျိုးတွင် အဓိဋ္ဌာန်းပြု၍ လိုက်နာခဲ့ကြ၏။

မည်သူနှင့်မည်သို့ အဆက်အသွယ်ပြုခဲ့သည်မသိ။ ကိုကြီးစိုး၏ဦးဆောင်မှုဖြင့် ကျွန်တော်တို့တစ်ဖွဲ့လုံး စင်မြင့်ဖျော်ဖြေပွဲတစ်ခုတွင် သီဆိုတီးခတ်ဖြစ်ကြသည်။ New Sky တေးဂီတအဖွဲ့ဟု ကိုကြီးစိုးက အမည်ပေးသည်။

ဖျော်ဖြေသည့် အစီအစဉ် တစ်ဝက်ကျိုးသည်အထိ ရုပ်ပျက်


www.burmeseclassic.com

www.burmeseclassic.com



ဆင်းပျက် အမှားမျိုး၊ ချွင်းချက်မျိုး မရှိသော်လည်း ကျွန်တော်တို့ အားလုံး ခြေတုန်လက်တုန် ဖြစ်ခဲ့ကြရသည်။ အဖွဲ့သားတစ်ယောက် ဆိုလျှင် စင်ပေါ်တွင် ဒူးထောက်ထိုင်ကာ သီဆိုခဲ့လေ၏။

"ကိုကြီးစိုး၊ အားလုံးကတော့ အမှားမရှိဘူး၊ ဒါပေမဲ့ . . . စင်ပေါ်က ဆင်းလာတဲ့သူတိုင်း ကတုန်ကယင်နဲ့၊ ဆိုပြီးမှပဲ ဟင်းချနိုင်တော့တယ်"

"ဒီလိုပဲပေါ့၊ ဒါ . . . အစပဲ ရှိသေးတာကိုး"

"မဟုတ်ဘူး ကိုကြီးစိုး၊ ပရိသတ် ငြိမ်နေလို့"

ကျွန်တော့်စကားကြောင့် ကိုကြီးစိုး စဉ်းစားဟန်ပြု၏။

"အခု . . . ထက်ကြူးဆိုပြီးရင် မင်း . . . ဆိုရမှာ မဟုတ်လား"

"ဟုတ်တယ်"

အနားတွင်ရှိသော အောင်မျိုးကို ပခုံးပုတ်ပြီး . . .

"အနောင်စာကို သွားပြောလိုက်၊ ထက်ကြူး ဆိုပြီးရင် လှမျိုးနာမည် မကြေညာနဲ့ဦး . . . လို့"

"ဘယ်သူ့နာမည် ကြေညာရမလဲ ကိုကြီးစိုး" . . . ဟု အောင်မျိုး မေးသည်။

"ဘယ်သူ့နာမည်မှ မကြေညာခိုင်းနဲ့၊ ထက်ကြူး စင်အောက်ကိုရောက်တာနဲ့ မီးတွေကို ပိတ်ခိုင်းလိုက်၊ သီချင်းဆိုတဲ့အသံကြားမှ မီးပြန်ဖွင့်နိုင်ရင်းတယ်နော် အောင်မျိုး"

"ဟုတ်ကဲ့"





အောင်မျိုးက သုတ်ခြေတင်သွားသည်။

"ပရိသတ်ရဲ့ စိတ်တွေ၊ မင်းတို့ရဲ့စိတ်တွေကို ဆွပေးမယ်။ ရော့ . . . ဒီ နုတ်စာရွက်တွေကို ထက်ကြူးပြီးတာနဲ့ မင်း . . . တက်ချိတ်ပေးထား။ သြော် . . . နေဦး၊ မင်းမျက်မှန် ငါ့ကို ခဏငှား"

ကိုကြီးစိုးပေးသည့် ဂီတသင်္ကေတ စာရွက်တွေကို ယူပြီး စင်မြင့်နှင့် အနီးဆုံးနေရာသို့ ကျွန်တော် အပြေးသွားသည်။

ထက်ကြူး သီဆိုပြီးသောအခါ စင်မြင့်နောက်ဘက်မှနေ၍ ဒွေးနိုင်တို့ တီးခတ်နေရာသို့ နုတ်စာရွက်တွေ ကျွန်တော် လှမ်းပေးသည်။ "မင်း . . . နုတ်တွေ ဒီမှာရှိတယ်" . . . ဟု ဒွေးနိုင်ပြောသည်။

"မဟုတ်ဘူး၊ . . . ဒါ . . . ကိုကြီးစိုးရဲ့ နုတ်တွေ။ ကိုကြီးစိုး ဆိုလိမ့်မယ်၊ ဟိုကောင်တွေကို မြန်မြန်ပေးလိုက်"

ထိုစဉ် . . .

စင်မြင့်တစ်ခုလုံး မီးမှောင်ကျသွားသည်။ ပရိသတ်များ၏ ဆူညံ အော်ဟစ်သံများကို ကြားရသည်။ စင်ပေါ်သို့ လူရိပ်တစ်ခု တက်လာသည်။ ကိုကြီးစိုး . . . ဟု သိလိုက်၏။ "နုတ်စာရွက်တွေ ပြီးလား" . . . ဟု၊ မေးသံ။ "ဟုတ်ကဲ့" . . . သံ။ "ဝမ်း . . . တူး



www.burmeseclassic.com

www.burmeseclassic.com



. . . သရီး . . . ဖိုး'' ဟူသော အသံ၊ ပရိတ်သတ်တွေ၏ဆူညံသံတွေကို ရောထွေးစွာ ကြားရ၏။

Drum ပေါက်ထွက်မတတ် ပြင်းထန်သော တီးလုံးသံ ဆူဆူညံညံကြီးတစ်ခုကို ကြားလိုက်ရပြီး ကိုကြီးစိုး၏ အောင်မြင်ခဲ့သော မြူးကြွသီဆိုသံကို စ,တင်ကြားရသည်။ စင်မြင့်တစ်ခုလုံး မီးထိန်ထိန်လင်းသွားသည်။ အော်ဟစ် ဆူညံသံများအစား လက်ခုပ်သံတွေကို ကြောက်မက်ဖွယ် ကြားလိုက်ရ၏။

♫ ခဏလေးလားဟေ့
လာပါလို့ တို့ မခေါ်ဘူး၊
ခဏလေးပဲ ဟေ့
ပြန်မယ်လို့ နှုတ်မဆက်ဘူး။ ♫

သီဆိုသော အသံ၊ သီဆိုသော . . . ဟန်၊ မာန်အပြည့်ဖြင့် ပရိတ်သတ်အပေါ် ဩဇာသက်ရောက်နိုင်စွမ်းသော ကိုကြီးစိုးကို ကြည့်၍ ကျွန်တော်တို့၏စိတ်များ တက်ကြွခဲ့သည်။ ပျော်ရွှင်ခဲ့သည်။ ဝမ်းသာခဲ့သည်။ ပျော်ရွှင်ဝမ်းသာလွန်းကြသဖြင့် ကျွန်တော် အပါအဝင် အားလုံး မျက်ရည်ဝဲကြ၏။

ထိုညက, ကျွန်တော်တို့ New Sky အဖွဲ့အောင်မြင်ခဲ့သည်။ ကိုကြီးစိုး၏ သီဆိုမှုကြောင့် ပို၍အောင်မြင်၏။ ထို့နောက်တွင် ကျွန်တော်တို့ New Sky အဖွဲ့သည် မင်္ဂလာဧည့်ခံပွဲများ၊ မွေးနေ့ပွဲများကို ကိုကြီးစိုး၏ဦးဆောင်မှုဖြင့် လက်ခံဖျော်ဖြေခွင့်ရခဲ့လေသည်။

သို့သော် . . . နောက်ပိုင်း ဖျော်ဖြေသည့်ပွဲများတွင် ကိုကြီးစိုးသည် ဝင်ရောက်သီဆိုခြင်း မရှိတော့ချေ။





"အနုပညာသမားဆိုတာ အမျိုးမျိုးရှိတယ်။ ပေါ်လွင်ထင်ရှားချင်လို့ အနုပညာအလုပ်ကို လုပ်တဲ့သူ။ အနုပညာက,တစ်ဆင့် လူသားတွေကို ညွှန်ပြချင်တဲ့သူ၊ ပြီးတော့ . . . အနုပညာကို ချစ်နေရုံ၊ ဖန်တီးနေရုံနဲ့ ကျေနပ်နေတဲ့သူ အမျိုးမျိုးပေါ့။ အဲဒီအထဲမှာ . . . ငါက နောက်ဆုံးအမျိုးအစားမှာပါတယ်။

တစ်နေရာရာက,နေ တစ်ခုခု ဖန်တီးပေးနေချင်တယ်။ စင်ပေါ်မတက်ချင်ဘူး၊ မပေါ်လွင်ချင်ဘူး၊ မကျော်ကြားချင်ဘူး။ ငါ့ကိုခင်တယ်ဆိုရင် မင်းတို့အားလုံး တော်အောင်လုပ်ကြ။ ငါ့ကိုတော့ မဆိုနိုင်းကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com

## (၃)

“မင်းတို့ကို ပြောရဦးမယ်။ ဒီအဖွဲ့မှာ မိန်းကလေးတွေပါ၊ ပါတယ်ဆိုတော့၊ နှမသားချင်းလို သဘောထားပြီး စောင့်ရှောက်ကြ။

အတူသွား အတူလာ ... ရင်းနှီးပြီစွန်းသွားတာမျိုး၊ ငါ ... မကြားချင်ဘူး။ မင်းသားနဲ့ မင်းသမီး ကားရိုက်များလို့ တွဲတာများလို့ ညားသွားကြတယ်ဆိုတာမျိုးက အနုပညာသမားတွေကို ထိခိုက်တယ်။

အတွဲများလို့ အနေနီးလို့ ချစ်သွားကြတယ်ဆိုတာ အသည်းနှလုံးကိစ္စ မဟုတ်ဘူး။ ဒါ ...ငါ့ရဲ့ စည်းကမ်းပဲ”

ကိုကြီးစိုး စိတ်ဆိုးသည်ကို ကျွန်တော်တို့ တစ်ကြိမ်တစ်ခါသာ မြင်ဖူးခဲ့ကြသည်။ ထိုနေ့ကတော့ ဌေးနိုင်နှင့် ဝါဝါတို့နှစ်ယောက် နီးရာလိုက်ပြေးကြသောနေ့ဖြစ်၏။





“ငါ့ကို အရှက်ခွဲတယ်။ ငါ့စည်းကမ်းကို ဖောက်ဖျက်တယ်။ နှစ်ယောက်စလုံး ငါ့အိမ်ထဲကို မလာကြစေနဲ့”

နှစ်ဦးနှစ်ဖက် မိဘများက သဘောတူလက်ခံပြီးသည့်အထိ ကိုကြီးစိုး စိတ်မပြေသေးသဖြင့် မင်္ဂလာပွဲကို မစီစဉ်ရဲကြ။ ဌေးနိုင်နှင့် ဝါဝါတို့နှစ်ဦးက ဝန်ချတောင်းပန်ချင်သော်လည်း ကိုကြီးစိုး၏အိမ်သို့ မလာရဲကြ။ တစ်ဆင့်စကားဖြင့် တောင်းပန်ချင်ကြသော်လည်း မည်သူမျှ နှုတ်မဟရဲ။

ကိုကြီးစိုး၏အနီးတွင် ခင်မိုးဆွေ ထိုင်သည်။ ကျွန်တော်တို့ လေးငါးယောက်က ခပ်လှမ်းလှမ်းတွင် ထိုင်၏။

“ဝါဝါတို့ လင်မယားက ဒီညနေ ကိုကြီးစိုးဆီကို လာချင်တယ် ... တဲ့။ ဆွေ့ကို စကားပါးလိုက်တယ်။ ဆွေ ဘာပြန်ပြောရမလဲ ကိုကြီးစိုး”

ကိုကြီးစိုး ထိုင်ရာမှ ထသည်။ ကျွန်တော်တို့ဘက်သို့ လှည့်...,

“ဝါဝါရယ်၊ ဌေးနိုင်ရယ်။ သူတို့နှစ်ယောက်အကြောင်းကို ပြောတဲ့ ယောဒိ ခင်မိုးဆွေရယ်၊ New Sky အဖွဲ့ထဲမှာ မရှိတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဘုရားခန်းထဲသို့ ဝင်သွားလေသည်။

ခင်မိုးဆွေ ရှိုက်ကြီးတငင် ငိုကျွေးလေ၏။

"နင် တော်တော်မိုက်တာပဲ ခင်မိုးဆွေရာ၊ ငါတို့တော မပြောရဲလို့ ငြိမ်နေတာကို" ... ဟု၊ ကျွန်တော် ညည်းညူ ပြောသည်။

"သွား ... ချက်ချင်း သွားတောင်းပန်လိုက်

ခင်မိုးဆွေ ခေါင်းငုံ့လျက် ငိုနေသေးသည်။

"နောက်ကို မပြောတော့ပါဘူး ...

သွားတောင်းပန်လိုက်လေဟာ"

တစ်ယောက်တစ်ခွန်း တိုက်တွန်းကြ၏။ ဘုရားခန်း အထဲ သို့ ခင်မိုးဆွေကို ကျွန်တော် လိုက်ပို့သည်။ ဘုရားရှင်၏ ရှေ့မှော ၌ ငြိမ်သက်စွာ ထိုင်နေပြီဖြစ်သော ကိုကြီးစိုး၏ နောက်ကျောကိုသ တွေ့ရသည်။ ည,ကိုးနာရီထိုးသည်အထိ ကိုကြီးစိုးကို ကျွန်တော် ထိုင်စောင့်သည်။ သို့သော် ... ကိုကြီးစိုးက ကျွန်တော်တို့ကို နှုတ်ဆ ပါသည်။

အပြန်လမ်းတစ်လျှောက်လုံး ခင်မိုးဆွေ ... ငိုရှာ၏။

***

နောက်တစ်နေ့ ညနေတွင်

"ခင်မိုးဆွေကို သွားခေါ်။ ဝါဝါနဲ့ ဒွေးနိုင်





ပါ ခေါ်ခဲ့ ... လို့ပြော။ ဒီနှစ်ယောက် မြန်မြန်မင်္ဂလာ ဆောင်မှ မဟုတ်ရင် မင်းတို့အကုန်လုံး ငါနဲ့ ပြဿ နာဖြစ်မယ်။ ငါလည်း အ,ကုသိုလ် ဖြစ်တယ်"

ကိုကြီးစိုး၏စကား မဆုံးခင်မှာပင် ကျွန်တော်တို့တစ်တွေ မိုးဆွေ အိမ်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့ကြ၏။

အကျဉ်းချုံး၍ ပြောရမည်ဆိုလျှင် ဒွေးနိုင်နှင့် ဝါဝါတို့၏ လာဆောင်တွင် ကိုကြီးစိုးကိုယ်တိုင် သီချင်းတစ်ပုဒ် သီဆိုပါသည်။

***

ကိုကြီးစိုးကို ဘယ်လိုလူစားလဲ ... ဟု မေးလျှင်၊ ကျွန်တော် တိကျကျ မဖြေတတ်ပါ။ ဘာနဲ့ အသက်မွေးဝမ်းကျောင်းသလဲ ဆိုတာကိုလည်း ကျွန်တော်တို့ မမှန်းဆ,တတ်ချေ။ ကိုကြီးစိုး ပေါ် ကျွန်တော်တို့အားလုံး ရိုသေလေးစား ခင်မင်ကြသည်။ ဒါ ယာက်ပဲ ကျွန်တော် ပြောတတ်သည်။

ကိုကြီးစိုး သေဆုံးသွားရခြင်းမှာ ရုတ်တရက် သေဆုံးရခြင်း သည်။ ကောင်းမြတ်သော သေဆုံးခြင်း ... ဟု မပြောတံ့ ပြောတံ့ င့် ကျွန်တော် ပြောချင်သည်။

တရားအားထုတ်နေစဉ် ကိုကြီးစိုး၏ ခြေဖဝါးကို အဆိပ် သော သတ္တဝါတစ်ကောင် ကိုက်လိုက်သည်ဟု ယူဆ,ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ မတွန့်ဘဲ တရားအားထုတ်နေစဉ် သေဆုံးရခြင်း ဖြစ်သည်။ ယူကျုံးမရစွာ ကြေကွဲကြရ၏။



(၄)

"ငါ့မှာ၊ သာမန်အသိ၊ သာမန်အတွေးအခေါ်၊ သာမန်လူတစ်ယောက် . . . လို့ စိတ်ထားမျိုးရှိရင် ခင်မိုးဆွေကို ချစ်တယ် . . . လို့ ငါ ပြောမိမှာပဲ။

သံသရာစက်ဝန်းကြီးထဲမှာ ဆက်ပြီး မလည်ပတ်ချင်တော့တဲ့ ငါ့အဖို့ ချစ်ခြင်းဆိုတာ မရှိသင့်တော့ဘူး။ ဒီ . . . သမုဒယက၊ ဘယ်နေရာက လာတာလဲ။ အာရုံက, လာတာ။ စိတ်က,လာတာ။ ဒီစိတ်ကို ငါ ဖြတ်ရဦးမှာပါလား။

ပြီးတော့ . . . ငါကိုယ်တိုင် ထုတ်ခဲ့တဲ့ စည်းကမ်း။ ဒီစည်းကမ်းဟာ ငါ့ရဲ့ထုံတိုင်းပဲ။ ဒီတံတိုင်းကို ငါ ဘယ်တော့မှ မဖြိုခွင်းဘူး။ စည်းကမ်းကို ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ဖောက်ဖျက်တယ် ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးမိုးကို ခွင့်လွှတ်ပါ ခင်မိုးဆွေနဲ့ ညီလေး ညီမလေး တို့ရယ်''

ကိုကြီးမိုး၏ဒိုင်ယာရီစာအုပ်ကို ကျွန်တော် ကမန်းကတန်း ပိတ်လိုက်မိသည်။ ဘေးဘီကို ကျွန်တော် ကြည့်သည်။ အနီးတွင်ရှိသော ဧည့်ခန်းဘက်သို့လှည့်ပြီး . . .

''ခင်မိုးဆွေ မသိစေနဲ့နော်။

ကိုကြီးမိုးအပေါ် အကြည်ညို ပျက်သွားမှာ စိုးတယ်။ ဒီ . . . ဒိုင်ယာရီကို ကိုကြီးမိုးရဲ့အုတ်ဂူထဲ ထည့်ပေးလိုက်မယ်''

အားလုံး ခေါင်းညိတ်သည်။

''ငါ . . . သိမ်းထားချင်တယ် လူမျိုး''

အသံလာရာဆီသို့ အထိတ်တလန့် လှည့်ကြည့်မိသည်။ ဘုရားခန်းအတွင်းသို့ ဝင်လာသော ခင်မိုးဆွေကို တွေ့၏။ ကျွန်တော့်နံဘေးတွင် ထိုင်သည်။

''ကိုကြီးမိုးကို ငါ . . . အကြည်ညို မပျက်ပါဘူးဟာ။

ကိုကြီးမိုးရဲ့ ထိန်းသိမ်းနိုင်စွမ်းကို ငါ . . . ပိုပြီး လေးစားပါတယ်။ နင်တို့ အားလုံးလည်း ကိုကြီးမိုး အပေါ် ဘယ်လိုမှ မထင်မိကြပါနဲ့နော်''

မျက်ရည်များ စီးကျသည်။

''ခင်မင်ခဲ့တဲ့ တစ်လျှောက်လုံး ကိုကြီးမိုး ထိန်းသိမ်းခဲ့ရှာတာပါ။ မရှက်မကြောက် ဝန်ခံရရင် ငါ . . . ဆင်ခြင်ခဲ့တယ်။

ကိုကြီးမိုးအနေနဲ့ ငါ့အပေါ် ဘယ်လိုသဘောထားထား၊ ငါ . . . နားလည်နိုင်ပါတယ်။ ငါ့ကို အဲဒီဒိုင်ယာရီလေး ပေးပါနော်။ ငါ . . . သိမ်းထားချင်လို့ပါ''

ငိုနေသော ခင်မိုးဆွေကို ကြည့်လျက်၊ ကျွန်တော်တို့အားလုံး ကြသည်။ ခင်မိုးဆွေ၏ လက်အတွင်းသို့ ကိုကြီးမိုး၏ ဒိုင်ယာရီ အထုပ်ကို ကျွန်တော် ထည့်လိုက်၏။ ကျွန်တော်ကိုယ်တိုင် မျက်ရည် များကို ထိန်း၍မရ။

၂၉–၄–၉၆

၁၉၉၆ – နိုဝင်ဘာလ

(ဆုတောင်း မဂ္ဂဇင်း)







www.burmeseclassic.com

www.burmeseclassic.com

# မမြင်မက်အပ်သောအိပ်မက်များ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်နှင့် ခင်သက်မွန်ကို ရည်ငံချစ်ကြိုက်နေသူများ ... ဟု ထင်မြင်သမှတ်နေကြသူတွေကို မည်သို့သော ဖြေရှင်းစကား နှင့်မျှ ကျွန်တော် မတုံ့ပြန်ခဲ့။

ဝေ့ကိုသာ ကျွန်တော် ဖြေရှင်းခဲ့သည်။ ယုံကြည်စိတ်ချရန် စကားတွေ အခါခါ ဆိုခဲ့သည်။ "ယုံချင်ပါတယ် မောင်ရယ်" ဟု၊ လေသံနွဲ့ဖြင့် ဝေ ... ကျွန်တော့်ကို ခနဲ့၏။ အလုံးစုံကို မယုံကြည် မီသေးသည်မှတစ်ပါး ကျွန်တော်၏ချစ်ခြင်းသီလကို ဝေ ... စိတ်ချ လိမ့်မည်ဟု ကျွန်တော် မှတ်ယူထားသည်။

"စေ့စပ်ထားတဲ့ ချစ်သူမိန်းကလေးတစ်
ယောက် ရှိနေပါလျက် တခြား သူစိမ်းမိန်းကလေး
တစ်ယောက်ကို သံယောဇဉ်ထားနေတာဟာ မယင့်
လျော်တဲ့ ကိစ္စပဲ မျိုးကို။

သော်သော်ဝေကို မင်း ... မနှစ်သက်တော့



www.burmeseclassic.com

www.burmeseclassic.com



လိုလား။ ဒါမှမဟုတ် . . . ခင်သက်မွန်က သော်သော်ဝေထက် ပိုလှ၊ ပိုငယ်နေလို့လား"

သူငယ်ချင်းဖြစ်သူ နိုင်ထွန်း၏စကားအမေးက ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်သွားစေ၏။

"မင်းပြောတာ တစ်ခုမှ မဟုတ်ဘူး နိုင်ထွန်း။ ငါ . . . ခင်တာ၊ ပြုပြင်ပေးချင်တာ။ ပြီးတော့ . . . မြင့်မြတ်တဲ့မိန်းကလေးတစ်ယောက် ဖြစ်စေချင်တာ"

နိုင်ထွန်းက အရယ်အပြုံးမဲ့စွာ ကျွန်တော့်ကိုကြည့်သည်။

"မင်းနဲ့ သွေးမတော် သားမစပ်တဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ပဲ။ ပြီးတော့ . . . ခင်သက်မွန်ဆိုတာက မင်းတို့ ငါတို့ အသိုင်းအဝိုင်းမျိုးနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ အဆင့်အတန်း။

ထားပါ။ ဆင်းရဲတာ၊ ပညာမဲ့တာ ကိစ္စမရှိဘူးပဲထား။ အရွယ်ရောက်စ,က လူတစ်ယောက်နဲ့ မောက်မှားဘူးတဲ့ မိန်းကလေး။ မင်းနဲ့မတွေ့ခင် အချိန်အထိ ယောက်ျားပေါင်းများစွာနဲ့ တွဲခဲ့တဲ့ မိန်းကလေး။

မင်းကွာ၊ ငါတို့ သော်သော်ဝေတို့ အသိုင်းအဝိုင်း။ မင်းရဲ့အသိုင်းအဝိုင်းကို ဂရုမစိုက်ဘူးဆိုရင်တောင် မင်းကိုယ် . . . မင်းတော့ အားနာသင့်တယ်။ ခေတ်ပညာတတ် လူငယ်တစ်ယောက် ချစ်သူရည်းစားရှိထားတဲ့ လူငယ်တစ်ယောက်က ဒီလို . . . မိန်းကလေးမျိုးနဲ့ သတင်းထွက်နေတာ ငါသာဆို ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်တယ်"





"အတင်းကနေ သတင်းဖြစ်နေတဲ့ ကိစ္စကို ငါ မဖြေရှင်းဘူး နိုင်ထွန်း။ မင်းပြောသလို ခင်သက်မွန် မိုက်ခဲ့၊ မှားခဲ့၊ ရှုပ်ခဲ့၊ ပွေခဲ့တာ အမှန်ပဲ။ ဒါပေမဲ့ . . . ငါ ပြုပြင်နေတယ်။

ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက် မိုက်မှားဘူးတဲ့ မိန်းကလေးတစ်ယောက်ဟာ ယုတ်ညံ့သိမ်ဖျင်းနေမှာပဲ ဆိုတဲ့၊ အစဉ်အလာကို ငါ လက်မခံဘူး။ အဲ့ဒါကြောင့် မြင့်မြတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်အောင် ခင်သက်မွန်ကို၊ ငါ ဆုံးမ,နေတာ"

"သော်သော်ဝေအတွက် ထည့်မတွက်ဘူးလား" . . . ဟု၊ နိုင်ထွန်း မေးသည်။ ကျွန်တော်က . . .,

"ဝေက ငါ့ရဲ့ သီလကို ယုံကြည်စိတ်ချတယ်" . . . ဟု၊ နိုင်မာသော လေသံဖြင့် ကျွန်တော် . . . ပြောသည်။ နိုင်ထွန်းက . . . ဆေးလိပ်မီးခိုးများဖြင့် ကျွန်တော့်မျက်နှာကို မှုတ်ထုတ်ပြီး . . .

"မင်းရဲ့သီလကို ယုံကြည်စိတ်ချရုံနဲ့ ဘယ်ပြည့်စုံပါ့မလဲ။ ခင်သက်မွန်ရဲ့သီလကိုလည်း အကြွင်းမဲ့ စိတ်ချယုံကြည်ဖို့ လိုနေသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

(၂)

ခင်သက်မွန်က ရည်းစားအဖြစ်မှ ရပ်စဲလိုက်သောကြော
ရင်နင့်စွာ ခံစားကြေကွဲခဲ့ရှာသော ကောင်လေးတစ်ယောက်နှ
ကျွန်တော် ဆုံတွေ့ခဲ့ဖူးသည်။ ထိုစဉ်က ... ခင်သက်မွန်ဆိုသူ
မမြင်ဖူးသေး။ အမည် ကိုသာ နေရာအနှံ့ သဲ့သဲ့ပြန့်ပြန့် ကြားဖူး

ခင်သက်မွန်၏ စွန့်ပယ်ခြင်းကြောင့် ရင်နင့်ကြေကွဲခဲ့ရသော
ကောင်လေးက သူနှင့် ခင်သက်မွန်တို့၏ အကြောင်းကို ကျွန်တေ
အား အလုံးစုံ ပြောပြရှာ၏။ ရင်ဖွင့်ရှာ၏။ မည်၍မည်မျှ တွယ်မက်
ရင်းနှီးခဲ့ကြသည်ကိုပင် မချွင်းချန်ခဲ့။ နောက်ထပ်၍ ထိုကဲ့သို့သော
ရင်ကွဲခဲ့ရသူ လေးငါးခြောက်ဦးထံမှ တွယ်မက်ရင်းနှီးခဲ့သော စကာ
များကို စိတ်မကောင်းဖွယ်၊ ထိတ်လန့်ဖွယ်၊ ကျွန်တော် ကြားသိခဲ့ရ

ထို့ကြောင့် ခင်သက်မွန်ကို ကျွန်တော် စိတ်ဝင်စားသည်
ဆုံတွေ့ရင်းနှီးအောင် ကျွန်တော် ဖန်တီးသည်။ ကာလ,အတန်ကြ
သည်အထိ ဝှေကို ကျွန်တော် အသိမပေးသေး။ ချစ်သူဘဝ၊ ဝေ





မေမြန်းစစ်ဆေးသောအခါကျမှ ကျွန်တော် ဝန်ခံသည်။ မိုက်မှားနေသော ဆင်းရဲသူ မိန်းကလေးကို ညီမငယ် တစ်ဦးကဲ့သို့ သဘောထားကာ ကူညီလမ်းညွှန်ချင်ကြောင်း ဝှေကို ကျွန်တော် တောင်းဆိုသည်။ ချစ်ခြင်း၏သံယောဇဉ်ကြောင့် စိတ်ထင့်စိုးရွံ့စွာ ဝေ ... ခေါင်းညိတ်ခဲ့ရှာသည်။

ခင်သက်မွန်၏ အလှသည် ဝှေ၏ တစ်ဝက်ခန့်။ အသက်အရွယ်အားဖြင့် ဝေနှင့် ကျွန်တော့်ထက် လေးငါးနှစ်ခန့် ငယ်သည်။ ဆင်းရဲသော၊ ပညာဉာဏ်မဲ့သော အတွေးအခေါ်မဲ့သော ဂိတမျိုးရိုး။ တစ်ကြိမ်တစ်ခါ မှောက်မှားမိသည်ကိုသာ သိရှိထားကြသည်မှအပ၊ ဆက်လက် မိုက်မှားနေမှုများကို အရိပ်အမြွက်မျှပင် မသိကြရှာသော မိဘမှ ပေါက်ဖွားလာရသူ။

အတန်းပညာ တစ်ဝက်တစ်ပျက်။ အပေါင်းအသင်းကောင်း ... ကင်းကင်းမဲ့မဲ့၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား။ မူလ, ဗီဇ စကားနည်းသူ။ မျိုးသိပ်တတ်သူ။ ဆင်းရဲခြင်းမှ ဉာဏ်မှိုင်းလောက်၊ ထွက်ပေါက်ရှာ မိုက်မဲခဲ့သူ ... ဟု၊ ကျွန်တော် လေ့လာတွေ့ရှိခဲ့သည်။

ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏တန်ဖိုး၊ မိန်းမသားတစ်ယောက်၏ ဣန္ဒြေသိက္ခာ၊ မိန်းမသားတစ်ယောက်၏ တန်ဖိုး၊ လူဟူသမျှ တွေ့ကြုံရလေ့ရှိသော ... အမှား၊ ထိုမှတစ်ဖန် အမှားကို အမှန်ပြင်



www.burmeseclassic.com

www.burmeseclassic.com



သည့် ကိစ္စ၊ ဘ၀၏ရည်ရွယ်ချက်၊ ဘ၀၏အနာဂတ် . . . စသည်ဖြင့် ကျွန်တော် ဉာဏ်စွမ်းရှိသမျှ၊ စိတ်စေတနာ အပြည့်ဖြင့် ကျွန်တော် သွန်သင်ခဲ့၏။

ဝေနှင့် သုံးလေးကြိမ် မိတ်ဆက်ပေးသည်။ သူ့အိမ်သို့ ကျွန်တော် ဝင်ထွက်သည်။ ကျွန်တော့်အိမ်သို့ ရံဖန်ရံခါ သူ . . . လာသည်။ ဝဋ်ကြွေး လောကဓံ၊ ခံနိုင်ရည်၊ ကျင့်ကြံအားထုတ်မှု စသည်ဖြင့် ဘာသာတရားနှင့် နှီးနွယ်ရာ . . . ကိစ္စ၊ ဘုရားဝတ်ပြုချိန်အထိ ကျွန်တော် . . . တိတိကျကျ သတ်မှတ်ပေးသည်။ သူ့ဘ၀အတွင်းသို့ ကျွန်တော် ဝင်ရောက်ခဲ့ချိန်မှစ၍ ခင်သက်မွန်၏ အနေအထိုင်၊ စိတ်နေစိတ်ထား . . လမ်းလျှောက်ပုံ၊ မျက်နှာအမူအရာမှအစ၊ အရာအားလုံး တိုးတက်ပြောင်းလဲ လာခဲ့သည်။

အစ်ကိုအရင်းတစ်ယောက်ကဲ့သို့ ခင်မင်သွားသည် . . . ဟု ယူဆရပေသည်။ သူ . . . ကျွန်တော့်ကို၊ ကိုကို . . . ဟု ခေါ်၏။ "ညီမလေး" . . . ဟု၊ ကျွန်တော် ခေါ်သည်။

ခြောက်လ ခန့် ကြာခဲ့သည်။ အကြောင်းကိစ္စ မရှိဘဲ၊ အိမ်ထဲမှ အိမ်ပြင်ကိုပင် မထွက်ခဲ့တော့။ ည (၉) နာရီကို ဘုရားရှိခိုးချိန် အဖြစ် ကျွန်တော် သတ်မှတ်ပေးထားသည်။ ည (၉) နာရီကျော် လောက်တွင် သူ့အိမ်အနီးသို့ ကျွန်တော်သွားသည်။ မေတ္တာပို့သံ၊ အမျှဝေသံ၊ ကြေးစည်သံ သဲ့သဲ့ကို အကြိမ်ကြိမ် အခါခါ ကြားရ၏။ ကျွန်တော့်ရင်ထဲမှ သာဓု . . . သာဓု . . . သာဓု . . . ဟု၊ လိုက်လိုက်လှဲလှဲ ခေါ်မည်ခဲ့ဖြစ်သည်။





စတိတ်ရှိုးတစ်ခုတွင် သီချင်းဆိုချင်ကြောင်း ခင်သက်မွန် ပြောသည်။ ကျွန်တော် . . . ကန့်ကွက်သည်။ သူ . . . ပြုံးလျက် နားခံသည်။ "ကိုကို မကြိုက်တာ ဘာတစ်ခုမှ မလုပ်ဘူး" . . . ဟု ပြုံးနွဲ့စွာ ကတိခြွေ၏။

ဝေ့အိမ်တွင် ကျွန်တော် တစ်နေ့ကုန်နေသည်။ ဝေ့မိဘများနှင့် စကားစမြည်ပြောရင်း လက်ထပ်ဖို့ ကိစ္စကို အကြမ်းဖျင်း ဆွေးနွေးဖြစ်သည်။ နေဝင်မှ ကျွန်တော် . . . အိမ်ပြန်သည်။

စတိတ်ရှိုးတစ်ခုနှင့် ဆုံသည်။ အမျိုးသမီးသီချင်းသံတစ်သံကို ကြား၏။ နားစွင့်ဖြစ်သည်။ ကြားဖူးသလိုလို ရှိသော . . . အသံ။ ခင်သက်မွန်၏ . . . အသံ။

စင်မြင့်ရှိရာသို့ ဒေါသတကြီး ကျွန်တော်သွားသည်။ သီဆိုအပြီး ဒုတိယမြောက် သီချင်းကို ပြင်ဆင်ချိန်တွင် ကျွန်တော့်ကို ခင်သက်မွန် တွေ့မြင်သွား၏။ ကျွန်တော် စင်ပေါ်သို့ တက်သည်။ သူ့အနီးသို့ သွားသည်။ သူ့လက်ကို ဆွဲသည်။ မရုန်းမဖယ်ဘဲ သူ . . . လိုက်ပါလာ၏။ အော်သံ . . . ဟစ်သံ . . . မျက်လုံးပေါင်းများစွာ၏ဒဏ်ကို ခံနိုင်ရည်ရှိသွားခဲ့ပါလား . . ဟု ကိုယ့်ကိုယ်ကိုယ် သတိမချုပ်မိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



“နင် ... ငါ့ကို ချွေး လုပ်လိုက်တာလား

ခင်သက်မွန်”

ခင်သက်မွန် ငိုသည်။ တုန်လှုပ်စွာ ခေါင်းခါယမ်းသည်။

“မဟုတ်ဘူး ... ကိုကို၊ ကိုကို့ကို ညီမလေး

လာရှာသေးတယ်။

ကိုကို အိမ်မှာမရှိဘူး”

အိမ်အပြင်သို့ပင် မထွက်ကြောင်း။ သိဆိုမည်ဟု ထင်ထားသဖြင့် သူငယ်ချင်းများက လာခေါ်ခြင်းဖြစ်ကြောင်း။ သူ ... ငြင်းကြောင်း။ အဖေနှင့်အမေကို သူငယ်ချင်းများက ကူပြောခိုင်းကြောင်း။ အဖေနှင့်အမေက “အားနာဖို့ကောင်းတယ်၊ လိုက်သွားလိုက်” ... ဟု ပြောကြောင်း။ သူ ... ငြင်းကြောင်း။ ငြင်းမရသည့်အဆုံး ကျွန်တော့်ကို အကျိုးအကြောင်းပြောဖို့ ခွင့်ပြုချက်ယူဖို့ အိမ်သို့လာကြောင်း။ ကျွန်တော် မရှိသဖြင့် သူ ... ဘာလုပ်ရမည်မှန်းမသိဖြစ်ခဲ့ရကြောင်း၊ သူငယ်ချင်းတွေ အတင်းဆွဲခေါ်သဖြင့် လိုက်ပါခဲ့ရခြင်းဖြစ်ကြောင်း၊ ငိုရှိုက်ကာ ခင်သက်မွန် ဖြေရှင်းသည်။

နောက်ဆုံးတော့ ...

ကျွန်တော့်ညီမလေးကို ကျွန်တော်ကပဲ ခွင့်လွှတ်လိုက်ရသည်။





“မောင့်သတင်းကတော့ ဟိုးလေ တကြော်ကြော်ပါပဲ။ ချစ်သူဝိုင်းဝိုင်းလည် ဇာတ်ကားထဲက ညွန့်ဝင်းနဲ့ ဝါဝါဝင်းရွှေကို ကြည့်နေရတဲ့ အတိုင်းပဲ ... တဲ့။ သူငယ်ချင်းတွေက ပြောတယ်။

ဇာတ်ကားထဲမှာကတော့ ...၊ ဝါဝါဝင်းရွှေက ညွန့်ဝင်းကို စင်ပေါ်ကနေ တွန်းချလိုက်တာပါ။ အခု ... အပြင်က ဇာတ်လမ်းမှာတော့ ဟောဒီ ကိုညွန့်ဝင်းက သီချင်းဆိုမယ့် ဝါဝါဝင်းရွှေလေးကို လက်ဆွဲပြီး စင်အောက်ကို အရောက်ခေါ်သွားနိုင်တယ် ဆိုပဲ”

မျက်ရည်များ ဝဲလျက် ကျွန်တော့်ကို ဝေ ... ခနဲ့သည်။

“တရားလွန်သွားပြီဆိုတာ၊ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား ... မောင်၊ မောင့်အစား ဝေ ရှက်တယ်”

“မောင် ဘာလုပ်ပေးရမလဲ ဝေ၊ မောင် ... မှားသွားပါတယ်”

မျက်ရည်တွေကို ဖယ်သုတ်လျက် တင်းမာပြတ်သားစွာ ပြောသော အမိန့်စကားတစ်ခွန်းကို ရင်နင့်စဖွယ် ကြားလိုက်ရသည်။

“အဲဒီကောင်မလေးနဲ့ မောင် ... မပတ်သက်နဲ့တော့၊ ကျောက်ခဲကို ဆီမညှစ်နဲ့တော့”



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ကိုကိုနဲ့ မသော်သော်စေနဲ့၊ လက်ထပ်ကြ
တော့မယ် ညီမလေး"

ခင်သက်ထွန်း ခေါင်းညိတ်သည်။ နေလောင်ထားသော ဆံနွယ်
စ,များ တွန့်လိမ်စွာ ဖွာခနဲကျသည်။

"ကိုကို"

"ပြောလေ ညီမလေး"

"ညက၊ ညီမလေး အိပ်မက်,မက်တယ်။
အိပ်မက်ထဲမှာ . . . ညီမလေးနဲ့ ကိုကိုနဲ့ အတူနေရ
တယ် . . . တဲ့"

"ဒါပေါ့ . . . ညီမလေးရဲ့။ ကိုကိုနဲ့ ညီမလေး
နဲ့က ရထားလမ်းလိုပဲ။ အတူရှိနေကြမှာလေ။ အတူ
နေရတယ်လို့ မက်တာ ကောင်းတာပေါ့။ ညီမလေးကို
ကိုကို . . . အမြဲတမ်း ကူညီနိုင်တာပါ"





ပြုံးလိုက်သော အပြုံးကို ကျွန်တော် နားမလည်။

"အဲလို အတူနေတာကို ပြောတာမဟုတ်ဘူး။
ဟို . . ."

သူ . . . ဆက်ပြောသော စကားသံတွေကို ကျွန်တော် မကြား
မိတော့။ မကြားချင်တော့။ သန့်ရှင်းအောင် သွန်သင်ထားပါလျက်
ဘာကြောင့်များ . . . ဒီလိုအိပ်မက်ဆိုးမျိုးကို မြင်မက်ရတာတဲ့လဲ။

"ညီမလေး"

သူ . . . ကျွန်တော့်ကို မော်ကြည့်သည်။

"ဘုရား မှန်မှန် ရှိခိုးနော်။ တစ်နေ့မှ မပျက်
ကွက်နဲ့"

ခေါင်းညိတ်သည်။

"ကိုကို ဆုံးမ,ခဲ့တာတွေ အားလုံး ညီမလေး
မှတ်မိတယ် မဟုတ်လား။ အဲဒီ့ အဆုံးအမတွေနဲ့
ညီမလေး ရပ်တည်ရမယ်။ ဘယ်သူ့ကိုမှ အားမကိုး
ဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရမယ်"

"ညီမလေး အနားမှာ ကိုကိုမရှိရင် မဖြစ်ဘူး"

"ကိုကိုက ဘယ်သွားမှာ မို့လို့လဲ။ ညီမလေး
လိုတဲ့ အကူအညီကို အချိန်မရွေး လာတောင်း ဟုတ်
ပြီလား"

ကတိတစ်ခုတော့ ပေးရမယ်။ အနန္တငါးပါးနဲ့ သူတော်
ကောင်း မကြိုက်နှစ်သက်တဲ့ အလုပ်မျိုး၊ စိတ်မျိုး၊ မလုပ်ရဘူး
မမွေးရဘူး။ ဘယ့်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွယ်သူ၏အပြုံးမျိုး ခင်သက်မွှန် ပြုံးသည်။

"ပြောလေ။ ညီမလေး ကတိပေးမလား"

"ပေးပါတယ်"

"တစ်သက်လုံးနော်"

"ဟုတ်ကဲ့ပါ"

"စိတ်ချလိုက်တော့မယ်"

"စိတ်ချပါ ကိုကိုရဲ့။ ညီမလေးနာမည် ခင်သက်မွှန် ... တဲ့။ တစ်မွှန်းတည်း ရှိတယ်"

ဘာကြောင့်မှန်းမသိ။

ကြည့်ခြင်း၊ ပြုံးခြင်း၊ ရယ်မောခြင်းတို့ကို အားမှဲ့စွာ မြင်လိုက်ရသဖြင့် သူ့ကို ... ကျွန်တော် ... စိတ်မချ။

ဝေနှင့် ကျွန်တော့်လက်ထပ်ပွဲသို့ ခင်သက်မွှန် ရောက်မလာ။ ဝေ၏ ပိတ်ပင်တားဆီးချက်ကြောင့် ခင်သက်မွှန်ရှိရာသို့ ကျွန်တော် မသွားဖြစ်။ သူငယ်ချင်းများ၏ အစီအမံ၊ ဝေ့၏ ဆန္ဒတို့ကြောင့် ခင်သက်မွှန်နှင့် အလှမ်းဝေးရာ၊ နေရာအရပ်တွင် ဝေနှင့်ကျွန်တော် နေကြရသည်။ "မီးဆိုတာ မလောင်ခင်က တားထားရတယ်" ...ဟု နိုင်ထွန်းက ကျွန်တော့်ကို ပြောသည်။ ကျွန်တော် ... စိတ်မကောင်း





မိ၊ ခင်သက်မွှန်ကို သတိရဖြစ်သည်။

အိမ်ထောင်သက် (၆) လခန့် အကြာတွင် မမျှော်လင့်ဘဲ ခင်သက်မွှန်နှင့် လမ်းမှာဆုံသည်။ သူ့နံဘေးတွင် အမျိုးသားတစ်ဦး။ နှုတ်ဆက်မည်၊ ပြုံးပြမည်ဟု စိတ်ကူးမိသော်လည်း တည့်တည့်မတ်မတ်ကြည့်မြင်ပါလျက် မည်သို့မျှ အသိအမှတ် မပြုသော သူ့အခြေအနေကြောင့် ကျွန်တော် ဆင်ခြင်နေလိုက်ရ၏။ အိမ်ထောင်ပြုလိုက်ပြီ ထင်ပါရဲ့ ...ဟု ကျွန်တော် တွေးသည်။ နှုတ်ဆက်မသွားသည်ကိုတော့ ...၊ တွေးလိုက်တိုင်း ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။

ကြားရသော သတင်းဆိုးများကြောင့် ကျွန်တော် မျက်ရည်ဝဲရသည်။ ခင်သက်မွှန် အိမ်ထောင်ကျခြင်း ...မဟုတ်။ သူ့ကို တန်ဖိုးထားမည့် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့နှင့် ယှဉ်တွဲလျှောက်လှမ်းနေခြင်း ... မဟုတ်။

ခင်သက်မွှန်သည် ... ခင်သက်မွှန် ပြန်ဖြစ်သွားရသည် ... ဟူသော သတင်းစကား။ ဆိုးယုတ်ညစ်ညမ်းစွယ် ဖြစ်ရပ်စကား



www.burmeseclassic.com

www.burmeseclassic.com



"တချို့မိန်းကလေးတွေက ငွေကြေးကြောင့် ဘဝပျက်တာ။ ခင်သက်မွန်က ငွေကြေးကြောင့် မဟုတ်ဘူး။ စိတ်ကြောင့်။

သူ့အနားမှာ ယောက်ျားတစ်ယောက် ရှိနေဖို့ လိုအပ်တဲ့ . . . စိတ်ကြောင့်ဖြစ်တာ။ ဟိုတလောက သူနဲ့တွဲတဲ့လူ ရခိုင်ပြည်နယ်ကို ပြောင်းသွားတယ် အဲ့ဒီလူကို သူ မလွမ်းဘူး။ သတိမရဘူး။ နောက်ထပ် . . . လူတစ်ယောက်နဲ့ ထပ်တွဲတယ်"

ဟုတ်ရဲ့လား။ ဟုတ်ရဲ့လား . . . ဟု အော်ဟစ်မေးမြန်းလိုက် ချင်သည်။ ဇေ့ကို အသိမပေးဘဲ သူရှိရာသို့ ကျွန်တော် သွားသည်။ ကျွန်တော့်ကို သူ . . . ရင်မဆိုင်။ "ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး လာမနှောင့်ယှက်ပါနဲ့" . . . ဟု ကျွန်တော့်ကို သူ . . . ပြောလွှတ်ရက် ၏။ အရှက်သိက္ခာမဲ့စွာ ကျွန်တော် ရင်နင့်ခဲ့ရသည်။

သူ . . . အကျိုးကို လိုလားသော မိန်းကလေးသူငယ်ချင်း တစ်ယောက်နှင့် စကားပြောခွင့်ရသည်။

"ကျွန်မက ခင်သက်မွန်ရဲ့ သူငယ်ချင်းပါပဲ အစ်ကိုနဲ့သူနဲ့ လက်ထပ်ဖြစ်မှာကို ကျွန်မ့က စိုးရိမ် ခဲ့တာ။ အစ်ကိုနဲ့ လက်ထပ်ဖြစ်ရင် အစ်ကိုပဲ ခံစား မှာ။

သူ့မှာ . . . မိန်းကလေးတစ်ယောက်မှာ မရှိ အပ်တဲ့ ဆန္ဒဆိုးတစ်ခုရှိတယ်။ အိပ်မက်,မက်ရင် တောင် သူ့အိပ်မက်ထဲမှာ . . . သူ့အနီးနားက အမျိုး





သားတစ်ယောက် အမြဲတမ်း ပါနေတတ်တယ်။

ကန်တော့နော် . . . အစ်ကို၊ အစ်ကို ထပ်ပြီး သူ လိမ္မာရေးခြားရှိဖို့ ကြိုးစားချင်စိတ်ဖြစ်မှာစိုးလို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာပါ"

ငိုချင်စိတ်ကို ထိန်းထားပါလျက် ကျွန်တော် . . . ငိုခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

နိုင်ထွန်းကို ကျွန်တော် ရင်ဖွင့်သည်။ "ကြားသိရတာ အ,ကုသိုလ် ဖြစ်ပါတယ်ကွာ။ စိတ်မကောင်း ဖြစ်မိတာလည်း အမှန်ပဲ။ လျစ်လျူရှုပစ်လိုက်ပါကွာ။ ဘုရားတောင်မှ ကယ်လို့မရတဲ့ သူတွေ၊ ဆိုဆုံးမလို့ မရတဲ့လူတွေကို လျစ်လျူရှုခဲ့သေးတာပဲ" ... ဟု၊ နိုင်ထွန်း ပြောသည်။

"ငါ ဒေါသ,ဖြစ်တယ်။ ကြေကွဲတယ်။ ငါ ကြိုးပမ်းခဲ့သမျှ၊ ငါပြောခဲ့သမျှ စကားတွေ၊ သိက္ခာတွေ၊ အဲဒါတွေကို ငါ နမြောတယ်"

"အခုမှတော့ ဘာကိုမှ နမြောမနေပါနဲ့တော့။ သူငယ်ချင်းရယ်။ မင်း ... ခေတ်ပညာတတ် တစ်ယောက်ပဲ။ မင်း ... နားလည်နိုင်မယ့် ဥပမာတစ်ခု ကို ငါ ပြောမယ်။

လမ်းဘေးက ခွေးလေ ခွေးလွင့်တစ်ကောင်





ကို သနားလို့ဆိုပြီး အိမ်ပေါ်ခေါ်တင်၊ ရေချိုးသန့်စင်ပြီး အမွှေးနံ့သာဖျန်း။ ဆီဦးထောပတ်ကျွေး။ မစင်နဲ့ ... ဝေးဝေးမှာ ထား။

ကာလ, ကြာလာတဲ့အခါ။ အဲ့ဒီ လမ်းဘေးက ခွေးလေ ခွေးလွင့်ဟာ အမွှေးအမျှင် လှလာနိုင်တယ်။ အသားအရည် ဝ,လာနိုင်တယ်။ မစင်စားချင်စိတ် ပျောက်သွားနိုင်တယ်။

ဒါပေမဲ့ ... ခွေးသဘာဝ ဟောင်တတ်တဲ့ အလေ့အထ ဟောင်ချင်တဲ့ ... စိတ်၊ ခွေးစိတ်ကို တော့ ဘာအစာကျွေးပြီး ပျောက်ဖို့မှ မရဘူး။ ဘယ်တိုက်ပေါ်မှာ ထားထား။ ဘယ်ညွှန်ခန်းမှာတင်းတင်း ဘယ်စကားနဲ့ ဘယ်လိုပဲ သင်သင်၊ ဟောင်ချင်တဲ့ ခွေးက ဟောင်မှာပဲ။ ခွေးဆိုတာ ဟောင်တတ်တယ် ဆိုတာ သိထားပါလျက်နဲ့၊ မဟောင်တတ်အောင် ဘယ်လိုလုပ် သင်နိုင်ပါ့မလဲ သူငယ်ချင်းရယ်"

ခေါင်းငိုက်စိုက်ကျသည်။

"မင်း မသိတာ တစ်ခုရှိသေးတယ်။ အဲဒါ ဘာလဲ ... ဆိုတော့၊ ခင်သက်မွန်ရဲ့ အဖေက အိမ်ထောင်သုံးဆက်ကျဖူးတယ် ... တဲ့။ Generation အကြောင်း။ မျိုးရိုးဗီဇအကြောင်း။ ငါ ... ထည့် မပြောတော့ပါဘူးကွာ။ မင်းလည်း ... ခေတ်ပညာတတ် တစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... မှားသွားခဲ့တယ် နိုင်ထွန်း"

"မင်းရဲ့အမှားတွေအားလုံး၊ သော်သော်ဝေ့ ရှေ့မှာ ဝန်ချသင့်တယ်လို့ ငါ ... အကြံပြုပါတယ် သူငယ်ချင်း"

နိုင်ထွန်း၏မျက်နှာကို ကျွန်တော် လေးစားစွာ ပြုံးကြည့်လိုက်သည်။ သည်နေ့ (သို့မဟုတ်) မနက်ဖြန်တွင် ကျွန်တော့်ရင်ခွင်မှာ ... ဝေ့ကို တွေးပိုက်လျက် ...

"ဝေ ...၊ မောင် မှားသွားခဲ့တယ်" ... ဟု၊ အစချီကာ နိုင်ထွန်း၏စကားလုံးများနှင့် နိဂုံးချုပ်လျက် အားလုံးကို ဝန်ခံလိုက်ပါမည်။

ထိုအခါ ... ဝေက "ယုံချင်လိုက်တာ မောင်ရယ်" ... ဟု ခနဲ့စကား မဆိုဘဲ၊ စာနာစွာသော လေသံဖြင့် "ယုံပါတယ် မောင်ရဲ့" ... ဟု ပြုံးချိုစွာ ပြောပေလိမ့်မည်။

ဝေသည်။

ကျွန်တော်ချစ်သော မိန်းမပြတ်တစ်ဦး။

"... ... ..." သည် မမြင်မက်သင့်သော အိပ်မက် တစ်ခု၊ မမြင်မက်အပ်သော ... အိပ်မက်ဆိုး ...။ ။

၂၀–၅–၉၃
[illegible]
([illegible])



# ရင်ဖွင့်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မဟောသဓာ သုခမိန်သည် ပရိသတ်အပေါင်းတို့အား...,

“အချင်းတို့၊ သူငယ်တို့ကို မိခင်တည်း သာ၍ချစ်သလော။ အဖိမတုတ်သောသူတည်း သာ၍ချစ်သလော”

ဟု မေး၏။ လူအပေါင်းတို့သည် ...

“အရှင့်သား အမိသည်သာလျှင် သားတို့၌ လွန်စွာချစ်၏ဟု ဆိုကြလတ်သော်။ ဘုရားလောင်းသည် “အချင်းတို့ အခု သူငယ်ကို လုယူနိုင်သော မိန်းမသည်၊ ထိုသူ၏မိခင်လော။ မလုနိုင်၍ မှိုင်နေသော မိန်းမသည်၊ ထိုသူငယ်၏ မိခင်လော။ သင်တို့ အသို့ထင်ကြသနည်း” ဟု မေး၏။ ပရိသတ်သည် “အရှင့်သား သူငယ်၏ နာကျင်ခြင်းဖြင့် သည်း မခံနိုင်၍ လွှတ်လိုက်သော မိန်းမသည်သာ သူငယ်၏မိခင်ဖြစ်မည်ဟု ကျွန်ုပ် တို့ထင်သည်” ဟု ဆိုကြကုန်၏။

*(မဟောသဓာဇာတ်တော်ကြီး သားတရားစီရင်ခန်း)*



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်မ စိတ်တွေ သိပ်လှုပ်ရှားနေတယ် . . . မောင်။ မောင့်ဆီကို ကျွန်မ မလာချင်ဘူး။ ဒါပေမဲ့ . . . ဒီနေ့အဖို့ ကျွန်မ မောင်နဲ့တွေ့ချင်တယ်။ မောင့်ကို မေးခွန်းတွေ မေးချင်တယ်။ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ . . . လို့ မောင့်မျက်နှာကိုကြည့်ပြီး မေးပစ်လိုက်ချင်တယ်။

ကျောင်းဆရာမဆိုတဲ့ ကျွန်မရဲ့ ဂုဏ်ဒြပ်ဟာ မောင့်အသိုင်းအဝိုင်းအတွက် (မောင့်အတွက်) သိပ်ပြီး သိပ်ပြီး သိမ်ငယ်နေသလား . . . မောင်။ ကျွန်မ ဝမ်းနည်းချင်တယ် မောင်ရယ်။

မင်္ဂလာလက်ထပ်ပွဲ တစ်ခုကို လာဖို့အတွက် အလိုအပ်ဆုံးပစ္စည်းက မင်္ဂလာလက်ဖွဲ့ပစ္စည်းပဲ မဟုတ်လား . . . မောင်။ ကျွန်မ မောင့်ကို ဘာတွေလက်ဖွဲ့ရမလဲ။

ကျွန်မရှေ့တည့်တည့် စားပွဲပေါ်မှာ ရှိတဲ့ မောင့်ဓာတ်ပုံ မောင်နဲ့ကျွန်မနဲ့ တွဲရိုက်ယားငဲ့ ဓာတ်ပုံတွေ၊ မောင် ကျွန်မကို ပေး





ထားဖူးတဲ့ မောင့်ရဲ့စာတွေ၊ ပြီးတော့ . . . မောင်နဲ့ အတူသွားခဲ့လာခဲ့ဖူးတဲ့ ရထားလက်မှတ်တွေ၊ ကားလက်မှတ်တွေ (မျိုးချစ်ဆွေနှင့် စုသက်ထားလို့ ရေးထားတဲ့) အလှူခံဖြတ်ပိုင်းလေးတွေ။ အဲဒါတွေအားလုံး မောင့်ကို ကျွန်မ ပြန်ပေးသင့်သလား။ လက်ဖွဲ့ပစ္စည်းတွေမှာ အဲဒါတွေ ပါဝင်သင့်သလား။ မောင့်ကို ကျွန်မ မေးချင်တယ် မောင်ရယ်။

ဒီနေ့ဟာ မောင်နဲ့ တခြား ဂုဏ်တူ, ဒြပ်တူ အမျိုးသမီးတစ်ယောက်ရဲ့ လက်ထပ်ပွဲ၊ သူငယ်ချင်းတွေကတော့ ဒီနေ့ဟာ . . ကျွန်မရဲ့ရင်ဖွင့်ပွဲတဲ့။

မောင့်မင်္ဂလာဆောင်ကိုလာပြီး မောင့်ရှေ့တည့်တည့်မှာ စကားတစ်ခွန်း၊ အကြည့်တစ်ချက်၊ အမူအရာတစ်ခုနဲ့ ရင်ဖွင့်ပြသင့်တဲ့ပွဲတဲ့။ အဲဒီ ရင်ဖွင့်ပွဲအတွက် အလိုအပ်ဆုံး ပစ္စည်းတွေကတော့ မောင်နဲ့ပတ်သက်ခဲ့တဲ့ အမှတ်တရ ပစ္စည်းတွေပါပဲတဲ့၊ ကျွန်မ ဘာလုပ်ရမလဲ . . . မောင်။

မကြာခင်အချိန်အတွင်းမှာ မောင့်ရဲ့ မင်္ဂလာပွဲ ကျင်းပတော့မယ်လေ။ ကျွန်မ ဘာလုပ်သင့်သလဲ။

"သက်ထား"

အတူနေတဲ့ သူငယ်ချင်း ခိုင်မိမိဇော်က အနားမှာ လာထိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မ ငေးကြည့်နေမိတဲ့ မောင့်ဓာတ်ပုံတွေကို ခေါင်းအုံးပေါ်မှာ တင်လိုက်ရတယ်။

"နှင် ဘာမှမပြင်ဆင်ရသေးဘူးလား။ အဲဒီ ပစ္စည်းတွေကို ပက်ကင်ထုပ်တော့လေ။ ပြောနေတာ ကြာပါတယ်။ ပေး . . . ငါ ထုပ်လိုက်မယ်"

ပြောပြောဆိုဆို နိုင်မိမိဇော်က မောင့်အမှတ်တရပစ္စည်းတွေ အားလုံးကို စက္ကူဘူးတစ်ခုမှာ စီစီရီရီထည့်တယ်။ ပန်းစက္ကူတစ်ရွက်နဲ့ ထုပ်တယ်။ မောင်ရယ် . . . အဲဒီ စက္ကူဘူးထဲမှာ ကျွန်မအသည်းနှလုံး ပါသွားပြီဆိုတာ မောင်သိရဲ့လား။ ကျွန်မ ငိုချင်လိုက်တာ။

"နိုင်"

"ဘာလဲ သက်ထား"

"ငါ . . . အဲဒီ မင်္ဂလာဆောင်ကို မသွားချင်ဘူးဟာ"

နိုင်မိမိဇော်က အနားမှာ ဖွေ့ခနဲ ဝင်ထိုင်ပြီး . . .

"နှင် သတ္တိမရှိဘူးလား။ အပြစ်ရှိတဲ့ လူတစ်ယောက်ရဲ့မျက်နှာကို အပြစ်မရှိတဲ့ နှင့်မျက်လုံးတွေနဲ့ ကြည့်ပြီး နှင် . . . အပြစ်မပေးရဲဘူးလား။ ဘာလဲ . . . အပြစ်မပေးရက်တာလား"

"ဩ ဘာမှ မပြောတတ်ဘူး . . . နိုင်၊ ငိုချင်နေတာပဲ သိတယ်။ ဘယ်မှ မသွားချင်ဘူး။ ဒီအခန်းထဲမှာ ငါတစ်ယောက်တည်း မောင့်ဓာတ်ပုံကိုကြည့်ပြီး ငိုချင်နေတယ်"





"သက်ထားရယ်။ နှင့်ကို မျိုးချစ်ဆွေ အနိုင်ယူသွားပြီဆိုတာ နှင် မေ့နေသလား။ သူတင်မကဘူး။ သူ့အသိုင်းအဝိုင်း တစ်ခုလုံးကပါ နှင့်ကို စော်ကားလိုက်တာလေ။ အနိုင်ယူလိုက်တာ၊ နှင် မရှုံးဘူးဆိုတာ တစ်ခုခုနဲ့ ပြသင့်တယ်။ နှင် မျက်ရည်ကျစရာ မလိုဘူး။ သူနဲ့ သူ့အသိုင်းအဝိုင်းကို နှင် . . . တစ်ခုခု တုံ့ပြန်သင့်တယ်"

မောင်ရယ် . . .။

ကျွန်မ ဘယ်လို တုံ့ပြန်ရမှာလဲ။

မောင် ကျွန်မကို ချစ်နေသေးတယ်လို့ အခုအချိန်အထိ ကျွန်မ ယုံကြည်နေတုန်းပဲ။ အဲဒီလို ယုံကြည်နေမိတာ ကျွန်မ မမှားဘူးထင်ပါတယ် . . . မောင်။

ကျွန်မ မောင့်ကို အငြိုးမထားချင်ဘူး။ ကျွန်မရင်ထဲကို ကျွန်မ သိတယ် . . . မောင်။ မောင်ဟာ ပျော့ညံ့ညံ့လူတစ်ယောက် မဟုတ်ပေမယ့် အသိုင်းအဝိုင်းကို မလွန်ဆန်နိုင်ဘူးဆိုတာ အစကတည်းက ကျွန်မ သိထားပါတယ်။ သိလျက်နဲ့ပဲ ကျွန်မ ဆက်ချစ်ခဲ့တာပါ။

ဂုဏ်ဒြပ်မြင့်မားတဲ့ အသိုင်းအဝိုင်းထဲက ခေတ်ပညာတတ် အင်ဂျင်နီယာတစ်ယောက်မို့ မောင့်ကို ချစ်ခဲ့တာ မဟုတ်ပါဘူး။ မောင့်နေရာမှာ မောင်ဖြစ်နေလို့ ကျွန်မ သိပ်ချစ်ခဲ့ရတာပါ။ ကျွန်မကို ချစ်ရင် (သက်ထားကိုချစ်ရင်) မောင့်အသိုင်းအဝိုင်းကို စွန့်ခွာခဲ့ပါ . . . လို့ ကျွန်မ ဘယ်တုန်းကမှ မတောင်းဆိုခဲ့ဘူးဆိုတာ မောင် သတိထား



www.burmeseclassic.com

www.burmeseclassic.com



တတ်မှာပါ။

နယ်မြို့လေးတစ်မြို့က အဆောင်နေ ကျောင်းဆရာမလေး တစ်ယောက်ရဲ့ ဘဝထဲကို ချစ်ခြင်းစွမ်းအားနဲ့ မောင် ... ဝင်လာရဲ တယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ဒါပေမဲ့ မောင်ရယ် ... မောင် နဲ့အတူ ပေါင်းဖော်ခွင့်ရဖို့ မောင့်အသိုင်းအဝိုင်းကြားမှာ မောင့်ကို အထီးမကျန်စေချင်ဘူး။

ကျွန်မဟာ မိန်းမသားပါ မောင်။

မောင့်အသိုင်းအဝိုင်းရဲ့ အလိုကျ ကျွန်မဘဝက မကြွယ်ဝ၊ မချမ်းသာပေမယ့် မောင့်ကို စွဲယူပိုင်စိုးနိုင်ဖို့ (ကျွန်မမှာ ဘာဂုဏ်ဒြပ် မှ မရှိဘူးဆိုရင်တောင်) ''မာယာ'' ဆိုတာ ရှိပါသေးတယ်။ ချစ်သူ တစ်ယောက် ရင်ခွင်ထဲ အပြီးအပိုင်ရောက်လာဖို့ ဘယ်လိုမှ မစွမ်း ဆောင်နိုင်ဘူးဆိုရင်တောင် မိန်းမသားတစ်ယောက်ရဲ့ နောက်ဆုံး စွမ်းအားဟာ ''မာယာ'' ပဲ မဟုတ်လား ... မောင်။

ကျွန်မ မောင့်အပေါ် မာယာတွေ မများခဲ့ဘူး။ မာယာတွေ မထားခဲ့ဘူး။ မောင်ပြောသမျှ စကားတွေကို သာသာယာယာ နားခံ ပြီး မောင့်မျက်နှာကို မြတ်မြတ်နိုးနိုး ပြုံးကြည့်နေရုံက လွဲလို့ ကျွန်မ မောင့်ကို ဘယ်လိုမှ မဆွဲဆောင်ခဲ့ပါဘူး။

အသိုင်းအဝိုင်းက တစ်ဖက်၊ ကျွန်မက တစ်ဖက်၊ ဘယ်





ဘက်ကို ယိမ်းရမှန်းမသိတဲ့ အဖြစ်မျိုးနဲ့ မောင့်ကို မကြုံစေချင်ပါဘူး ... မောင်။

ဒါပေမဲ့ မောင်ရယ် ...

မောင် ကျွန်မကို ရက်စက်တယ်။

မောင် ကျွန်မကို မတိုင်ပင်ဘူး။ မောင် ကျွန်မကို အသိမပေး ဘူး။ မောင် ကျွန်မကို လျှော့တွက်တယ်။ မောင့်အခက်အခဲတွေ ကျွန်မကို ဖွင့်ပြောပြပြီး အကူအညီတောင်းခံခဲ့ရင် မောင့်လက်ထပ်ပွဲ မှာ ကျွန်မ ပျော်ရွှင်ကြည်နူးစွာနဲ့ မောင့်ကို ပြုံးပြနေနိုင်မှာပါ ... မောင်။ မောင်ရယ် ... အခုတော့ ကျွန်မကို မောင် ရက်စက်တယ်။

''သက်ထား အဆောင်ရှေ့မှာ မျိုးချစ်ဆွေ ရောက်နေတယ်။ နင်နဲ့တွေ့ပါရစေတဲ့၊ နင် ထွက် တွေ့မှာလား''

မြင့်မြင့်မော်ဆိုတဲ့ သူငယ်ချင်းရဲ့စကားကို ကြားကြားချင်း ကျွန်မရင်ကို ကျွန်မ လက်ချောင်းတွေနဲ့ ဖိကပ်ထားလိုက်မိတယ်။ နိုင်မိမိဇော်က စားပွဲပေါ်မှာရှိတဲ့ ပက်ကင်ထုပ်ကို ကျွန်မလက်ထဲ ထည့်ပြီး ...

''သွားတွေ့လိုက် သက်ထား။ ပက်ပက်စက် စက် ပြောပစ်လိုက်။ အဲဒီ ပက်ကင်ထုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပါတယ်ဆိုတာပါ ပြောပြခဲ့၊ နေ့လယ်ကျ
မင်္ဂလာဆောင်ကိုလာပြီး လက်ဖွဲ့မလို့ ... လို့"

ဝေ့တက်လာသော မျက်ရည်တွေကို လက်ဖမိုးနဲ့ ဖယ်သုတ်ပြီး ထိုင်ရာက ထလိုက်တယ်။ ပက်ကင်ထုပ်ကို ကိုင်ထားတဲ့ ကျွန်မလက်တွေ တုန်ယင်နေတယ် ... မောင်၊ ကျွန်မရင်ထဲမှာ မောင်နဲ့တွေ့ချင်တာ တစ်ခုတည်းပဲ ရှိတယ်။

မောင်က ကျွန်မကို တွေ့တွေ့ချင်း ထိုင်ရာက ထတယ်။ မောင်ရှေ့တည့်တည့် ဆက်တီပေါ်မှာ ကျွန်မ လေးလေးပင်ပင် ထိုင်တယ်၊ စားပွဲပေါ်တင်လိုက်တဲ့ ပက်ကင်ထုပ်ကို မောင် ... သေသေချာချာ ငေးကြည့်နေတယ်။

မောင် ပြန်ထိုင်တဲ့အခါကျမှ ကျွန်မ မောင့်မျက်နှာကို ငေးကြည့်ဖြစ်တယ်။

"ဘာကိစ္စရှိလို့လဲ ကိုမျိုးချစ်ဆွေ။ ကျွန်မ
ဘာအကူအညီပေးရမလဲ"

ငိုသံမပါအောင် စကားသံ မတုန်ယင်အောင် ဖြည်းဖြည်းလေးလေး ပြောနေရတယ်ဆိုတာလောက်တော့ မောင် ... တနာသိနဲ့ သိမှာပါ။

"သက်ထားကို မောင် လာတောင်းပန်တာပါ။
မောင့်ကို နားလည်ပေးဖို့ လာပြောတာ"

ကျွန်မကြားနေကျ လေသံပျော့ပျော့လေးအတိုင်း မောင့်စကားသံက ပျော့ပျောင်းသာယာနေတုန်းပါပဲ။ နာကျင်စရာကိစ္စကိုကြားနေရပေမယ့် သာယာသံတစ်ခုလို ကျွန်မ မြေသိမ့်ထားပါ့မယ်





... မောင်။

"နောက် နှစ်နာရီလောက်ဆိုရင် မောင်
မင်္ဂလာဆောင်ရတော့မယ်။ အခု ... ကမန်းကတန်း
ထွက်လာတာ။ မင်္ဂလာဆောင်ကို သက်ထား လာ
မယ်လို့ သတင်းကြားတယ်။ အဲဒါ ... ဟုတ်လား
ဟင် ... သက်ထား"

ကျွန်မ ခေါင်းမညိတ်ခဲ့ဘူး။ မောင့်ကိုပဲ ငေးကြည့်နေဖြစ်တယ်။

"မောင့်မိသားစုတစ်စုလုံးက သက်ထားရဲ့
လက်ဖွဲ့ပစ္စည်းထဲမှာ ... မောင်နဲ့သက်ထားနဲ့ ပတ်
သက်တဲ့ အရာတွေပါလာမှာကို အရမ်းစိုးရိမ်နေကြ
တယ်။ လိုအပ်ရင် သက်ထားကို မာမီကိုယ်တိုင်
လာတောင်းပန်မှာပါ"

ရင်ထဲမှာ ဆို့နေတယ် ... မောင်။

မေးကြောမတင်းမိအောင်၊ အံမကြိတ်မိအောင်၊ မျက်ရည်မကျအောင် ထိန်းထားရတဲ့ မွန်းကျပ်ခြင်းကို မောင် ... ခံစားဖူးမှာမဟုတ်ဘူး ထင်တယ်။ မောင့်ကို မုန်းစရာအဖြစ် ကျွန်မ မြင်ချင်လိုက်တာ။ ဒါပေမဲ့ ... မောင့်ကိုကြည့်ပြီး သနားနေတယ်။ ကျွန်မ ငိုချင်တယ် မောင်ရယ်။

"ကိုမျိုးချစ်ဆွေ ပြောချင်တာ ဒါပဲလား"

ခေါင်းညိတ်ပြရုံသာ ညိတ်ပြနိုင်တော့တဲ့ မောင့်ကို ကျွန်မ ဘာပြောရမလဲ။ ဘယ်လိုစကားတွေ ပြောလိုက်သင့်သလဲ။ စိတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com


နဲ့တောင် မုန်းလို့မရဘူးဆိုတာ မောင်သိအောင် ကျွန်မ ဘယ်လို ပြောရမလဲ။

"ကျွန်မဆီကိုလာတာ ဒါ . . . နောက်ဆုံး
အကြိမ် ဖြစ်ပါစေ၊ ကိုမျိုးချစ်ဆွေ ပြန်ပါတော့"

ကျွန်မ ထိုင်ရာက ထလိုက်တယ်၊ မောင်လည်း ထိုင်ရာက ထရပ်တယ်။

"မောင့်ကို နားလည်ပေးဖို့ မောင် ထပ်ပြီး
တောင်းပန်ပါရစေ သက်ထား"

ခေါင်းငုံ့ထားရင်း . . .

"ကိုမျိုးချစ်ဆွေ ပြန်ပါတော့"

ဒါဟာ အတင်းမာဆုံး လေသံတစ်ခုပါပဲ။

မောင် . . . ခြေလှမ်းပြင်တယ်၊ ကျောခိုင်းတယ်။

ကျွန်မ ဘာလုပ်ရမလဲ မောင်ရယ်။ မောင် စိတ်လက်ပေါ့ပါး သွားအောင် ကျွန်မ ဘာလုပ်ရမလဲ။ စားပွဲပေါ်မှာရှိတဲ့ ပက်ကင်တုပ် ကို ကျွန်မ ကမန်းကတန်း ဆွဲဖြေလိုက်တယ်။

"မောင်"

ကိုမျိုးချစ်ဆွေ . . . လို့ မခေါ်လိုက်မိတဲ့အတွက် ကျွန်မ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ချင်တော့ပါဘူး။

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တဲ့ မောင့်ကို ကျွန်မ လက်ထဲက ဓာတ်ပုံတွေ၊ စာတွေ၊ လက်မှတ်တွေကို ပြလိုက်တယ်။ ပထမ ဆုံး မောင်နဲ့ကျွန်မ တွဲရိုက်ထားတဲ့ ဓာတ်ပုံနှစ်ပုံကို ပူးကိုင်လိုက်တယ်။





"ဪ"

အစိပ်စိပ်အမွှာမွှာ ဖြစ်သွားတဲ့ ဓာတ်ပုံစတွေကို စက္ကူဘူး ထဲမှာ ထည့်လိုက်တယ်။ နောက် စာတွေ၊ လက်မှတ်တွေကို အဆက် မပြတ် ဆုတ်ဖြဲလိုက်တယ်။ စက္ကူဘူးထဲမှာ အားလုံးထည့်ပစ်လိုက် တယ်။ နောက်ဆုံး ကျန်ရှိတဲ့ ပစ္စည်းတစ်ခုကတော့ ကျွန်မကို အမြဲ တမ်း ပြုံးပြနေတတ်တဲ့ မောင့်ရဲ့ဓာတ်ပုံပါပဲ။

အဲဒီဓာတ်ပုံကို မတုန်ယင်တဲ့ လက်ချောင်းတွေနဲ့ ကျွန်မ ကောက်ယူလိုက်တယ်လေ။ ငေးကြည့်နေတဲ့ မောင့်ဆီကို တစ်လှမ်း ချင်း သွားတယ်။ မောင့်မျက်နှာကို သေသေချာချာ ကြည့်လိုက်တယ်၊ ဒါဟာ . . . နောက်ဆုံး အကြည့်ပဲ ဖြစ်တယ် . . . မောင်။ မောင့်လက် ချောင်းတွေထဲကို မောင့်ဓာတ်ပုံ ထည့်လိုက်တယ်။

မျက်ရည်ကျတော့မယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ . . . မောင့်ရှေ့မှာ ကျွန်မ မငိုဘူး။ မောင်ရယ် . . . ဘာဖြစ်လို့ မျက်ရည် တွေ ဝဲနေရတာလဲ။ မောင်မငိုနဲ့လေ။ ကျွန်မ.တောင် မငိုမိအောင် ထိန်းထားသေးတာပဲ။ မငိုပါနဲ့ မောင်ရယ် . . . နော် . . .။

မောင်က မျက်တောင်တွေကို ပုတ်ခတ်ပြီး . . .

"ကျေးဇူးတင်ပါတယ် သက်ထားရယ်" . . .

တဲ့။

မောင့်ကို ကျွန်မ ကျောခိုင်းပစ်လိုက်တယ်။ စားပွဲပေါ်မှာ ရှိတဲ့ စက္ကူဘူးထဲက ကြေမွနေတဲ့ ကျွန်မ အသည်းနုလုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလိုက်တယ်။ စက္ကူဘူးထဲကို ပေါက်ခနဲ ကျသွားတဲ့ မျက်ရည်စက်များကိုတော့ မောင် ဘယ်လိုမှ မြင်နိုင်မှာ မဟုတ်ပါဘူး။



(၂)

မနက်ဖြန် ကျောင်းမှာ ကျောင်းသူ ကျောင်းသားတွေကို "မဟောသဓာဇာတ်တော်ထဲက သားတရားစီရင်ခန်း" ကို ကျွန်မ သင်ပြရလိမ့်မယ်။

မဟောသဓာ ပညာရှိကြီးသာ ရှိနေဦးမယ်ဆိုရင် ...

မောင်နစ်နာမယ်ထင်လို့ လက်လွှတ်လိုက်ရတဲ့ ကျွန်မအဖြစ်ကိုကြည့်ပြီး ကျွန်မသာလျှင် မောင့်ရဲ့ချစ်သူ စင်စစ်ဖြစ်တယ်ဆိုတာ ... ဆုံးဖြတ်ချက် ပေးနိုင်ပါလိမ့်မယ်။

သားသူငယ် တစ်ယောက်ကို တစ်ပါးသူနဲ့ ပြိုင်လုရင် သားသူငယ် နာကျင်မှာစိုးလို့ လက်လျှော့ပေးလိုက်ရတဲ့ မိခင်တစ်ယောက်ရဲ့ လက်လွှတ်မှုမျိုးနဲ့ မောင့်ကို ကျွန်မ စွန့်လွှတ်လိုက်တာပါ။ ဒါကို မောင် သိချင်သိလိမ့်မယ်။ သိချင်မှလည်း သိလိမ့်မယ်။ ဒါဟာ ... ကျွန်မ အတတ်နိုင်ဆုံး ဖော်ပြလိုက်တဲ့ ကျွန်မရဲ့ ရင်ဖွင့်ခြင်းပါပဲ။

ကရုဏာ ဒေါသောနဲ့ စေတနာအပြစ်ဖို့ စကားတွေပြောကြ



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းဝရှောင်းဖြ)

မယ့် ကျွန်မသူငယ်ချင်းတွေရဲ့ရှေ့ကိုရောက်ရင်တော့ သူငယ်ချင်းတွေကို ဖက်ပြီး ကျွန်မ အားပါးတရ ငိုချင်လိုက်မှာပါ။ အဲဒီ မျက်ရည်တွေနဲ့ မျက်နှာသစ်ပြီး ကျွန်မဘဝရဲ့ စာမျက်နှာအသစ်ကို ဖွင့်လှစ်ပါမယ်။

မောင်တစ်ယောက် လုပ်သမျှ . . . အောင်မြင်၊ ယှဉ်သမျှ . . . အနိုင်ရပြီး၊ ရွှင်ပျစွာ ငြိမ်းချမ်းပါစေ . . . မောင်။ ။

၁၉၉၄ — ဒီဇင်ဘာ
(လုံမလေး အမျိုးသမီး မဂ္ဂဇင်း)



# ဥသြသံ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဉသြငှက်၏ တွန်ကျူးသံ ကြားရလျှင် အလွမ်းဓာတ်ခံရှိသူတိုင်းသည် တစ်နေရာရာသို့ သတိတရ လွမ်းတမ်းတလေ့ရှိသည်။

ကျွန်တော်လည်း လွမ်းတတ်ပါသည်။ သို့သော် . . . ဉသြငှက်တွန်သံကြား၍ မဟုတ်။ ရထားဉသြသံ ကြားလိုက်ရသည့်အခါတိုင်း . . .

ရန်ကုန်ဘူတာကြီး၏ ခပ်လှမ်းလှမ်းတွင်ရှိသော "လိပ်ပြာကန်" ရပ်ကွက်ကလေးကိုလည်းကောင်း။ ထိုရပ်ကွက်ကလေးတွင် နေထိုင်သွားခဲ့ဘူးသော ကျွန်တော့်အဘိုး "ဦးအေး" ကိုလည်းကောင်း သတိရလွမ်းတမ်းတ,မိလေသည်။

ယခုအခါ 'လိပ်ပြာကန်' ရပ်ကွက်လေးလည်း၊ မရှိတော့။

ကျွန်တော့်အဘိုး ဦးအေးသည်လည်း လူ့လောကတွင် မရှိတော့ချေ။ ရထားဉသြသံကြားရတိုင်း မည်သည့်နေရာမှ ကြားရကြားရ 'လိပ်ပြာကန်' ရပ်ကွက်နှင့် ကျွန်တော့်အဘိုးကို လွမ်းဆွတ်သတိရ



www.burmeseclassic.com

www.burmeseclassic.com



နေမိပါသည်။

ရန်ကုန်ဘူတာကြီး၏ အရှေ့ဘက် ခပ်လှမ်းလှမ်းတွင်၊ မီးရထားကွာတာ။ မီးရထားကွာတာနှင့်ကပ်လျက် အရှေ့ဘက် ဘုန်းတော်ကြီး ကျောင်းဝင်းသည် 'လိပ်ပြာကန်' ကျောင်းဝင်း။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်ကျော်လောက်က လိပ်ပြာကန်ကျောင်းဝင်းထဲတွင် 'လိပ်ပြာကန် ကျောင်းတစ်ကျောင်းတည်း သာ ရှိ၏။ လိပ်ပြာကန်ကျောင်းဝင်း၏ မြောက်ဘက်တွင် သိမ်ဖြူ ကျောင်းဝင်း တည်ရှိသည်။

လိပ်ပြာကန်ကျောင်း၏ ကျောင်းထိုင်ဘုန်းကြီး၏ ဘွဲ့ကို ကျွန်တော် မသိခဲ့။ ဘဘုန်းဟုသာ ခေါ်ဝေါ်ခဲ့ကြသည်။

မုံရွာ ဘုတလင်တစ်ဝိုက်ရှိ အညာသူ, အညာသား တောင်ယာလယ်သမားများသည် မိုးခေါင်ရေရှားသော နှစ်က အောက်အရပ်သို့ ခေတ္တခဏ လာရောက်လုပ်ကိုင် စားသောက်ကြသည်။

'လိပ်ပြာကန်' ကျောင်း၏ ကျောင်းထိုင်ဆရာတော် ဘဘုန်း၏မေတ္တာ ကရုဏာတော်ကြောင့် ထိုကျောင်းတွင် မှီခိုလျက်၊ ရောင်းဝယ်စားသောက်ခွင့် ရကြသည်။ လိပ်ပြာကန်ကျောင်းသည် ခြေတံရှည်ကျောင်း ဖြစ်သဖြင့် ကျောင်းအောက်တွင် ကွပ်ပျစ်များ ပြုလုပ်လျက် မှီခိုနေထိုင်ကြသည်။





ရာသီဥတုမကောင်းလျှင် ကျောင်းအောက်သို့ရောက်လာကြ၊ ဈေးရောင်းကြ၊ စုဆောင်းကြသည်။ ရာသီဥတုကောင်းမွန်သောနှစ် ဝိုက်ချိန်ပျိုးချိန်ရောက်လျှင် စုဆောင်းထားသော ငွေထုပ်လေးများကို ပိုက်လျက်၊ အထက်အညာ ဌာနေရွာသို့ ပြန်သွားခဲ့ကြလေ့ရှိ၏။

နှောင်သော် ...

ကျောင်းအောက်ရှိ ကွပ်ပျစ်များသည် အခန်းငယ်၊ အခန်းကျဉ်းများ ဖြစ်လာသည်။ ကျောင်း၏မျက်နှာစာရှိ ဇရပ်ကြီးပင်လျှင် လူနေအိမ်ထီးတည်း။ ဤသို့ဖြင့် လိပ်ပြာကန်ကျောင်းဝင်းသည် လိပ်ပြာကန်ရပ်ကွက် ဖြစ်လာရတော့၏။

ကျွန်တော် မူလတန်းအရွယ်က ထိုရပ်ကွက်ထဲသို့ဝင်လျှင် ပိနပ်ချွတ်ရသည်ကို မှတ်မိနေသည်။ အလယ်တန်းကျောင်းသားအရွယ်ရောက်တော့ ဖိနပ်ချွတ်သော အလေ့အထသည် ကွယ်ကွယ် ပျောက်ပျောက်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်တော့်အဘိုး ဦးအေးသည် မုံရွာမြို့ ဘုတင်ခရိုင် ရုံး
တောရွာသား။ ဖနီးသားသမီးများကို ရွာတွင်ထားခဲ့ပြီး လိပ်ပြာကန်
ကျောင်းဝင်းတွင် လာရောက်နေထိုင်ကာ စီးပွားရှာရလေသည်။

လိပ်ပြာကန်ရပ်ကွက် ဖြစ်သွားသောအခါတွင် ရွာမှ ဇနီး
သားသမီးများကို ခေါ်လျက်၊ ရပ်ကွက်တွင် အခြေချလိုက်တော့၏
ရွာတွင်ကျန်ရစ်ခဲ့သော လယ်ယာကိုင်းကျွန်းတို့ကို ညီတွေ၊ နှမ,တွေ
ဖြင့် မျက်နှာလွှဲခဲ့၏။

လိပ်ပြာကန်ရပ်ကွက်တွင် နေထိုင်သူများ၏ စီးပွားရေးလုပ်
ငန်း အများစုမှာ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လုပ်ငန်း။ ရောင်းချ
သော ကုန်ပစ္စည်းမှာလည်း အမျိုးအမည်မခြား။ တစ်မျိုးတစ်ဖ
တည်း ဖြစ်သည်။ တို့ဟူးသုပ်၊ ခေါက်ဆွဲသုပ်၊ ကြာဆံသုပ် ရောင်းသူ
များက တစ်ရွက်ကွက်လုံးနီးပါး။ မုန့်စိမ်းပေါင်း၊ ကောက်ညှင်းပေါင်း
ရောင်းသူများက အနည်းစုဖြစ်သည်။





အမျိုးသားများက တို့ဟူးသုပ်ကို ဆိုင်းထမ်းအနီရောင်များ
ဖြင့် ထမ်း၍ ရောင်းသည်။ အမျိုးသမီးများက ဗျပ် . . . ဟုခေါ်သော
ခြလေးချောင်းတပ် ဈေးဘမ်းလေးဖြင့် ရွက်၍ရောင်းသည်။ တို့ဟူး
သုပ်ရာတွင် ပါဝင်သော ကုလားပဲခြမ်း၊ အချဉ်ရည်၊ အငံရည် စသော
ပစ္စည်းပစ္စယများကို အိမ်တစ်အိမ်မှ ဒိုင်ခံရောင်းပေးသည်။ ထိုသို့
ရောင်းချပေးသူ၏အမည်မှာ ဦးလေးစိန် . . . ဟု ကျွန်တော် မှတ်မိ
သည်။ ပဲကျိုတ်ဆုံသည်လည်း ရပ်ကွက်ထဲတွင် အရှိသင့်။

ရပ်ကွက်၏အလယ်တည့်တည့်တွင် တဲကြီးတစ်တဲရှိသည်။
အနောက်ဘက်တွင်လည်း တဲကြီးတစ်တဲရှိသည်။ ထိုတဲကြီးများကို
အကြော်ဖိုဟု ခေါ်သော်လည်း တို့ဟူးကို ထိုတဲကြီးအတွင်း၌သာ
ကြော်ကြရသည်။ မိမိအိမ်တွင် ကြော်သူမရှိ။ အလှည့်ကျစံနစ်ဖြင့် တို့ဟူး
ကြော်သူ၊ ကြော်လှော်သူတွေကို ကြည့်မြင်လျက် အားရပျော်ရွှင်ခဲ့ဘူး
သည်။

အဘိုး ဦးအေးနှင့် အဘွား ဒေါ်အေးရီတို့တွင် သားသမီး
လေးယောက် ထွန်းကားသည်။ ကျွန်တော့်အမေက အကြီးဆုံးသမီး။
ကျွန်တော့်အမေအောက်တွင် မောင် နှစ်ယောက်၊ ညီမ တစ်ယောက်။

အမေက အဖေနှင့်အိမ်ထောင်ကျတော့ အခြားမြို့နယ်တွင်
နေသည်။ ကျွန်တော်ကတော့ . . . လူမှန်းသိစ,ကတည်းက ကျောင်း
ပိတ်ရက်တိုင်း အဘိုး၏အိမ်တွင် နေပျော်လေ့ရှိ၏။

အိမ်အနောက်ဘက်တွင် အုတ်တံတိုင်း။ အုတ်တံတိုင်း၏
တစ်ဖက်တွင် ကုလားသင်္ချိုင်း။ သင်္ချိုင်း၏ ဟိုမှာဘက်တွင် ရန်ကုန်
ဂူတာကြီးသို့ ဦးတည်နေကြသည့် ရထားသံလမ်းများ။



www.burmeseclassic.com

www.burmeseclassic.com



စာကျက်နေသောအခါတွင်ပဲဖြစ်ဖြစ်၊ ဆော့ကစားနေသောအခါတွင်ပဲဖြစ်ဖြစ် ရထားသံလမ်းဘက်မှ ရထားဥသြသံကြားလျှင် အိမ်နောက်ဘက်ရှိ အုတ်တံတိုင်းပေါ်သို့ ကျွန်တော် အပြေးတက်သည်။ ခပ်ပြုပြု မြင်ရသော ရထားတွဲများဆီသို့ လက်ထဲတွင်ရှိသော အရာဝတ္ထုတစ်ခုခုကို ဝှေ့ယမ်းပြလိုက်ရသော ပျော်ရွှင်မှုကို အလွန်အင်မတန် မက်မောခဲ့၏။ "ငါ့မြေး လိမ့်ကျမယ်နော်" . . . ဟု အဘိုးက အော်ငေါက် သတိပေးလေ့ရှိသည်။

ညအိပ်ရာဝင်သောအခါ အိပ်ပျော်ခါနီးတွင် ရထားသံများ ခပ်ခြားခြားကြားရသည်။ ထိုအခါ . . . ဘုရားဝတ်ပြုပြီးစ, အဘိုးကို ကျွန်တော်က, ရထားသံကြားတိုင်း အမေးအမြန်း ထူလေ့ရှိသည်။ အိပ်မပျော်မချင်း။

"ဆော်"

"အဘိုး၊ အဲဒါ ဘာရထားလဲ"

"မန္တလေးကို သွားတဲ့ရထား။

ခုနက မြို့ပတ်ရထား"

"မန္တလေးကိုသွားရင် ကြာလားဟင်"

"သိပ်မကြာပါဘူး။ နောက်တစ်နေ့ဆို ရောက်တာပဲ"

"ဟင်။ ဒါဆို ကြာတာပေါ့"

"ဟိုတုန်းက ဒီထက် အများကြီး ကြာတယ်"

"ဘာဖြစ်လို့ ကြာတာလဲ"

"ဟိုတုန်းက မီးသွေးရထားတွေနဲ့ သွားရတာ။ အခုက ဒီဇယ်ရထား"

"မီးသွေးရထားဆိုတာ၊ တူ . . . တူ . . . ရှူး . . . ရှူး . . . ရှဲ . . . ရှဲ . . . ဆိုတဲ့ ရထားမည်းမည်းကြီးလား"

"အေး။ ဟုတ်တယ်"

"အဲဒီရထားအမည်းကြီးတွေ သားမစီးဖူးဘူး"

"ငါ့မြေးတို့က ဘယ်စီးဖူးပါ့မလဲ။ ခေတ်မှီနေပြီပဲ"

ကျွန်တော်မှတ်မိခဲ့သော ညများစွာ အနက်က၊ ညလေးတစ်ညသာ ဖြစ်သည်။

နောက်ထပ် ညတစ်ညကို ကျွန်တော် မေ့မရနိုင်စွာ မှတ်မိနေလျက် ရှိသည်။

"ငါ့မြေး၊ ဘာဖြစ်လို့ အိပ်ငိုက်နေတာလဲ။ ထထ မျက်နှာသစ်လိုက်"

စာကျက်ရင်း ငိုက်မြည်းနေသော . . . ကျွန်တော့်ကို အဘိုးက မျက်နှာသစ်ဖို့ ရေခပ်ပေးသည်။ မျက်နှာသစ်အပြီး စာကြည့်စားပွဲတွင် ပြန်ထိုင်သောအခါ အဘိုးက . . .

"ငါ့မြေး ငယ်ရွယ်တုန်းမှာ ပညာကို ကြိုးစား

www.burmeseclassic.com



ရှာ။ ကြီးမှ နောင်တ,မရနဲ့၊

ဒီရပ်ကွက်ထဲက တချို့ကောင်တွေလို ရထား

ဥညသံကြားမှ ငွေမလိုချင်နဲ့"

ထိုစကားကို ကြားရစဉ်က ကျွန်တော် အလယ်တန်းကျောင်းသား။ အဘိုး၏ စကားဆိုလိုရင်းကို တစ်ဝက်တိတိသာ ကျွန်တော် နားလည်သည်။

'ရထားဥညသံကြားမှ ငွေမလိုချင်နဲ့' . . . ဟူသော စကား အဓိပ္ပာယ်ကို ကျွန်တော် နားမရှင်း။

ထိုစဉ်အရွယ်က ဘဝသံသရာဟူသော စကားအဓိပ္ပာယ်ကို ရထားကြီးဖြင့် နှိုင်းပြခြင်းအား၊ တွေးတောခံစားနိုင်သော အရွယ်ဖြစ်သည်။ သို့သော် . . . အဘိုးပြောသော စကားအဓိပ္ပာယ်ကို မည်သို့မျှ တွေးတော၍ မရ။ ထို့ကြောင့် ကျွန်တော် စာမကျက်နိုင်သေးဘဲ . .

"ဘာကိုပြောတာလဲ အဘိုး။ ရထားဥညသံ

ကြားမှ ငွေမလိုချင်နဲ့ဆိုတာ . . ."

အဖိုးက ခြသေ့်သုံးကောင် ဆေးပေါ့လိပ်ကို မီးရဲရဲမွှာပြီး . .

"အညာက ကောင်တွေ ဒီမှာ တို့ဟူးသုပ်

လာရောင်းကြ၊ မုန့်ဆောင်းကြ၊ ပြီးရင် . . . ရွာကို ပြန်

ကြနဲ့၊ ငါ့မြေး အသိပဲ။

တချို့ကောင်တွေက အချိန်ရှိတုန်းက စုရ,

ဆောင်းရမှန်း မသိဘူး။ သောက်သောက်စားစားနဲ့

ဖဲရိုက်တဲ့ကောင်က ပါသေး။

ရွာမှာ အလှူရှိလို့ပဲဖြစ်ဖြစ်၊ စိုက်စရိတ် ပျိုး





စရိတ်ပေးဖို့ပဲဖြစ်ဖြစ်၊ သူသူကိုယ်ကိုယ် ရွာကို တစ်စု

တဝေးတည်း ပြန်ကြတယ်။ စုဆောင်းထားတဲ့ သူက,

တော့ ကြည်ကြည်နူးနူးပေါ့။ မစုမဆောင်းမိတဲ့သူက

တော့ သူများပြန်လို့သာ ပြန်ရတယ်။ ဘာမှ ပါမသွား

ဘူး။

ရထားဥညသံကြားတော့မှ ငွေများများပါရင်

ကောင်းမယ် . . . လို့ ညည်းကြ, ပြောကြတယ်လေ။

အဲ့ဒါကို ပြောတာ။

ငါ့မြေး ငယ်ငယ်တုန်းက သင်ရတဲ့ ကျောင်း

စာလိုပေါ့။ ပုရွက်ဆိတ်နဲ့နှံကောင် အကြောင်းလေ။

အချိန်ရှိတုန်းက, လုံ့လအပြည့်နဲ့ ရှာကြွေထားတဲ့

ပုရွက်ဆိတ်က၊ မိုးလည်းရွာရော မပူမပင်ရတော့ဘူး

ပေါ့"

ထိုညက, မနက်လင်းလုသည့်အထိ ကျွန်တော် စာကျက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

အဘိုး၏ ပခုံးနှစ်ဖက်ကို ကျွန်တော် ကိုင်ကြည့်ခဲ့ဖူးသည်။ ညိုမည်းနေသော ဒဏ်ရာနှစ်ခုကို ပခုံး၏ တစ်ဖက်တစ်ချက်တွင် အထင်းသား တွေ့ရ၏။ 'ဘာဖြစ်တာလဲ အဘိုး' . . . ဟု။ အသိမဲ့စွာ ကျွန်တော် မေးမြန်းခဲ့စဉ်က . . . 'ဘဝရဲ့ဒဏ်ရာ ဒဏ်ချက်တွေပေါ့ကွာ' . . . ဟု၊ သက်ပြင်းချလျက် ပြောဖူးသည်။

ထိုဒဏ်ရာဒဏ်ချက်တွေဖြင့် ကျွန်တော့်အမေကို လူလားမြောက်စေခဲ့သည်။ မိတ္ထီလာမြို့ရှိ 'ရန်ကုန်–တင်ဝင်း' ဟုခေါ်သော လက်မှုပညာရှင်တစ်ယောက်ကို လူလားမြောက်စေခဲ့သည်။ ကောလင်းမြို့ တိုက်နယ်ဆေးရုံတွင် အမှုထမ်းလျက်ရှိသော ဒေါက်တာတင့်ရွှန်းကို ထွန်းပေါက်စေခဲ့သည်။ ကျောက်ထုံးကြီးတွင် အမှုထမ်းလျက်ရှိသော ကျောင်းဆရာမ ခင်ခင်ထွေးကို ထွန်းပေါက်စေခဲ့သည်။

ကျွန်တော့်အမေထံတွင် တစ်လှည့်၊ ကျွန်တော့်ဦးလေး ဒေါက်တာတင့်ရွှန်းထံတွင် တစ်လှည့် နေထိုင်ရင်းက လူကြီးရောဂါ





ဖြင့် အဘိုးဆုံးပါးခဲ့သည်။

ဘဝ၏ရုန်းကန်နေခဲ့ရသော အခြေအနေကြောင့် အဘိုးသည် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများ မရှိခဲ့သော်လည်း ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းကို အချိန်မလပ် ဆောင်ရွက်နေခဲ့၏။

ဘဝတစ်ပါးသို့ ကူးပြောင်းခါနီးက၊ ညည်းတွားသံ သဲ့သဲ့ကိုပင် အဘိုးထံမှ မကြားရ။ ပရိတ်တော်များကို ရွတ်ဖတ်ရင်း တစ်စတစ်စ ငြိမ်သက်သွားခဲ့သည်။ အဘိုး၏ရုပ်ကလာပ်ကို ငေးကြည့်ရင်း . . . 'ရထားဥဩသံကြားမှ ငွေမလိုချင်နဲ့' ဟူသော စကားကို ကျွန်တော် ကြားယောင်သည်။

အဘိုးသည် ဥဩသံကြားရပါလျက် စုဆောင်းရာကြီးထားခဲ့သူပီပီ၊ တည်ငြိမ်စွာ လိုက်ပါသွား၏။ လောကီ လောကုတ္တရာ နှစ်ဖြာစလုံးတွင် အဘိုး တာဝန်ကျေသည်ဟု ကျွန်တော် ထင်သည်။

ယခုအခါတွင် လိပ်ပြာကန် ရပ်ကွက်လေးလည်း မရှိတော့။ လိပ်ပြာကန်ကျောင်း ဆရာတော် ဘဘုန်းလည်း မရှိတော့။ ကျွန်တော့် အဘိုး ဦးအေးလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

(၄)

မြို့ရွာအနှံ့တွင် ရထားဥသြသံများကို ယခင်က,ထက် ပို၍ပေါ်များစွာ ကြားရသည်။ ကျွန်တော်သည် ယခုထက်တိုင် ရထားများဖြတ်သန်းသွားသည်ကိုတွေ့လျှင် လက်ဝှေ့ယမ်းသည့် ဓလေ့ကမပျောက်သေး။

အိမ်နောက်ဖက် အုတ်တံတိုင်းပေါ်သို့ အပြေးအလွှား တက်ခဲ့ရသည်ကို မမေ့မရသေး။ 'ငါ့မြေး လိမ်မ့်ကျမယ်နော်' ...ဟူသောအဘိုး၏ သတိပေးသံကို မပယ်ဖျောက်နိုင်သေးချေ။

"ရထားပေါ်ရောက်မှ ငွေမလိုချင်နဲ့" ဟူသော၊ ဆုံးမ,စကားကို ရထားဥသြသံများ ကြားရသောအခါတိုင်း ပို၍ သတိတရ, လွမ်းတ, ကြားယောင်သည်။ ကြားယောင်မိစဉ်တိုင်း လက်ရှိကာလ တာဝန်ဝတ္တရားများကို အလျှင်အမြန် ဆောင်ရွက်နိုင်ခဲ့သည်။

ရထားဥသြသံများသည် အဘိုးကို သတိရစေသည်။ အဘိုးကို သတိရသဖြင့် အဘိုး၏စကားကို အကြွင်းမဲ့ နားထောင်လိုက်နာ





ဖြစ်သည်။ ထိုအခါ ... နောင်း နောင်တ, ရသူများထဲတွင် ကျွန်တော်မပါဝင်တော့ချေ။

ထိုအခါ ...

အဘိုးကို ကျေးဇူးတင်ဖြစ်သည်။ ရထားဥသြသံများကိုသာဓုခေါ်ဖြစ်သည်။

၁၁–၁၀–၁၉၉၄

၁၉၉၆ – မြန်မာ့စီးပွားရေး ဝတ္ထုတိုပြိုင်ပွဲ

(ဆုရစာမူ)



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးအပိုင်ခံတ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ရန်ဖြစ်နေတဲ့ အိမ်နှစ်အိမ်ကို သူ့ခေါင်းပေါ်မှာ တင်ထားရတာ အားနာစရာ။ အဲဒီလို ရန်ဖြစ်နေတဲ့ (အိမ်တွေ)[၂] ကမ္ဘာအနှံ့မှာ ခပ်များများ ရှိနေလိမ့်မည် ထင်၏။

"ငါတို့မြေက ပေလေးဆယ်၊ ပေ ခြောက်
ဆယ်"
"ဟဲ့၊ ငါတို့ အိမ်ဝင်းကလည်း ဘိုးဘွားပိုင်
အိမ်ဝင်း။
နဂိုအတိုင်း ဝင်းခပ်တာ၊ ဘာမှငြင်းစရာမရှိ
ဘူး။ နင်တို့သာ မြေသူခိုးတွေ"
"ဟဲ့၊ နင်တို့သာ ခိုးတာ။ ဒီသရက်ပင်က,
ဟိုတုန်းက ခြံဝင်းအပြင်မှာ။ အခု ခြံဝင်းထဲ ရောက်
နေတာပဲ ကြည့်။ ဘယ်သူခိုးတာလဲ ကဲ ..."

ကမ္ဘာမြေကြီး၏ သက်ပြင်းချသံကို မည်သူမျှ မကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြချေ။ ဦးခေါင်းပေါ် သန်းနှစ်ကောင် ရန်ဖြစ်နေသည်ဟုသာ ခံစားရ၏။ စစ်ခနဲ ယားယံသွားသည်မှအပ မည်သို့မျှ ဖြစ်ဟန်မတူ။

သို့သော် . . . သူ့ခေါင်းပေါ်တွင် သန်းကိုက်ရာတွေ အများအပြား ရှိခဲ့ရသည်ကို မည်သို့သော နည်းနှင့်မျှ ငြင်းချက်ထုတ်၍မရ။ ဦးခေါင်းပေါ်တွင် သန်းနှစ်ကောင်တည်း ရန်ဖြစ်နေသည်ဆိုလျှင် ကိစ္စမရှိ။ သန်းပေါင်းများစွာ ရန်ဖြစ်နေကြသဖြင့် သူ့ဦးခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲနေမည်မှာ ဧကန်မလွဲ။ စကြဝဠာမှ (သို့မဟုတ်) လကမ္ဘာပေါ်မှ လှမ်းကြည့်လိုက်မည်ဆိုလျှင် ကမ္ဘာကြီး၏ ဦးခေါင်းပေါ်၌ သန်းပေါင်းများစွာ ရန်ဖြစ်နေကြသည်။

အိမ်နေရာ (မြေနေရာ) လုနေကြသော အိမ်ပိုင်ရှင်များအတွက် သူ့ခမြာ ရင်မောနေရရှာ၏။ သူပိုင် ငါပိုင် ငြင်းခုန်နေကြသူများသည် ကမ္ဘာကြီးကို သက်မဲ့တစ်ခုဟု ထင်နေသည်လားမသိ။ အမှန်က ကမ္ဘာကြီးသည် သက်ရှိ သူတော်စင်ကြီးတစ်ဦး။ ထိုကမ္ဘာကြီးကို မည်သူမျှ မပိုင်ကြ။ ကမ္ဘာကြီးကို ကမ္ဘာကြီးက,သာ ပိုင်ဆိုင်သည်။ ဒါပေမဲ့ . . . အသေအချာ စဉ်းစားကြည့်ပြန်လျှင်တော့ ကမ္ဘာကြီးကို ကမ္ဘာကြီးကိုယ်တိုင်က,ပင်လျှင် ရဲရဲဝံ့ဝံ့ ပိုင်ဆိုင်နိုင်ခြင်း မရှိပေ။ ကမ္ဘာကြီး ကွဲအက်ကြေမွ မသွားဘူးလို့ ဘယ်သူ အာမ,ခံနိုင်မှာတဲ့လဲ။





သည်းခံနိုင်စွမ်း ကြီးမားလွန်းသည့် ကမ္ဘာကြီး။

သူ့ခမြာ။ ခေါင်းပေါ်မှာ ပါးပြင်ပေါ်မှာ၊ မေးစေ့မှာ တွယ်ကပ်ကိုက်ဖဲ့နေကြတဲ့ ပိုးမွှားတွေကို၊ ခါထုတ်မပစ်ဘဲ, ဆွဲငင်အားတွေပေးပြီး နေထိုင်ခွင့်ပြုနေဆဲပါလေ။ ဆွဲအားတွေ ဖြတ်တောက်ပစ်လိုက်တဲ့အခါ ကမ္ဘာကြီးရဲ့ နာကျင်မှုများ သက်သောင့်သက်သာ ရှိသွားပေလိမ့်မည်။

အထီးကျန်စွာ မနေတတ်သောကြောင့်မလားမသိ။ ဒါမှမဟုတ် ဥပေက္ခာတရားကို ပိုင်ဆိုင်ထားလေသည်လား၊ မပြောတတ်။ ဖြတ်နင်းသွားကြသော၊ ပြေးလွှားနေကြသော ခြေထောက်များ၏ဒဏ်ကို မျက်နှာတစ်ချက် မတွန့်ဘဲ၊ တင်းခံနေတာကို ကြည့်လေ။

နာကျင်လွန်းအားကြီးလို့ တစ်ခါတစ်ရံ တဆတ်ဆတ်တုန်ခါသွားခြင်းကြောင့် ငလျင်လှိုင်းတွေ ဖြစ်ပေါ်သည်ဟု ထင်၏။ ကောင်းကင်၏ ကရုဏာသက်စွာ ငိုချလိုက်သော မျက်ရည်တွေက မိုးရေစက်များအဖြစ်ဖြင့် ကမ္ဘာကြီးကို တစ်ခါတလေ သက်သာစေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

"ရန်မဖြစ်ကြပါနဲ့။ ခဏနေပြီးရင် ပြီးသွားမယ့်ကိစ္စပဲ။ တကယ် မပိုင်ဆိုင်တဲ့ ပစ္စည်းကို ဘာဖြစ်လို့ လုနေကြတာလဲ။ ရန်မဖြစ်ကြပါနဲ့" လေ။

ကမ္ဘာကြီးရဲ့ တောင်းပန်သံကို မည်သူမျှ မကြားလိုက်ကြ။ ဝိညာဉ်တချို့။ ပြီးတော့ ...လောကကြီးကို သဘောပေါက်စွာနဲ့ ကမ္ဘာကြီးကို စွန့်ခွာသွားသူတချို့သာ ကြားလိုက်ကြပေမည်။ အလျား အနံ ပိုင်းခြားပြီး ဝရိယာသတ်မှတ်လိုက်ရုံနဲ့ ပိုင်ဆိုင်မှုတစ်ခုဟု ထင်မြင်နေကြသူများအား ကမ္ဘာကြီးက, ရင်လေးစွာ မော့ကြည့်နေ၏။

"ငါကိုယ်ငါတောင် မပိုင်ဘူး။ ဘယ်အချိန်မှာ
ကွဲအက်သွားမယ်ဆိုတာ မသိဘူး။ ဘာကြောင့် လု
နေကြတာလဲ"

မှန်ကန်စွာပြောသည့် စကားသည် ရင်တွင်း၌သာ တည်ဖွဲ့နေချေ၏။ ဖွင့်မပြောပါနဲ့တော့ ကမ္ဘာကြီးရယ်။ အကယ်၍များ ကမ္ဘာ





ကြီး အက်ကွဲလွင့်စဉ်သွားလျှင် သူ၏မျိုသိပ်ထားသော အစိုင်အခဲဝေဒနာတွေကြောင့်တော့ ဖြစ်လိမ့်မည်မဟုတ်။ သူကိုယ်တိုင် မပိုင်ဆိုင်ခြင်းကသာ သူ့ကို ပေါက်ကွဲစေခြင်း ဖြစ်ပေလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက၊ သူ့အလိုလို တည်ဖွဲ့ခဲ့သည့် အစိုင်အခဲကြီးပေါ်ကို မြေ၊ ရေ၊ လေ၊ မီးမှတစ်ပါး၊ တခြားသက်ရှိတွေ ဖြစ်တည်ပြောင်းလဲ မလာဘူးဆိုလျှင်လည်း ကမ္ဘာကြီးသည် အင်မတန် ပျင်းဖို့ကောင်းနေမှာပဲ ဖြစ်၏။ အခုတော့ ..သူမပျင်းပါ။

"အ"

သူ့မျက်နှာ ပဲ့ထွက်သွားသည်မှာလည်း ခဏ ခဏ။ သူ့ဦးခေါင်း ကျိမ်းစပ်သွားသည်ဟု ခံစားနာကျင်ရသည်မှာလည်း အကြိမ်ပေါင်း မနည်းတော့။ ကမ္ဘာအပြင် တစ်နေရာမှ လှမ်းကြည့်လျှင် သူ့ဦးခေါင်းတစ်ပိုက်သည် ဆေးလိပ်သောက်လွန်းသူတစ်ဦး၏အနီးဝန်းကျင်ကဲ့သို့ အခိုးအငွေ့များ သွယ်တန်းလျက် ရှိနေပေမည်။

ကမ္ဘာကြီးသည် သူ့ကိုယ်သူ၊ မဟာစကြဝဠာကြီးက ပိုင်ဆိုင်သော ပန်းသီးတစ်လုံးဖြစ်ပါက ပိုင်ဆိုင်ချင်သူအားလုံးကို၊ တစ်ဖဲ့စီ၊ တစ်စိတ်စီ ခွဲဝေပေးချင်မိပေမည်။ ထိုသို့ ခွဲဝေပေးလျှင်တောင်မှ တစ်ပါးသူပိုင်ဆိုင်သော တစ်ဖဲ့ တစ်စိတ်ကို ထပ်မံလိုချင်သူတွေ ရှိနေဦးမည်။

ပြေးလွှားသံကို ကြား၏။ စိမ့်ဝင်စီးမျောမှု အညှီရနံ့တွေကို ရသည်။ ဥပေက္ခာ မည်မျှပင်ထားထား။ တကယ်တမ်းကျတော့ လျစ်လျူမရှုရက်။ ငြိမ်းချမ်းမှု သီချင်းသံသဲ့သဲ့။ ဘာဝနာပွားများသံသဲ့သဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရန်ဖြစ်သံများကို ရံခါတွင် ဖုံးလွှမ်းနိုင်ချေရှိ၏။

ကမ္ဘာကြီး ကိုယ်တိုင်ပင်လျှင် စကြဝဠာဆေးရုံသို့ တက်ရောက်ကုသမည်ဆိုပါက ဆေးဝါးပစ္စည်း သန်းပေါင်းများစွာ လိုအပ်ပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးကတော့ ခံနိုင်ရည် ရှိနေသေး၏။



(၃)

"အား . . . ကျွတ်ကျွတ်ကျွတ်"

"ကမ္ဘာမြေဖျားနာနေတယ် . . ." ဟူသော သီချင်းသံကို ပိတ်ပင်ထားချင်သည်။ သူ ဖျားနာနေသည်ကို သူက . . မည်သူ့ကိုမျှ မသိစေချင်ပေ။ ကြိတ်မှိတ်ခံစားနေသည့်ကြားက သူ့ရင်တွင်းကို ထိုးဆွနေကြသေး၏။

"အား"

သူ . . . မပိုင်ဆိုင်သော (အမှန်တကယ် မပိုင်ဆိုင်သော) ပစ္စည်းတွေကို မည်သူကများ လာရောက်မြှုပ်နှံထားပါသနည်း။ အရေကြား၏ အနက်ရှိုင်းဆုံးအရပ်မှ တူးဆွယူငင်နေကြသော ရတနာပစ္စည်းများကို မက်မောနေကြသူများကြောင့် တစိမ့်စိမ့် ခံစားရသည်။ အိုဇုန်းလွှာပျက်စီးခြင်းဟူသော ကမ္ဘာကြီး၏ ကိုယ်ရေပြားရောဂါအတွက် အပူတပြင်း ကုသ,စမ်းသပ်နေကြသူများကိုတော့ လက်ကာတားဆီးချင်ပါသော်လည်း မတားဆီးရက်။ နှစ်သန်းပေါင်းများစွာ ခံစားရသော

www.burmeseclassic.com



ဝေဒနာဆိုးတွေကြောင့် ဒီ့ထက်မက,တဲ့ ရောဂါမျိုး ဖြစ်သင့်သည်ဟု ကိုယ့်ကိုယ်ကိုယ် သိနေ၏။ သူ၏မှဒိတာတရားကြောင့် ရောဂါပါးပါးလေးသာ ခံစားရခြင်းဖြစ်ပေမည်။

နပ်ပျိုစိမ်းလန်း၍ ငြိမ်းချမ်းနေသော နေရာတချို့အတွက် သူ . . . ကြည်နူးသည်။ သူ့ခန္ဓာကိုယ်ပေါ်တွင် အကြီးအကျယ် ရန်ဖြစ်ခဲ့ကြသည်မှာ နပ်ကြိမ်တိတိ။ တစ်ဘယ်အကြိမ် မဖြစ်အောင် ထိန်းသိမ်းတားဆီးနေသူများကို သူ သာဓုခေါ်၏။ လိမ္မာသော သားသမီးများ၊ မလိမ္မာစွာ ရန်ဖြစ်နေကြသော သားသမီးများအားလုံးကို ရင်ခွင်အထက်၌ ထွေးပွေ့ထားရှာသည်။ သူ့လက်ပေါ်တွင် ရှင်သန်ပေါက်ဖွား၍ သူ့လက်ပေါ်တွင်သာ သေလွန်သွားကြသူများ၏အနာဂတ်မျိုးဆက်သစ်တိုင်းကို လိမ္မာယဉ်ကျေးစေသည်။ ခဏနေရသူအချင်းချင်း ရန်ဖြစ်မနေစေချင်ပေ။

လှပ်မြင်နေရသော လကမ္ဘာကို သူ အားကျသည်။ တခြားဂြိုလ်တွေကိုလည်း အားကျသည်။ ဆွဲငင်မှုကင်းမဲ့သော နေရာတိုင်းသည် ကြေကွဲဝမ်းနည်းစရာ ဘာမျှမရှိ။ ပကတိငြိမ်ဆိတ်နေသည်။ ထိုဘဝ,ကို သူ လိုချင်၏။ ရှိနှင့်ပြီးဖြစ်သော ဆွဲငင်မှုကြိုးကို ကိုယ်တိုင်ဖြတ်တောက်ပစ်လိုက်ချင်မိသည်။ သို့သော် မပြုရက်။ မပိုင်ဆိုင်ခြင်းကသာ အလိုလို ဖန်တီးသွားပါစေ . . ဟု သဘောပိုက်သည်။ ဒါတောင် လ,ကမ္ဘာပေါ်မှာ ဘယ်သူတွေ ရန်ဖြစ်ကြဦးမလဲကွယ်။

စကြဝဠာဆေးရုံ၏ အနန္တ ဂရုမူပြုကြောင်းများအရ ကမ္ဘာကြီးတွင် ရောဂါတစ်ခု ဖြစ်နေကြောင်း သိသာစေ၏။ သူ့ခန္ဓာပေါ်တွင် နေထိုင်ကြသူအားလုံး၏ ရန်ဖြစ်သံတွေ တိတ်ဆိတ်သွားပါမှ ကမ္ဘာ





ကြီး စိတ်ချမ်းသာပါလိမ့်မည်။ အနန္တ ဝိညာဉ်တော်ကြီးနှင့် တန်ခိုးရှင်တို့ကို အကြောင်းကြား အားကိုးဖို့ မလိုအပ်ပါ။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းစင်ကြယ်စွာ ရပ်တည်ရင်း အတ္တ, မာန, လောဘ, ဒေါသ, မောဟ တွေကို ဖြေဖျောက်လိုက်ခြင်းဖြင့် ရန်ဖြစ်ချင်စိတ်များ လျော့ပါးသွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ရန်ဖြစ်နေသူများ ခင်ဗျား။

နှစ်သန်းပေါင်းများစွာ နေထိုင်ခဲ့ကြသော ကမ္ဘာကြီးကို သနားကရုဏာသက်စွာ မည်သူတို့ကြည့်ဖူးပါသလဲ။ ကမ္ဘာကြီးပေါ်တွင် ရန်ဖြစ်ခဲ့ကြသဖြင့် ကမ္ဘာကြီးကို မည်သူတွေ အားတုံ့အားနာ ဖြစ်ခဲ့ဖူးပါသလဲ။ သနားကရုဏာသက်စွာ ဘယ်သူတွေ ချွေးသိပ်ဖူးပါသလဲ။

စိမ်းလန်းစွတ်စိုတဲ့ လယ်ကွင်းတွေ စိုက်ခင်းတွေကို ရှင်သန်ခွင့်ပေးခဲ့တဲ့ ကမ္ဘာမြေကြီးကို ဘယ်သူတွေ အရိုအသေပြုဖူးပါသလဲ။

ကြည့်စမ်းပါဦးလေ။

ကမ္ဘာမြေကြီးရဲ့ ပိုင်ဆိုင်မှုအားလုံးကို ထုတ်ယူသုံးစွဲပြီး ရှင်သန်ရပ်တည် နေလျက်က သူ့ဦးခေါင်းပေါ်မှာ ဘာကြောင့် ရန်ဖြစ်နေကြရတာလဲ။ ပြီးတော့ . . . သူ့ခန္ဓာပေါ်၊ သူ့ဦးခေါင်းပေါ်ကို ခြေထောက်တွေကို နင်းလျှောက်နေလိုက်ကြတာ။ နှစ် . . . သန်းပေါင်း





ကယ်လောက်ကြာခဲ့ပြီလဲ။

ကျေးဇူးရှင်ကို ကျေးဇူးမဆပ်နိုင်တောင်မှ သူ . . . စိတ်ညစ်အောင် မလုပ်သင့်ဘူး ထင်ပါရဲ့။ ကျေးဇူးရှင်ကို မရှိခိုးရင်တောင် ခြေထောက်တွေနဲ့ နင်းမထားပါနဲ့လေ။

တန်ခိုးရှင်တို့ ပေါ်ထွန်းခဲ့ရာ . .
ဝေနေယျ သတ္တဝါတို့ရဲ့ နေထိုင်ရာ
(သို့မဟုတ်)

လောက,သုံးပါးတွင် ကျင်လည်နေကြသော သက်ရှိသက်မဲ့တို့၏ မှီတင်းဖြစ်တည်ရာဖြစ်သော ဤကမ္ဘာကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ မေတ္တာဓာတ်တွေ ဖွဲ့တည်ကြရအောင်။ ပြီးတော့ . . .

သူ့ရဲ့ဦးခေါင်းပေါ်မှာ (ခန္ဓာပေါ်မှာ) ခြေထောက်နဲ့ နင်းမလျှောက်တော့ဘဲ၊ ကင်းမြီးကောက်ထောင်ပြီး လျှောက်ကြရအောင်ပါ။ ခဏလောက်ဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ်ရင်လည်း မြေကြီးပေါ်မှာ ဖိနပ်မစီးဘဲ လမ်းလျှောက်ကြရအောင်လေ။ ။

၆–၃–၁၉၉၇

၁၉၉၆ – အောက်တိုဘာလ

(အတိုင်းသစ် စာစောင်)

မောင်လှမျိုး(ချင်းရောင်ခြည်)
mhm.ccc@gmail.com



www.burmeseclassic.com

www.burmeseclassic.com

## ထပ်ဆင့်အမှာ

တချို့သော ဇာတ်လမ်းများ၊ တချို့သော အကြောင်းအရာများကို ကျွန်တော့်ဦးနှောက်ထဲ၌ ကြာကြာ မသိမ်းထားနိုင်၊ ထို့ကြောင့် ခံစားထင်မြင်လာသည့်၊ ဇာတ်လမ်း ... ဇာတ်ကြောင်းတို့ကို မဂ္ဂဇင်းဝတ္ထုအဖြစ်၊ ကျွန်တော်, အရင်ဦးဆုံး ရေးသားထားဖြစ်သည်။ မဂ္ဂဇင်းသို့၊ အရင် ပေးပို့ဖြစ်သည်။

ထို့နောက်၊ ဦးနှောက်အေးအေး, စိတ်အေးအေး, အချိန်များများ အားလပ်သောအခါကျမှ အဆိုပါ, ဝတ္ထုတိုများကို လုံးချင်းဝတ္ထုအဖြစ် တစိမ့်စိမ့် ဖန်တီးရေးသား ဖြစ်ပါသည်။

ထို ဝတ္ထုဇာတ်လမ်းများမှာ ...

စိမ်းလက်စ...စိမ်း။ အဓိက...သက်သေ။ ရွက်ကြွေတော။ နှင်းမရှိတဲ့...ဆောင်း။ အသည်းနှလုံး၏ လိုအင်ဆန္ဒ။ မမြင်မက်အပ်သော အိပ်မက်များ။

"စိမ်းလက်စ..စိမ်း" ဝတ္ထုတိုကို၊ အခြေခံ၍ (ပြန်လည်နိုးထ,စေလိုသော အချစ်၏ မျက်နှာ)။

"အဓိက သက်သေ" ဝတ္ထုတိုကို၊ အခြေခံ၍ (ကြာတော့လည်း လွမ်းဖို့ မေ့နေတယ်)။

"ရွက်ကြွေတော" ဝတ္ထုတိုကို၊ အခြေခံ၍ (နွေရက်ရှည် တစ်ပုဒ်)။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းမရှိတဲ့...ဆောင်း" ဝတ္ထုတိုကို၊ အခြေခံ၍ (ကန္တာရ...ဆောင်း)။

"အသည်းနှလုံးအော်လိုအင်ဆာနှ" ဝတ္ထုတိုကို၊ အခြေခံ၍ (အချိန်တိုင်း၊ သခင်)။

"မမြင်အပ်သော အိပ်မက်များ" ဝတ္ထုတိုကို၊ အခြေခံ၍ (အိပ်မက်တမ်းချင်း)။...စသဖြင့်၊ ကျွန်တော် ချဲ့ထွင်ဖန်တီး ရေးသားဖြစ်ခဲ့သည်။

ဘာကြောင့်၊ ထိုသို့ ဖန်တီးခဲ့ရပါသလဲ ...ဆိုသည်ကို၊ ကျွန်တော် ရှင်းလင်းတင်ပြချင်ပါသည်။

*

ငယ်စိတ်အတိုင်း၊ အမှန်ဝန်ခံရမည်ဆိုလျှင်၊ ကျွန်တော့် ဇာတ်လမ်း ကျောရိုးကိုလည်းကောင်း၊ ဇာတ်ကွက်ကို လည်းကောင်း၊ အခြားအနုပညာ ပစ္စည်းတစ်ခုခုက၊ အရင်ဦးစွာ ...ဖန်တီးလိုက်လျှင် ကျွန်တော် ...နောက်ကျသွားမှာကို၊ စိုးရိမ်သောကြောင့်၊ ဖြစ်ပါသည်။

တမင် တိုက်ဆိုင်ကြသည်ဖြစ်စေ၊ မတော်တဆ, တိုက်ဆိုင်မိကြသည်ဖြစ်စေ ...၊ ကျွန်တော်က, "နောက်မှလိုက်၍ တိုက်ဆိုင်တတ်သော"၊ နောက်လူ ...မဖြစ်ချင်ပါ။ ထို့ကြောင့်၊ စိတ်ကူးဖြစ်သမျှကို၊ ဝတ္ထုတိုအဖြစ်၊ အရင်,ရေးသားပေးပို့ထားပြီးမှ၊ လုံးချင်းဝတ္ထုအဖြစ်၊ စိတ်သန့်စွာ (လိပ်ပြာသန့်စွာ) ဖန်တီးရေးသားခဲ့ရခြင်း၊ ဖြစ်ပါသည်။ (ဒါ





...ကျွန်တော့်ရဲ့၊ ငယ်ငယ်က, ငယ်စိတ်ကြောင့် ဖြစ်ပေါ်သော သူငယ်နပ်စား စိုးရိမ်စိတ်ကို၊ ပြောပြဝန်ခံခြင်း ဖြစ်သည်)။

*

ဤ "ထပ်ဆင့်အလွမ်း" နှင့် (ရင်တွင်းဖွဲ့ဒေဝနာများ) အမည်ရှိ၊ ဝတ္ထုတိုစာအုပ်ထဲတွင်၊ အထက်ပါ ...ဝတ္ထုတိုလေးများကို၊ ဖတ်မိ ၍ငင်းမှ ..."ဒါ...ဖတ်ဖူးသလိုလိုပဲ။ ဖတ်ဖူးပြီးသားပဲ"...ဟု၊ မှတ်မိသိမြင်နိုင်စွမ်းသော၊ ကျွန်တော့် (မိတ်ဆွေ) စာဖတ်ပရိသတ်များကို၊ မမှတ်မိနိုင်လောက်ပါဘူး ...ဟု၊ ယူဆ,ပြီး၊ (ဒုတိယအကြိမ်) ပြန်လည်ထုတ်ဝေခြင်း မဟုတ်ပါ။

(ပထမအကြိမ်) ထုတ်ဝေစဉ်က၊ စီစဉ်ခဲ့သော စာအုပ်အပြင်အဆင်၊ စာမူအထားအသို၊ စာစီအကျအပေါက်များကို၊ ကျွန်တော် (လုံးဝ) ဘဝင်မကျခဲ့သဖြင့်၊ ယခု နောက်ထပ်တစ်ခါ၊ ထပ်မံထုတ်ဝေပေးပါရန်၊ စိန်သရဖူစာပေကို၊ ကျွန်တော် ...,လိုလိုလားလား၊ တောင်းခံခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင်၊ ဝတ္ထုရေးလိုသောသူများ၊ နည်းနည်းပါးပါး လေ့လာသုံးသပ်နိုင်ဖို့အတွက်၊ အသုံးဝင်လိမ့်မည် ...ဟုလည်း၊ ကျွန်တော် ယူဆ,မိပါသည်။ မဂ္ဂဇင်း ဝတ္ထုတိုလေး တစ်ပုဒ်ကို၊ လုံးချင်းဝတ္ထုတစ်ပုဒ်ဖြစ်အောင်၊ မည်သို့၊ မည်ပုံ၊ ချဲ့ထွင်ဖြည့်ဆည်း ရေးသားလေသလဲ ဆိုသည်ကို၊ လေ့လာဆန်းစစ် ကြည့်စေချင်သည်



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်လည်း၊ အကြောင်းခံပါသည်။ (မှတ်ချက်။ ။ တကယ့်ဝတ္ထုတိုစစ်စစ်တစ်ပုဒ်ကိုတော့၊ မည်သို့မျှ၊ ပြန်လည်ချဲ့ထွင်၍၊ မရနိုင်ပါ)။

ဖော်ပြပါ ကျွန်တော့်ဝတ္ထုတိုများမှာ၊ ဇာတ်လမ်းရှည်ကို၊ အကျဉ်းရုံးထားသော၊ ဇာတ်လမ်းတိုမျိုး ဖြစ်နေသောကြောင့်သာ၊ ထပ်မံချဲ့ကား၍ ရနိုင်ခြင်း ဖြစ်သည်။ (ရင်မှ ... ဝေးရာသို့ ... ဟူသော ဝတ္ထုလတ်တစ်ပုဒ်ကိုလည်း၊ "မျက်ရည်ညတဲ့ ... ည" အမည်ဖြင့်၊ ကျွန်တော် ... လုံးချင်းဝတ္ထု ရေးဖွဲ့ပါသေးသည်။

❧

မည်သို့ပင်ဖြစ်စေ၊ ယေဘိတ်ဖြင့် ရေးသားခဲ့သော၊ ယေလံက်ရာများကို၊ သည်းခံခွင့်လွှတ်ခြင်းများဖြင့်၊ ဖတ်ရှုခံစားပေးကြပါရန်၊ ချစ်သော စာဖတ်ပရိသတ်များကို၊ ကျွန်တော် ... လေးစားခင်မင်စွာ၊ ပန်ကြားလိုက်ပါသည်။ ။

အေးချမ်းသာယာမှုများစွာဖြင့်
ထပ်ဆင့်သာယာကြပါစေ ...

လေးစားခင်မင်လျက်
မောင်လှမျိုး (ချင်းချောင်းခြံ)
*2009 May*



www.burmeseclassic.com